www.burmeseclassic.com

# Sixth Sense

No.30
December, 2016

## ဆဋ္ဌမအာရုံ မဂ္ဂဇင်း



- လောကီ ကောင်းကျိုးပြု ဂမ္ဘီရကြက်ဥ
- ငါးယောင့်ကြယ်နှင့် ရွှေလက်တွဲ အစီအရင်
- ကြိုးဟုတ်ကိုးလုံးနှင့် အချစ်ရေး ဆန်းစစ်နည်းများ
- ချစ်သူအတွက် စွယ်တော်ရွက် အစီအရင်
- လှိုဏ်ဂူရှက်ရှားပါး ဂမ္ဘီရကြက်ခြေစီရင်နည်း
- ဓာတ်ကြီးလေးပါးနှင့် အချိန်အခါကောင်းများ
- နံပါတ်အပူးဂဏန်းများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စေတန်၏ ထွက်ရှိပြီး သရဲစာအုပ်များ




စေတန်၏ သရဲ လုံးချင်းဝတ္ထု (၅)အုပ် ထွက်ရှိပြီးပါပြီ။

ပထမစာအုပ် – လူဖြစ်သွားတဲ့ တစ္ဆေ

ဒုတိယစာအုပ် – မတောင်းပန်နဲ့ ပြောင်းဆန်အောင် ပြောက်မယ်

တတိယစာအုပ် – ဝိညာဉ်တုံးသားများ

စတုတ္ထစာအုပ် – သရဲမနဲ့ညားတဲ့ လူ

ပဉ္စမစာအုပ် – ကဝေနဲ့ တစ္ဆေ တို့ဖြစ်သည်။

ဆဋ္ဌမမြောက် (၆)အုပ်မြောက် စာအုပ်ကို အထူးထုတ်အဖြစ် ထုတ်ဝေမည် ဖြစ်ပြီး သရဲဂိမ်း GHOST GAME အမည်ဖြင့် မကြာမီ ထွက်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# EDITOR's LETTER

ယခုလတွင် ဂြိုဟ်ကြီးကိုးလုံးနှင့် အချစ်ရေး ဆန်းစစ်နည်းများ၊ ငါးထောင့်ကြယ်နှင့် ရွှေလက်တွဲအစီအရင်၊ လောကီအကျိုးပြု ဂမ္ဘီရ ကြက်ဥ အပါအဝင် လက်တွေ့ အကျိုးပြု ထိရောက်သော အစီအရင်များကို အထူးပြု ဖော်ပြထားသည်။

ဒီလတွင် အယ်ဒီတာအဖွဲ့ အထူးအကြိုက်ဆုံး ဝတ္ထုသုံးပုဒ်မှာ နန်းရှေ့ပုဏ္ဏား ဘကွန်းနှင့် တိုက်နွား ခံနွား၊ တံစူးဝါး၊ အမွှေပေးမယ့်ည ဝတ္ထုတို့ဖြစ်ပါသည်။

ဆက်လက်၍ အသိပညာ၊ ဗဟုသုတများ ရရှိစေမည့် ဂမ္ဘီရ အကြောင်းအရာ၊ ဝတ္ထု၊ ဆောင်းပါးများကို ဖော်ပြသွားပါမည်။

အထူးဝယ်သိမ်း စာအုပ်ကောင်းများဖြစ်အောင် ဖော်ပြထားပါသဖြင့် ပရိသတ်များအနေဖြင့် လက်မလွှတ်ရလေအောင် စာအုပ်ဆိုင်များတွင် ကြိုတင်မှာကြား၍ ဝယ်ယူထားနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# သင့်အတွက် မရှိမဖြစ် ဆောင်ထားသင့်သည့် Dream Catcher များ ဝယ်ယူနိုင်ပြီ



ဖက်ရှင်လည်းကျ၊ လှပဆန်းကြယ်သည့် Dream Catcher များကို ဆောင်ထားပါက အိပ်မက်များကို မှတ်မိစေခြင်း၊ မိမိအပေါ်ကျရောက်လာမည့် ဘေးဆိုးအန္တရာယ်များ၊ မကောင်းကြံစည်ခြင်းများကို Dream Catcher ၏ Spider Web ပင့်ကူအိမ်ကွန်ရက်က ဖမ်းဆီးထားမည်ဖြစ်ပါသည်။

မိမိနေအိမ်၊ အိပ်ခန်း၊ ကားများတွင် အလှဆင်ပစ္စည်းအဖြစ် သာမက အဆောင်အဖြစ်ပါဆောင်ထားနိုင်ပါပြီ။


# ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူနိုင်ပါပြီ

ဂျူပီတာ အင်းပြား အဆောင်အကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်(၂၆)တွင် ဖော်ပြထားပြီး လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ ကိုးဘက် ကြီးပွား အဆင်ပြေခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း၊ အန္တရာယ်ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူရရှိနိုင်ပါပြီ။

www.burmeseclassic.com


www.burmeseclassic.com


# ငါးထောင့်ကြယ် အဆောင်များ
# “ဆဋ္ဌမအာရုံ” မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ငါးထောင့်ကြယ် အဆောင်နှင့် ဆွဲကြိုးကို အစွမ်းသတ္တိ သိဒ္ဓိသွင်းနည်းကို လည်း “ဆဋ္ဌမအာရုံ” မဂ္ဂဇင်း အမှတ်စဉ် (၂၆)တွင် ဖော်ပြထားပါသည်။ သင့် အတွက်ကံကောင်းခြင်းအဆောင် လက်ဖွဲ့တစ်ခုအနေဖြင့်ဆောင်နိုင်ပါပြီ။

# ရောင်စုံ ဖယောင်းတိုင်များ
# “ဆဋ္ဌမအာရုံ” မဂ္ဂဇင်းတွင် ဝယ်နိုင်ပြီ





အစီအရင်များအတွက် အဖြူရောင်၊ အပြာရောင်၊ အဝါရောင်၊ ပန်းရောင်၊ လိမ္မော်ရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ ခရမ်းရောင် ဖယောင်းတိုင်များ ဝယ်ယူနိုင်ပါပြီ။ ဖယောင်းတိုင်စိုက်ရန် Candle Holder ဖယောင်းတိုင်စိုက်ခွက် အလှများလည်း ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့။**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်း ကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် – ၀၉၇၃၁၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် – ၀၉၃၀၀၅၀၁၆၀



www.burmeseclassic.com

www.burmeseclassic.com

# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်းစာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ်လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၏ ထွက်မည့်ရက်ကိုလည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကိုချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာ အဖွဲ့.

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀-၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၇၆၆၅၀

www.burmeseclassic.com

# Contents

No.30, DECEMBER , 2016

မီးခိုးရောင် လောကီပညာရပ်(၃၀) ၃၃
ခေတ်သစ်ကို

လောကီကောင်းကျိုးပြု ဂမ္ဘီရ ကြက်ဥ ၄၁
ဂမ္ဘီရဆရာ လှမျိုး (BSC)

အမွေပေးမယ့်ည ၅၆
နတ်လှသစ်

နန်းရှေ့ပုဏ္ဏားဘကွန်းနှင့် တိုက်နွား ခံနွား ၁၀၀
မကွေးညိုစိန့်

အာဖရိကမှ အီဘိုလာဖုတ်သက် ကျေးကျွန်များ ၁၂၄
အောင်ကျော်စွာ

တံစူးဝါး ၁၃၈
သန်လျင် ချစ်မိုးညို

## ယ် စီ ရင် နည်း များ

ငြုပ်ကိုးလုံးနှင့် အချစ်ရေး ဆန်းစစ်နည်းများ ၁၄

ချစ်သူအတွက် စွယ်တော်ရွက် အစီအရင် ၂၀

ငါးထောင့်ကြယ်နှင့် ရွှေလက်တွဲ အစီအရင် ၂၂

လှို့ဝှက်ရှားပါး ဂမ္ဘီရကြက်ခြေ စီရင်နည်း ၂၇

ဓာတ်ကြီးလေးပါးနှင့် အချိန်အခါကောင်းများ ၃၀



www.burmeseclassic.com

www.burmeseclassic.com

# Contents

No.30, DECEMBER , 2016

ကိုယ်တွေ့ပရလောက ဖြစ်ရပ်ဆန်းများ ၁၅၃

သက္ကဒေဝီ

ကျိန်စာသင့် နှလုံးသား ၁၆၅

သန်လျင် မိုးထက်စံ

နောက်ကြည့်မှန်ထဲက ပုံရိပ်စစ် ၁၇၃

တင့်ထူး (ဇေယျဝတီ)

သေရွာပြန် နာဂစ်မိညီနှင့် ကျတ်တို့ရွာ ၁၉၂

ညီရောင်

ကိုယ်စောင့်နတ် ၂၀၀

ရှစ်ခွင်ကျော် ဖောင်တော်သီ

## ဆန်းကြယ်

စန်းပညာ အမွေပေးခြင်း၊ ဘူးသွင်းခြင်း

မိုးကြိုးသွားနှင့် သိမှတ်စရာ အဖြာဖြာ

အန္တရာယ်ပြုလွယ်သော မြွေနှင့် မြွေဆိပ်များ

ဝိညာဉ်လိပ်ပြာခွဲ လမိုင်းအလောင်းကောင်

သံပုရာသီးနှင့် အတိုက်အခိုက်များ ဖြေရှင်းနည်း

သင်္ကြာရာဇ်၊ ခရစ်နှစ်နှင့် ဘီစီ၊ အေဒီတို့အကြောင်း

ကလေးအတွက် ခမည်း ဘယ်လိုပေးကြမလဲ



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ
# ပေါ်ထွက်လာရေး အစီအစဉ်

ဆင္ဒမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်။ ကလောင်ရှင်သစ်များပါဝင် လက်စွမ်းပြရေးသားနိုင်ရန်နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့်ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင်တို့အား ချီးမြှင့်သွားပါမည်။

ဆင္ဒမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# ဆဌမအာရုံ မဂ္ဂဇင်း
# ၏
# ဦးတည်ချက်

---

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပ၊ "ဆဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးထွေ ဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်၊ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာ သည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့်လောကီအစီအရင်များ၊ မှော် ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ် သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထု များ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမို ကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

## ဆဌမအာရုံ မဂ္ဂဇင်း

### ပုံနှိပ်မှတ်တမ်း


အယ်ဒီတာချုပ်

ကိုမိုး (တောင်ကြီး)

အကြံပေးအယ်ဒီတာ

ဦးငွေစိုး၊ ဒေါက်တာမိ

အမှုဆောင်အယ်ဒီတာအဖွဲ့

နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး

ဒေါ်ဌေးဌေးလှိုင်

ထုတ်ဝေသူ

ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ

ဦးကျော်သင်း {(၀၀၆၂၆)}

(သံလွင်ဦးပုံနှိပ်တိုက်)

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို

အောင်မိုး

ပန်းချီ သရုပ်ဖော်

ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ

ဆဌမအာရုံ ဝိုင်းတော်သားများ

ဖြန့်ချိရေး

ဆဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။

တန်ဖိုး - ၂၀၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဂြိုဟ်ကိုးလုံးနှင့် အချစ်ရေးဆန်းစစ်နည်းများ

| | | |
|---|---|---|
| တနင်္ဂနွေ ဂြိုဟ် | တနင်္လာ ဂြိုဟ် | ရာဟု ဂြိုဟ် |
| အင်္ဂါ ဂြိုဟ် | စနေ ဂြိုဟ် | ကိတ် ဂြိုဟ် |
| သောကြာ ဂြိုဟ် | ဗုဒ္ဓဟူး ဂြိုဟ် | ကြာသပတေး ဂြိုဟ် |

ဒီအစီအရင်ဟာ ဂြိုဟ်ကြီး(၉)လုံးကို အမိဌာန်ပြုပြီး မိမိရဲ့အချစ်ရေးနဲ့ပတ်သက်လို့ ဆန်းစစ်ကြည့်နိုင်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ မိမိလက်နဲ့ထောက်ပြီး မေးနိုင်သလို၊ တချို့လည်း သွားကြားထိုးတံကဲ့သို့ တုတ်လေးနဲ့ထောက်ပြီး ဆန်းစစ်ကြည့်နိုင် ပါတယ်။

ရှေးဆရာ ပရောဟိတ်ကြီးများစီရင်ခဲ့တဲ့ နည်းလမ်းဖြစ်ပါ တယ်။ မေးခွန်းကတော့ တစ်ရက်မှာ တစ်ခုပဲ မေးတာကောင်းပါ လိမ့်မယ်။ ဂြိုဟ်တွေကို ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ မမှတ် ထားရပါဘူး။

အကောင်းဆုံးကတော့ ကိုယ်က ဇယားကွက်ဆွဲပြီး တစ် ယောက်ယောက်ကို ဂြိုဟ်(၉)လုံးကို ကြိုက်တဲ့အကွက်မှာ ထည့် ခိုင်းပြီးမှ လက်(သို့မဟုတ်) တုတ်တံလေးနဲ့ထောက်ပြီး မေးနိုင်ရင် ပိုကောင်းပါတယ်။

ဒါပေမယ့် အချိန်မရဘူးဆိုရင်တော့ လက်ရှိဖော်ပြထား



www.burmeseclassic.com

www.burmeseclassic.com


တဲ့ ဖသားလေးမှာပဲ လက်(သို့မဟုတ်) တုတ်တံနဲ့ထောက်ပြီး မေး နိုင်ပါတယ်။

ကိုယ်က ပညာရှင်တစ်ဦးဆိုရင် ကိုယ့်ဆီလာမေးတဲ့ အချစ် ရေးဒုက္ခသည်ကို ဒီဖဲယားကွက်လေးမှာ ကြိုက်တာကို လက်ညှိုး ထိုးခိုင်းပြီး အောက်က အချစ်ရေး ဟောကွက်အညွှန်းတွေအတိုင်း သူ့အချစ်ရေးကို တွက်စစ်ကြည့်နိုင်ပါတယ်။

ပထမဆုံး သင့်အနေဖြင့် ကိုယ်မေးမယ့်မေးခွန်းအပေါ် မှာ စူးစူးရဲရဲအာရုံစိုက်ထားပြီး ဖဲယားကွက်ပါအကွက်တွေထဲက မိမိ ကြိုက်နှစ်သက်ရာတစ်ခုကို မျက်စိမှိတ်ပြီး ထောက်လိုက်ပါ။

ကိုယ်ရွေးချယ်လိုက်တဲ့ အကွက်ပေါ်မူတည်ပြီး ထွက် ပေါ်လာမယ့် ဟောကိန်းတွေ ကတော့-



**တနလာ်ဂြိုဟ် (အရာရာ ကောင်းမွန်)**

တနလာ်ဂြိုဟ်ကို ရွေး ချယ်မိပါက ကောင်းတဲ့ သဘော၊ အေးမြမယ့် သဘောကို ဆောင် ပါတယ်။ အရာရာမှာ ကိုယ့် သဘော ဆန္ဒအတိုင်း အေး အေးဆေးဆေး အနိုင်ရမယ့် ကိန်း ဖြစ်ပါတယ်။

အိမ်ထောင်ပြုဖို့၊ ရည်းစားထားရင် ကောင်း မလားလို့ မေးမယ်ဆိုရင် လည်း ကောင်းတယ်လို့ ဆိုရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com


တရားတဘောင် ဖြစ်နေရင်တောင် ကိုယ်က နိုင်မယ့်ကိန်း ဖြစ်ပါတယ်။ ခေတ်စကားနဲ့ ပြောရရင် ရာသီဥတု ကိုယ့်ဘက်ပါနေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ သင်လုပ်ဆောင်မယ့် အရာတိုင်းဟာ ကောင်းမယ်၊ အောင်မြင်ပါလိမ့်မယ်။

**အင်္ဂါဂြိုဟ် (မှန်းချက်နဲ့ နမ်းထွက်မကိုက်)**

ဒီဂြိုဟ်ကျရင်တော့ မကောင်းပါ။ အချစ်ရေးမှာဆိုရင် ရည်းစားလုဘက်၊ ပြိုင်ဘက်တွေနဲ့ အကြိတ်အနယ်ယှဉ်ရမယ်။ ခိုက်ရန် ဒေါသတွေဖြစ်တဲ့အထိ ဆိုးရွားမယ်၊ ထိခိုက် ဒဏ်ရာရမယ်။ ကိုယ့်ဆီမှာရှိတဲ့ အရာရာတိုင်းဟာ မတည်မြဲဘူး။ ချစ်သူရှိရင်တောင် ကိုယ့်ချစ်သူဟာ ဖောက်ပြန်ချင်နေလိမ့်မယ်။

ထင်တိုင်းမပေါက်၊ မှန်းထားတဲ့အတိုင်း ဖြစ်မလာ၊ မှန်းချက်နဲ့ နမ်းထွက်မကိုက်ဖြစ်မယ့် ဟောကိန်းလို့ ဆိုနိုင်ပါတယ်။ ချစ်သူရည်းစားတွေဆိုရင် ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ရန်တွေ တစ်ချိန်လုံး ဖြစ်နေကြလိမ့်မယ်။ ရန်များပြီး မှန်းချက်နဲ့ နမ်းထွက်မကိုက်တဲ့ အချိန်ကာလပါ။

**ဗုဒ္ဓဟူးဂြိုဟ် (ကောင်းမယ်၊ ဆိုးမယ်)**

ဗုဒ္ဓဟူးဂြိုဟ်ရဲ့သဘောအရ အကောင်းအဆိုး ဒွန်တွဲနေမယ့် အချိန်ကာလလို့ ဆိုနိုင်ပါတယ်။ အချစ်ရေးမှာဆိုရင် ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ပါပဲ။ ကောင်းလိုက်၊ ဆိုးလိုက် ဖြစ်နေပါလိမ့်မယ်။ ဝမ်းဗိုက်ပိုင်းနဲ့ပတ်သက်လို့ ဥပါဒ်ရောက်ကိန်းရှိတယ်။

ချစ်သူနဲ့ရန်ဖြစ်ထားလို့ စိတ်ညစ်ကာ အစားတွေ အရမ်းစားပြီး ခန္ဓာကိုယ် ဝဖြိုးလာတာမျိုး၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တာမျိုးတွေ ကြုံရလိမ့်မယ်။

**ကြာသပတေးဂြိုဟ် (စန်းပွင့်ကာလ)**

အချစ်ရေးမှာ ကျူညီမစမယ့်သူ ပေါ်မယ့်ကိန်းပါ။ ကျူညီ


www.burmeseclassic.com

www.burmeseclassic.com




ရှိတယ်သူမှ မရှိဘူးဆိုရင်တောင် နတ်ဒေဝတာများက သင့်ကို ကူပါလိမ့်မယ်။ ကြာသပတေး ဂြိုဟ်အိမ်ကို ရွေးချယ်မိတာကြောင့် လက်ရှိ အချိန်ကာလမှာ သင်ဟာ စန်း အလွန် ပွင့်နေပါလိမ့်မယ်။ ရည်းစားဟောင်း၊ အချစ်ဟောင်းကတောင် သင့်ကို ပြန်ဆက်သွယ်လာပါလိမ့်မယ်။

စန်းပွင့်မယ့် ကိန်း၊ အရာရာ ကိုယ့်ဆီကို သူ့အလိုလို ရောက်လာမယ့် ကိန်း ဖြစ်ပါတယ်။ ကိုယ့်ဘက်က သိပ်လုပ်စရာမလိုဘဲ သူ့အလိုလို ဖြစ်ပေါ်လာမယ့် စန်းပွင့်ကာလလို့ သတ်မှတ်နိုင်ပါတယ်။

**သောကြာဂြိုဟ် (အနိုင်ရမယ့်ကိန်း)**

သောကြာဂြိုဟ်အိမ်ကျရင် ကောင်းပါတယ်။ အချစ်ရေးသာသာယာယာ ရှိမယ်။ အကြီးအကျယ် ရန်ဖြစ်ထားရင်တောင် ချစ်သူက ပြန်ချော့၊ ပြန်ပျော့ပြီး ပြန်ခေါ်ပါလိမ့်မယ်။ တစ်ဖက်သတ် အချစ်အတွက် အစီအရင်တွေ လုပ်ထားရင်လည်း အောင်မြင်မယ်။ တစ်ဖက်လူနဲ့ ချစ်သူကို အပြိုင်လုနေရရင်လည်း အနိုင်ရမယ့်ကိန်း ဖြစ်ပါတယ်။

**စနေဂြိုဟ် (သွေးထွက်သံယို)**

စနေဂြိုဟ်ကျရောက်တဲ့အတွက် မကောင်းပါ။ ချစ်သူ(သို့မဟုတ်) မိမိကိုယ်တိုင် အဖျားအနာတွေရှိမယ်။ ခရီးလမ်း သွားလာဖို့ မကောင်းဘူး။ ပြန်မရောက်နိုင်ဘူး။ အပူမီးတွေ တောက်လောင်နေလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com




သွေးထွက်သံယို၊ ဆေးရုံ တက်ရကိန်းတွေ ကြုံလိမ့်မယ်။ နာကျင်ရမယ်၊ ခံစားရမယ်၊ ပျက်စီးရမယ်၊ ဒုက္ခရောက်ရမယ်၊ ဆိုးဆိုးရွားရွားတွေ ဖြစ်လိမ့်မယ်။ လုံးဝ မကောင်းပါ။ ကိုယ့်အနားကနေ သူငယ်ချင်းတွေ စွန့်ခွာသွားလိမ့်မယ်။ တစ်ကိုယ်တည်း အထီးကျန်ကာလ တချို့ကို ဖြတ်သန်းရနိုင်ပါတယ်။

ဒီလိုအချိန်မျိုးမှာ တစ်ဖက်သတ် အချစ်အစီအရင်မျိုးတွေ စီရင်ထားရင်လည်း မအောင်မြင်ပါ။ အရာရာ ပျက်သုန်းကိန်းရှိနေ တဲ့ အချိန်ကာလဖြစ်ပါတယ်။

**တနင်္ဂနွေဂြိုဟ် (ကြန့်ကြာ၊ မကောင်း)**

တနင်္ဂနွေဂြိုဟ်ရွေးချယ်မိရင် မကောင်းပါလို့ ဆိုရမယ်။ လူဟာ ပျင်းရိနေမယ်။ အပြိုင်အဆိုင်တွေမှာ ကိုယ်က ရှုံးနိမ့်လိမ့်မယ်။ အရာရာကြန့်ကြာနေမယ်။ မပြီးပြတ်၊ မဖြေရှင်းရသေးတဲ့ ကိစ္စတွေလည်း ကြာဦးမယ်။ ငွေကြေး အထွက်များနေမယ်။ အနာရောဂါသည်ရှိရင်လည်း နာတာရှည်လိမ့်မယ်။

ချစ်သူနဲ့စိတ်ဆိုးနေရင်လည်း တော်ရုံအဆင်ပြေဖို့ မလွယ်ဘူး။ အချစ်အစီအရင်ဆိုရင်လည်း အောင်မြင်ဖို့ အချိန်ကြန့်ကြာနေမယ်။ အိမ်ကမိဘကလည်း ကိုယ့်အပေါ်ဆူဆူပူပူရှိမယ်။ ချစ်သူနဲ့လည်း မကြာခဏ ပြဿနာဖြစ်ပြီး မခေါ်မပြောတွေ ဖြစ်လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com


**ရာဟုဂြိုဟ် (ဂံဇာတာညွှံ)**



ရာဟုဂြိုဟ် ဆိုတဲ့ အတွက် ညွှံနေတဲ့ကာလ တစ်ခု လို့ သတ်မှတ်ရပါမယ်။ ကောင်းတာ မဟုတ်ပေ မယ့် အရာရာ ညွှံနေတာ။ ဂံဇာတာ အရမ်းနိမ့်ကျ နေတဲ့ အချိန်ကာလလို့ ညွှန်ပြနေပါတယ်။ အစီ အရင် လုပ်ရင်တောင် အောင်မြင်နိုင်ပေမယ့် သင့်ဇာတာက ညွှံနေ တဲ့အတွက် ဖြစ်မလာတာမျိုးတွေ ကြုံတွေ့ရပါလိမ့်မယ်။

ချစ်သူက အဖြေပေးဖို့ အချိန်ဆွဲထားတာမျိုးတွေ၊ အရာ ရာမှာ မကြန့်ကြာသင့်ဘဲ ကြန့်ကြာနေတာမျိုးတွေ၊ ချစ်သူဆီသွား ပေမယ့် ချစ်သူနဲ့မတွေ့ရဘဲ လမ်းလွဲသွားတာမျိုးတွေ၊ အခက်အခဲ တွေကို ကျားကုတ်ကျားခဲ ရင်ဆိုင်ဖြေရှင်းရတာမျိုးတွေ ကြုံရပါ လိမ့်မယ်။

**ကိတ်ဂြိုဟ် (စုတ်လာဘ်ဝင်ကိန်း)**

ကိတ်ဂြိုဟ်ကျတဲ့အတွက် ကောင်းပါတယ်။ စုတ်လာဘ် ဝင်မယ့်ကိန်းပါပဲ။ ပျောက်တဲ့ဥစ္စာပစ္စည်းများ ပြန်တွေ့တတ်တယ်၊ ခရီးသွားတဲ့လူရှိရင် ပြန်လာတဲ့အခါ အထုပ်အထည်နဲ့ ကိုယ့်ဆီ ပြန်လာပါလိမ့်မယ်။ အမှုအခင်းဖြစ်ရင် နိုင်မယ်၊ လူနာရှိရင် မသေ နိုင်သေးတဲ့အချိန်ကာလတစ်ခုကို ကိုယ်က ရွေးချယ်ထားတာ ဖြစ် ပါတယ်။


တစ်ဖက်သတ် အချစ်အစီအရင် စီရင်ထားရင် ကိုယ့်ဆီ ကို ချစ်အဖြေတင်မကဘဲ လူအလုံးအထည်လိုက်တောင် ရောက် လာမယ့်ကိန်း ရှိနေပါကြောင်း။


www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူအတွက် စွယ်တော်ရွက်အစီအရင်



စွယ်တော်ရွက်လေးတွေဟာ အချစ်သင်္ကေတလေးတွေ ဖြစ်ပါတယ်။ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ ဒီအရွက်လေးတွေနဲ့ အချစ်အစီအရင်လုပ်ရင် ပိုကောင်းပါတယ်။

စွယ်တော်ရွက်ဟာ အသည်းပုံသဏ္ဍာန်လည်း ရှိပါတယ်။ အသည်းနှလုံး၊ အချစ်တို့ကို ကိုယ်စားပြုတဲ့အတွက် အချစ်အစီအရင်မှာ မန္တန်လေးတစ်ခုရွတ်လိုက်ရုံနဲ့ အစွမ်းထက်ပါလိမ့်မယ်။

ကိုယ့်ကို သူဟာ တိုးတိုးပြီး ပိုချစ်လာဖို့၊ ကိုယ်က တစ်ဖက်သတ်ချစ်ရသူဆိုရင်လည်း ကိုယ့်အပေါ် သူ့စိတ်တွေ ယိုင်လာစေဖို့ကို စွယ်တော်ရွက်အချစ်အစီအရင်နဲ့ စီရင်နိုင်ပါတယ်။

အချစ်အစီအရင် အကြမ်းစားတွေ မသုံးချင်သူများ ဒီအစီအရင်ကို သုံးပါလို့ အကြံပြုပါတယ်။ စွယ်တော်ရွက် အချစ်အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) မီးခြစ်နှင့် မီးခြစ်ဆံ (ဂက်စ်မီးခြစ်မသုံးရပါ)

၂) မိမိချစ်သူရဲ့ ဓာတ်ပုံ

၃) စွယ်တော်ရွက် (အသည်းပုံ)အခြောက်

၄) ပန်းရောင်မှင်စိုဘောပင်



www.burmeseclassic.com

www.burmeseclassic.com






၅) ပန်းရောင် (သို့မဟုတ်) အနီရောင် ဖယောင်းတိုင်တို့ ဖြစ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းများ စုံပြီဆိုရင် အရင်ဆုံး အနီရောင် ဖယောင်းတိုင်ကို မီးခြစ်ဆံ မီးတောက်နဲ့ မီးညှိပါ။

ပြီးရင် ချစ်သူရဲ့ဓာတ်ပုံကို စိုက်ကြည့်ပြီး အချစ်မန္တန်တစ်ခုဖြစ်တဲ့ Rasilayma (ရပ်စ်လေမာ)ဆိုတာကို (၃)ကြိမ် ရွတ်ဆိုပါ။ ပြီးရင် စွယ်တော်ရွက်အခြောက်လေးပေါ်မှာ တစ်ဘက်ခြမ်းမှာ ကိုယ့်နာမည်နဲ့ နောက်တစ်ခြမ်းမှာ ကိုယ့်ချစ်သူနာမည်တို့ကို ရေးပြီး အနီရောင်ဖယောင်းတိုင်မီးနဲ့ မီးရှို့ပါ။

စွယ်တော်ရွက်လေး လောင်ကျွမ်းပြီး ပြာကျသွားတဲ့အခါ ပြာတွေကို လေနဲ့မှုတ်ထုတ်လိုက်ပြီး . . "ငါ့ကို ချစ်ပါ"ဆိုတဲ့ စကားလုံးကို ယုံကြည်မှုအပြည့်၊ စကားသံပြတ်ဖြင့် (၃)ကြိမ်၊ (၃)ခါ ရွတ်ဆိုပါ။

အခုအစီရင်ကို (၅)ကြိမ်ကနေ (၉)ကြိမ်လောက်အတွင်း အကြိမ်ရေများများ လုပ်ပေးရုံဖြင့် သင့်အချစ်ရေးဟာ အိုကေမှာ စိုပြေလာပါလိမ့်မယ်။ စွယ်တော်ရွက်လေးတွေကို စာအုပ်ကြားထဲမှာ ညှပ်ပြီး သိမ်းထားတတ်တဲ့ အကျင့်ကိုလည်း လုပ်ဆောင်ပါ။ စွယ်တော်ရွက်ခြောက်လေးတွေဆိုရင် မီးရှို့လို့ကောင်းပါတယ်။

ရှေးရှေးက မိန်းမပျိုလေးတချို့ သူတို့စာအုပ်တွေထဲမှာ ဒီလို စွယ်တော်ရွက်ခြောက်လေးတွေ သိမ်းဆည်းထားတာဟာ အခု ဖော်ပြတဲ့ အချစ်အစီအရင်ကဲ့သို့ မှုကွဲတွေကို စီရင်တတ်ကြလို့ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



# ငါးထောင့်ကြယ်နှင့် ရွှေလက်တွဲ အစီအရင်




“အရမ်း စွမ်းပါတယ်”ဆိုတဲ့စကားကို အရင်ဆုံး ပြောချင်ပါတယ်။ ကွဲမယ်၊ ကွာမယ်ဆိုတဲ့ အခြေအနေတစ်ခုကို ဦးတည်နေတဲ့ စုံတွဲ၊ လင်မယားတွေကို ဒီအစီအရင်က ကြင်စဦး ဇနီးမောင်နှံတွေလို တစ်ဦးပေါ်တစ်ဦး ချစ်စိတ်တွေ ပြန်ရှိလာစေပါမယ်။

သူတို့နှစ်ဦးရဲ့ခံစားချက်ကသာ အဓိကဖြစ်ပြီး ကျန်တာတွေ ဘာမှအရေးမကြီးဘူးဆိုတဲ့ ခံစားချက်ပြန်ဝင်လာရင် ကွာရှင်းမှုဆိုတာ မရှိနိုင်တော့ပါဘူး။ အဲ့လိုစိတ်မျိုးတွေ ပြန်ပေါ်လာအောင် လှုံ့ဆော်ပေးတဲ့ အချစ်အစီအရင်ဖြစ်ပါတယ်။

ဒီအစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) ပန်းရောင်စာရွက် (သို့မဟုတ်) အဖြူရောင်

၂) အနီနှင့် ပန်းရောင်ဖယောင်းတိုင်

၃) သက်ဆိုင်သူနှစ်ဦး၏ Name and Star Sign

၄) ချစ်ခြင်းရဲ့အမှတ်အသားဂြိုဟ် Venus Sign

၅) စတီးဇလုံငယ်တစ်လုံး

၆) အစီအရင်အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်ချက်တို့

www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ပါတယ်။

အစီအရင်အတွက် ပစ္စည်းများ စုံပြီဆိုရင် ပန်းရောင် စာရွက် လက်တစ်ဝါးစာအရွယ် အပေါ်မှာ ငါးထောင့်ကြယ် Pentagram ကို စဆွဲပါ။

ပြီးရင် Pentagram ရဲ့ ဘေးအောက်နားမှာ သက်ဆိုင်သူနှစ်ဦးရဲ့ နာမည်တွေကို ထည့်ပါမယ်။ ယောကျာ်းလေးက ညာဘက်၊ မိန်းကလေးက ဘယ်ဘက်ဖြစ်ပါတယ်။

ပြီးရင် ဘေးဘက်အပေါ်မှာတော့ ချစ်ခြင်းကိုယ်စားပြုတဲ့ Venus ဂြိုဟ်ရဲ့ သင်္ကေတကို ထည့်ပါမယ်။ ငါးထောင့်ကြယ်ရဲ့ အလယ်ဗဟိုထဲမှာတော့ ပြန်လည် ပေါင်းစည်းနိုင်ဖို့အတွက် သက်ဆိုင်သူနှစ်ဦးရဲ့ မူလနက္ခတ် Star Sign များဖြစ်တဲ့ သင်္ကေတ (၂)ခုကို ထည့်ပါမယ်။

မောင်ထွန်းဇော်ဟာ ဩဂုတ်လ(၂၄)ရက်မှ စက်တင်ဘာလ(၂၂)ရက်ကြားမွေးဖွားသူ Virgo ကန်ရာသီဖွားတစ်ဦးဖြစ်တဲ့အတွက် သူ့ရဲ့ Star Sign က Mp ပုံစံလေးဖြစ်ပါတယ်။


ဆယ့်နှစ်လရာသီဖွားများရဲ့ ရာသီနက္ခတ်များကတော့ -

| | |
|---|---|
| Aries | - မိဿရာသီ (မတ်လ ၂၁ မှ ဧပြီလ ၂၀) |
| Taurus | - ပြိဿရာသီ (ဧပြီလ ၂၁ မှ မေလ ၂၁) |
| Gemini | - မေထုန်ရာသီ (မေလ ၂၂ မှ ဇွန်လ ၂၁) |
| Cancer | - ကရကဋ်ရာသီ (ဇွန်လ ၂၂ မှ ဇူလိုင်လ ၂၂) |
| Leo | - သိဟ်ရာသီ (ဇူလိုင်လ ၂၃ မှ ဩဂုတ်လ ၂၃) |
| Virgo | - ကန်ရာသီ (ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၂) |
| Libra | - တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၃ |



www.burmeseclassic.com

www.burmeseclassic.com


Scorpio - ဗြိစ္ဆာရာသီ (အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂)
Sagittarius - ဓနုရာသီ (နိုဝင်ဘာလ ၂၃ မှ ဒီဇင်ဘာလ ၂၃)
တို့ဖြစ်ပါတယ်။ သက်ဆိုင်ရာ မူလနက္ခတ် Star Sign များကို ပုံမှာ ပြထားတဲ့အတိုင်း ယူနိုင်ပါတယ်။ ရေးဆွဲနိုင်အောင် လေ့ကျင့်ပါ။




ပြီးရင် ဂြိုဟ်ကိုးလုံးရဲ့ Sign သင်္ကေတ အမှတ်အသားများကိုလည်း ရေးဆွဲနိုင်အောင် လေ့ကျင့်ထားပါ။ နောက်လာမယ့် အစီအရင်များမှာ ဒီသင်္ကေတများ ထည့်သွင်းပြီး စီရင်ရမယ့် အချစ်အစီအရင်များ လာနိုင်ပါတယ်။

နာမည်တွေ၊ သင်္ကေတတွေကို ယောကျာ်းလေးဘက်က စီရင်မယ်ဆိုရင် ညာဘက်ခြမ်း၊ မိန်းကလေးဘက်ကဆိုရင် ဘယ်ဘက်ခြမ်းကနေ ထည့်ပေးပါ။

အချစ်အစီအရင်စာရွက်လေးကို ခေါက်တဲ့နေရာမှာ စက္ကူကို ထက်ဝက်ကနေ

www.burmeseclassic.com

www.burmeseclassic.com


ခေါက်လိုက်ပါ။ ပြီးရင် နောက်တစ်ဝက်ထပ်ပြီး ခေါက်ပါ။ စာရွက်လေးဟာ ပြားပြားရှည်ရှည်လေးဖြစ်နေပါလိမ့်မယ်။

စာရွက်ခေါက်ပြီးသွားရင် အစီအရင်စားပွဲပေါ်မှာ ညာဘက်မှာ အနီရောင်ဖယောင်းတိုင်၊ ဘယ်ဘက်မှာ ဝန်းရောင်ဖယောင်းတိုင်တို့ကို ထွန်းညှိပါ။

ဖယောင်းတိုင်နှစ်ခုကို အကွာအဝေး သိပ်မခြားဘဲ ဘေးချင်းယှဉ် ထွန်းထားရမှာဖြစ်ပြီး စာရွက်ခေါက်လေးကို ဖယောင်းတိုင် နှစ်ခုရဲ့ကြား၊ စက္ကူကို အလယ်ကနေ ကိုင်ထားပြီး မီးရှို့ပေးရမှာ ဖြစ်ပါတယ်။ မရှင်းရင် ပုံမှာ ကြည့်နိုင်ပါတယ်။

စက္ကူခေါက်လေး မီးစွဲလောင်နေပြီဆိုရင်တော့ -

"ဤချစ်သူနှစ်ဦး ပြန်လည် ပေါင်းစည်းမိပါစေ၊
ကြင်စဦးမောင်နှံများကဲ့သို့ ခံစားချက်များ
ပြန်လည်ပေါ်ပေါက်ပါစေ။




www.burmeseclassic.com

www.burmeseclassic.com




အခြားသူများရဲ့
အရုပ်အထွေးများကို
ဖယ်ရှားပေးပါ။
သံသယများကို
လည်း ပယ်ဖျက်ပေးပါ။
အချစ်စစ်တွေ ပြန်
လည် မွေးဖွားကြပါစေ။
ပြီးပြည့်စုံတဲ့ အချစ်နဲ့ဘဝကို
ပြန်လည် တည်ဆောက်နိုင်ပါစေ"
လို့ (၃)ကြိမ်တိုင် ရင်နင့်စွာဖြင့် သစ္စာပြု တိုင်တည်ပါ။

ပြီးရင်တော့ လောင်ကျွမ်းနေတဲ့စက္ကူက ပြာတွေကို စတီး ဇလုံငယ်ထဲမှာ ထည့်ပြီး ရေစီးနေတဲ့ မြစ်(သို့မဟုတ်) ချောင်းမှာ သွားမျှောပေးလိုက်ရုံပါပဲ။

မကြာခင်မှာ ကွဲမယ်၊ ကွာမယ်ဖြစ်နေသူကြတွေဟာ ပြန် လည်ပေါင်းစည်းသွားကြပါလိမ့်မယ်။ သူများအတွက် စီရင်ပေးရ မယ်ဆိုရင်တော့ ကိုယ့်မှာ အချစ်ဓာတ်ခံရှိဖို့လိုပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



# လျှို့ဝှက်ရှားပါး ဂမ္ဘီရကြက်ခြေ စီရင်နည်း



လျှို့ဝှက်ရှားပါးတဲ့ ဂမ္ဘီရကြက်ခြေခတ် အစီအရင်ဖြစ်ပါ တယ်။ ခုခေတ် စီးပွားရေးလောကမှာ အပြိုင်အဆိုင်တွေဟာ များ သထက် များလာပါတယ်။

တစ်ဦးနဲ့တစ်ဦး အတိုက်အခိုက်တွေ၊ ဟန့်တားပိတ်ဆို့မှု တွေ၊ ရန်ငြိုးအတွက် မကောင်းကြံစည်မှုတွေ များပြားတာကြောင့် ဂမ္ဘီရကြက်ခြေကို အကာအကွယ်အဆောင်အဖြစ် လုပ်ငန်းတိုင်း မှာ ဆောင်ထားသင့်ပါတယ်။


လုပ်ငန်းအတွက်၊ တစ်ဦးတစ်ယောက်ချင်းစီအတွက် မိမိ နှစ်သက်သလို အကြီး၊ အသေး ပုံစံအမျိုးမျိုး စီမံပြုလုပ်ပြီး ဆောင် နိုင်ပါတယ်။ ဂမ္ဘီရကြက်ခြေအစီအရင်ကို ကြခတ်ဝါးနှင့် ပြုလုပ်ရ ပါ။ အိမ်၊ ခြံ လုပ်ငန်းများအတွက် အသုံးပြုမယ်ဆိုပါက ကိုယ်လို ချင်တဲ့ အရွယ်အစားကို ရွေးချယ်ပြုလုပ်နိုင်ပါတယ်။

အခုက တစ်ကိုယ်ရည်ဆောင်မှာဖြစ်လို့ လုပ်ဆောင်ရမှာ က . . လက်ခလယ် (သို့မဟုတ်) လက်သန်းအလုံးလောက် ကြခတ် ဝါး(၂)ချောင်းကို ယူပါ။ အရှည်ကိုလည်း မိမိ အလိုရှိသလောက် တိုင်းတာပြီး ယူနိုင်ပါတယ်။ အိတ်ဆောင်အရွယ်၊ ခပ်ကြီးကြီးပုံစံ

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁)


မိမိ နှစ်သက်သလို သတ်မှတ်နိုင်ပါတယ်။

(ပုံ ၁) ရယူထားတဲ့ ကြခတ်ဝါးကို အစွန်း နှစ်ဘက်ကို ပုံမှာ ပြထားတဲ့ အတိုင်း တစ်စောင်းချွန်ပါ။ (ပုံ ၂) ပြီးရင် အလယ်မှာ စရွေးအပေါက်ပေါ်လာအောင် ထွင်းထုတ်ပါ။ စရွေးထွင်းရာမှာ ကွဲကြေမသွားဖို့၊ ကျိုးမသွားဖို့ လိုအပ်ပါတယ်။



ပုံ (၂)

ကြခတ်ဝါးဟာ အခေါင်းပွ ဝါးမျိုးမဟုတ်ဘဲ အကျစ်သားမျိုးဖြစ်ပါတယ်။ ကြခတ်ဝါးဖြင့် စည်းနှောင်တဲ့ နီးကို ပြုလုပ်ကြပါတယ်။ ဒါကြောင့် နီးဟာ ခိုင်ခန့်နေတာဖြစ်ပါတယ်။




ပုံ (၃)

(ပုံ ၃) ကြခတ်ဝါး(၂)ချောင်းကို စရွေးထွင်းရာမှာလည်း ဝါးနှစ်ချောင်းကို ကန့်လန့်ဖြတ် ကြက်ခြေခတ်ပုံစံ အံ့ဝင်ခွင်ကျ ဖြစ်အောင် သတ်သတ်မှတ်မှတ်ဖြင့် ပြုလုပ်ပေးပါ။

ပြီးရင် ဝါး(၂)ချောင်းကို ပုံမှာပြထားတဲ့အတိုင်း ကြက်ခြေခတ်ထပ်ပါမယ်။ စရွေးဖောက်ထားတဲ့ အပေါက်နှစ်ခုကို ထပ်မိ

www.burmeseclassic.com

www.burmeseclassic.com


အောင် လုပ်ဆောင်လိုက်တာ ဖြစ်ပါတယ်။ ထပ်လို့ရပြီဆိုရင် ပုံမှ ခိုင်မြဲစေဖို့ သံသေးသေးလေးတစ်ချောင်းကို ရိုက်ထည့်လိုက်ပါ။

သူများကို လုပ်ခိုင်းတာပဲ ဖြစ်ဖြစ်၊ ကိုယ်ကိုယ်တိုင် လုပ်ဆောင်တာပဲ ဖြစ်ဖြစ်၊ ကြိုက်သလို ပြုလုပ်နိုင်ပြီး သံရိုက်ပြီးသား ကြက်ခြေခတ်ရပြီဆိုရင်တော့ တနင်္လာနေ့(၉)နာရီအချိန်မှာ အမွှေးနံ့သာများ ပက်ဖြန်းကာ ကိုယ့်အတွက် သိဒ္ဓိဝင် အကာအကွယ် အဆောင်အဖြစ် ဆောင်ပြီလို့ ကိုယ့်စိတ်က ရည်မှန်းရုံဖြင့် ဆောင်ယူနိုင်ပါပြီ။

အဆိုပါ ဂမ္ဘီရကြက်ခြေ ကြခတ်ဝါးအဆောင်ကို အိမ်၊ ခြံ၊ မြေ၊ ယာဉ် လုပ်ငန်းတို့မှာ ထားရှိနိုင်ပါတယ်။ အိတ်ဆောင်အငယ် ခပ်သေးသေးလည်း ဆောင်ထားနိုင်ပါတယ်။

ကက်ကင်းသဘောအရလည်း အဆိုပါ ကြခတ်ဝါးဆိုတာဟာ တနင်္လာနံနှစ်ထပ်ဖြင့် ကက်ကင်းဓာတ်မိနေတာကို တွေ့ရပါတယ်။ ဓာတ်တူ၊ နံတူဖြင့် အကျိုးပြုနေပါတယ်။

အပြိုင်အဆိုင်၊ အဟန့်အတား၊ ပယောဂဖြင့် အတိုက်အခိုက်များကိုသာမက ကြခတ်ဝါးဟာ မကောင်းတဲ့ ပါပဓာတ်များကို ချေဖျက်နိုင်တဲ့အတွက် ကိုယ့်အတွက်ကောင်းမွန်တဲ့ အကာအကွယ်အဖြစ် ဆောင်နိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ကြီးလေးပါးနှင့် အချိန်အခါကောင်းများ



ဓာတ်ကြီးလေးပါးဖြင့် အစီအရင်များ ဘယ်လို တိုက်ဆိုင်ဖြစ်ပေါ်သလဲဆိုတာကို ဆဋ္ဌမအာရုံမဂ္ဂဇင်း အမှတ်စဉ်(၁၈)မှာ ဖော်ပြခဲ့ပြီးပါပြီ။ အခုကတော့ ဓာတ်ကြီးလေးပါး အားကောင်းပြီး အစီအရင်အတွက် အချိန်အခါ နေ့ရက်ကောင်းများကို ဖော်ပြမှာ ဖြစ်ပါတယ်။

ဘယ်နေ့ရက်မှာ ဘယ်လိုအစီအရင်လုပ်ရင် ကောင်းမလဲဆိုပြီး မေးထားကြသူတွေအတွက် သက်ဆိုင်ရာ ဓာတ်ကြီးလေးပါးအလိုက် အားကောင်းတဲ့ အချိန်အခါကောင်းများကို ဖော်ပြလိုက်ရပါတယ်။

**မြေဓာတ် (Earth)**

မြေဓာတ်အားကောင်းတဲ့ နေ့ရက်ကတော့ တနင်္လာနဲ့ ကြာသပတေးနေ့များပဲ ဖြစ်ပါတယ်။ မြေဓာတ်ကောင်းတဲ့နေ့မှာ ကိုယ့်အတွက် ကြီးကျယ်တဲ့အမှုကိစ္စများကို ပြုလုပ်နိုင်ပါတယ်။ ငွေကြေးကြီးပွားအောင်မြင်ခြင်း၊ ခိုင်မြဲစေလိုတဲ့အကြောင်းကိစ္စတစ်ခုခုတို့အတွက် အစီအရင်များကိုပြုလုပ်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ကြီးမားတဲ့ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဒီနေ့မှာ ဆောင်ရွက်နိုင်ပါတယ်။ အပ်ကျမတ်ကျဖြစ်ဖို့ ရည်ရွယ်တဲ့ ကိစ္စမှန်သမျှ တနင်္လာနဲ့ သောကြာတို့မှာ ဆောင်ရွက်ပါ။

**ရေဓာတ် (Water)**

ရေဓာတ်အားကောင်းတဲ့ အချိန်အခါကတော့ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တို့ပဲ ဖြစ်ပါတယ်။ ရေဓာတ်ဆိုတော့ အေးချမ်းလိုတဲ့ကိစ္စ၊ ဆေးကုသပေးခြင်း၊ ဆေးအစီအရင်များပေးခြင်းတို့ကို ပြုလုပ်နိုင်တဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒါ့အပြင် ရေဓာတ်ကို ကိုယ်စားပြုတဲ့ ချစ်ခြင်းမေတ္တာ၊ မိတ်ကောင်းဆွေကောင်းဖွဲ့ခြင်း၊ ကျန်းမာရေး၊ စိတ်ကူးကောင်းခြင်းတို့ကို ဒီနေ့မှာ ဖော်ထုတ် အသုံးပြုရင် ပိုပြီး အစွမ်းထက်ပါတယ်။

**မီးဓာတ် (Fire)**

မီးဓာတ်အားကောင်းတဲ့ အချိန်ကာလကတော့ တနင်္ဂနွေနဲ့ စနေနေ့တို့ပဲ ဖြစ်ပါတယ်။ ဒီနေ့များမှာ ပြင်းပြတဲ့စိတ်ဆန္ဒဖြင့် ပြုလုပ်သော အစီအရင်များ၊ ဂမ္ဘီရစွမ်းအင် ခွန်အားတို့ကို တိုးပွားစေလိုတဲ့ အစီအရင်များ၊ မိမိရဲ့တန်ခိုးအာဏာ တိုးတက်လာစေဖို့ စီရင်တဲ့ အစီအရင်များ၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသဖြစ်ခြင်းတွေကို ကိုယ်စားပြုတဲ့အစီအရင်များကို မီးဓာတ်အားကောင်းတဲ့ နေ့ရက်များမှာ စီရင်ပါက ပိုမိုအားကောင်းပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com





**လေဓာတ် (Wind)**

လေဓာတ်အားကောင်းတဲ့ နေ့များကတော့ အင်္ဂါနဲ့ ရာဟု (ဗုဒ္ဓဟူး နေ့လယ် ၁၂ နာရီ နောက်ပိုင်း)ကာလတို့ပဲ ဖြစ်ပါတယ်။

လေဓာတ်ဆိုတဲ့အတွက် လျှင်မြန်အရေးကြီးသောအရာများ၊ ခရီးသွားလာခြင်းစသည်တို့ကို လုပ်ဆောင်စီရင်နိုင်ပါတယ်။

အမှုကိစ္စဖြင့် အရပ်တစ်ပါးကို သွားလာလိုတယ်ဆိုရင်လည်း အင်္ဂါ၊ ရာဟုအခါများမှာ ဆောင်ရွက်တာ ကောင်းပါတယ်။ တစ်ခုခုလွတ်မြောက်ဖို့ စီရင်ဆောင်ရွက်မှုမျိုးတွေ၊ အကြံဉာဏ်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်တဲ့ အစီအရင်မျိုးတွေကို လေဓာတ်အားကောင်းတဲ့ နေ့ရက်များမှာ စီရင်ပါ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# မီးခိုးရောင်လောကီပညာရပ် (၃၀)



## ဂြိုဟ်စဉ်အလိုက် နေ့ရက်နှင့် နာရီများ

ဒီအကြောင်းအရာကိုရေးသားနိုင်ဖို့အတွက် ကျွန်ုပ်ဟာ များစွာ အချိန်ယူခဲ့ရပါတယ်။ နေ့ရက်နဲ့နာရီတွေကို လေ့လာခဲ့ရပါတယ်။ ဒီနေရာမှာ ထူးခြားမှု ဘာတွေ့သလဲဆိုတော့ ဂဏန်းနံပါတ် အပူးဂဏန်းတွေဟာ မထင်မှတ်ဘဲ မှော်ဝင်ကိန်းဂဏန်းများ ဖြစ်နေတာကို တွေ့ရပါတယ်။

တစ်နေ့တာအတွင်းမှာ ကျွန်ုပ်တို့ဟာ ဒီဂဏန်းအပူးတွေကို မထင်မှတ်ဘဲ တွေ့ကြရပါတယ်။ စိတ်ထဲမှာ စွဲစွဲမြဲမြဲဖြစ်တာမျိုးတွေရှိသလို၊ တချို့လည်း မဖြစ်ပေမယ့် သိလိုက်တဲ့ အနေအထားတော့ ရှိကြပါတယ်။

ဥပမာအားဖြင့် မိမိရဲ့လက်ကိုင်ဖုန်းအတွင်းက နာရီမှာ (3:33) မိနစ်ဖြစ်နေတာမျိုးတွေ၊ မိမိစီးလာတဲ့ ကားရှေ့က အခြားကားတစ်စင်းရဲ့နံပါတ်ပြားဟာ အပူးဂဏန်း ဖြစ်နေတာမျိုးတွေ၊ မိမိရဲ့အိမ်တွင်းနေရာတစ်ခုခုမှာ (သုံးလုံးပူး) ဂဏန်းအတူနံပါတ်မျိုးတွေကို မြင်မိကြမှာပါ။

www.burmeseclassic.com

www.burmeseclassic.com




မမျှော်လင့်ဘဲတွေ့ရှိပြီး စိတ်ထဲမှတ်မှတ်ထင်ထင်သိလိုက်တော့မှ သာလျှင် အဓိပ္ပါယ်ရှိပါတယ်။ ကိုယ့်အိမ်ထဲက တစ်နေရာရာမှာ အမြဲရှိနေတဲ့ ပစ္စည်းတစ်ခုခုပေါ်က နံပါတ်အပူးကို ထပ်ခါတလဲလဲ မြင်နေတာမျိုးတော့ မရပါဘူး။

ကဲ . . စပါပြီ။ ငြိုဟ်စဉ်အလိုက် မော်ဝင်ကိန်းဂဏန်းများကို သင့်အနေဖြင့် မြင်တွေ့ရခြင်းအားဖြင့် ဘယ်လိုအတိတ်နမိတ်တွေရှိသလဲ၊ သင့်ထံကို မည်သည့်အကြောင်းအရာတွေ လာနေပြီလဲ။ ဘယ်သူတွေက စောင့်ရှောက်မှာလဲ။ ဘာတွေဖြစ်လာနိုင်မလဲဆိုတာ သိနိုင်ဖို့ အောက်မှာ ကြည့်ရအောင်။

**111 (ပေါ်လွင်ထင်ရှားမယ်)**

111 နံပါတ်အပူးကိုမြင်ရခြင်းဟာ သင့်စိတ်ကူးကို ပေါ်လွင်ထင်ရှားစေတော့မယ်ဆိုတာကို အသိပေးမှုတစ်ခုဖြစ်ပါတယ်။ ကိုယ့်စိတ်ထဲမှာ အကြံအစည်တွေရှိနေခဲ့ရင် တကယ်လက်တွေ့ဖြစ်လာဖို့ အကောင်အထည်ဖော်ရမယ့်အချိန်ရောက်ပါပြီ။ ဒီအချိန်မှာ ကိုယ်အဖြစ်ချင်ဆုံးဆန္ဒအပေါ်မှာပဲ အာရုံစိုက်ပါ။

**222 (ခြေလှမ်းသစ်ရဲ့ သင်္ကေတ)**

222 ကိုမြင်ရင်တော့ ခြေလှမ်းသစ်တွေရဲ့သင်္ကေတလို့ မှတ်ယူပြီး နောက်ထပ်ခြေလှမ်းသစ်စဖို့ပဲ လိုပါမယ်။ သင့်ရဲ့နေ့စဉ်ငွေ့စရာဘဝထဲမှာ နောက်ထပ်အပြောင်းအလဲဖြစ်လာစေမယ့် လေပြေလေညှင်းတစ်ခု လာနေပါပြီ။


www.burmeseclassic.com

www.burmeseclassic.com





## 333 (ဦးနှောက်၊ ကိုယ်၊ စိတ်)

333 သုံးပွင့်ဆိုင်၊ (၃) သုံးလုံးသင်္ကေတကလည်း အရမ်းကိုထူးခြားမှုရှိတဲ့သင်္ကေတ တစ်ခုဖြစ်ပြီး ဒီအရာက ဘာကို ပြဆိုသလဲဆိုတော့ ကိုယ့်ရဲ့ ဝိညာဉ်၊ စိတ်တို့ရဲ့လှုံ့ဆော်မှု နောက်ကို ခန္ဓာကိုယ်ကပါ လိုက်ရတော့မယ်ဆိုတဲ့ကိန်းဖြစ်ပါတယ်။

မြန်မာလိုဆိုရင် ကိုယ်၊ စိတ်နှလုံး သုံးပါးစလုံး လှုံ့ဆော်မှု နောက်လိုက်ရမှာပါ။ ဒီသုံးခုစလုံး ဟန်ချက်ညီညီပေါင်းဆုံနိုင်တော့မှ ဖြစ်မယ်လို့ သတိပေးလာတဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။

## 444 (နတ်ဒေဝါ မမယ့်ကိန်း)

444 ကိုမြင်ရင် လမ်းမှာသွားလာရင်း အနားမှာ ထီဆိုင်ရှိရင် ထီသာပြေးထိုးလိုက်တော့လို့ ဆိုချင်ပါတယ်။ နတ်ဒေဝါကောင်းတွေ သင့်အနားမှာ ဝိုင်းဝိုင်းလည်လို့ ကံကောင်းနေတဲ့ အချိန် ဖြစ်ပါတယ်။ လူမစွမ်း နတ်မတဲ့အချိန်ရောက်နေပြီဖြစ်လို့ အဲ့ဒီ အချိန်မှာ ကြိုက်တာ ကြံစည်ဆောင်ရွက်နိုင်ပါပြီ။ ကိုယ့်ဘက်ကနေ ကာကွယ်အတားအဆီး အရံအတားရှိနေတဲ့ ကာလလည်း ဖြစ်ပါတယ်။

## 555 (ပြောင်းလဲချိန် တန်ပြီ)

555 စီးကရက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်သောက်တဲ့ စီးကရက်ဘူးရဲ့နံပါတ်ကို မမျှော်လင့်ဘဲ မြင်မိတာမျိုး၊ ဒါမှမဟုတ် တစ်နေရာရာမှာတွေ့မိတာမျိုးဆိုရင် အပြောင်းအလဲကာလ၊ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ အမြွှောတစ်ခုဟာ

www.burmeseclassic.com

www.burmeseclassic.com




သင့်ထံလာနေပါပြီ။ ရဲရဲဝံ့ဝံ့သာ ချီတက်လိုက်ပါ ရဲဘော်။

**666 (မှော်ဝင်ကိန်းဂဏန်း)**

666 ကို မှော်ဂဏန်း၊ ရှုန်းဂဏန်းလို့ သိကြပါတယ်။ ဒါပေမယ့် သူ့ရဲ့အဓိပ္ပါယ် ဖွင့်ဆိုချက်ကတော့ တစ်မျိုးပါ။ ဘယ်လိုလဲဆိုတော့ "သင့်လုပ်ရပ်တွေအားလုံးကို ပြန်လည်ဆန်းစစ်ပါတဲ့"။ လက်ရှိဖြစ်နေတဲ့အရာက သင့်ကို စိန်ခေါ်နေပါတယ်။ သင်လုပ်ဆောင်ထားတဲ့အရာတွေကို Balance ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပါ။ ပြန်လည်ဝေဖန်ပိုင်းခြား ဆန်းစစ်ရမယ့်အချိန်ရောက်ပြီလို့ ညွှန်ပြပါတယ်။

**777 (ကောင်းတာတွေ စုပြုံနေပြီ)**

777 သုံးလုံး အပူးမပြောနဲ့၊ 7 တစ်လုံးတည်းကကို Lucky Seven ဖြစ်နေပါပြီ။ သုံးလုံးပူးဆိုရင်တော့ မပြောနိုင်လောက်အောင်ကို သင့်ဆီမှာ ကောင်းခြင်းတွေပုံနေပါပြီ။ ရှေ့သို့လှမ်းချီဖို့သာ ကျန်ပါတော့တယ်။ ရာသီဥတု ကိုယ့်ဘက်ပါတဲ့အနေအထားမှာ သင်ကြိုက်တာလုပ်ပါ Good လို့ ပြောရပါလိမ့်မယ်။

**888 (ထိန်းညှိရမယ့်အချိန်)**

888 သုံးလုံးပူးကတော့ နည်းနည်းမကောင်းတဲ့ လက္ခဏာတစ်ခုပါ။ ဘဝမှာ ကိုယ့်အစွမ်းပြရမယ့်အရာတွေနဲ့ ရှောင်ရှားရမှာတွေ ရောထွေးရှုပ်ထွေးနေချိန်မို့ သတိထားပါ။ ဒီလိုမြင်တွေ့ခဲ့ရင် နည်းနည်း သတိထားလုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ အရာရာကို ထိန်း


www.burmeseclassic.com

www.burmeseclassic.com





ထိန်းသိမ်းသိမ်းနဲ့ လုပ်ပါလို့ ညွှန်ပြနေတဲ့ အမှတ်သင်္ကေတတစ်ခု ဖြစ်ပါတယ်။

**999 (ပြီးဆုံးပြီ The End)**

9 ဆိုတဲ့ ကိန်းဂဏန်းဟာ အင်္ဂလိပ်အက္ခရာကိန်းဂဏန်း အစဉ်မှာတော့ နောက်ဆုံးဂဏန်း ဖြစ်ပြီး တစ်စုံတစ်ခု အပြီးသတ် နိဂုံးချုပ်ပြီလို့ ဖော်ပြတဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။ အဆုံးသတ်တစ်ခုကို ရောက်သွားပြီ၊ တစ်စုံတစ်ခုဟာ လုံးဝပြီးစီးသွားပြီလို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ သင့်ရဲ့အတိတ်ကို အပြီးတိုင် တံခါးပိတ်ပစ်ရမယ်ဆိုတဲ့ အသိပေးမှုတစ်ခုဆိုတော့ လက်ရှိ သင်ဖြစ်ပျက်နေတဲ့ အခြေအနေပေါ်မူတည်ပြီး နမိတ်ကောက်ပါ။

ကိန်းဂဏန်းသုံးလုံးပူး နမိတ်တွေကတော့ ဒီတင် နိဂုံတံပါပြီ။ နောက်ထပ်ကတော့ နာရီကိန်းဂဏန်းတွေမှာ မြင်တွေ့ရတဲ့ **11:11** နဲ့ **12:12**၊ **3:33**၊ **4:44**၊ **5:55** တို့အကြောင်းကို ဖော်ပြပါမယ်။

**11:11 (လိုရာ ဆုတောင်းပါ)**

11:11 ဆိုတဲ့ ကိန်းဂဏန်းကို သင့်ရဲ့လက်ကိုင်ဖုန်းက နာရီမှာ မြင်တွေ့ရတယ်ဆိုတာနဲ့ သင့်အနေဖြင့် ဆုတစ်ခုတောင်းဆိုနိုင်ပါတယ်။ ကြယ်ကြွေတာကိုမြင်တာနဲ့ တန်းပြီး ဆုတောင်းသလိုမျိုး သင့်စိတ်ကြိုက်အကြောင်းအရာတစ်ခုကို Prayer လုပ် တောင်းဆိုနိုင်ပါတယ်။ လိုရာဆုတောင်းပါဆိုတဲ့အတွက် ဆုတောင်းပြည့်မှာတော့ သေချာနေတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com


**12:12 (ပြောင်းလဲသွားပြီ)**



12:12 ဆိုတဲ့ ကိန်းဂဏန်းဟာ ပြောင်းလဲသွားပြီလို့ အဖြေထွက်ပါတယ်။ အကောင်းဘက်ကို ပြောင်းလဲတာပါ။ စိတ်ပူစရာ မရှိပါဘူး။ သင်ဟာ နောက်ဂိတ်ပေါက်၊ လမ်းစတစ်ခုကို ပြောင်းလဲရောက်ရှိမယ်ဆိုတဲ့ အချက်ပြသင်္ကေတဖြစ်ပါတယ်။ ကိုယ့်ကို နှစ်သိမ့်ဖို့၊ ကူသပေးဖို့ တစ်စုံတရာ၊ တစ်ခုခုဟာ လှမ်းလာနေပြီလို့လည်း မှတ်ယူနိုင်ပါတယ်။

**3:33 (နတ်သိကြား မတဲ့ကိန်း)**

နာရီစက် 3:33 ကို မြင်မယ်ဆိုရင်တော့ သင့် ဘေးမှာ ဘုရားသခင်အပါအဝင်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်နေပြီလို့ ဆိုနိုင်ပါတယ်။ လက်ကိုင်ဖုန်းနာရီက ဂဏန်းကို မြင်တာနဲ့ ရိုးရိုး 333 အပူးကိုမြင်တာနဲ့တော့ မတူဘူးလို့ မှတ်ပေးပါ။ 3:33 ကိုမြင်ရင်တော့ သင့်မှာ ဖန်တီးနိုင်စွမ်းအားတွေ ရှိလာပြီ၊ မကြာခင်မှာ ငြိမ်းချမ်းသော ပျော်စရာအတိပြီးတဲ့ဘဝကို ရရှိတော့မယ်လို့ မှတ်သားပါ။

**4:44 (အများကြီး မမယ့်ကိန်း)**

4:44 (သို့မဟုတ်) 444 အပူး ဘယ်လိုပဲမြင်မြင်၊ သူကတော့ နတ်တွေ တစ်ပုံတပင်ကြီး သင့်ကို မတော့မယ့်ကိန်းလို့ အချက်ပြနေပါတယ်။ သင်ဟာ ဒီကမ္ဘာကိုရောက်ရှိနေတာ အလွန်အရေးပါတဲ့ အကြောင်းကိစ္စတစ်ခုကြောင့်လို့ဆိုတယ်။ သင့်မှာရှိတဲ့


www.burmeseclassic.com

www.burmeseclassic.com


ချစ်ခြင်းမေတ္တာတွေကို အများသူငါကို ဝေငှပေးပါ။

4:44 တွေကို မကြာခဏဆိုသလို မထင်မှတ်ဘဲ မြင်မိတယ်ဆိုရင်တော့ သင့်မှာ ထူးခြားတဲ့ မေတ္တာစာတ်နဲ့ ဂမ္ဘီရအစွမ်းတွေ ရှိနေပြီဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ။ ဗေဒင်ဆရာအများစု ဒီဂဏန်းကို မကြာခဏတွေ့ကြပါတယ်။ ဒါဆိုရင် သင့်မှာ ပါရမီထူးပါတယ်လို့ ဆိုနိုင်တယ်။

**5:55 (ကံကောင်းတဲ့ အချိန်)**

5:55 ကလည်း Lucky Seven 7 နဲ့ပါတ်လိုပဲ ကိုယ့်အတွက် ကံကောင်းတဲ့အချိန်၊ အခွင့်အလမ်းကောင်းလို့ သတ်မှတ်ပါ။ ဒီအချိန်မှာ ပေါ်ပေါက်လာတဲ့ အပြောင်းအလဲတွေကိုလည်း စိတ်ချလက်ချလက်ခံပါ။ ဒီအချိန်ဟာ သင့်အတွက် ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။

ကဲ . . ဒါဆိုရင်တော့ မှော်ဝင်ကိန်းဂဏန်းများ၊ ပြိုဟ်စဉ်အလိုက်နေ့ရက်နှင့်နာရီများဆိုတဲ့ အကြောင်းအရာကတော့ ပြီးဆုံးပါပြီ။ နောက်လမှာတော့ ဒီထက်ဆန်းကြယ်တဲ့အကြောင်းအရာများဆီသို့ ဆက်သွားပါမယ်။

"God Bless You, See you again Next Month"

နောက်လမှာ ပြန်ဆုံကြပါမယ်။

❑


www.burmeseclassic.com

www.burmeseclassic.com



လောကီကောင်းကျိုးပြု


# ဂမ္ဘီရ ကြက်ဥ

ဂမ္ဘီရဆရာလှမျိုး (BSC)

www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်စာရေးသူသည် လောကီဂမ္ဘီရပညာရပ်များကို လေ့လာသောအခါ ဗေဒင်တွက်ခြင်း၊ ဟောပြောခြင်းများအပြင် ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာပညာကိုလည်း လေ့လာရပါသည်။

ယတြာအစီအရင်တွင်လည်း မြန်မာ့ရိုးရာ ယတြာနည်းများအပြင် အနောက်တိုင်းလောကီပညာ ယတြာကိုလည်း အလျဉ်းသင့်သလို အသုံးချရပါသည်။ မည်သည့် ယတြာဖြစ်စေ၊ လက်တွေ့လောကီရေးရာတွင် (၇)နေ့သားသမီးတို့အား အကျိုးပြုဖို့ အဓိကအရေးကြီးပါသည်။

ကျွန်ုပ်၏ ဗေဒင်ဟောခန်းရောက်လာသူများတွင် အကြွေးကိစ္စ၊ အချစ်ရေး၊ အိမ်ထောင်ရေးစသည်ဖြင့် အကြောင်းအရာများ အမျိုးမျိုး ပါလာကြသည်။

တစ်နေ့ အကြွေးကိစ္စ အခက်အခဲဖြစ်နေသော အမျိုးသမီးတစ်ဦး ရောက်ရှိလာပါသည်။ စာရေးသူမှ အကြွေးဟူသော စကားအသံ စကားလုံးကိုကြားပြီး "အကြွေးနှင့် ကြက်ဥ"ယတြာစီရင်ပေးရန် ခေါင်းထဲပေါ်လာသည်။

အာရုံနိမိတ်ဖြင့် ပေးခြင်းမဟုတ်ပါ။ ကက်ကင်းဓာတ် စီရင်

www.burmeseclassic.com

www.burmeseclassic.com




ပေးခြင်း ဖြစ်ပါသည်။ အကြွေး(၁၂)နှင့် ကြက်ဥ(၂၁) ကက်ကင်းမိနေသည်။ ထို့ကြောင့် အောက်ပါအတိုင်း စီရင်နိုင်းလိုက်ပါသည်။

*** အကြွေးကိစ္စ အဆင်ပြေစေရန် ကြက်ဥယတြာ ***



ပထမဆုံး ကြေးအိုး၊ ကြွေပန်းအိုး၊ ကြွေအိုး၊ ငွေအိုး စသည့် အိုးလေးတစ်လုံးကို ရှာရပါမည်။ တနင်္လာနံဖြင့်စသော ကြေး၊ ကြွေ၊ ငွေ၊ ကော်၊ ကံ့ကော်သား၊ ကျောက်စသည့် အိုးတစ်လုံးလုံး အသုံးပြု နိုင်ပါသည်။

ထိုအိုးလေးပေါ်တွင် ကြက်ဥတစ်လုံးတင်ပါ။ အိုးအောက်တွင် အုတ်ခဲတစ်လုံး ခံထားပါ။ ကြက်ဥကို အလုံးကြီး ရွေးဝယ်ပါ။ ကြက်ဥတွင် ခဲတံ၊ ဆော့ပင်၊ ဘောပင် တစ်ခုခုတို့ဖြင့် ထင်အောင် အကြွေးကိစ္စကို စာရေးပါ။



ဥပမာ -

"မောင်မြထံမှ အကြွေးငါးသောင်း ကျပ် ပြန်ရစေ"

"အကြွေးငွေများ ပြန်ရစေ" စသည် ဖြင့် လိုရင်းတိုရှင်း ရေးပါ။ ကြေးအိုး၊ ကြွေအိုးတွင်လည်း ရေးနိုင်ပါသည်။ အုတ်ခဲတွင်လည်း ရေး၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ငွေအကြွေးနှင့်ပတ်သက်၍ အဆင်ပြေသလို ရေးပါ။

"ငါ့ငွေ ငါ့ထံ ပြန်လာစေ"

"ဦးဘ အကြွေးပြန်ဆပ်စေ"

အုတ်ခဲ (၁၂)၊ ကြွေအိုး (၂၁)၊ ကြက်ဥ (၂၁)၊ အကြွေး (၁၂) ကကင်းဓာတ်ဆင်ထားခြင်း ဖြစ်ပါသည်။

ထိုကြွေအိုး၊ ကြေးအိုးတစ်ခုခုပေါ် ကြက်ဥတင်ထားပြီး အောက်မှ အုတ်ခဲခံကာ ဘုရားကျောင်းဆောင်ရှေ့ မိမိစားပွဲရှေ့ အဆင်ပြေသောနေရာတွင် တင်ထားပြီး ဖယောင်းတိုင်အစိမ်း တစ်တိုင် ထွန်းပါ။ ကြက်ဥပေါ်မှာ ဖယောင်းတိုင်အသေးတစ်တိုင် ထွန်းပြီး အကြွေးကိစ္စ လေးလေးနက်နက် ဆုတောင်းပါ။

ထိုအစီအရင်ကို တနင်္လာနေ့နံနက် (၉)နာရီမှ(၁၀)နာရီ ခွဲအတွင်း စတင်ပြုလုပ်ပါ။ တစ်ပတ်တစ်ကြိမ်၊ ကြက်ဥအသစ်လဲ ပါ။ သုံးပတ်(၂၁)ရက်ပြည့်လျှင် (သို့) သုံးပတ်အတွင်း အဆင်ပြေ သွားပါမည်။

အကြွေးကိစ္စအတွက် အဓိက ကြက်ဥသည် ဂမ္ဘီရကြက်ဥ ယတြာအစီအရင်တွင် ပါဝင်လျက်ရှိပါသည်။

### * အိမ်ကိစ္စ အဆင်ပြေစေရန် ကြက်ဥယတြာ *

အိမ်ငှားကိစ္စ အဆင်မပြေဖြစ်နေသူများ အိမ်ငှားကိစ္စ အဆင်ပြေစေရန် -

ကြက်ဥသုံးလုံးကြော်၊ ပန်းကန်ပြားတစ်ချပ်တွင် ထည့်၍ ထိုကြက်ဥကြော် ပန်းကန်နားတွင် ကြွေအိုး၊ ကြေးအိုးတစ်လုံး‚လုံး ဖြင့် အောင်သပြေညွန့် (၁၂)ညွန့် ထည့်လှူကာ ဆုတောင်းမှုပြုပါ။

ကြက်ဥတစ်လုံး(၃)ရက် လှူ၍လည်း ရပါသည်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါသုံးရက်ဆက်လှူ၊ ဆုတောင်းမှုပြုပါက အိမ်ငှားကိစ္စ အဆင်ပြေစေပါသည်။

ကြက်ဥသည် တနင်္လာ(လာ)နှင့် တနင်္ဂနွေ(နေ)ဓာတ်ပါဝင် နေသည်။ လူတို့စားသုံးက အာဟာရဖြစ်စေသည်။ ဂြိုဟ်သက်



www.burmeseclassic.com

www.burmeseclassic.com


(၁၅+၆=၂၁)ရသည်။ ထိုသို့ ဂမ္ဘီရဆန်သော ထူးခြားမှုများ ပါဝင်နေသည်။ မျက်နှာအလှဖန်တီးရာတွင်လည်း ကြက်ဥကိုလည်း အသုံးပြုကြသည်။

အနောက်တိုင်း လောကီပညာတွင် ကိုယ့်ချစ်သူနှင့် နီးစပ်စေမည့်နည်းတွင် ကြက်ဥပါဝင်သည်။

### * ကိုယ့်ချစ်သူနှင့် နီးစေမည့် နည်းလမ်း *



လိုအပ်သော ပစ္စည်းများ -

| | |
|---|---|
| အနီရောင်ဖယောင်းတိုင် | - ၂ တိုင် |
| ပန်းကန် | - ၁ ချပ် |
| ကြက်ဥ | - ၂ လုံး |

အနီရောင် ဖယောင်းတိုင် နှစ်တိုင်ကို ပူးကပ်ပြီး မီးထွန်းပါ။ ပန်းကန်လွတ်ကို ယင်းဖယောင်းတိုင်နှစ်တိုင်၏ ရှေ့တွင်ချထားပြီး ကြက်ဥတစ်လုံးကိုယူ၍ အခွံကိုဓားဖြင့် အသာဆတ်ပြီး ခွဲလိုက် ပါ။ အနှစ်ပေါက်မသွားပါစေနှင့်။

အနှစ်နှင့်အကာတို့ကို ပန်းကန်ထဲသို့ သွန်ချလိုက်ပါ။ ထိုသို့ လုပ်နေစဉ် အောက်ပါဂါထာကို ရွတ်နေပါ။ Goldသည် ကြက်ဥအနှစ်၊ Silverသည် ကြက်ဥအကာကို ဆိုလိုသည်။


www.burmeseclassic.com

www.burmeseclassic.com


" This is me.

My mine is gold.

My body is silver."

"ဤဟာသည် ကျွန်ုပ်ဖြစ်သည်။
ကျွန်ုပ်၏စိတ်သည် ကြက်ဥအနှစ်ဖြစ်သည်။
ကျွန်ုပ်၏ခန္ဓာကိုယ်သည် ကြက်ဥအကာဖြစ်သည်။"

နောက်ကြက်ဥတစ်လုံးကိုလည်း အောက်ပါဂါထာရွတ်၍ ယခင်နည်းအတိုင်း ပြုလုပ်ပါ။

"This is him/ her.

His/ Her mind is gold.

His/ Her body is silver."

သင်ရည်ရွယ်သောသူသည် ယောကျ်ားလေးဖြစ်ပါက him/ His၊ မိန်းကလေးဖြစ်ပါက her/ Her ဟု ရွတ်ဆိုပါ။

"ဤဟာသည် သူဖြစ်သည်။
သူ၏စိတ်သည် ကြက်ဥအနှစ်ဖြစ်သည်။
သူ၏ကိုယ်သည် ကြက်ဥအကာဖြစ်သည်။"
(မိန်းကလေးမှ ရွတ်ဆိုရန်)

"ဤဟာသည် သူမဖြစ်သည်။
သူမ၏စိတ်သည် ကြက်ဥအနှစ်ဖြစ်သည်။
သူမ၏ကိုယ်သည် ကြက်ဥအကာဖြစ်သည်။"
(ယောကျ်ားလေးမှ ရွတ်ဆိုရန်)

ပန်းကန်အတွင်းမှ ကြက်ဥနှစ်လုံး၏ အနှစ်နှင့်အကာများကို ပေါက်သွားအောင် ဓားဦးဖြင့် အသာအယာမွှေပြီး အောက်ပါဂါထာကို ရွတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com





"ကျွန်ုပ်တို့၏
စိတ်နှလုံးသားများနှင့်
များသည်
ပို၍ ပို၍ ပေါင်းစည်း
ညီညွတ်ကြပါစေ။
တစ်ဦးနှင့် တစ်ဦး
(နှစ်ယောက်အတူ)
နီးစပ်စွာ ထာဝရ
နေနိုင်၊ ပေါင်းဖက်နိုင်ကြ
ပါစေ"

ဆီ လေျာ် အောင်
ဘာသာပြန်ထားခြင်း ဖြစ်
သည်။ "ချစ်သူနှစ်ဦး (ကျွန်ုပ်တို့၏ နှလုံးသားများ၊ ခန္ဓာကိုယ်များ) နီးစပ်နိုင်ပါစေ"ဟု ကြက်ဥနှစ်လုံးကို ဓားဦးဖြင့် အသာအယာမွှေပြီး ဆုတောင်းမှုပြုပါ။

ကြက်ဥနှစ်လုံး အနှစ်နှင့်အကာများ သမစွာ ရောနှောသွားသည်အထိ မွှေနေရင်း အထက်ပါစာသားကို အထပ်ထပ် ရွတ်ဆိုနေပါ။ ထို့နောက် အိမ်ပြင်သို့ထွက်ပြီး ကြက်ဥအရောများကို မြေကြီးပေါ် သွန်ချလိုက်ပါ။ (ကွန်ကရစ်၊ ကတ္တရာလမ်းပေါ် မသွန်ချရ။)

ထူးခြားမှု တစ်ခုခုပြလာသည်အထိ တစ်ပတ်တစ်ကြိမ် ပြုလုပ်ပါ။ စာရေးသူ လူငယ်သုံး၊ လေးဦးကို လက်တွေ့ဆောင်ရွက်ခိုင်းလိုက်ရာ သုံးပတ်ပြုလုပ်ပြီးသည်နှင့် အဆင်ပြေ နီးစပ်သွားကြပါတော့သည်။ ကြက်ဥဂမ္ဘီရအစွမ်း အံ့မခန်းပါဝင်နေပါသည်။

❖

ကြာသပတေးနံ မြေကိစ္စ၊ ပညာရေး၊ မိတ်ဆွေ၊ ဆေးကိစ္စ၊ အမွေကိစ္စ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)နှင့်ဆိုင်သောကိစ္စ ကြက်ဥနှင့်အကြော်



www.burmeseclassic.com

www.burmeseclassic.com


တွဲလှူ ဆုတောင်းမှုပြုပါ။

ပန်းကန်တစ်ချပ်တွင် ကြက်ဥကြော်ကို အလယ်မှာထား ပတ်လည်မှာ ကြက်သွန်ကြော်၊ ဘယာကြော်၊ အာလူးကြော်စသည် ဖြင့် အကြော်ငါးခု ပတ်လည်ဝိုင်းထား။ ဘုရားကပ်လှူ၊ ဘုန်းကြီး လှူ၊ မိဘဆရာလှူ ဆုတောင်းပါ။

ပညာရေး၊ အောင်မြင်ကျော်ကြားရေး၊ မြေအရောင်း အဝယ်ကိစ္စ၊ ပွဲစားကိစ္စ၊ မိတ်ဆွေ၊ ဆရာနှင့် အဆင်ပြေရေး၊ မိန်းမ၊ အမွေ၊ ပန်းလုပ်ငန်း စသည့် ကြာသာပတေးနံနှင့် ဆက်စပ်သော လုပ်ငန်းတို့တွင်လည်း ကြက်ဥကြော် (အဆင်ပြေသလိုကြော်)၊ အကြော်ငါးခု (ဘူးသီးကြော်မထည့်ရ) လှူဒါန်းဆုတောင်းပါ။ မည်သည့်ပုဂ္ဂိုလ်ကိုမဆို လှူဒါန်း၊ ပေးကမ်းနိုင်သည်။

ထိုယတြာကို တနင်္ဂနွေနံနက်တွင် ပြုလုပ်ဆောင်ရွက်ပါ။ အနည်းဆုံး(၅)ရက် ပြုလုပ်ပါ။ ဗုဒ္ဓဘာသာဝင်ဆိုပါက အနန္တငါးပါး ပူဇော် ဆုတောင်းမှုပြုပါ။ ထူးခြားလာပါမည်။ သိသိသာသာ ထင်ထင် ရှားရှား အကျိုးထူးပြမည်။


မည်သို့ပင်ဆိုစေ . . လွယ်ကူစွာ ဝယ်ယူရရှိသော ကြက်ဥ သည် ဂမ္ဘီရကြက်ဥဖြစ်နေသည်။ ကြက်ဥအစစ်ဖြင့် ပြုလုပ်ရမည်။ အတုတွေလည်း တရုတ်ပြည်ဘက်က ဝင်နေသည်။ ကြက်ဥသည် အချစ်ရေးတွင်လည်း အစီအရင်ပြုလုပ်၊ အိမ်ထောင်ရေးတွင် လည်း နွားနို့+ကြက်ဥ အားကောင်းစေသော အာဟာရဖြစ်သည်။

ထို့အပြင် အခြားအကျိုးပြု အသုံးပြုနည်းတွေလည်း ရှိ နိုင်ပါသေးသည်။ လောကီရေးရာတွင် လက်တွေ့အသုံးပြုနိုင်ကြ ပါစေ။

ဂမ္ဘီရဆရာလှမျိုး(BSc)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# စုန်းပညာ အမွေပေးခြင်း၊ ဘူးသွင်းခြင်း



စုန်းကဝေပညာဆိုတာ သူတစ်ပါးကို ဒုက္ခပေးတဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်။ စုန်းကဝေပညာမှာ အဆင့်အမျိုးမျိုး ရှိပါတယ်။ အဲဒီအထဲမှာ ဘူးသွင်းခြင်း (ခေါ်) စုန်းပညာ အမွေပေးခြင်း အကြောင်းကို ဖော်ပြပေးပါ့မယ်။

ပထမအနေဖြင့် ပြောလိုတာက စုန်းကဝေတို့မှာ ဖော်ဂနီ၊ ဖော်ဂနက်၊ မောက်လုံး၊ မောက်ပြား၊ ကဝေ၊ ဝမ်းတွင်းစုန်း၊ တိမ်ညွှန့်စားသော ကဝေဆယ့်နှစ်ကြိုးဟူပြီး အမျိုးအစား များပြားစွာ ရှိပါတယ်။ ဒီအထဲကမှ လေ့လာဖူးသော ဆယ့်နှစ်ကြိုးကဝေအကြောင်းကို ပြောပါ့မယ်။

သူကတော့ လူတစ်ယောက်ကို ကြည့်လို့မရဘူးဆိုတာနဲ့ ပါးစပ်ဖြင့် ပြောလိုက်ရုံဖြင့် အပြောခံရသူဟာ ပြောတဲ့အတိုင်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဒုက္ခတစ်ခုခု ရောက်ရောပဲ။ တော်ရုံတန်ရုံ ဆရာများအနေဖြင့်ကတော့ ဆယ့်နှစ်ကြိုးကဝေကို ဘယ်လိုနည်းနဲ့မျှ



www.burmeseclassic.com

www.burmeseclassic.com




ချင်နိုင်မှာ မဟုတ်ပါဘူး။

ဒုတိယအနေဖြင့် ပြောချင်တာက ဘူးသွင်းခြင်း(ခေါ်) စုန်းပညာအမွေပေးခြင်း ဖြစ်ပါတယ်။ မိခင်ဖြစ်သူ စုန်းဟာ သူမရဲ့စုန်းပညာ အဆင့်အကျလို့ မရတော့ဘူးဆိုလျှင် မိမိရဲ့မျိုးဆက်ကို ပညာအမွေပေးရပါတယ်။ ပညာအမွေပေးရာမှာ မိခင်စုန်းက သူ့ရဲ့ပညာ အစီအရင်ဖြင့် အရင်ဆုံး ဘူးပင်စိုက်ရပါတယ်။

ဘူးပင်စိုက်ရာမှာ သင်္ချိုင်းမြေကိုယူပြီး ပညာအမွေပေးမယ့် စုန်းပညာသည်ရဲ့ ညာဘက်လက်ညှိုးမှ လက်သည်းခွံ၊ နောက်စေ့တည့်တည့်မှာပေါက်သော ဆံပင်အနည်းငယ်တို့ကို ယူပြီး ဘူးစေ့နဲ့အတူ မြေထဲသို့ စိုက်ရပါတယ်။

ခုနစ်ရက်မြောက်နေ့မှာ အဲဒီဘူးပင်စိုက်တဲ့ မြေနေရာကို တံစက်ပြန်ရေနဲ့ လောင်းရပါတယ်။ ("တံစက်ပြန်ရေ"ဆိုတာ အိမ်ခေါင်မိုး၊ တံစက်မြိတ်အောက် မတ်တပ်ရပ်ပြီး ရေကိုနောက်ပြန်ပက်လိုက်သောအခါ ပြန်ကျလာသောရေ ဖြစ်ပါတယ်)

တံစက်ပြန်ရေဆိုတာ စုန်းပညာအဆင့်တိုးအောင် ပြုလုပ်တဲ့အခါ၊ စုန်းပညာဖြင့် အစီအရင်များစီရင်တဲ့အခါမှာ စုန်းကဝေတို့အသုံးပြုတဲ့ ရေဖြစ်ပါတယ်။ တံစက်ပြန်ရေဖြင့် လောင်းပေးပြီး ဘူးပင်ကို ရှင်သန်ကြီးထွားအောင် ပြုလုပ်ရပါတယ်။

ပြီးရင် ပျိုးထောင်ထားတဲ့ ဘူးပင်ရဲ့ ပထမဆုံးအသီးကို လကွယ်ညရောက်တဲ့အချိန်မှာ ဘူးသီးကို တစ်ခြမ်းလှီးပြီး စုန်းပညာအမွေဆက်ခံမယ့် လူဦးရေအလိုက် ခွဲခြမ်းပြီး သင်္ချိုင်းရှိရာကို မျက်နှာမူကာ အမွေးတိုင်ကို အမွေဆက်ခံမယ့် လူဦးရေအတိုင်း ထွန်း

www.burmeseclassic.com

www.burmeseclassic.com




ပြီး လင်ဗန်းဖြင့် ချထားရပါမယ်။

အမွေပေးမယ့် စုန်းပညာသည်ဟာ ယောကျ်ားဖြစ်ပါက ဆံပင်ကို မဖြီးမသင်ဘဲနှင့် မိန်းမဖြစ်ပါက ဆံပင်ကို ဖားလျားချပြီး ငှက်ကြီးတောင်ဓားဖြင့် သူ့ရဲ့လက်ဖျံသွေးကို ဖောက်ကာ ဘူးသီးစိတ်ကို ပက်ဖျန်းရပါတယ်။ ပြီးရင် အမွေပေးမယ့် လူတွေကိုခေါ်ပြီး မိမိနှစ်သက်ရာ ဘူးသီးစိတ်ကို စားနိုင်းရပါတယ်။

ဤသို့ပြုလုပ်ခြင်းဖြင့် စုန်း အမွေခံထိုက်မယ့် သားသမီးဆီကို စုန်းပညာများ ရောက်ရှိသွားပါတယ်။ ထိုသို့ ရောက်ရှိသွားကြောင်းကို အမွေပေးသူ စုန်းမိခင် (သို့မဟုတ်) စုန်းဖခင်တို့က (၇) ရက်ကြာမှ သိရှိရပါတယ်။

တကယ်လို့ ပညာအမွေပေးသူ စုန်းပညာသည်ဟာ ဆယ့်နှစ်ကြိုးတိမ်တောက်စား စုန်းကဝေဖြစ်လျှင် အမွေရ၊ မရကို (၇) ရက်အတွင်း သိရှိနိုင်ပါတယ်။ မောက်လုံးအဆင့်ဆိုလျှင် ချက်ချင်း သိရှိပါတယ်။ မောက်ပြားနဲ့ ဇော်ဂနီအဆင့်ဆိုရင် ဘူးသွင်းသောနေရာ၌ပင် ချက်ချင်း သိရှိကြပါတယ်။ ထိုသို့ဖြင့် ဘူးသွင်းခြင်းလို့ ခေါ်တဲ့ စုန်းပညာအမွေပေးခြင်းဟာ ပြီးဆုံးပါပြီ။

## * စုန်းပညာ သင်ယူခြင်း *

စုန်းပညာသင်ယူခြင်းဟာ အစီဇီဇရဲ့မှာ ကျခံရနိုင်ပါတယ်။ ပြီးတော့ မလုပ်လျှင် အစကတည်းက မလုပ်ပါနှင့်။ လုပ်ပြီးလျှင်


www.burmeseclassic.com

www.burmeseclassic.com





လည်း ဘယ်တော့မှ ပြန်ဖျက်လို့ ရနိုင်တဲ့အရာ ဖြစ်ပါတယ်။

ရှေးမြန်မာ့ စန်းပညာ စည်းကမ်းမှာ စန်းပညာ သင်ယူလိုသူဟာ စန်းရှိနေသော နေရာကို အနောက်တောင်ဘက်မှ နေပြီး နနွင်းနယ်ထားသော ဇလုံထဲမှာ ကြွက်မြီးမပါသော အုန်းသီးကို ထည့်၊ ဝါးဖြင့် ပြုလုပ်ထားတဲ့ စက္ကူတံခွန်တိုင် လေးချောင်းကို ထိုးပြီး ခေါင်းပေါ်ရွက်ပြီး ယူလာရပါတယ်။

စန်းပညာသင်ယူလိုသူဟာ စန်းရှိသောအိမ်ရဲ့ အနောက်တောင်ဘက်မှ အိမ်ရှေ့သို့ ရပ်လိုက်လျှင် စန်းပညာသည်ဟာ သူ့ရဲ့ သားသမီးအရင်းအချာ မဟုတ်သော်လည်း ထိုလာသူအား သူ့ရဲ့ စန်းပညာ အမွေခံသူအဖြစ် ပညာသင်ပေး ပါတယ်။




အဆိုပါ စည်းကမ်းရဲ့အဓိပ္ပါယ်မှာ လပြည့်ညမှာ စန်းပညာရှင်များ အဆင့်တက်သောနေ့၊ စန်းတောက်စားသောနေ့ ဖြစ်ပြီး နနွင်းနယ်ထားသော ဆန်နှင့် ကြွက်မြီးမပါသော အုန်းသီးကို သယ်လာသူက စန်းရဲ့ပညာခန်းကို တတ်အောင် ကူညီမယ်လို့ အယူ

www.burmeseclassic.com



ရှိတာကြောင့် စုန်းပညာသည်ဟာ ထို အုန်းသီးသယ်လာသူကို ကျေးဇူးဆပ်သောအနေဖြင့် စုန်းပညာသင်ပေးရတယ်လို့ အဓိပ္ပါယ်ရပါတယ်။

ဒီလို ပညာသင်သူဟာ ပထမဆုံးအဆင့်အနေဖြင့် လက်ွယ်ညမှာ အလွန် အဆင့်နိမ့်သော အလုပ်ကို စတင်ပြုလုပ်ရပါတယ်။ ပြီးရင်တော့ ဘယ်လို အကြောင်းအမျိုးမျိုးပဲ ရှိရှိ၊ စုန်းပညာကို သင်ယူရပါတယ်။ မသင်တော့ဘူး၊ မလုပ်တော့ဘူးဆိုပြီး ချိုးဖောက်ခွင့် မရှိပါ။ အစမှဆုံးခန်းတိုင်အောင် သင်ယူရပါတယ်။



တကယ်လို့ စည်းဖောက်ပြီး ဆက်လက် ပညာ မသင်ယူပါက ဖော်ကနက်မယ်တော်ရဲ့ အစေအပါး ကဝေများက ထိုသူကို ဝိညာဉ် နှုတ်ပစ်ကြပါတယ်။ ဒါကြောင့် မြန်မာ့စုန်းပညာဟာ အလွန် ကြောက်စရာ ကောင်းတဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်။

*** စုန်းပညာအခြေခံ တံစက်မြိတ် ရေသွင်းခြင်း ***

စုန်းပညာသင်သူဟာ ပထမဆုံး အတွေ့အကြုံအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com




ညာသင်ပေးသော စုန်းက ရေတစ်ခွက်ယူကာ ခေါင်းပေါ်တင် မန်းမှုတ်ပြီး အဆိုပါ စုန်းကဝေရေမန်းခွက်ကို ပညာသင်သူအား ပေးပြီး ရေခွက်ကို တံစက်မြိတ်ပေါ်သို့ ပက်နိုင်းပြီး ပြန်ကျလာသော ရေကို သောက်နိုင်းခြင်း ဖြစ်ပါတယ်။

ဒါဟာ ရှေးမြန်မာ့ စုန်းပညာရဲ့အခြေခံ တံစက်မြိတ်ရေသွင်းခြင်း ဖြစ်ပါတယ်။

ဒုတိယအဆင့် ကတော့ဇော်ကနက်မယ်တော်ရဲ့မျက်ကွင်းခြင်း ဖြစ်ပါတယ်။ စုန်းပညာသင်သူကို ဇော်ကနက်မယ်တော်ရှေ့မှာ ဒူးထောက် ထိုင်နိုင်းပါတယ်။ ပြီးရင် ပညာသင်သူဟာ မယ်တော့်ကို တံခွန်တိုင်များဖြင့် ပူဇော်ရပါတယ်။

ပြီးတဲ့အခါမှာ ဇော်ကနက် မယ်တော်က သူ့ရဲ့ခါးမှ ထမိန်စကိုဖြဲပြီး စုန်းပညာသင်သူရဲ့မျက်စိမှာ စည်းနှောင်ပေးပါတယ်။ ဒါဟာ ဇော်ကနက်မယ်တော်ရဲ့ မျက်ကွင်းခြင်းအဆင့်ဖြစ်ပြီး စုန်းပညာရဲ့ အခြေခံပါဝါများကို အလိုလိုရရှိနိုင်တဲ့ အဆင့်ဖြစ်ပါတယ်။ ပြီးမှသာလျှင် စုန်းပညာသင်ပေးသူက စုန်းကဝေတို့ တတ်မြောက်သင့်တဲ့ ပညာရပ်များကို သင်ပေးမှာ ဖြစ်ပါတယ်။

ဒါတွေဟာ စုန်းကဝေတို့ရဲ့ ပညာအမွေပေးခြင်း၊ ဘူးသွင်းခြင်းနှင့် ပညာသင်ယူခြင်းဆိုင်ရာ အချက်များဖြစ်ပြီး မော်အတတ် စုန်းကဝေအတတ်တို့ကို သင်မယ်ဆိုရင်တော့ သင်ဟာ ကျိန်စာသငရဲကျခံရပါလိမ့်မယ်။ သုတဆန်းကြွယ်အနေဖြင့် သိမှတ်ထားနိုင်ရန်အတွက်သာ ဖော်ပြခြင်းဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမွေပေးမယ့်ည

နတ်လူသစ်

www.burmeseclassic.com

www.burmeseclassic.com





၂။

အဖွားဒေါ်မယ်နုက
သူတို့ ထင်ထားသလို၊
အသက်ကြီးကြီး
အိုမင်းမစွမ်းရုပ်မှ မပေါက်တာ။
နောက်ပြီး
သူတို့ အမေထက်တောင်
အဖွားဒေါ်မယ်နုက
နုပျိုပြီး လှပနေလေတော့. .။

## * ရွှေတစ်ခေတ် ငှက်ပျောခြံ *

မအူပင် တစ်နယ်လုံးမှာ နာမည်အကြီးဆုံး ငှက်ပျောခြံကြီးတစ်ခြံ ဖြစ်သည်။ ရွှေတစ်ခေတ်ငှက်ပျောခြံမှ ထွက်ရှိသည့် ငှက်ပျောဆိုလျှင် မအူပင်တစ်နယ်လုံးသာမက ဇလွန်၊ ဟင်္သာတ၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေးအထိပါ နာမည်ကြီးလွန်းလှသည်။

ရွှေတစ်ခေတ်ငှက်ပျောခြံမှ ငှက်ပျောသီးတွေ နာမည်ကြီးသလို၊ ခြံပိုင်ရှင် ဒေါ်ခင်မမကြီးကလည်း ဧရာဝတီတိုင်း တစ်တိုင်းလုံးမှာ မသိသူ၊ မရှိလောက်အောင် ဂုဏ်သတင်းကြီးလှသည်။

ဒေါ်ခင်မမကြီးအကြောင်းကို ဆိုရပါလျှင် ဒေါ်ခင်မမကြီးသည် အသက်အားဖြင့် လေးဆယ်ကျော်ရုံလေးသာရှိဦးမည့် အမျိုးသမီးတစ်ယောက်ပါ။ ဒါပေမယ့် သူမရဲ့ ဂုဏ်သတင်းနှင့်နာမည်ကြောင့် ရှေ့က ဒေါ်တပ်ပြီး ဒေါ်ခင်မမကြီးရယ်လို့ ဖြစ်လာရတာပါ။

ဆွေစဉ်မျိုးဆက် ငှက်ပျောခြံအလုပ်နှင့် အသက်မွေးဝမ်းကြောင်းပြုလာသည့် သူမတို့မျိုးဆက်ဟာ ယခုဆိုလျှင် ဒေါ်ခင်မမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလက်ထက်၌ ပိုမိုအောင်မြင်လာခဲ့သည်။

ဒါကြောင့်လည်း ဒေါ်ခင်မမကြီးက မအူပင်မှာ ရွှေတစ်ခေတ်ငှက်ပျောခြံကိုသာမက ရွှေတစ်ခေတ် ဆန်စက်၊ ရွှေတစ်ခေတ် ဆီစက်တွေကိုပါ တည်ထောင်ထားလိုက်ပြန်သည်။

ဒါပေမယ့် အဲဒီအလုပ်တွေကိုတော့ သူမ မလုပ်။ သူမရဲ့ ခင်ပွန်း ဦးမင်းခန့်က ဦးစီးဦးဆောင်ပြီး လုပ်ကိုင်သည်။ ဒေါ်ခင်မမကြီးကတော့ ငှက်ပျောခြံအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်သည်။

သူတို့လင်မယားနှစ်ယောက်ရဲ့ တက်ညီလက်ညီကြိုးပမ်းအားထုတ်မှုကြောင့် လုပ်ငန်းတိုင်းမှန်သမျှ အရှုံးမရှိ။ မွေးထားတာကလည်း သားသမီးနှစ်ယောက်ထဲ။ ဒီတော့ ချမ်းသာကြွယ်ဝသမျှဟာ အတိုင်းထက်အလွန်ပါပဲ။

သားသမီးနှစ်ယောက်ကို ကြည့်မယ်ဆိုလျှင်လည်း သားကြီး ကြည်သာက စီးပွားရေးနဲ့ ဘွဲ့ရပြီး ဖခင်ရဲ့လုပ်ငန်းတွေမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်လုပ်ကိုင်ပေးနေသူ တစ်ယောက်။ ရထားတဲ့ဘွဲ့ကလည်း စီးပွားရေးပညာဘွဲ့ဆိုတော့ ဖခင်ဦးမင်းခန့်ကိုယ်တိုင်ပင် မျက်နှာလွှဲလို့ရနေပြီ။

သမီးငယ် ကြည်ပြာ။ သူမကတော့ G.T.C နည်းပညာတက္ကသိုလ်ကို တက်ရောက်နေဆဲ၊ ကျောင်းသူတစ်ယောက်ဖြစ်သည်။ ဆိုရပါလျှင် အပူအပင်မရှိ၊ စိတ်ဆင်းရဲမှုတွေ မရှိသည့် သူတို့မိသားစုလေးရဲ့ဘဝကား လွန်စွာမှ လူတိုင်း အားကျဖွယ်ကောင်းလွန်းလှပေသည်။ ဒါပေမယ့် . .။

❖

တစ်နေ့သော နံနက်ခင်းဝယ် . . ။

ဒေါ်ခင်မမကြီးနှင့် သားသမီးနှစ်ယောက်ဖြစ်သည့် ကြည်သာနှင့်ကြည်ပြာတို့သည် နံနက်စာ စားသောက်နေကြချိန်ဖြစ်သည်။ အိမ်ထောင်ဦးစီး ဦးမင်းခန့်ကတော့ အလုပ်ကိစ္စနှင့် ခရီးသွားနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com


"သားကြီး . . ဒီနေ့ ဘယ်သွားဖို့ရှိလဲကွယ့်"

ဒါက ဒေါ်ခင်မမကြီးမှ သားဖြစ်သူကြည်သာကို မေးသည့် အသံ။

"ဆီစက်ကို သွားရမယ် . . မေမေ၊ ဒီနေ့ ကုန်ကြမ်းတွေ ဝင်ဖို့ ရှိနေတယ်"

"အော် . . အေး အေး သမီးငယ်ကကော"

"ကျူရှင် နှစ်ချိန်တောင် ရှိတယ် မေမေ၊ သမီးကို ခိုင်းစရာ များရှိလို့လား ဟင်"

ကြည်ပြာ ကော်ဖီသောက်ရင်းမှ မိခင်ဖြစ်သူရဲ့အမေးကို ပြန်ဖြေလိုက်သည်။

"ခိုင်းစရာတော့ မရှိပါဘူးကွယ်။ သားနဲ့သမီးကို မေမေ ပြောစရာရှိလို့ပါ"

ဒေါ်ခင်မမကြီး ပြောလာမယ့်စကားကို မောင်နှမ နှစ် ယောက် နားစွင့်နေလျက်။

"သန်ဘက်ခါကျရင် မေမေ့အဒေါ်၊ သားနဲ့သမီးရဲ့ ဖွားဖွား၊ အိမ်ကို ရောက်လိမ့်မယ်။ အဲဒီနေ့ကျရင် သားနဲ့သမီး ဘာကိစ္စပဲရှိ ရှိ၊ အိမ်မှာ နေပေးစေချင်တယ်"

"မေမေ ပြောပြောနေတဲ့ ဖွားဖွား၊ ဒေါ်မယ်နုကို ပြောတာ လား" ကြည်သာက ကြားဖြတ်မေးလိုက်သည်။

ဒေါ်ခင်မမကြီးက ခေါင်းညိတ်ပြီး -

"ဟုတ်တယ် . . သား၊ ဖွားဖွား ဒေါ်မယ်နုပဲ။ သူက မေမေ့ အဒေါ်ဆိုပေမယ့် သူ့လက်ပေါ်မှာပဲ မေမေက ကြီးပြင်းလာရတာ။ မေမေ့အတွက်တော့ မိခင်တစ်ယောက်လိုပါပဲကွယ်"

ဟု ရှင်းပြပေးပြီးနောက် ဒေါ်ခင်မမကြီးရဲ့ မျက်နှာပေါ်မှာ ဝမ်းနည်းပူဆွေးမှု အရိပ်အယောင်များ ပေါ်နေလျက်။

"ဖွားဖွားက အသက် ဘယ်လောက်ရှိပြီလဲဟင် မေမေ"

ဒီမေးခွန်းက သမီးငယ် ကြည်ပြာရဲ့အမေး။

"မေမေ့ အမေရဲ့အစ်မဆိုတော့ အခုဆိုရင် အသက်ရှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်ပြီပေါ့ကွယ်"

"ဒါဆို မေမေနဲ့ ဖွားဖွား ကွဲကွာသွားတော့ မေမေ အတော်လေး ခံစားခဲ့ရမှာပေါ့နော်"

"ဒါပေါ့ကွယ်၊ အဲဒီအချိန်တုန်းက ခံစားခဲ့ရတဲ့ ဝမ်းနည်းမှုက ဘာနဲ့မှ ကုသလို့ မရနိုင်ခဲ့ဘူး။ အခုတော့ ဒါတွေအားလုံး ပျော်ရွှင်မှုအဖြစ်ကို ပြန်လည် ကူးပြောင်းလာတော့မယ်ကွယ်"

ဒေါ်ခင်မကြီး . . စောစောက ဝမ်းနည်းပူဆွေးမှု အရိပ်အယောင်တွေ ကွယ်ပျောက်ပြီး အဒေါ်ဖြစ်သူနှင့် ပြန်တွေ့ရတော့ မည်ဆိုတော့ စိတ်ထဲဝယ် သန်ဘက်ခါနေ့ကို အမြန်ဆုံး ရောက်ရန်သာ ဆုတောင်းနေမိတော့သည်။

❖

"ဝုတ် . . ဝုတ် . . ဝေါင်း"

"ဝေါင်း . . ဝေါင်း"

ခွေးကြီးရန်လုံ ဘာကို ဘယ်လို ရန်မူနေသလဲ မသိ။ ဒီခွေး ခါတိုင်းနေ့တွေထက် ဒီနေ့မှ ပိုပြီး မာန်ထနေတာ၊ ဘာကို ဘယ်လိုတွေ့လို့ပါလိမ့်။

ဒေါ်ခင်မကြီး စာရင်းလုပ်နေရာမှ ထ.မကြည့်နိုင်၍-

"ဟဲ့ . . မိတူး၊ ရန်လုံကို သွားကြည့်စမ်း . . ဘာဖြစ်နေတာလဲလို့ . ."

အိမ်ဖော်မိတူးကို လှမ်းအော်ပြီး ရန်လုံအခြေအနေကို သွားကြည့်ခိုင်းလိုက်တော့ မိတူးလည်း ချက်ပြုတ်နေရာမှ အလောတကြီး ထပြီး သွားကြည့်ရတော့သည်။

အိမ်ရှေ့မှာ အမျိုးသမီးတစ်ယောက်။ သူမက မိတူးကို ပြုံးပြလျက်။

"ဟင် ! . ."

မိတူး အံ့သြသွားရပြန်သည်။ စောစောက ဆူညံပွက်လောရိုက်နေသည့် ခွေးကြီးရန်လုံ။ ဒီအမျိုးသမီးရှေ့မှာ အမြီးကုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်နေတာပါလား။ ခွေးကြီးရန်လုံက လူ့စိမ်း လုံးဝ အကပ်မခံသည့် ခွေးကြီးတစ်ကောင်ပါ။ ခုတော့ ကြည့်စမ်းပါလေ။

"ခင်မမကြီး ရှိသလားကွယ့်"

အမျိုးသမီးရဲ့အသံကြားတော့မှ မိတူးအတွေးများ ပျက်သွားကာ -

"ရှိ . . ရှိပါတယ် ရှင်၊ ဘယ် . . ဘယ်သူလို့ ပြောပေးရမလဲ ရှင့်"ဟု တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေလေတော့ ထိုအမျိုးသမီးက -

"သူ့အဒေါ် မယ်နရောက်နေတယ်လို့ . . "ဟူ၍။

"ရှင်! . ."

မိတူး ဒီတစ်ခါ မအံ့သြဘဲ မနေနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ဒေါ်ခင်မမကြီးရဲ့ အဒေါ်က ဒေါ်ခင်မမကြီးထက် အသက်အများကြီးငယ်သည့် ပုံပေါ်နေပြီး လွန်စွာမှလည်း လှပချောမွေ့ကာ အလှယ် ရှုံးလောက်သည့် အနေအထားမျိုးမို့ မိတူး အံ့သြမယ်ဆိုလည်း အံ့သြစရာပါ။

"ညည်းက ကျုပ်ကိုကြည့်ပြီး ခင်မမကြီးအဒေါ် မဖြစ်နိုင်ဘူးလို့ တွေးနေတာလား"

ဟု ထိုအမျိုးသမီးက ဆက်လက်ပြောလိုက်ရာ မိတူး ဘုရားတ,မိချေပြီ။ သူမစိတ်ထဲ တွေးတောနေတာကို ဒီအမျိုးသမီး သိနေပါလား။

"ဟို . . ဟိုလေ . . ဒါ . . ဒါနဲ့ . . ခြံ . . ခြံထဲကို ဘယ်လိုဝင်လာတာပါလဲ ရှင်။ ကျွန် . . ကျွန်မ ခြံတံခါးကို သော့ခတ်ထားတဲ့ ဥစ္စာ"

မိတူးမေးလိုက်သည့် မေးခွန်းက သဘာဝကျလွန်းသည်။ သူမကိုယ်တိုင် ခြံတံခါးကို သော့တွေခတ်ထားပါလျက်၊ ဒီအမျိုးသမီး ဘယ်လိုဘယ်ပုံ ဝင်လာရသလဲဆိုတာ။

"ဟင်း . . ဟင်း . . ဟင်း . . ဒါလား၊ ဒါက မခက်ပါဘူး။ ငါ့နည်းငါ့ဟန်နဲ့ ဝင်လာတာပေါ့"ဟု ဖြေလိုက်သံကိုတော့ မိတူး စိတ်ထဲ ဘဝင်မကျပါ။



www.burmeseclassic.com

www.burmeseclassic.com




မိတ္တူး ဘာမှဆက်မေး မနေတော့ဘဲ မမကြီးရဲ့ အဒေါ်ဆိုတော့လည်း အဒေါ်ပဲပေါ့။ အိတ်တွေကို ကူသယ်ပေးရင်း ဧည့်ခန်းထဲကို ခေါ်ခဲ့လိုက်တော့သည်။ ဧည့်ခန်းထဲ ရောက်သည်နှင့် -

"ဟဲ့ မိတ္တူး .. ဘယ်သူနဲ့ စကားပြောနေတာလဲ။ ရန်လုံကော၊ ငြိမ်သွားပြီလား" ဆိုပြီး ဒေါ်ခင်မမကြီး စာရင်းလုပ်နေရာမှ ခေါင်းမော့မကြည့်သေးဘဲ မိတ္တူးကို တရစပ် မေးနေခြင်းဖြစ်သည်။

"မ .. မမ .. ကြီး"

တုန်တုန်ယင်ယင်ဖြစ်နေသည့် မိတ္တူးအသံကို ကြားတော့မှ ဒေါ်ခင်မမကြီး ခေါင်းမော့ကြည့်လိုက်မိသည်။

"ဟင်! .. သူ .. သူက"

"ဟဲ့ .. မယ်န၊ ငါ နင့်အဒေါ်လေ"

"ရှင် .. ကြီးကြီးမယ်န ဟုတ်လား"

ဒေါ်ခင်မမကြီး အံ့သြမှုများနှင့်အတူ မျက်လုံးတွေပါ ပွတ်သပ်ကြည့်လျက်။ ဒေါ်မယ်နမှ ကြီးကြီး ဒေါ်မယ်နအစစ် .. ဘုရား ဘုရား .. ကြီးကြီးရုပ်ရည်က ငါ့ထက်တောင် နုပျိုနေပြီး တော်တော်လေး လှပနေပါ့လား။

ငယ်ငယ်က သူမကို ထိန်းကျောင်းပေးရင်း ကြီးကြီးငယ်ရုပ်ကို အမြဲမှတ်မိနေလို့သာပေါ့။ ကြည့်စမ်းပါဦး .. အခုချိန်အထိ ကြီးကြီးငယ်ရုပ်က နဂိုအတိုင်းပါပဲလား။ သူမ ထင်ထားသလို အသက်(၈၀)ကျော် အရွယ်မျိုးမဟုတ်။ ဟုတ်မှ ဟုတ်ပါလေစ။

"ငါ့ရုပ်ရည်ကို ကြည့်ပြီး မအံ့သြနဲ့ ခင်မမ။ ငါက အစား


www.burmeseclassic.com

www.burmeseclassic.com


အသောက်နဲ့ ကျန်းမာရေးကို ဟန်ချက်ညီအောင် စားသောက်နေထိုင်လို့ ဒီလိုရုပ်ရည်ကို ထိန်းထားနိုင်တာ"

ကြီးကြီး ဒေါ်မယ်နက ဒေါ်ခင်မမကြီးစိတ်ထဲ တွေးတောနေသည်များကို ပြန်လည် ရှင်းပြလိုက်ခြင်းဖြစ်၍ ဒေါ်ခင်မမကြီး အံ့သြလွန်းလို့ ပါးစပ်ပါ အဟောင်းသားဖြစ်သွားတော့သည်။

"ကဲ . . ဘယ်မလဲ၊ ညည်းလင်နဲ့ သားသမီးတွေ"

"အစ်ကိုက အလုပ်ကိစ္စနဲ့ ခရီးထွက်သွားပါတယ် ကြီးကြီး။ သားကြီး ကြည်သာကတော့ ဆန်စက်မှာ သူ့အဖေလုပ်ငန်းတွေကို ဦးစီးနေပါတယ်"

"ကြည်ပြာလေးကော ဟဲ့"

"ရှန် ! . ."

အမှတ်မထင်မေးလိုက်သည့် မေးခွန်းကြောင့် ဒေါ်ခင်မမကြီး မျက်လုံးပြူးသွားရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ကြီးကြီးဒေါ်မယ်နနှင့် သူမ ယခု နောက်ပိုင်းချိန်များမှစ၍ ဖုန်း အဆက်အသွယ်ရှိခဲ့ပေမယ့် သားသမီးနှစ်ယောက်ရဲ့ အမည်တွေကိုတော့ ဖြင့် အဒေါ်ဖြစ်သူ မသိရှိသေးပါ။ ဒေါ်ခင်မမကြီးကလည်း ပြောပြဖို့ သတိမရခဲ့။

အခု ကောက်ခါငင်ခါကြီး သမီးငယ်နာမည်ကို ပြောလေတော့ စဉ်းစားမရ။ ထိုစဉ် ကြီးကြီးဒေါ်မယ်နကပဲ ဆက်လက်၍-

"ညည်း သားသမီးနာမည်တွေကို ငါသိတာ မဆန်းပါဘူး။ ငါ့မြေးတွေနာမည်လောက်တော့ ငါသိထားရမှာပေါ့"ဟု ပြောလေရာ-

ဒေါ်ခင်မမကြီး အံ့သြပြီးရင်း အံ့သြနေလေတော့သည်။ သူမစိတ်ထဲ တွေးတောနေသမျှ ကြီးကြီးဒေါ်မယ်န အကုန်သိနေပါလား။

"သ . . သမီးငယ်က ကျူရှင်သွား . . သွားပါတယ် ကြီးကြီး"

"ညည်းနဲ့အေ . . ငါလာမယ်ဆိုတာ သိရဲ့သားနဲ့၊ ကလေးတွေကို အိမ်မှာ မနေခိုင်းဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ကြီးကြီးက သန်ဘက်ခါမှ လာမယ်ဆိုလို့ပါ"

"အဲဒါတွေ ထားလိုက်တော့ . . ငါ နားချင်ပြီ။ ကလေးတွေ ရောက်ရင် ငါ့ဆီလွှတ်လိုက်"

"ဟုတ်ကဲ့ ရှင့် . . ဒါ . . ဒါဆို ကြီးကြီးအတွက် ကျွန်မ စီစဉ်ပေးမယ့်နေရာက . ."

"ကျုပ် ညည်းတို့မိသားစုနဲ့ အတူမနေဘူးလို့ ပြောထားတယ်နော်"

ဒေါ်ခင်မမကြီး စကားမဆုံးလိုက်။ ကြီးကြီး ဒေါ်မယ်နုက ဖြတ်ပြီးပြောသဖြင့် စီစဉ်ထားသည့်အတိုင်း ခြံထဲမှာ လွတ်နေသည့် အိမ်တစ်လုံးမှာ နေရာချပေးလိုက်ရတော့သည်။

အားလုံးကို ဦးစီးဦးဆောင် လုပ်နိုင်သည့် ဒေါ်ခင်မမကြီး တစ်ယောက်၊ အဒေါ်ဖြစ်သူ ဒေါ်မယ်နုနှင့်တွေ့တော့မှ စကားပင် ကျယ်ကျယ်မပြောရဲရှာပေ။

❖

ကျူရှင်ပြီးသည်နှင့် ကြည်ပြာတို့သူငယ်ချင်းတွေ အိမ်မပြန်ဖြစ်ကြသေး။ စာမေးပွဲက နီးလာပြီဆိုတော့ စာမေးပွဲကြီးမှာ အောင်အောင်မြင်မြင် ဖြေဆိုနိုင်စေရန် ဗေဒင်သွားမေး၊ ယတြာသွားလုပ်ကြတော့သည်။

ယောဂီအဘတဲ့ . .။

နာမည်နှင့်တော့ လိုက်သည်။ အထက်အောက် ယောဂီဝတ်စုံကို ဝတ်ထားပြီး လည်ပင်းမှာ စိပ်ပုတီးကြီးနှင့်မို့ တော်တော်လေး ရှိသေဖွယ်ကောင်းလှသည်။ ယောဂီအဘက ဗေဒင်တွက်ရာမှာ အလွန်မှန်ကန်ပြီး အဆောင်၊ ယတြာစီရင်ပေးရာမှာလည်း နာမည်ကြီးလှသူမို့ ကြည်ပြာတို့သူငယ်ချင်းတစ်သိုက် ယောဂီအဘရှေ့မှာ ရောက်ရှိနေကြလေပြီ။

ယောဂီအဘက တစ်ယောက်ချင်းစီအတွက် အဆောင် ယတြာစီရင်ပေးပြီး ကြည်ပြာအလှည့်ရောက်လာသောအခါ စီရင်


www.burmeseclassic.com

www.burmeseclassic.com


ပေးရမည့် အဆောင်ယတြာအတွက် အာရုံခံကြည့်လိုက်ရာ အမြင်အာရုံထဲမှာ ပေါ်လာသည့်အရာများက မည်းမှောင်နေတဲ့ အမှောင်ထုကြီးတစ်ခု။

၎င်းအမှောင်ထုကြီးထဲမှာမှ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေသည့် မျက်နှာတစ်စုံ။ ယောကျာ်းလော၊ မိန်းမလော၊ ခန့်မှန်းလို့မရ။ ဖျတ်ခနဲဆို . . ထိုအရာများ အာရုံထဲမှ ပျောက်သွားပြီးနောက် ယောဂီအဘက ဟင်းခနဲ သက်ပြင်းချကာ -

"ငါ့တူမအတွက် အဘကောင်းမွန်တဲ့ အစီအရင်၊ ယတြာကို အာရုံခံကြည့်ပေမယ့် အဘအာရုံထဲမှာ ပေါ်လာတဲ့မြင်ကွင်းတွေက . ."

ဒီလောက်ပဲပြောပြီး စကားစဖြတ်လိုက်တော့ . . ကြည်ပြာပိုပြီး သိချင်သွားသည်။ သူငယ်ချင်းတွေအားလုံးကလည်း ယောဂီအဘရဲ့စကားကို စိတ်ဝင်တစား နားစွင့်နေလျက် . .။

"ဆက် . . ဆက်ပြောပါ အဘ . . သမီးနဲ့ပတ်သက်ပြီး အဘ အမှန်အတိုင်းပဲ ပြောပြပါရှင်"

သိလိုစိတ်ပြင်းပြနေသည့် ကြည်ပြာကို ယောဂီအဘ ဘာမှထိန်ချန်မထားလိုပါ။ ထို့ကြောင့် -

"တူမကြီးနဲ့ ပတ်သက်လာတဲ့အာရုံတွေက အနိဋ္ဌာရုံ မြင်ကွင်းတွေပဲကွယ့်။ အဘပြောချင်တာကတော့ ငါ့တူမကြီးရဲ့ရှေ့နေ့ရက်တွေအားလုံး အမှောင်ဖုံးလာတော့မယ်ဆိုတာပဲ"

"ရှင်! . ."

ကြည်ပြာ အံ့ဩလွန်းလို့ အသံပါ ထွက်သွားသည်။ ယောဂီအဘက ဆက်လက်၍ -

"ငါ့တူမကြီးကို အဘပြောချင်တာက အခက်အခဲကြုံလာတဲ့နေ့တစ်နေ့ ရောက်လာခဲ့ရင် အဘဆီကို ပြန်လာခဲ့ပါ။ အခုချိန်မှာ အဘ ဒီလောက်ပဲ ပြောပြနိုင်မယ်ကွယ်" ဟုဆိုကာ ပြောပြီး ယောဂီအဘသည် ဘုရားစင်ဘက်သို့ ပြန်လှည့်သွားတော့သည်။

❖


www.burmeseclassic.com

www.burmeseclassic.com




မိခင်ဖြစ်သူ မိတ်ဆက်ပေးလို့သာ ယုံလိုက်ရသည်။ ကြည်သာနှင့် ကြည်ပြာတို့ မောင်နှမနှစ်ယောက် အဖွားတော်စပ်သူ ဒေါ်မယ်နုကို ကြည့်ပြီး တစ်ယောက်နှင့်တစ်ယောက် အံ့သြနေလျက်။

မအံ့သြဘဲလည်း မနေနိုင်။ အဖွားဒေါ်မယ်နုက သူတို့ထင်ထားသလို၊ အသက်ကြီးကြီး အိုမင်းမစွမ်းရုပ်မှ မပေါက်တာ။ နောက်ပြီး သူတို့အမေထက်တောင် အဖွားဒေါ်မယ်နုက နုပျိုပြီး လှပနေလေတော့ . .။

"ငါ့မြေးနှစ်ယောက်တောင် ဒီအရွယ်တွေ ရောက်နေမှကိုး။ အဖွားဆီ လာခဲ့ကြပါဦးကွယ်"

အဖွားဒေါ်မယ်နုက ကြည်သာတို့မောင်နှမနှစ်ယောက်ကို ခေါ်လေတော့ ကြည်သာနှင့်ကြည်ပြာလည်း အဖွားဒေါ်မယ်နု အနားကပ်သွားကြလိုက်သည်။ အဖွား ဒေါ်မယ်နုက မြေးနှစ်ယောက်ကို ဖက်လှဲတကင်း ထွေးပွေ့လိုက်သောအခါ . .။

ကြည်သာနှင့်ကြည်ပြာ နှစ်ယောက်လုံး တီကို ဆားဖြင့် ပက်လိုက်သလို ဖြစ်သွားကြသည်။ အဘယ်ကြောင့်နည်း။

"ဖွားဖွားခန္ဓာကိုယ်က အေးတိအေးစက်ကြီး"

ဒါက မောင်နှမနှစ်ယောက်လုံးရဲ့ မတိုင်ပင်ဘဲ ထွက်ပေါ်လာသည့် စကားသံများ။ သူတို့အဖွား ဒေါ်မယ်နုခန္ဓာကိုယ်က သာမန်လူတွေလို ရှိသင့်ရှိထိုက်သည့် အပူချိန် လုံးဝ မရှိတဲ့အပြင် ရေခဲတုံး အေးစက်တာထက်ကို ပိုပြီး အေးစက်နေလေတော့ . .။

"ဖွားဖွားက ကျန်းမာရေး လိုက်စားတယ်လေ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com


ပါ" အဖွားဒေါ်မယ်နုရဲ့အဖြေကို မောင်နှမနှစ်ယောက် သိပ်တော့ ဘဝင်မကျ။

"သမီး . . စာသွားကျက်တော့မယ်"

"သားလည်း စာရင်းတွေ လုပ်ရဦးမယ်"

မောင်နှမနှစ်ယောက် အကြောင်းပြချက် ကောင်းကောင်းဖြင့် ရှောင်ထွက်လာခဲ့ကြသည်။ ဒါကို ဒေါ်ခင်မမကြီးက -

"ဟဲ့ . . ကလေးတွေ၊ ဒီမှာ လူကြီးနဲ့တောင် စကားမပြောကြတော့ဘူးလား . . အော် ခက်ပါရဲ့နော်"

"ထားလိုက်ပါ . . ခင်မမ၊ သူတို့တွေကို ငါ နားလည်ပေးပါတယ်"ဟုပြောပြီး အဖွား ဒေါ်မယ်နုရဲ့ မခိုးမခန့် အပြုံးလေးတစ်ပွင့်ကိုတော့ ဒေါ်ခင်မမကြီး မတွေ့ရှိလိုက်ပါ။

❖

အပေါ်ထပ် ကြည်သာအခန်းထဲမှာ ဖြစ်သည်။ မောင်နှမနှစ်ယောက် တီးတိုးတိုင်ပင်နေလျက်။

"ဖွားဖွားကိုကြည့်ရတာ တစ်မျိုးပဲ။ နောက်ပြီး သူ့ခန္ဓာကိုယ်ကလည်း တော်တော်ကြီးကို အေးစက်နေတာပဲဟာ"

"ဟုတ်တယ် . . ကိုကို၊ ကြည်ပြာစိတ်ထဲလည်း ဘယ်လိုမှန်း မသိဘူး။ ဖွားဖွားနဲ့တွေ့တော့ တစ်ကိုယ်လုံး ကြက်သီးတွေထနေသလို၊ ခံစားရတယ်"

"ဘာပဲဖြစ်ဖြစ်ဟာ . . တို့နှစ်ယောက်လုံး ရှေ့လျှောက် ဖွားဖွားကို လေ့လာအကဲခတ်ပြီး မျက်စိဒေါက်ထောက်ကြည့်မှ ရတော့မယ်"

မောင်နှမနှစ်ယောက် အခန်းထဲမှာ တီးတိုးပြောဆိုနေကြပေမယ့် သူတို့ပြောသမျှကို တစ်စုံတစ်ယောက်က ကြားနေရလေသည်။ ထိုသူကတော့ . .။

❖


www.burmeseclassic.com

www.burmeseclassic.com


"ပါသွားပြန်ပြီ . . မမကြီးရေ၊ ပါသွားပြန်ပြီဗျာ့"

"ဟဲ့ . . ဟဲ့၊ ဖိုးမောင် . . ဘာ ပါသွားတာလဲ ဟဲ့။ ငါ့နယ် ရင်ထိတ်လိုက်တာ . . သေရျာပြောစမ်း ဟဲ့"

"ငှက် . . ငှက်ပျောခြံထဲက အခိုင်ကြီး သုံးခိုင်၊ သူခိုး လက်ထဲပါသွားပြီ ခင်ဗျာ့"

လက်စသတ်တော့ ငှက်ပျောခြံထဲမှ ငှက်ပျောသုံးခိုင်၊ သူခိုး.ခိုးခံလိုက်ရခြင်း ဖြစ်သည်။ ဒီတော့မှ ဒေါ်ခင်မမကြီး "ဟင်း" ခနဲ သက်ပြင်းချကာ -

"ဘာများလဲလို့ ဟယ် . . တကတည်း လူကို အလန့် တကြားဖြစ်သွားတာပဲ"

"ပြောမယ့်သာ ပြောရတာ။ ပါးစပ်က ပြောမထွက်ပေမယ့် ရင်ထဲမှာတော့ လုံးဝမကောင်း။ ဒီသူခိုးတွေက တဖြည်းဖြည်းနဲ့ အတင့်ရဲလာတာ ကြာရင်ခက်ရချည်ရဲ့၊ ရလေလိုလေ အိုတဋ္ဌေဆို တာ ဒီသူခိုးမျိုးတွေကို ပြောတာနေမှာ"

ဟု ဒေါ်ခင်မမကြီး စိတ်ထဲမှသာ ပြောနေမိလိုက်သည်။

"အဲဒီ ငှက်ပျောသူခိုးကို ငါ့တူမကြီး ဖမ်းမမိစေချင်ဘူး လားကွယ်"

ဆိုသည့်အသံနှင့်အတူ ဘယ်အချိန်က ဘယ်လိုရောက် လာမှန်းမသိသူက ကြီးကြီးမယ်န။

ဒေါ်ခင်မမကြီး မပြောနိုင်။ ဖိုးမောင်တစ်ယောက်ပင် ကြီး ကြီးမယ်န ဘယ်လိုဘယ်ပုံ ရောက်လာသလဲဆိုတာ မသိရှိလိုက်။

"နေ . .နေပါစေ ကြီးကြီးရယ် သူခိုးကလည်း မရှိလို့ခိုး ဘာ ဆိုတော့"

"အို . . ဘယ်နယ်နေရမှာလဲအေ့ . . ညည်းကနေနိုင်ပေ မယ့် ကျုပ်က မနေနိုင်ဘူး မှတ်ထား၊ ငါ့နာမည် မယ်န ဒီသူခိုးစတ် ကာလနာတိုက်သွားစေရမယ် . . ဟဲ့ . . မိတူး"

"ရှင် . . ရှင်"

ကြီးကြီးဒေါ်မယ်န အော်ခေါ်လိုက်သံကြောင့် အိမ်ဖော်


www.burmeseclassic.com

www.burmeseclassic.com


မိတူး ဒရောသောပါးနှင့် ရှေ့တော်မှောက် အမြန်ရောက်လာလေသည်။

"ဈေးထဲသွား . . ငါးအရှင်နှစ်ကောင် ရအောင်ဝယ်လာခဲ့ ကြားလား"

"ဟုတ် . . ဟုတ်ကဲ့ရှင့်"

မိတူး ဈေးထဲသို့ ပြေးပါပြီ။

ကြီးကြီးဒေါ်မယ်န ဘာရည်ရွယ်ချက်နှင့် ဘယ်လိုဝယ်ခိုင်းလိုက်လည်း ဒေါ်ခင်မမကြီး မသိ။ မေးလည်း မမေးရဲ။ ကြီးကြီးဒေါ်မယ်နကြည့်ရတာ ငှက်ပျောသူခိုးကို အစိမ်းလိုက် ဝါးစားချင်နေပုံရသည်။

မကြာပါ။

မိတူး ဈေးမှပြန်ရောက်လာသည်။ ကြီးကြီးဒေါ်မယ်နမှာလိုက်သည့် ငါးအရှင်တစ်ကောင်လည်း ပါလာလေသည်။ ကြီးကြီးဒေါ်မယ်နက ငါးကိုယူပြီး -

"ကဲ . . ခင်မမကြီး နင့်ရဲ့ အခိုးခံလိုက်ရတဲ့ ငှက်ပျောပင်တွေဆီသွားရအောင်"

ဟုဆိုကာ ဒေါ်ခင်မမကြီးကို ပြောလေတော့ ဖိုးမောင်ကိုခေါ်ပြီး ငှက်ပျောခြံထဲ ဆင်းလာခဲ့လိုက်ကြတော့သည်။

"ဒီ . . ဒီအပင်တွေပါပဲခင်ဗျာ"

ဖိုးမောင်က အခိုးခံလိုက်ရသည့် ငှက်ပျောနိုင်မှ အပင်တွေကိုပြတော့ ကြီးကြီးဒေါ်မယ်နက -

"တွေ့ကြသေးတာပေါ့ . . သူခိုးရယ်၊ နင်က ငါနဲ့မှ ထိပ်တိုက်လာတွေ့ရတယ်လို့ ဟင်း . . ဟင်း . . ဟင်း"

မကျေမနပ်ပြောလိုက်သံက ဒေါ်ခင်မမကြီးကော၊ ဖိုးမောင်ပါ ကြက်သီးထသွားစေလျက်။ ဆက်လက်၍ ကြီးကြီးဒေါ်မယ်နက ငါးအရှင်ကို ကိုင်ဆွဲပြီး တစ်စုံတစ်ခုကိုရှာနေသဖြင့် ဒေါ်ခင်မမကြီးက -

"ကြီးကြီး ဘာရှာနေတာလဲဟင်"


www.burmeseclassic.com

www.burmeseclassic.com





ဆိုပြီး မေးလိုက်လေသည်။

"ခါချဉ်အုံဟဲ့ . . ခါချဉ်အုံ"

"ဒီဘက်မှာ ခါချဉ်အုံတွေ ရှိ . . ရှိပါတယ်ခင်ဗျာ"

ဟု ဖိုးမောင်က ညွှန်ပြလေတော့ ကြီးကြီး ဒေါ်မယ်နက သူ့လက်ထဲမှာ ရှိနေသည့် ငါးအရှင်ကြီးကို ခါချဉ်အုံကြီးထဲ ပစ်ချလိုက်ကာ ပါးစပ်မှလည်း တတွတ်တွတ်နှင့် တစ်စုံတစ်ခုကို ရွတ်နေတော့သည်။

ဆယ်မိနစ်လောက်ကြာတော့ ကြီးကြီးဒေါ်မယ်နက ခါချဉ်အုံကြီးထဲ လက်နှိုက်ပြီး စောစောက ချထားသည့် ငါးကို ဆွဲယူလိုက်ရာမှာ ငါးမှာ အရိုးချည်းသာ ကျန်တော့သည်ကို တွေ့လိုက်ကြရသည်။

ကြီးကြီးဒေါ်မယ်န ခါချဉ်အုံကြီးထဲ လက်နှိုက်လိုက်ရာမှာလည်း ဘာဆို ဘာမှကိုမဖြစ်။ ဒါကို ဒေါ်ခင်မမကြီးနှင့် ဖိုးအောင်တို့မှာ အံ့သြလို့မဆုံး။ နစ်ယောက်သား ပါးစပ်အဟောင်းသားလေးတွေနှင့်။

ဆက်လက်၍ ကြီးကြီးဒေါ်မယ်န ငါးရိုးကိုကိုင်ပြီး ပါးစပ်မှလည်း စောစောကလို တစ်စုံတစ်ရာကို ရွတ်ဆိုပြန်လေသည်။ ပြီးနောက် ငါးရိုးကို သုံးပိုင်းချိုးပြီး -

"အဲဒီသုံးပိုင်းကို အခုတ်ခံလိုက်ရတဲ့ အနိုင်ထိပ်ဖျားတွေမှာ စိုက်ထားလိုက်စမ်း"

ဟု ဖိုးမောင်ကိုပေးပြီး နိုင်းလေရာ ဖိုးမောင်လည်း နိုင်းသည့်အတိုင်း အခုတ်ခံရသည့်ထိပ်ဖျားတွေမှာ ငါးရိုးသုံးပိုင်း၊ တစ်ပိုင်းကို တစ်ပင်စီ လိုက်စိုက်လိုက်လေသည်။ အားလုံးပြီးစီး

www.burmeseclassic.com


သည်နှင့် ကြီးကြီးဒေါ်မယ်နုက -

"ညနေ နေတောင်မဝင်စေရဘူး။ အဲ့ဒီသူခိုးရောက်လာလိမ့်မယ်"

ဟု ရဲရဲကြီး အာမခံပြီး ပြန်လှည့်ထွက်သွားတော့သည်။ ဒေါ်ခင်မမကြီးနှင့် ဖိုးမောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်။

ဤသို့ပြုလုပ်နေသည်များကို ခိုးကြောင်ခိုးဝှက်နှင့် အစအဆုံးလိုက်ကြည့်နေသည့် လူနှစ်ယောက်။

သူတို့ကတော့ ကြည်သာနှင့် ကြည်ပြာတို့ပင်ဖြစ်လေသည်။

❖

ညနေ (၅)နာရီတိတိမှာ လူတစ်ယောက် အော်ဟစ်ညည်းတွားလျက် ရောက်ရှိလာပြီး ဒေါ်ခင်မမကြီးကို သူ့အပြစ်တွေအတွက်ဟုဆိုကာ ဝန်ချတောင်းပန်လေသည်။

ပိုပြီးထူးဆန်းသည်မှာ ထိုသူရဲ့ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိန့်တွေထကာ တော်တော်လေး မြင်လို့ ရှုလို့မကောင်း။ နောက်တော့မှ ထိုသူက သူသည် ဒေါ်ခင်မမကြီး ငှက်ပျောခြံမှ ငှက်ပျောသုံးခိုင်ကို ခိုးယူသွားသည့် သူခိုးဖြစ်ကြောင်း။

ငှက်ပျောခိုင် ခိုးယူပြီးနောက် ခန္ဓာကိုယ်တစ်ခုလုံး ခါချဉ်တွေကိုက်သလို ခံစားလာရပြီး အလွန်အမင်း ယားယံလာကြောင်း၊ တစ်ခါတစ်ရံ လွန်စွာမှချွန်ထက်လှသည့် အဆူးမျိုးနှင့် အထိုးခံရသလိုဖြစ်လာကြောင်း ရှင်းပြလေတော့ . .

ဒေါ်ခင်မမကြီးအပါအဝင် ကြည်သာ၊ ကြည်ပြာတို့ မောင်နှမနှစ်ယောက်သာမက ဖိုးမောင်ကိုယ်တိုင်ပါ အံ့သြလွန်း၍ စကားပင် မပြောနိုင်ကြတော့။ ကြီးကြီးဒေါ်မယ်နုကို လှမ်းကြည့်လိုက်တော့ မခိုးမခန့် လှောင်ပြုံးလေး ပြုံးပြလိုက်သည်ကို ဒေါ်ခင်မမကြီး တွေ့ရှိလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်စဉ်အကုန်ကိုနားထောင်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသူက ယောဂီအဘ။ ကြည်သာနှင့် ကြည်ဖြာတို့နှစ်ယောက် ယောဂီအဘရှေ့မှာ ရောက်နေကြလျက်။

သူတို့က သူတို့အဘွားဒေါ်မယ်နနှင့် ပတ်သက်ပြီး တွေ့ကြုံခဲ့ရသည်များကို စလယ်အဆုံး ယောဂီအဘကို ရှင်းပြပေးပြီးနောက် ယောဂီအဘက -

"အဲဒါ တန်ပြန်အစီအရင်လို့ ခေါ်တယ်ကွယ့်၊ အောက်လမ်းပညာရပ်တွေထဲမှာ ကြောက်စရာအကောင်းဆုံး ပညာရပ်ဆိုလည်း မမှားဘူး။ ဒီပညာရပ်က မွန်လူမျိုးတွေ အသုံးများတယ်"

"နောက်ပြီး အဲဒီပညာရပ်ပျောက်ကွယ်နေတာလည်း အတော်လေးကြာနေပြီ။ တန်တော့ ငါ့တူကြီးနဲ့ တူမကြီးရဲ့ အဘွားက တော်တန်ရုံအမျိုးထဲကတော့ ဟုတ်မယ်မထင်ဘူးကွယ့်"

ဆိုပြီး ရှင်းပြပြောပြလေတော့ ကြည်သာက -

"အဘ ဘာကိုဆိုလိုတာလဲ ခင်ဗျာ"

ဟု မရှင်းတာကို ထပ်မေးလိုက်ပြန်သည်။

"စောပါသေးတယ် ငါ့တူကြီးရယ်၊ အချိန်တန်တော့ မင်းသိရမှာပေါ့"

ဟု ယောဂီအဘက ဒီလောက်ပဲပြောသဖြင့် ကြည်သာစိတ်ထဲ ဘဝင်မကျလှ။

"ငါ့တူကြီးရဲ့ အဘွားဓာတ်ပုံတစ်ပုံလောက် အဘရနိုင်မလားကွယ့်"

ယောဂီအဘရဲ့တောင်းဆိုမှုက ဘာအဓိပ္ပာယ်မှန်း မသိ။

"ဟုတ်ကဲ့ ရနိုင်ပါတယ်ခင်ဗျာ၊ ကျွန်တော်ရအောင် ကြိုးစားပေးပါ့မယ်"

ဟု ကြည်သာ အာမခံလိုက်လေသည်။

ဤသို့ဖြင့် ကြည်သာလည်း သူငယ်ချင်းဖြစ်သူကျော်စွာကို အကူအညီတောင်းရတော့သည်။ ကျော်စွာက ဓာတ်ပုံရိုက်ရာမှာ သာမက ပန်းချီဆွဲရာမှာလည်း နာမည်ကြီးလှသည်။

www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချ . . ငါရအောင် ရိုက်ပေးမယ်"

"ခိုးရိုက်ရမှာဆိုတော့ မလွယ်ဘူး ကျော်စွာ၊ ဖွားဖွား သိသွားရင် ငါတော့ ဂွမ်းပြီ"

"စိတ်ချနေစမ်းပါ ကြည်သာရယ်၊ ငါ့နာမည်က ကျော်စွာ ပါကွ ဟား . . ဟား . . ဟား"

သူငယ်ချင်းနှစ်ယောက် အတိုင်အဖောက်တော့ ညီလှ သည်။

❖

လုပ်ငန်းစပါပြီ။

ကြည်သာနှင့်အတူ ဓာတ်ပုံဆရာကျော်စွာတစ်ယောက် ခြံထဲမှာ ခိုးကြောင်၊ ခိုးဝှက်နှင့် အဖွားဒေါ်မယ်န ခြံထဲဆင်းလာချိန် ကို စောင့်နေကာ အသင့်နေရာယူထားလိုက်ကြသည်။

နှစ်ယောက်သား သိပ်ကြာကြာမစောင့်လိုက်ရ။

အဖွားဒေါ်မယ်န ခြံထဲဆင်းလာနေပြီ။ ဒါကို ကျော်စွာက အမိအရ ဓာတ်ပုံတွေ ခိုးရိုက်နိုင်ခဲ့သည်။ ဓာတ်ပုံခိုးရိုက်နေစဉ်မှာ ပင် ကျော်စွာစိတ်ထဲဝယ် ကြည်သာ အဘွားလို့သာဆိုတယ် လှချက် ကတော့ မယ်ကမ္ဘာ ရှုံးလောက်တယ်ဆိုပြီး တွေးတောနေသည် ကိုဖြင့် ကြည်သာ မကြားနိုင်ပါ။

ကျော်စွာမျက်လုံးထဲ တစ်ခါကြည့်ရင် တစ်သက်လုံး စွဲ သွားစေမည့်အလှမျိုးမို့ အသေအချာကို ငေးစိုက်ကြည့်နေလျက်။

ဖလင်တွေကိုကူးဆေးပြီး ဓာတ်ပုံထုတ်တော့ ကျော်စွာ တစ်ယောက် မျက်လုံးပါပြူးလျက် ပါးစပ်ပါ ဟသွားမိချေပြီ။ သူရိုက်ခဲ့တဲ့ပုံတွေထဲမှာ တစ်ပုံမှ ကြည်သာအဖွား ဒေါ်မယ်နပုံ မပေါ်။ ပုံတွေအားလုံးလိုလိုပင်မို့ ဟုတ်မှ ဟုတ်ပါလေစလို့ ကျော်စွာ တွေးလိုက်မိသည်။

ကြည့်စမ်း။

ဘေးကအပင်ပုံတွေသာ ဓာတ်ပုံထဲမှာပေါ်နေပြီး အဖွား

www.burmeseclassic.com


ဒေါ်မယ်နပုံက လုံးဝမပေါ်။ ချက်ချင်း ကြည်သာထံသို့ ဖုန်းဆက်လှမ်းခေါ်လိုက်ရတော့သည်။

ကြည်သာရောက်လာပြီးနောက် ကျော်စွာပြတဲ့ဓာတ်ပုံတွေကိုကြည့်ပြီး ကိုယ့်မျက်လုံးတောင် ကိုယ်မယုံရဲ။ ဒါဘယ်လိုဖြစ်ရတာလည်းဆိုတာ ကြည်သာ ပဟေဋ္ဌိအဖြေညှိလေပြီ။

"ပုံတူပန်းချီဆွဲကွာ ကျော်စွာ မင်းရတယ်မဟုတ်လား"

ကြည်သာတစ်ယောက် ဆင်ကြဲ့ကြဲတော့သည်။

"သိပ်ရတာပေါ့ကွာ . . မင်းအဖွားရဲ့အလှက ငါတွေ့ဖူးတဲ့အလှတွေထက် သာနေတော့ ငါ့မျက်လုံးထဲမှာ မင်းအဖွားပုံရိပ်တွေကို အလွတ်ရပြီးသား"

အရေးထဲ မိကျောင်းသားက လျှာရှည်နေပြန်ပြီ။

"အေးပါကွာ . . ဒါကြောင့်လည်း မင်းကို ငါက အားကိုးနေရတာပါ၊ ပုံဆွဲပြီးရင်သာ One table ကွာ"

"Ok အဲဒါမျိုးမှ ကြိုက်တာ"

ဘယ်လိုပဲဖြစ်ဖြစ် ပုံတူရဖို့သာအဓိကမို့ ကြည်သာလည်းမောင်းမင်းကြီးသားကျော်စွာကို ချော့နိုင်းနေရတော့သည်။

ကျော်စွာ ပုံတူဆွဲပြီးနောက် ယောဂီအဘထံသို့ သွားရောက်ပြသလေရာ ယောဂီအဘက အဖွားဒေါ်မယ်နပုံတူကိုကြည့်ပြီး-

"ငါ့တူရဲ့အဖွားလို့သာဆိုတယ် အဘဖြင့် ယုံတောင်မယုံနိုင်ဘူး"

ဟု ချီးကျူးစကားပြောလေရာ-

"ဒီပုံတူပန်းချီနဲ့ အဘ ဘယ်လိုလုပ်မှာပါလဲခင်ဗျာ"

ဟု ကြည်သာက သိချင်စိတ်ကို မြိုသိပ်မထားနိုင်။ ဖွင့်ဟမေးလေတော့သည်။

"အဘ မင်းအဖွား ပုံတူပန်းချီကို အဘတတ်တဲ့ ပညာရပ်နဲ့ကြည့်ပြီး မင်းအဖွား ဘာလဲဆိုတာ ဒီနေ့ တစ်ခါတည်း ပြောပြပေးလိုက်မယ်ကွာ"

ယောဂီအဘ ပြောလိုက်သည့်စကားက ကြည်သာအတွက်


www.burmeseclassic.com

www.burmeseclassic.com


အားတက်စရာ။ ထို့နောက် ယောဂီအဘက အဖွားဒေါ်မယ်နု ပုံတူပန်းချီပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး –

"မြတ်စွာဘုရားတန်ခိုးတော်နှင့် အထက်ပုဂ္ဂိုလ် ဆရာ အပေါင်းတို့ရဲ့ ကျေးဇူးတော်ကြောင့် ဤပုံတူပန်းချီထဲမှ အမျိုးသမီး ၏ မူလဇစ်မြစ်အမှန်အား တွေ့လို၊ မြင်လိုပါသည် ပြသပေးတော်မူပါ ခင်ဗျာ"

ဟု ရွတ်ဆိုပြီး အာရုံခံကြည့်လိုက်ရာ ယောဂီအဘအာရုံ မြင်ကွင်းထဲမှာ ပေါ်လာသည့် ပုံရိပ်အချို့ကား . .။

လွန်စွာမှ ကြောက်စရာကောင်းလှသည့် အမျိုးသမီး တစ်ယောက် သူမရဲ့ မျက်နှာတစ်ပြင်လုံးမှာလည်း အိုမင်းရွတ်တွနေပြီး ဆံပင်များမှာလည်း အကုန် အဖြူရောင်သမ်းလျက်။

သူမလက်ထဲမှ တစ်စုံတစ်ခုကို ကိုင်ထားသေးသည်။ ဘာလဲ ဆိုတာတော့ သေချာမသိကွဲ။ ထိုအရာကပဲ သူမကို ကာကွယ်ပေး နေသယောင်။

တဖြည်းဖြည်းနှင့် အာရုံခံကြည့်နေရာမှ ထိုအမျိုးသမီး၏ ပုံရိပ်သည် မှုန်ရီမှုန်ဝါးဖြစ်လာပြီး ယောဂီအဘ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေတော့သည်။ယောဂီအဘက မျက်လုံးအသာ ဖွင့်ပြီးနောက် "ဟင်း . ."ခနဲ သက်ပြင်းချလိုက်ကာ –

"ငါ့တူရဲ့အဖွားက အသက် (၈၀)ကျော်နေပေမယ့် ဘာလို့ နပျိုနေရတာလဲဆိုတော့ အဘ သေချာမပြောနိုင်ဘူး။ အဘ ပြော နိုင်တာတစ်ခုကတော့ ငါ့တူရဲ့အဖွားဟာ စုန်းထက်မြင့်တဲ့ ကဝေ အဆင့်မှာရှိတယ်။ နောက်ပြီး ကဝေပညာရပ်မှာလည်း တစ်ဘက် ကမ်းခတ်အောင် ကျွမ်းကျင်တဲ့ အဆင့်လောက်ရှိတယ်"

ဟု ရှင်းပြလေရာ ကြည်သာက –

"ဖြစ်နိုင်ပါ့မလား ဆရာရယ် . . ဆရာပြောတဲ့ စုန်း၊ ကဝေ တို့ဆိုတာ အတိတ်ရာဇဝင်မှာ ကျန်ခဲ့ပြီမဟုတ်လား၊ အခုခေတ်က (၂၁)ရာစုခေတ်ဆိုတော့"

"ခေတ်ကြီးတိုးတက်လာလေ စုန်း၊ ကဝေပညာရပ်တွေ


www.burmeseclassic.com

www.burmeseclassic.com




တာ မြင့်လာလေပဲကွယ်၊ ခေတ်နဲ့ မဆိုင်ဘူး။ အေးလေ . . ငါ့တူကြီး မင်းအဖွား ဘာလဲဆိုတာ မင်း သိရအောင် အဘ အစီအရင် တစ်ခု ပေးလိုက်မယ်။ ဒါက လည်း စမ်းသပ်တာနော် မင်းမယုံ ဘူး ဆိုလို့ပါ"

ယောဂီအဘက စာရွက် လေးတစ်ရွက်ပေါ်မှာ ပုံလေး တစ်ပုံ ဆွဲပြီး "ဦ"ခံကာ ဂါထာ တစ်ပုဒ် ရွတ်ဆိုလိုက်ပြီးနောက် ကြည်သာကို ပေးလိုက်သည်။

"မင်းအဖွားအိပ်တဲ့ ခေါင်း အုံးထဲ သူ မသိအောင်ထည့်ထား၊ သူ အိပ်ခါနီးကျရင် သွားချောင်းကြည့် မင်း လက်တွေ့မြင်ရလိမ့်မယ်"

ဆိုပြီး ရဲရဲကြီး အာမခံနေသဖြင့် ကြည်သာစိတ်ထဲ စမ်း သပ်ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ဒီနေ့ ကြည်သာအမေ ဒေါ်ခင်မမကြီး အိမ်မှာမရှိ။ ဘွား ဘွားဒေါ်မယ်နနှင့်အတူ ဈေးသွားနေသည်တဲ့။ အိမ်ဖော်မလေး မိတူးက ကြည်သာကိုပြန်ပြောပြတော့ သူလုပ်ရမည့် အလုပ် အတွက် အဆင်ပြေသွားသည်။

တံ့ဆိုင်းမနေဘဲ ချက်ချင်း အကောင်အထည်ဖော်တော့ သည်။ ပထမဦးဆုံး ဖွားဖွားဒေါ်မယ်နနေတဲ့ အိမ်လေးထဲ တခြား သူတွေမရိပ်မိအောင် ခိုးကြောင်ခိုးဝှက်နှင့် ဝင်လိုက်သည်။ အိမ်ထဲ ကို စပ်စုကြည့်တော့ ဘာမှ ထွေထွေထူးထူးမရှိ။

အချိန်ဆွဲမနေတော့ဘဲ အိပ်ခန်းထဲသွားကာ ဖွားဖွားဒေါ် မယ်နအိပ်တဲ့ ခေါင်းအုံးထဲ ယောဂီအဘပေးသည့် အဆောင်ပုံ လေးကို ထည့်ပြီး အိမ်ထဲမှ ထွက်လာခဲ့လိုက်တော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ညအိပ်ချိန်ရောက်တော့ ကြည်သာမအိပ်သေးဘဲ အဖွားဒေါ်မယ်နအိမ်ထဲ ခိုးကြည့်ကာ အခြေနေကို စောင့်ကြည့်နေလိုက်သည်။

ည (၁၁)နာရီကျော်သည်အထိ အဖွားဒေါ်မယ်နက မအိပ်သေး။ ကြာတော့ ကြည်သာတစ်ယောက် ခြင်ကိုက်တဲ့ဒဏ်ကို ကောင်းကောင်းကြီး ခံစားလာရသည်။

ည (၁၂း၃၀)လောက်မှ အဖွားဒေါ်မယ်နက အိပ်စက်ခြင်းကို စတင်တော့ပြီ။ ကြည်သာစိတ်ထဲ ညသန်းခေါင်ကျော်မှ အိပ်ရာဝင်တဲ့ အဖွားဒေါ်မယ်နကို ဘာကြောင့်လဲဆိုတာ မစဉ်းစားတတ်။

အဖွားဒေါ်မယ်န အိပ်ခန်းထဲဝင် ခေါင်းအုံးပေါ် ခေါင်းတင်လိုက်သည်နှင့် -

"အား . ."ခနဲ အော်ကာ ချက်ချင်း ပြန်ထလိုက်သည်။ သူမခေါင်းကို အလွန်ပူတဲ့အရာမျိုးနှင့် လာထိုးနက်နေသလို ခံစားလိုက်ရသည်။

ထိုကဲ့သို့ အဖွားဒေါ်မယ်န အော်လိုက်တဲ့အချိန်မှာ အဖွားဒေါ်မယ်နရဲ့ ရုပ်ရည်သည် အလွန်အိုမင်း ရုပ်ဆိုး၊ အကျည်းတန်လှသည့် အနေထားမျိုး ခဏတာပြောင်းလဲသွားသည်ကိုတော့ ချောင်းကြည့်နေတဲ့ ကြည်သာတစ်ယောက် တွေ့မြင်လိုက်ရပေသည်။

အဖွားဒေါ်မယ်န သူ့ခေါင်းအုံးကိုကိုင်ပြီး ပါးစပ်မှ တစ်စုံတစ်ရာကိုရွတ်ဆိုလိုက်ရာ ခေါင်းအုံးမှာ သူ့အလိုလို နစ်ခြမ်းကွဲသွားပြီး မှို့များပင် ထွက်လာကုန်သည်။

"ဒါ့ကြောင့် ငါခံလိုက်ရတာကိုး"

ဟုဆိုကာ အဖွားဒေါ်မယ်န မြင်တွေ့သွားသည့် အရာကား ကြည်သာခိုးထည့်ထားသည့် အဆောင်အစီအရင်ပုံ။

"ငါ့ကို ဒုက္ခပေးတဲ့အကောင်တွေ . . ဒင်းတို့ ကိုယ့်အသွဲ့ကိုယ် ရှာလိုက်တာပဲ၊ တွေ့ကြသေးတာပေါ့ဟယ်"

အဖွားဒေါ်မယ်န ကြုံးဝါးသံက ကြောက်စရာကောင်း


www.burmeseclassic.com

www.burmeseclassic.com


လွန်းလှသည်။ ကြည်သာလည်း အဖြစ်အမှန် တစ်စိတ်တစ်ဒေသ ကိုသိနေပြီမို့ ခြေသံ လုံးဝ မကြားမိအောင် နောက်ကြောင်းပြန် လှည့်လာခဲ့တော့သည်။

❖

## * အထက်နှင့်အောက် တွေ့ဆုံလေပြီ *

ဦးမင်းခန့် ခရီးထွက်ရာမှ ပြန်ရောက်လာချေပြီ။

ဒါပေမယ့် တစ်ယောက်တည်းတော့ မဟုတ်။ ဦးမင်းခန့် ဘကြီးတော်စပ်သူ အဘဦးရွှေလုံးဆိုသည့် အဘိုးကြီးလည်း ပါလာ သေးသည်။ ဦးမင်းခန့်က သူ့အိမ်သားတွေနှင့် အဘဦးရွှေလုံးအား မိတ်ဆက်ပေးပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်မမကြီးက -

"ကြီးကြီးဒေါ်မယ်နုလည်း ရောက်နေတယ် အစ်ကို"

ဟု ဆိုလိုက်ရာ -

"ဟေ .. ဟုတ်လား၊ အစ်ကိုလည်း မင်းအဒေါ်ကို မြင်ဖူး ချင်နေတာ အတော်ပဲ၊ အဘဦးရွှေလုံးနဲ့ တစ်ခါတည်း မိတ်ဆက် ပေးလိုက်ရအောင်ကွာ"

ဆိုပြီး ဦးမင်းခန့်က အားတက်သရောပြောလေရာ ဒေါ် ခင်မမကြီးခမျာ ဆက်ပြောရခက်၊ မပြောရခက်ဖြစ်နေစဉ် -

"မောင်မင်းခန့် ပြန်ရောက်နေတယ် ဆိုလားပဲ"

ဆိုသည့်အသံနှင့်အတူ ကြီးကြီးဒေါ်မယ်နု။ ဘယ်က ဘယ်လိုရောက်ရှိလာသလဲ မသိ။

"အစ်ကို အဲဒါ ကြီးကြီးဒေါ်မယ်နုလေ"

ဒေါ်ခင်မမကြီးမှ မိတ်ဆက်ပေး၍ ဦးမင်းခန့် ကိုယ့် မျက်လုံးများတောင် ကိုယ်မယုံနိုင်။ သူထင်ထားသည် ကြီးကြီး ဒေါ်မယ်နုက အသက် (၈၀)ကျော် အဖွားအိုကြီးတစ်ယောက်။ ယခုတွေ့မြင်နေရတာက -

"ငါ့ကိုကြည့်ပြီး အံ့သြနေတာလား မောင်မင်းခန့် .. ငါက


www.burmeseclassic.com

www.burmeseclassic.com


သူများတွေနဲ့မတူအောင် ပြုမူ၊ နေထိုင်၊ စားသောက်လို့ ဒီလိုဖြစ်နေတာ ဟင်း . . ဟင်း . . ဟင်း"

ဦးမင်းခန့်စိတ်ထဲ တွေးတောနေသည်များကိုပါ ကြီးကြီးဒေါ်မယ်နက သိနေသည်ဆိုတော့ -

"အော် . . မေ့လို့ ဟောဒါက ကျွန်တော့ဘကြီး ဦးရွှေလုံးပါခင်ဗျာ၊ ဘကြီး သူက အဲလေ . . ကြီးကြီးက ခင်မမကြီးရဲ့ အဒေါ် ဒေါ်မယ်နဆိုတာ"

ဘကြီးဦးရွှေလုံးနှင့် ကြီးကြီးဒေါ်မယ်နကို ဦးမင်းခန့်ကိုယ်တိုင် အပြန်အလှန် မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကျွန်မကလည်း ဝမ်းသာပါတယ် ဟင်း ဟင်း ဟင်း"

ဒီလောက်သာပြောပြီး ကြီးကြီးဒေါ်မယ်န အိမ်ထဲမှ ပြန်ထွက်သွားလေတော့သည်။ ကြီးကြီးဒေါ်မယ်န ထွက်သွားပြီးနောက် ဘကြီးဦးရွှေလုံးမှ -

"ငါတို့ရောက်လာတာ မင်းမိသားစု ကံကောင်းတယ်လို့ဆိုရမယ် မင်းခန့်ရေ"

ဟု ဆိုလိုက်ရာ ဦးမင်းခန့် နားမလည်စွာဖြင့် -

"ဘကြီး ဘာကိုဆိုလိုတာလဲ ခင်ဗျာ"

ဟု မေးလေတော့ ဘကြီးဦးရွှေလုံးပြောလိုက်သည်က -

"မင်းတို့တစ်မိသားစုလုံး အမှောင်ဖုံးနေပြီကွ"

ဆိုသည့်စကား။

❖

ကြည်သာအခန်းထဲမှာ ကြည်သာနှင့်အတူ ဦးမင်းခန့်ကော၊ ဘကြီးဦးရွှေလုံးပါ ရောက်ရှိနေကြသည်။ ကြည်သာက သူ့အဖေနှင့် ဘကြီးအား အဘွားဒေါ်မယ်န အိမ်သို့ရောက်ရှိလာစဉ်မှစ၍ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များ၊ ယောဂီအဘွားက ရင်ပေးလိုက်သည့်အဆောင်ကို အဘွားဒေါ်မယ်နအိပ်တဲ့ ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com


ထဲ နိုးထည့်ရာမှ တွေ့ကြုံခဲ့သည့် အဖြစ်ပျက်များစသည်တို့ကို တစ်လုံးမကျန် ရှင်းပြလေတော့ ဘကြီးဦးရွှေလုံးက -

"ငါထင်တော့ ထင်တယ်။ ဒီမိန်းမပုံစံကြည့်ရတာ အသက် (၈၀)ကျော်တာတောင် သူ့ရုပ်ရည်က အပျိုရှုံးလောက်တာရယ်၊ နှက်ပျောသုံးနိုင် အနိုးခံလိုက်ရတုန်းက သူစီရင်လိုက်တဲ့ တန်ပြန် အစီအရင်တွေရယ်"

"ခေါင်းအုံးထဲ အဆောင်ထည့်တော့ နာကျင်စွာ အော် လိုက်သံရယ် သူ့ရုပ်ရည် ပြောင်းလဲသွားတာရယ်ကိုကြည့်ပြီး ပြောရ ရင် ဒီမိန်းမကြီးက ကဝေပညာသည်တစ်ယောက်ဖြစ်ဖို့ ကျိန်းသေ သွားပြီကွာ"

"သေချာလို့လား ဘကြီးရယ်၊ တစ်ဖက်သား အားနာစရာ ကောင်းနေမယ်နော်"

ဒါက ဦးမင်းခန့်ရဲ့ ကရုဏာသက်အသံ။

"အားမနာနဲ့ ငါ့ကောင်၊ အကုန် ကာလနာတိုက်သွားမယ် ဘာမှတ်နေလဲ။ ငါ့နာမည် ရွှေလုံးဆိုတာလည်း မင်းမမေ့နဲ့ဦးကွ"

ဦးမင်းခန့် သူ့ဘကြီးနာမည်ကို မေ့ထားလို့မရ။

ဘကြီးဦးရွှေလုံးက တိုင်းရင်းဆေးကုရာမှာ ကျွမ်းကျင် သလို ပယောဂကုသရာမှာလည်း နာမည်ကြီးသည်။ နောက်ပြီး ရွှေရင်ကျော်ဂိုဏ်းလို အထက်လမ်းပညာရပ်တွေမှာလည်း တခြား ဆရာတွေလို မဟုတ်။

အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်တို့လို ထွက်ရပ် ပေါက်ပုဂ္ဂိုလ်တွေလို မဟုတ်ပေမယ့် အဲဒီလမ်းစဉ်ကို လိုက်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုလျှင်လည်း မမှား။ ဒါကို ဦးမင်းခန့် မသိ မဟုတ်။ သိသည်။

"ဒါဆို ဖွားဖွားဒေါ်မယ်နုက ဘာရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ဆီကို ရောက်လာရတာလဲဟင်"

ကြည်သာရဲ့မေးခွန်းကို ဘကြီးဦးရွှေလုံးဖြေလိုက်ပုံက -

"သူ့ပညာရပ်က (...)ပညာရပ်တစ်မျိုးကွ၊ မင်းနားလည်

www.burmeseclassic.com

www.burmeseclassic.com


အောင် ရှင်းရှင်းပြောရရင် အဲ့ဒီပညာရပ်ကို အမွေပေးချင်လို့ မင်းတို့ ဆီရောက်လာတာ၊ အဲ့ဒီပညာရပ်အမွေကိုလည်း ပေးချင်တဲ့သူကို ပေးလို့မရဘူးကွ အပျိုမိန်းကလေးမှရတာ နားလည်လား"

"အပျိုမိန်းကလေး ဟုတ်လား ဘကြီး"

ကြည်သာနှင့် ဦးမင်းခန့်တို့ သားအဖနှစ်ယောက်သည် ဘကြီးဦးရွှေလုံးပြောသည့် အပျိုမိန်းကလေးကို စဉ်းစားလိုက်တော့

"ကြည်ပြာ"

❖

လပြည့်ညဖြစ်ပေမယ့် လက မသာနိုင်။ တိမ်ထူထူများက လကို ဖုံးအုပ်ထားလေတော့ လမင်းကြီးခမျာ အဲဒီတိမ်ထူထူကြီးများကို အန်မတုရှာနိုင်။

အချိန်အားဖြင့် ည (၁၂)နာရီတိတိ။

ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်လျက်။

ထိုအချိန်တွင် လူသုံးယောက် ခြေကိုဖော့၍ ခိုးကြောင်ခိုးဝှက်ဖြင့် ဦးတည်လာနေသည့်နေရာက ဒေါ်မယ်န၏နေအိမ်အနားသို့ ဖြစ်သည်။ ထိုလူသုံးယောက်ကတော့ ဘကြီးဦးရွှေလုံး၊ ဦးမင်းခန့်နှင့် ကြည်သာတို့ဖြစ်သည်။

ဒီည လပြည့်ညဆိုတော့ ဒေါ်မယ်နအစီအရင်တစ်ခုခုကို စီရင်နိုင်တယ်။ ဒီလိုညမျိုးတွေဆိုတာ သူတို့အတွက် အားရှိစရာ အကောင်းဆုံးညမျိုးပဲ"

ဟု လေသံဖျော့ဖျော့ဖြင့် ရှင်းပြနေသူက ဘကြီးဦးရွှေလုံး။


ဒေါ်မယ်နအိမ်နားရောက်သည်နှင့် သုံးယောက်သား ခိုးကြောင်၊ ခိုးဝှက်နှင့် ချောင်းကြည့်လေတော့ ဘကြီးဦးရွှေလုံးထင်တဲ့အတိုင်းပါပဲ။ စားပွဲခုံ တစ်ခုံပေါ်မှာ လွန်စွာမှ ရုပ်ဆိုးလှသည့် အရုပ်တစ်ရုပ်ကို ဖယောင်းတိုင် ငါးတိုင်ဝိုင်းပြီး မီးထွန်းထားလေ၏။

ထိုအရုပ်ရှေ့မှာက စာရွက်တစ်ရွက်။ ၎င်းစာရွက်သည် ကြည်သာ (သူမ)ခေါင်းအုံးထဲလာထည့်ထားသည့် အဆောင်အစီ


www.burmeseclassic.com

www.burmeseclassic.com





အရင် စာရွက်လည်း ဖြစ်သည်။

ထို့ထက်ပို၍ ထူးဆန်း အံ့ဩစရာ ကောင်းလှသည်မှာ ဒေါ်မယ်နု ဘေးမှာ မလှုပ်မယှက်နှင့် ထိုင်နေသည့် ကြည်ပြာကိုလည်း သုံးယောက်သား တွေ့မြင်လိုက်ကြရသည်။

(ကြည်ပြာကိုလည်း ဒေါ်မယ်နုမှ စိတ်ညှို့ခြင်း ပညာရပ်ဖြင့် ခေါ်ဆောင်ထားသည်ကို နောက်ပိုင်းကျမှ ဘကြီးဦးရွှေလုံးက ပြန်ရှင်းပြလေသည်။ ဤကား စကားချပ်) ဘကြီးဦးရွှေလုံးစိတ်ထဲ "ဒီညဟာ အမွေပေးမယ့်ညပဲ"လို့ မှတ်ချက်ချလိုက်မိသည်။

စပါပြီ။

ဒေါ်မယ်နုက သူမရှေ့မှာရှိနေသည့် အဆောင်စာရွက်ပေါ်သို့ ပန်းတစ်ပွင့်တင်လိုက်သည်။ ၎င်းပန်းသည် အသုဘအခမ်းအနားတွေမှာ မသာကိုဆင်ယင်ပေးသည့် ခေါင်းရမ်းပန်းဖြစ်သည်။ ထို့နောက် အဝတ်စတစ်စနှင့် ပတ်ထားသည့် အရိုးတစ်ခု။

(အဝတ်စသည် အစိမ်းသေရဲ့အကျႌ (သို့)ထဘီအစဖြစ်ပြီး အရိုးမှာလည်း အစိမ်းသေသူ၏ ခန္ဓာကိုယ်အစိတ်ပိုင်းမှ အရိုးတစ်ခုလည်းဖြစ်သည်။)

အစိမ်းသေရဲ့ အဝတ်စနှင့်အရိုးကို ခုံပေါ်မှာရှိနေသည့် အဆောင်စာရွက်နှင့်ပတ်ပြီး ပါးစပ်မှ ဂါထာလိုလို၊ မန္တန်လိုလို စာသားများကိုရွတ်ဆိုပြီး ဖယောင်းတိုင်မီးနှင့် ကင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မယ်နု ဤသို့ပြုလုပ်စီရင်နေသည်ကို တစ်ဖက်မှာ ခံစားနေရသူက ယောဂီအဘ။

တရားထိုင်နေရင်းမှ ခန္ဓာကိုယ်ထဲကို တစ်စုံတစ်ယောက်က မီးစနင့် ထိုးနေသလို ခံစားနေရ၍ စိတ်ထဲဝယ် သူ့ကို တစ်ယောက်ယောက်ကတော့ တိုက်နေပြီဟု ထင်မှတ်မိလိုက်သည်။

ထို့အတူ ကြည်သာခမျာလည်း ခန္ဓာကိုယ်တစ်ကိုယ်လုံး မီးမြိုက်နေသလို ရုတ်တရက်ကြီးခံစားလာရ၍ ဘကြီးဦးရွှေလုံးက လွယ်အိတ်ထဲမှ လက်ခလယ်သာသာရှိမည့် ဘူးလေးထဲမှ ရေကို ကြည်သာပါးစပ်ထဲ လောင်းထည့်ပေးလိုက်သည်။ ထိုအခါကျမှ ကြည်သာ ကောင်းကောင်းမွန်မွန် ပြန်ရှိသွားတော့သည်။

(ဘကြီးဦးရွှေလုံးတိုက်သည့်ရေမှာ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးရဲ့ မျက်နှာသစ်တော်ရေဖြစ်သည်။)

ကြည်သာ ဤသို့ဖြစ်ရခြင်းမှာ သူကိုယ်တိုင် အဆောင်အစီရင်ကို ဒေါ်မယ်နုခေါင်းအုံးထဲ လာထည့်ထား၍ ဒေါ်မယ်နုက အဆောင်စီရင်ပေးသူကော၊ ကြံရာပါကိုပါ ပြန်လည်စီရင်နေခြင်း ဖြစ်သည်။

တစ်ဖက်မှာ ယောဂီအဘခမျာလည်း ဝေဒနာကို လိုမ့်နေအောင်ခံစားရင်း တဖြည်းဖြည်းနှင့် ဇက်ကျိုးကျသွားလေတော့ သည်။

ဘကြီးဦးရွှေလုံး လွယ်အိတ်ထဲမှ အထုတ်တစ်ထုပ်ယူပြီး ဖွင့်လိုက်သည်။ အထဲမှာ အမှုန့်များ။

ရင်းအမှုန့်များသည် ညောင်ပင်မြစ်ကို နေခြောက်လှမ်းပြီး အမှုန့်ပြုလုပ်ထားခြင်းဖြစ်သည်။ အသုံးဝင်ပုံကတော့ ရင်းအမှုန့်ကို ရေဖျော်ပြီး မျက်စိမှာကွင်းပြီးကြည့်လျှင် တစ္ဆေ၊ သရဲ၊ နာ်နာဘာဝ များသာမက စုန်း၊ ကဝေပညာသည်များရဲ့ မူလရုပ်လက္ခဏာတို့ကို တွေ့မြင်နိုင်လေသည်။

ညောင်ပင်မြစ်ကို အမှုန့်မပြုလုပ်ဘဲ ကျောက်ပြင်မှာ


www.burmeseclassic.com

www.burmeseclassic.com


သွားပြီး မျက်လုံးမှာ ကွင်းကြည့်ပါကလည်း ကြည့်နိုင်လေသည်။

ဘကြီးဦးရွှေလုံး ဖင်းအမှုန့်များနှင့် စောစောက ကြည့်သာကိုတိုက်သည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာသစ်တော်ရေကိုဖျော်ပြီး မျက်လုံးတွေမှာ ကွင်းလိုက်သည်။

"မင်းတို့ ဒီမှာနေခဲ့၊ တော်ကြာ ဖိုးမောင် ပစ္စည်းတစ်ခုလာပေးလိမ့်မယ်။ အဲဒီအခါကျရင် အဲဒီပစ္စည်းကို ယူပြီး လိုက်ဝင်ခဲ့ကြ"

ဟု ဦးမင်းခန့်တို့ သားအဖနစ်ယောက်ကို မှာကြားပြီး ဒေါ်မယ်နအိမ်ထဲ ဝင်ရောက်သွားလေတော့သည်။

❖

ဒေါ်မယ်န နောက်ဆုံးလုပ်စရာကား ကြည်ပြာကို အမွေပေးရန်ဖြစ်သည်။ ထိုအမွေကတော့ ကဝေအမွေပညာများပင်ဖြစ်သည်။ ကြည်ပြာပခုံးကိုကိုင်ပြီး ဒေါ်မယ်န ပါးစပ်ဟလိုက်သည်။

ထိုအချိန်မှာပင် -

"ခင်ဗျားလုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ပါ ကဝေမကြီး"

ဆိုသည့်အသံနှင့်အတူ ဘကြီးဦးရွှေလုံးကို မြင်လိုက်ရတော့ ဒေါ်မယ်န ဒေါ်ပွသွားလေပြီ။ သူ့အစီအရင်တွေလည်း ပျက်ရပြီမို့။

"ရှင် ကိုယ့်သေတွင်း ကိုယ်တူးနေတာလား"

ဟု မေးလိုက်ရာ -

"ဆိုပါတော့ဗျာ၊ အော် ဒါနဲ့ . . ခင်ဗျားရဲ့ ပင်ကိုရုပ်ကို ကျုပ်မြင်နေပြီနော် ဟဲ . . ဟဲ . . ဟဲ"

ဘကြီးဦးရွှေလုံး ညောင်ပင်အမြစ်မှုန့်ဆေးတော်ကြီး ကွင်းထား၍ ဒေါ်မယ်န ရုပ်လက္ခဏာမှုရင်းကို တွေ့မြင်နေရလေပြီ။ လွန်စွာမှ ကြောက်စရာကောင်းလှပါဘိ။ မျက်နှာသစ်ပြင်လုံး


www.burmeseclassic.com

www.burmeseclassic.com




အိုမင်း ရွတ်တွနေပြီး ဆံပင်တွေကလည်း အဖြူရောင် မွဲခြောက်ခြောက်နှင့်။ မျက်ကွင်းတွေဆိုတာလည်း ဟောက်ပက်။

"ရှင်က တော်ရုံလူ မဟုတ်ဘူးကိုး"

ဒီလောက်ဆို ဘကြီးဦးရွှေလုံးဘာဆိုတာ ဒေါ်မယ်န သဘောပေါက်လိုက်ပြီ။

"ကြည်ပြာကို ကျုပ် လက်ထဲအပ်ပါ ဒေါ်မယ်န"

"စဉ်းစားပေါ့"

"ကြည်ပြာ . . ဟေ့ ကြည်ပြာ"

ဘကြီးဦးရွှေလုံးခေါ်တာတောင် ကြည်ပြာ တုတ်တုတ်မျှ မလှုပ်။ ကဝေစက်ကွင်းမိထားပြီဆိုတာ သဘောပေါက်လိုက်သည်။

"ရှင် ဒီည နိဂုံးချုပ်ပြီ"

"ထင်လို့လားဗျာ၊ ရွှေလုံးတဲ့ . . ကျုပ်နဲ့တွေ့ရင် အသေဝုန်းပြီပဲ"

နှစ်ယောက်သား စကားစစ်ထိုးနေခြင်းဖြစ်သည်။

ဒေါ်မယ်နက စတင်၍ ပညာပြလေပြီ။ သူမလက်ထဲမှာ ပလပ်စတစ်ကြိုးများ။ ဒါကို သူမ ဂါထာတစ်ပုဒ်ရွတ်လိုက်ရာ ချက်ချင်း မြွေများအဖြစ် ပြောင်းလဲသွားကုန်သည်။

ငင်းမြွေများနှင့် ဘကြီးဦးရွှေလုံးကို ပစ်ပေါက်လိုက်တော့ ဘကြီးဦးရွှေလုံးကလည်း အသင့်ဆောင်ထားသည့် သိမ်ဝင်မြေများဖြင့် လှမ်းပက်လိုက်ရာ မြွေများအားလုံး ကြိုးအဖြစ် ပြန်လည် ပြောင်းလဲကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com


သိမ်ဝင်မြေ (သိမ်သမုတ်ပြီးမှရရှိလာသည့် မြေကြီး အမှန်။ သိမ်သမုတ်ခြင်းဆိုရာမှာလည်း သိမ်ဆောက်လုပ်နေ ရေးဦးစွာ ရဟန်း၊ သံဃာများမှ မြတ်စွာဘုရားရဲ့ ပရိတ်တော်၊ ပဌာန်းတော်၊ ဂါထာတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ရလေ၏။

ထိုကဲ့သို့ ရွတ်ဖတ်ပူဇော်ခြင်းကို သိမ်သမုတ်ခြင်းဟု ခေါ် လေ၏။ ထိုကဲ့သို့ ရဟန်း၊ သံဃာများမှ သိမ်သမုတ်နေသော နေရာ သို့ ခွေးဝင်လျှင် ခွေးသေ၏။ ကြောင်ဝင်လျှင် ကြောင်သေ၏။ လူဆို လျှင်လည်း အမျိုးသားမှလွဲ၍ အမျိုးသမီး မဝင်ရ။

အကယ်၍ အမျိုးသမီးဝင်မိပါက ထိုအမျိုးသမီး သွက် သွက်ခါအောင် ရူးလေ၏။ လွန်စွာမှ အာဏာစက်ပြင်းထန်လေ၏။ သိမ်သမုတ်နေစဉ် ယူထားသည့်မြေကြီးသည်လည်း လွန်စွာမှ အစွမ်းရှိပြီး သရဲ၊ တစ္ဆေမှအစ စုန်း၊ ကဝေများပါ ကြောက်ရွံ့ကြ၏။)

စာရေးသူ

ယခု ဘကြီးဦးရွှေလုံး ပက်လိုက်သည့်သိမ်ဝင်မြေများမှာ ဒေါ်မယ်နုခန္ဓာကိုယ်ပေါ်သို့တိုင်အောင် ကျရောက်ကုန်တော့ ချက်ချင်းပင် မူလရုပ်ရည်အမှန် ပေါ်လာလေတော့သည်။

ထိုအချိန်မှာပင် အပြင်မှာရှိနေကြသည့် ဦးမင်းခန့်တို့ သားအဖအနားသို့ ဖိုးမောင် ဒရောသောပါးရောက်ရှိလာကာ ဦးမင်းခန့်လက်ထဲ လက်နှစ်ပြန်လောက်ရှိမည့် ဝါးတစ်လုံးကို ပေးလေတော့သည်။

ထိုဝါးလုံးမှာ ထိပ်တွင်ချွန်နေပြီး ကိုင်ထားရာမှာ စည်းနှင်း လှသည်ကို ဦးမင်းခန့် သတိထားမိလိုက်သည်။ ဘကြီးဦးရွှေလုံး ပြောထားသလို ဖိုးမောင်လာပေးသည့်အရာကိုရပြီမို့ သားအဖ နှစ်ယောက် ချက်ချင်း အိမ်ထဲသို့ ဝင်လာလိုက်ကြတော့သည်။ ပွဲ ကတော့ တကယ့် ပွဲကြီးပွဲကောင်းပါပဲ။

❖

"ကြည်ပြာ . . ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



"သမီး ကြည့်ပြာ . . သမီး"

ဦးမင်းခန့်တို့သားအဖ ကြည်ပြာကြားအောင် လှမ်းခေါ်ပေမယ့် -

"မင်းတို့ခေါ်လည်း မရဘူးကွ။ ကြည်ပြာက ကဝေစက်ကွင်းမိနေတာ၊ မလောကြနဲ့ . . ဒီကဝေမကြီး သိမ်ဝင်မြေထိတာတောင် မသေနိုင်ဘူးဆိုတော့ . ."

ဘကြီးဦးရွှေလုံးနားထဲ ကြားယောင်လာသည့် စကားတစ်ခွန်း၊ ဒီစကားကို သူ့ဆရာကြီး မကွယ်လွန်မီက ပြောသွားခဲ့တာ။

"တချို့စုန်းကဝေတွေက သူတို့ပညာမြင့်လာရင် သူတို့ရဲ့အသက်တွေကို တခြားအရာဝတ္ထုတွေဆီမှာ ဘူးသွင်း(အသက်သွင်း)ထားကြတာ။ အဲ့ဒီလိုအရာတွေကို ကိုယ်ကသိရပြီဆိုရင် တံစူးဝါးနဲ့သာ ရိုက်မှနိုင်မှာကွ"

လွန်စွာမှ တန်ဖိုးရှိလှတဲ့စကား။ ဒီလိုအဖြစ်တွေ ကြုံလာတော့မယ်ဆိုတာ သိလို့ အစောကြီးကတည်းက တံစူးဝါးကို ရှာနိုင်းထားတာ။

"မင်းခန့် . . မင်းလက်ထဲက ဝါးလုံး ငါ့ကိုပေး"

ဘကြီးဦးရွှေလုံး သူ့တူဦးမင်းခန့်လက်ထဲမှ တံစူးဝါးကို လှမ်းတောင်းတော့ ဦးမင်းခန့်ကလည်း ပေးလိုက်သည်။ ဘကြီး ဦးရွှေလုံး သူ့လက်ထဲ တံစူးဝါးရောက်လာတော့ အခန်းထဲ မျက်လုံးကစားလိုက်သည်။ ကဝေမကြီး ဒေါ်မယ်န အသက်သွင်းထားသည့်အရာ။

တွေ့ပါပြီ . . စားပွဲပေါ်၌ အရုပ်၊ ဟုတ်သော်ရှိ . . မဟုတ်သော်ရှိ။

"ကိုင်းကွာ! .. "ဟုဆိုကာ အရုပ်ကို တံစူးဝါးနှင့်အားကုန်ရိုက်ချပစ်လိုက်တော့သည်။

"ခွမ်း! . ."ဆိုသည့် အသံနှင့်အတူ . . "အား! . ."ခနဲအော်သံနက်ကြီးက ကဝေမကြီး ဒေါ်မယ်နထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ပါးစပ်ထဲမှ သွေးများစီးကျလာလျက်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ချိန်ထဲမှာပင် ကဝေစက်ကွင်းမိနေသည့် ကြည်ပြာလည်း သတိပြန်ဝင်လာကာ အဖြစ်အပျက်များကိုတွေ့ပြီး အစ်ကိုဖြစ်သူ ရင်ခွင်ထဲ အတင်းတိုးဝင်လျက်။

တံစူးဝါးဒဏ်ကြောင့် ကဝေမကြီး ဒေါ်မယ်န မူလရုပ်ရည်လက္ခဏာပါ ပေါ်လာတော့သည်။ ဒါကိုသိသည့် ဘကြီးဦးရွှေလုံးကလည်း ကွဲကြေနေသည့် အရုပ်အပိုင်းအစများကို တံစူးဝါးနှင့်ထပ်ကာ၊ ထပ်ကာ ရိုက်ပြန်သည်။

ဘကြီးဦးရွှေလုံးက တံစူးဝါးနှင့်ရိုက်လေ၊ ကဝေမကြီးဒေါ်မယ်နပါးစပ်မှ သွေးများစီးကျလာလေလေ။ ကျလာသည့် သွေးများလည်း ညှိုပုပ်ပုပ်၊ ညှီစို့စို့နှင့်။

ကဝေမကြီး ဒေါ်မယ်န တံစူးဝါးနှင့် အရိုက်ခံရသည့်ဒဏ်ကို အပြင်းအထန်ခံစားရင်း ခြံထဲမှ အသံနက်ကြီးဖြင့် အော်ဟစ်ကာပြေးထွက်သွားလေတော့သည်။ ကြည်သာက လိုက်ရန်ပြင်တော့ -

"မလိုတော့ပါဘူးကွာ . . သူ့ဘဝဇာတ်သိမ်းသွားပါပြီ" ဟုပြောလိုက်သူကတော့ ဘကြီး ဦးရွှေလုံး။

❖

မနက်စောစောစီးစီး ကြားသိလိုက်ရသည့် သတင်းဆိုးကြီးတစ်ပုဒ်။ အဖွားအိုကြီးတစ်ယောက်၊ ကားတိုက်ခံလိုက်ရ၍ ပွဲချင်းပြီး သေဆုံးသွားခြင်းတဲ့။ ကားတိုက်ခံရသည့် အဖွားအိုကြီးမှာ နေရပ်လိပ်စာအတိအကျ မသိရှိရသေးဘဲ တိုက်သွားသည့်ကားကိုလည်း ယခုအချိန်ထိ ဖမ်းလို့ မမိသေးခြင်း။

ပို၍ထူးဆန်းသည်မှာ အဖွားအိုကြီးရဲ့ခန္ဓာကိုယ်ပေါ်မှာ ပြင်းပြင်းထန်ထန် အရိုက်ခံထားရသည့် အရိုးရာများပေါ်နေခြင်း။ အဖွားအိုရဲ့ရုပ်ရည် လက္ခဏာများလည်း လွန်စွာမှ ကြောက်မက်ဖွယ်ရာ ကောင်းခြင်း စသည့် သတင်းများ ဓာတ်ပုံနှင့်တကွ ဂျာနယ်တွေမှာ ဝေဝေဆာဆာ ပါနေကြတော့သည်။


နတ်လူသစ်


www.burmeseclassic.com

www.burmeseclassic.com



# မိုးကြိုးသွားနှင့် သိမှတ်စရာအဖြာဖြာ




မိုးကြိုးသွားဆိုတာကို ဂမ္ဘီရပစ္စည်းအဖြစ် ယုံကြည်လက်ခံပြီး လောကီအဆောင်အဖြစ် သုံးကြသလို၊ ကာယအကာအကွယ်ပစ္စည်းအဖြစ်လည်း သုံးကြပါတယ်။ လွန်စွာ ရှားပါး အဖိုးတန်လှလို့ တန်ဖိုးလည်း အရမ်းကြီးပါတယ်။

မိုးကြိုးသွားအစစ်ဟာ ရခဲလှပါတယ်။ မိုးကြိုးသွားမှာ ကျောက်မိုးကြိုးသွားနဲ့ ကြေးမိုးကြိုးသွားဆိုပြီး ရှိသလို၊ တချို့လည်း မိုးကြိုးသွားကို အတုလုပ်ပြီး ရောင်းချကြပါတယ်။ မိုးကြိုးသွားဟာ ဓာတ်သဘာဝနဲ့ သက်ဆိုင်ပြီး မိုးကြိုးလျှပ်စစ်စီးကြောင်း ပစ်ချလိုက်ပြီးနောက် ဒီစီးကြောင်း နောက်ဆုံးရပ်တန့် အေးခဲသွားတဲ့အရာကို ခေါ်ပါတယ်။

မိုးကြိုးဆိုတာဟာ တစ်ကြိမ်တစ်ခါပစ်ချခြင်းပင် အလွန်အန္တရာယ်ကြီးမားလှပြီး ဒုက္ခပေးနိုင်ပါတယ်။ မိုးကြိုးထိမှန်ခံရတဲ့ ကုက္ကိုပင်၊ အုန်းပင်၊ ထန်းပင်တို့ဟာ အပင်သေ၊ မီးလောင်ပြီး မီးသွေးခဲအတိုင်း ဖြစ်သွားကြပါတယ်။ လူအပါအဝင် သက်ရှိတို့ကို မိုးကြိုးပစ်ပါက မီးဖုတ်ခံရသလို၊ တစ်ကိုယ်လုံး စက္ကန့်ပိုင်းအတွင်း မဲခြောက်ပြီး သေဆုံးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

စက်ကွင်း မလွတ်၊ အငွေ့ရိုက်၊ အဖျားခတ်ခံရတာနှင့်ပင် ထုံကျင်ပြီး မေ့မြော သွားတတ်ကြပါတယ်။ သစ်ပင်ကို မိုးကြိုးပစ်ပြီး မီးသွေးခဲလို ဖြစ်သွားသည်ကိုပင် အသုံးအဆောင်အဖြစ် ဆောင်ကြပါတယ်။ ဓားပုံ၊ ပိတုန်းပုံ၊ ပေါက်ဆိန်ပုံနဲ့ နေ့သားအလိုက် ဂြိုဟ်နက္ခတ်အမှတ်အသား၊ သတ္တဝါအကောင်ပုံများ ထုလုပ်ပြီး ဆောင်ကြပါတယ်။

ဆေးဝါးအနေဖြင့် ကိုယ်လက်ကိုက်ခဲခြင်း၊ ခြေကပ်၊ လက်ကပ်၊ ကလေးများ အတက်ဝေဒနာအတွက် သုံးကြသည်လည်း ရှိပါတယ်။ မျက်စိနာခြင်းအတွက် မိုးကြိုးသွားကို သွေးပြီး မျက်ခွံး ကွင်းပေးနိုင်ပါတယ်။

## * မိုးကြိုးသွားနှင့် အရောင်များ *

မိုးကြိုးသွားမှာ အရောင်သုံးမျိုးရှိပြီး အဲဒါတွေကတော့ -

၁) အဖြူရောင် မိုးကြိုးသွား

၂) အနက်ရောင် မိုးကြိုးသွား

၃) အနီရောင် မိုးကြိုးသွားတို့ ဖြစ်ပါတယ်။


အဖြူရောင်ရှိတဲ့ မိုးကြိုးသွားသဏ္ဍာန်ဟာ လက်ချောင်း ပုံသဏ္ဍာန်ဖြစ်ပြီး လက်ညှိုးပုံအရှည်၊ လက်ခလယ်ပုံအရှည်၊ လက်သူကြွယ်ပုံအရှည် အနေအထားများ ဖြစ်ပါတယ်။ စကျင်ကျောက်သားလိုဖြစ်ပြီး ကျောက်ချောင်းအရှည်လိုဖြစ်ကာ အဖျားတစ်ဘက်မှာ ဆောက်သွားကဲ့သို့ ဖြစ်သွားပါတယ်။

အနက်ရောင်ရှိတဲ့ မိုးကြိုးသွားကတော့ ပိတုန်းလိုလို၊

www.burmeseclassic.com

www.burmeseclassic.com





အညိုထဲမှာ ကျောက်ကြမ်းစပ်တဲ့အရောင်အဆင်းများပါရှိပြီး သပိတ်အရောင် (သံသပိတ်၊ မြေသပိတ်အရောင်မဟုတ်) နှင့်လည်း တူပါတယ်။ အရွယ်အစားကတော့ သုံးလက်မအရှည်နဲ့ တစ်လက်မခွဲအရွယ် ရှိပါတယ်။ ပုံသဏ္ဍာန်ကတော့ ပေါက်ဆိန်(ပုဆိန်)အသေးနှင့် တူပါတယ်။

အနီရောင်မိုးကြိုးသွားကတော့ ကျောက်သားဖြစ်ပေမယ့် ဂဝံအုတ်အရောင် (အုန်းခွံရောင်နဲ့) ပိုပြီးတူပါတယ်။ အကြောမျှင်များ ပါရှိပါတယ်။ သုံးလက်မနဲ့ လေးလက်မ အရွယ်များရှိပါတယ်။

### * မိုးကြိုးသွား အတုနှင့်အစစ် စမ်းသပ်နည်း *

တကယ်လို့မိုးကြိုးသွားတစ်ခုကို သင့်ထံရောင်းချဖို့ရောက်ရှိလာပါက ထိုမိုးကြိုးသွားကို အတု၊ အစစ်ခွဲခြားနိုင်ဖို့အတွက် စမ်းသပ်နည်းများ သိထားဖို့ လိုအပ်ပါတယ်။



အဆိုပါ စမ်းသပ်နည်းများကတော့-

၁) လျှပ်စစ်ပစ္စည်းများဖြစ်တဲ့ မီးချောင်း၊ ကက်စက်၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းများအပေါ်ကို တင်လိုက်လျှင် မိုးကြိုးသွားအစစ်ဖြစ်ပါက အဆိုပါအရာများ အားလုံး မီးပြတ်ပြီး စက်များ ရပ်သွားပါလိမ့်မယ်။

၂) ငှက်၊ ကျိုင်းကောင်ကျသော စပါးခင်းများ

www.burmeseclassic.com

www.burmeseclassic.com




စပါးပုံများမှာ မိုးကြိုးသွားကို ထည့်ထားပါက ငှက်များဆင်းပြီး စပါးတို့ကို မစားပါ။

၃) လင်ဗန်း၊ စကော၊ ခွက်တစ်ခုခုထဲကို မိုးကြိုးသွားကို ဖုံးအောင် စပါး၊ ဆန်တို့ကို ထည့်ပြီး ကြက်ကိုဖြစ်စေ၊ ငှက်တို့ကို ဖြစ်စေ ကျွေးလျှင် ကောက်ယူစားသုံးခြင်း မပြုလျှင် မိုးကြိုးသွားစစ်တယ်လို့ သတ်မှတ်နိုင်ပါတယ်။

၄) သစ်ပင်၊ သစ်ကိုင်းကို ခုတ်လျှင် အတက်ထွက်ကြပါတယ်။ မိုးကြိုးသွားကို တင်လိုက်လျှင် ထိုသစ်ကိုင်းကနေ အတက်မထွက်လျှင် မိုးကြိုးသွားစစ်ပါတယ်။

၅) ငှက်ပျောပင်ကို ပင်စည်ကိုခုတ်လိုက်လျှင် (ငှက်ပျောဖူးထွက်သည့်အပင်မှလွဲ၍ အရွက်တန်ပြန်ထွက်သည်) အရွက်တန်ပြန်၍ ထွက်သည်။ မိုးကြိုးသွားကို ခုတ်ဖြတ်ထားတဲ့ ငှက်ပျောငုတ်ပေါ်ကို တင်ထားလျှင်၊ အရွက်တန်ပြန်မထွက်လျှင် မိုးကြိုးသွားစစ်ပါတယ်။

၆) နောက်ဆုံးနည်းကတော့ မိုးကြိုးသွားစစ်၊ မစစ်ကို စမ်းသပ်ရာမှာ မလုပ်ကောင်းဘူးလို့ လူကြီးများက ဟန့်တားထားမှုရှိတဲ့ နည်းပဲ ဖြစ်ပါတယ်။

ဒီနည်းမှာ မိုးတွင်းကာလ၊ မိုးရာသီမှာ ကောင်းကင်မှ ကွေးကွေးကိုင်းကိုင်းနှင့် ရောင်စုံဖြာပြီး ကျဆင်းလာတဲ့ သက်တန့်အစင်းကြောင်းကို မိုးကြိုးသွားနဲ့ ဖြတ်ပါက အပိုင်းပိုင်းပြတ်ပါတယ်။ ဒါဆိုရင် မိုးကြိုးသွားစစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒီလိုသက်တန့်ဆင်းခြင်းကို သက်တန့်ရေဆင်းသောက်တယ်လို့ဆိုကြပါတယ်။ သိနားလည်သူနှင့် ဂမ္ဘီရလမ်းလိုက်သူတို့က သက်တန့်ဆင်းခြင်းဟာ မြေအောက်ရတနာပစ္စည်းများဖြစ်တဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနဲ့ သတ္တုကြောရှိလို့ သက်တန့်ဆင်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


ဂမ္ဘီရအဆောင် (ဓာတ်လုံး၊ အင်္ဂရုတ်ချွေ)တို့ရှိလို့ဆင်းခြင်းဖြစ်ပြီး သိနားလည်သူတို့အနေဖြင့် ဖော်ယူအသုံးချနိုင်တဲ့အတွက် မိုးကြိုးသွားနှင့် မဖြတ်သင့်လို့ ဆိုခဲ့ခြင်း ဖြစ်ပါတယ်။

### * မိုးကြိုးသွားနှင့် ဆေးဘက်ဆိုင်ရာအသုံး *

မိုးကြိုးသွားကို ဆေးဘက်မှာ အသုံးပြုလျှင် ကြေး၊ ကျောက် မိုးကြိုးသွားနှစ်မျိုးစလုံးနဲ့ ကုသလို့ရပါတယ်။ အဖု၊ အကြိတ်နှင့် မျက်စိနာခြင်းဝေဒနာတို့ကိုလည်း ကုလို့ရပါတယ်။ ထုံနာကျင်နာ၊ လေငန်းရောဂါဝေဒနာတို့ကို မိုးကြိုးသွားနဲ့ခုတ်ပြီး ကုသရပါတယ်။

ကြွေခွက်၊ ကြွေရည်သုတ်ခွက်၊ ဖန်ခွက်တို့မှာ ရေထည့်ပြီး (၇)ရက်တိတိစိမ်ပြီး မိုးကြိုးသွားစိမ်ရေကို မျက်စဉ်းအဖြစ် ခပ်ပေးရင် အတွင်းတိမ်၊ ရေတိမ်၊ မျက်စိနာ၊ မျက်သားတက်ခြင်းများ ပျောက်ကင်းနိုင်ပါတယ်။ မိုးကြိုးသွားရဲ့အစွမ်းဟာ အမျိုးမျိုးရှိသလို၊ မိုးကြိုးသွားစစ်စစ်ကိုရဖို့ကလည်း အလွန်ခဲယဉ်းလှပါတယ်။

မိုးကြိုးတစ်ကြိမ်ပစ်ပြီးလျှင် အဲဒီနေရာအမှန်ကို မြေအိုးအဖုံး(စလောင်းဖုံး)နဲ့အုပ်ပြီး အပေါ်မှ ဆန်၊ ဆန်ကွဲ(စကွဲ)အုံပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးရပါတယ်။ ကိုယ်နဲ့ ထိုက်ရင်တော့ မိုးကြိုးသွားရပါလိမ့်မယ်။


စိုးယဉ်ထွန်း


www.burmeseclassic.com

www.burmeseclassic.com



# အန္တရာယ်ပြုလွယ်သော မြွေနှင့် မြွေဆိပ်များ



မြွေလို့တစ်မျိုးတည်းခေါ်ပေမယ့် မြွေအမျိုးပေါင်း(၃၀၀) ကျော်ရှိပါတယ်။ ပါဠိသက်သဘောအရခေါ်သောမြွေများမှာ အမှတ်ရခက်ပါတယ်။ ဒါပေမယ့် အနီးစပ်ဆုံးနှင့် လူကို အန္တရာယ် ပြုလွယ်တဲ့ မြွေမျိုးများကိုတော့ သိရှိထားဖို့ လိုအပ်ပါတယ်။

မြွေမှာ အမျိုးများစွာရှိပေမယ့် ထင်ရှားပြီး လူတကာသိတဲ့ လူကို အန္တရာယ်ပြုနိုင်တဲ့ မြွေ(၇)မျိုး ရှိပါတယ်။ ၎င်းမြွေများဟာ အလွန် အဆိပ်ပြင်းကြပါတယ်။

ထိုမြွေ(၇)မျိုးကတော့ -

၁) မြွေပွေး၊ ၂) မြွေဟောက်၊ ၃) ငန်းမြွေ၊ ၄) ငန်းတော်ကျား၊ ၅) ငန်းပုတ်၊ ၆) ငန်းစောင်းမြွေ၊ ၇) သစ်တက်ငန်းမြွေ တို့ ဖြစ်ပါတယ်။

## ၁) မြွေပွေး

မြွေပွေးဟာ မြွေများထဲမှာ အလွန် ကြောက်စရာကောင်း ပါတယ်။ မြွေပွေးဟာ မလှုပ်မယှက်နေတတ်ပြီး လေလာတ်မ



www.burmeseclassic.com

www.burmeseclassic.com





(အထိမခံ)လို့ ပြောရပါမယ်။ ထိလိုက်တာနဲ့ ပေါက်ပြီးသား(ကိုက်ပြီးသား) ဖြစ်ပါတယ်။ မြွေပွေး နေထိုင်တဲ့နေရာ (ကျင်း)ဟာ ပြောင်ချော ရှင်းသန့်ပါတယ်။ အရပ်ဒေသ၊ နေရာထိုင်ခင်းအလိုက် မြွေပွေးဟာ အရောင်ပြောင်းပါတယ်။

ရေထဲမှာ အချိန်ကြာမြင့်စွာ နေနိုင်ပြီး တစ်နေရာထဲမှာ နေတတ်ပါတယ်။ မျိုးတူမြွေမနဲ့သာ သားစပ်ပြီး မြွေပွေးမဟာ ဥ၊ မဥဘဲ အကောင်လိုက်မွေးပါတယ်။ အကောင်အတိုင်းမွေးရာမှာ ပါးစပ်မှထွက်ခြင်း၊ ဝမ်းဗိုက်မှ အကောင်လေးများ ပေါက်ထွက်ကြပါတယ်။

သားပေါက်ပြီးရင် မိခင်မြွေပွေးမဟာ သေဆုံးသွားတတ်ပါတယ်။ မြွေပွေး သားပေါက်လေးတွေကအစ အဆိပ်အလွန်ပြင်းပါတယ်။ အကောင်သေးပေမယ့် အဆိပ်ပြင်းသည်ဆိုတာ မြွေပွေးကို ညွှန်းဆိုခြင်းဖြစ်ပါတယ်။

တစ်ခါက လူတစ်ယောက်ဟာ ကိုယ်ဝန် နေ့စေ့လစေ့ မြွေပွေးမတစ်ကောင်ကိုသတ်ပြီး အင်္ကျီဗိုက်ထဲ ထည့်လာရာမှာ ကံဆိုးစွာ မြွေပွေးလေးများပေါက်လာတဲ့အတွက် ဒီလူ အိမ်လည်းရောက်ရော မြွေပွေးပေါက်လေးတွေကိုက်လို့ သေပါတယ်။


မြွေပွေးဟာ နေရာအကွာအဝေးတော်တော်များများကို ခုန်ပြီးသွားတတ်သလို၊ တခြားမြွေများလိုလည်း တွန့်လိမ်လျောတိုက်သွားတတ်ပါတယ်။ ခွေလျက်နေရင်းမှ ခေါင်းကိုဘယ်ညာယိမ်းပြီး ကိုက်ခဲတတ်ပါတယ်။ ကိုယ်ပေါ်အရေပြားရဲ့အကွက်များဟာ ဆက်နေတတ်သလို၊ အကွက်ပြတ်များလည်း ရှိပါတယ်။

မြွေပွေးရဲ့အဆိပ်ဟာ အအေးဆိပ်ဖြစ်ပြီး မြွေပွေးရဲ့အနေကျစ်မှု၊ လျှင်မြန်မှုနှင့် အအေးဆိပ်ဖြစ်ခြင်းကြောင့် ပိုပြီးအန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com


ကြီးမားပါတယ်။



## ၂) မြွေဟောက်

မြွေဟောက်ဟာလည်း အဆိပ်ပြင်းမြွေမျိုးပဲ ဖြစ်ပါတယ်။ ဒေါသ အလွန်ကြီးတဲ့ မြွေမျိုးဖြစ်ပြီး အမြဲလိုလို ပါးပျဉ်းထောင်၊ မာန်ဖီပြီး အသံပေးတတ်ပါတယ်။ ပေါက် (ကိုက်)တဲ့ အခါမှာ အနောက်ကို အားယူတတ်ပါတယ်။

မြွေဟောက်ရဲ့ထူးခြားမှုက ချေးအရောင်က အဝါဖြစ်ပြီး ပူပြင်းသောအရပ်ဒေသမှာ အဝါရောင်ပျော့ပျော့ရှိပါတယ်။ ကိုယ်ကိုလုံးထွေးနေတတ်ပြီး တွင်းဂလိုင်များကိုဝင်ရင် ကိုယ်ကိုလုံးပြီး ဝင်တတ်ပါတယ်။ ကိုယ်လုံးနဲ့ပွတ်သပ်တာကြောင့် မြွေဟောက်နေတဲ့နေရာဟာ ပြောင်ချောနေပါတယ်။ မျိုးမတူတဲ့ မြွေများကိုလည်း မိတ်လိုက်တတ်ပါတယ်။ မြွေဟောက်အဆိပ်ဟာ အပူဆိပ်ဖြစ်ပြီး ဥ ဥပြီး အကောင်ပေါက်ပါတယ်။

## ၃) ငန်းမြွေ


ငန်းမြွေဟာ ငန်းတော်ကျားမြွေ၊ ငန်းပုပ်မြွေ၊ ငန်းဝါမြွေ၊ ငန်းစောင်းမြွေများနဲ့ အမျိုးတူ အုပ်စုဝင်မြွေဖြစ်ပါတယ်။

## ၄) ငန်းတော်ကျားမြွေ

ငန်းတော်ကျားမြွေဟာ မြွေအတော်များများနဲ့ အရောင် အဆင်းမတူပါ။ အနက်နဲ့အဝါရောင်ကျားဖြစ်ပြီး မြင်လွယ်သော အရောင် ဖြစ်ပါတယ်။ ငန်းတော်ကျားမြွေကို မြွေသူဌေးလို့ခေါ်ပေ

www.burmeseclassic.com

www.burmeseclassic.com

မယ့် အများကတော့ မြွေဘုရင်လို့ပဲ အသိများကြပါတယ်။

ငန်းတော်ကျားမြွေရဲ့ချေးအရောင်ဟာ အမည်းရောင်ဖြစ်ပြီး တွင်းအောင်းပြီး အနေများပါတယ်။ ထူးခြားစွာပင် သူနေတဲ့ နေရာဟာ ပြောင်ရှင်းလွန်းပါတယ်။ ငန်းတော်ကျားမြွေဟာ လူကို ကိုက်လေ့ကိုက်ထ မရှိပါဘူး။

ဒါပေမယ့် ငန်းတော်ကျားမြွေရဲ့အဆိပ်ဟာ မြွေပွေး၊ မြွေဟောက်တို့ရဲ့အဆိပ်ထက် ပိုပြင်းပါတယ်။ ငန်းတော်ကျားမြွေရှိရင် တခြားမြွေများ မလာပါဘူး။ ငန်းတော်ကျားကိုကြောက်ရွံ့လို့ အစာကိုပင် ရှာဖွေပေးရပါတယ်။ အစာမရရင် ငန်းတော်ကျားမြွေရဲ့အစားကို ခံရပါတယ်။ ငန်းတော်ကျားမြွေ ပါးစပ်ဟထားပြီး အစာရှာဖွေမရတဲ့မြွေဟာ အဲဒီပါးစပ်ပေါက်ထဲကိုဝင်ပြီး အစားခံရပါတယ်။

ငန်းတော်ကျားမြွေရဲ့အဆိပ်ဟာ အပုပ်ဖြစ်ပြီး သလိပ်ပုပ်နဲ့တူပါတယ်။ သူ့ရဲ့ချေးအရောင်မှာ ညိုပုပ်ပုပ်အရောင်ဖြစ်ပြီး ကျင်းထဲမှာ အနေများပါတယ်။ ဖက်ရွက်အကြွေအောက်နဲ့ ချုံပုတ်၊ ကျူပင်တော၊ ကိုင်းပြတ်တောတို့မှာ ဝပ်နေတတ်ပါတယ်။


## ၅) ငန်းပုတ်မြွေ

ငန်းပုပ်မြွေဟာ ချုံနွယ်တို့ရဲ့အပေါ်မှာ အနေများပြီး ကိုယ်ပေါ်မှအကွက်က အကွက်ဆက်ဖြစ်ပြီး ငန်းပုပ်မြွေရဲ့ချေးဟာ အဝါရောင်ဖြစ်ပြီး အဆိပ်ကလည်း အပုပ်ပဲ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


## ၆) ငန်းစောင်းမြွေ



ငန်းစောင်းမြွေဟာတော့ အမည်နဲ့ လိုက်ဖက်စွာပင် ဦးခေါင်းက အမြဲ စောင်း (ပါးပျဉ်းခွက်က စောင်း)နေတတ်ပါတယ်။ လူကို လိုက်တဲ့ အခါမှာ ပါးပျဉ်း စောင်းလျက်လိုက်တတ်ပြီး ခေါင်းမစောင်းတဲ့ ဘက်ကို ပြေးလျှင် လွတ်ပါတယ်။ သစ်ခေါင်း၊ ကျောက်ကြားများနဲ့ လယ်ကွက်စပ်ရိုးပြတ်တို့မှာ အနေများပြီး ချေးမှာ အဝါရောင်ဖြစ်ကာ အပုပ်ဆိပ် ဖြစ်ပါတယ်။

## ၇) သစ်တက်ငန်းမြွေ

သစ်တက်ငန်းမြွေဟာ လွန်စွာ အန္တရာယ်ပေးပြီး ကြောက်စရာကောင်းလှပါတယ်။ အေးသောနေရာများမှာ အနေများပြီး သစ်ပင်ကြီးများ၊ ချုံကြီးကြီးများထဲမှာ အနေများပါတယ်။ သစ်ပင်ပေါ်ကနေ လူနဲ့ ကျွဲ၊ နွားများအပေါ်ကို ဖြုတ်(လှန်ချ)တတ်ပါတယ်၊ တစ်ခါတစ်ရံ ရုပ်ရှင်များထဲမှာ သစ်ပင်တွေပေါ်ကနေ မြွေတွေ ဖြုတ်ကျလာတာဟာ သစ်တက်ငန်းမြွေတွေ ဖြစ်ပါတယ်။

သစ်တက်ငန်းမြွေရဲ့အရောင်မှာ သစ်ပင်များ(ပင်စည်များ) နှင့် ခွဲမရပေ။ ချေးအရောင်က အဖြူရောင်ဖြစ်ပါတယ်။ သစ်တက်ငန်းနဲ့ ငန်းပုပ်၊ ငန်းစောင်းမြွေများဟာ လူကိုကိုက်ရင် ညနေစောင်း၊ နေဝင်မိုးချုပ်၊ နွားရိုင်းသွင်းချိန် အချိန်များမှာ အကိုက်များပါတယ်။ ဒီအချိန်မှာ မြွေကိုက်ရင် အဆိပ်က ပိုပြင်းပါတယ်။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မကျွေးညိုမြိုင့်

# နန်းရှေ့ပုဏ္ဏားဘကွန်း
# နှင့်
# တိုက်နွားခံနွား

www.burmeseclassic.com

www.burmeseclassic.com





"နွေခေါင်ခေါင် မိုးကြိုးပစ်သည်"

အချိန်အခါ မကျပါဘဲ။

မမျှော်လင့်ဘဲ၊ မဖြစ်သင့် မဖြစ်ထိုက်ပါဘဲလျက် ဘေးဆိုး ဒုက္ခရောက်လျှင် (နွေခေါင်ခေါင် မိုးကြိုးပစ်ချခံရတာပဲ)လို့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဥပမာပုံ ခိုင်းနှိုင်း၍ ပြောဆိုတတ်ကြသည်။

မိုးကြိုးဆိုသည်ကား မိုးရွာမှ၊ မိုးတိမ်တိုက်ချင်း တိုက်မိ ခိုက်မိရာမှ ဖြစ်ပေါ်တတ်သော ကိစ္စရပ်တစ်ခု ဖြစ်၏။ နွေကာလတွင် မည်သည့်အခါမှ မိုးတိမ်မရှိ။ ထို့ကြောင့် မိုးကြိုးပစ်စရာလည်း အကြောင်း မရှိပေ။

သို့သော် . . ယခုသော် ကျွန်တော့ရှေ့မှာပင် တော်သလင်းလဆုတ်၊ တစ်ရက်နေ့တွင် နွေခေါင်ခေါင်၌ ကျွန်တော်ထိုင်နေသော အိမ်ထဲသို့ ကျွန်တော့်ဦးခေါင်းပေါ်မှ မိုးကြိုးတန်းကြီး အိမ်ထဲဝင်လာသည်ကိုတွေ့ရ၍ ကျွန်တော်ပင် ကြောက်၍ ခေါင်းငုံ့ရှောင်လိုက်မိသည်။


မီးခိုးတန်းကြီးမှာ အိမ်ထဲသို့ရောက်သောအခါ စုစည်းကာ ဘောလုံးကဲ့သို့ လုံးသွားပြီး ကမ္ဘာကြီး မိမိ၏ဝင်ရိုးတန်းပေါ်တွင် လည်သကဲ့သို့ တစ်နေရာတည်းမှာရပ်၍ လည်နေ၏။

စက္ကန့်ဝက်မျှကြာသော ထိုမီးလုံးကြီးမှာ အိမ်ထဲသို့ အခန်းစေ့ ပတ်ချာလှည့်ကာ လည်ပတ်နေပြန်သည်ကို အိမ်ရှင်များ ကြောက်လန့်ပြီး ထွက်ပြေးပါသော်လည်း အထူးအဆန်းဆိုလျှင် စိတ်ဝင်စားသော ကျွန်တော်မှာ ထိုင်ရာမှ မထမိ။ ကြောက်၍ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နေမိ၏။

မီးလုံးကြီးမှာ အိမ်ဦးခန်းဘက်သို့ ပြန်ထွက်လာပြီးနောက် ရပ်သွားပြီး မီးပွားများအဖြစ် ပြောင်းလဲသွားပြီးသကာလ အိမ်ခန်းကြီးတစ်ခန်းလုံး မီးတုတ်ဖြင့်ပစ်၍ ရှို့လိုက်သကဲ့သို့ အိမ်ထရံနှင့် ဝါးကြမ်းပျဉ်များပေါ်သို့ ကျရောက်ပြီး အိမ်ကို မီးစတင်၍ လောင်လေတော့၏။

"ဆရာညိုစိမ့် . . ဘာလုပ်နေတာလဲ၊ ဆင်းခဲ့တော့လေဗျာ"

အိမ်ရှင်မောင်ပေစိက ကျွန်တော့ကို အိမ်ပေါ်မှဆင်းခဲ့ရန် ဖွတ်လှမ်းခေါ်မှ ကျွန်တော်လည်း သတိပြန်ဝင်လာပြီး အိမ်ပေါ်မှ ဆင်းပြေးခဲ့ရသည်။

တော်တော်တော့ ထူးဆန်းလှ၏။ ဤမီးလုံးကြီးမှာ သစ်ပင်ကြို၊ သစ်ပင်ကြားမှထိုးထွက်လာပြီး မောင်ပေစိ၏အိမ်ထဲသို့ ဝင်လာခြင်းဖြစ်၏။

"မီးလောင်နေပြီဟေ့"

"ပေစိအိမ် မီးလောင်နေပြီ"

"ဒေါင် . . ဒေါင် . . ဒေါင်"

ရွာသားများသည် တနိုင်တပိုင် ရေပုံးများဖြင့် ရေကိုယူ၍ ပေစိ၏အိမ်သို့ ဝိုင်းပက်ကြသည်။ ရေစည်လှည်းများလည်း ရောက်လာ၏။ ထိုရွာမှာ မကွေးမြို့နှင့် တောင်တွင်းမြို့သို့သွားသောလမ်းပေါ်တွင်ရှိပြီး မကွေးမြို့နှင့် (၁၅)မိုင်ဝေးသည်။


www.burmeseclassic.com

www.burmeseclassic.com


လှည်းလမ်းသာရှိ၍ ကားဝင်၍မရ။ သို့သော် ထူးဆန်းသည်က အနီးနားကအိမ်များကို မီးက မကူး။ ပေစီရဲ့အိမ် တစ်အိမ်တည်းကိုသာ လောင်နေခြင်းဖြစ်၏။

"တော်ကြပေါ့ . . ရေနဲ့ မပက်ကြနဲ့တော့၊ ဘယ့်နယ် . . ထူးဆန်းလိုက်တာ . . ရေနဲ့ပက်တာ ဓာတ်ဆီနဲ့ပက်သလို ပိုပြီးသာ လောင်နေတော့တာပဲဟေ့"

ရွာစော်ဦးလှက ပြောသဖြင့် ရွာသားများ ရေပက်ခြင်းအလုပ်ကို ရပ်လိုက်ကြ၏။ ပြောမည်ဆိုလည်း ပြောလောက်သည်။ မီးလောင်ပုံက ထူးဆန်းသည်။ အိမ်တစ်အိမ်လုံး မီးလောင်ပါသော်လည်း မီးညွန့်က မတက်။ အိမ်အတွင်းလိုက်၍ လောင်သွားခြင်းသာ ဖြစ်၏။

"နင်တို့နဲ့ မဆိုင်ဘူး၊ ငါ့အလုပ် ငါလုပ်နေတာ"

ဟု ပြောနေသကဲ့သို့ ပေစီ၏အိမ် ကုန်သွားသောအခါ မီးငြိမ်းသွားလေ၏။

"ဟေ့ကောင် . . ပေစီ၊ မင်းအိမ် မီးလောင်ပုံက ဆန်းလှတယ်ကွာ။ ငါတို့ရွာလယ် ဓမ္မာရုံခေါင်မိုးပေါ်ကနေ မီးလုံးကြီးက လေပူဖောင်းကြီးလို တက်လာပြီး ကောင်းကင်ထဲမှာ ချာချာလည်နေသေးတယ်"

"တော်တော်ကြာတော့ မီးတန်းကြီးလိုဖြစ်ပြီး မင်းအိမ်ကို တည့်တည့်မတ်မတ် ဝင်သွားတာပဲဟေ့ . . ငါတို့အုပ်စု အန်စာတုံးကစားနေရင်းက ကြည့်နေတာ၊ မိုးခြိမ်းသံမကြားရဘဲ နွေခေါင်ခေါင် ပေစီအိမ် မိုးကြိုးပစ်ပြီလို့ပြောပြီး ငါတို့ ရယ်နေကြတာကွ၊ ထူးမှထူးပဲဟေ့"

"ဟုတ်တယ် . . မောင်ပေစီ၊ မင်းအိမ် မီးလောင်ပုံကတော့ ဂရင်းနစ်စံတော်ချိန်စာအုပ်ထဲမှာတောင် ထည့်ထားရမလိုပဲကွ၊ မင်းအိမ်လည်းကုန်ရော မီးလည်းငြိမ်းရော။ ထူးမှထူးပဲဟေ့"

ရွာသားတစ်ယောက်က ထောက်ခံသည်။

"မဟုတ်မှလွဲရော"


"မင်းပြောမှလား မဟုတ်မှတော့ လွဲပြီပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com





"ဟော . . ဒီကောင် တားကောင်း ပြော သေ့ကြုံ ဝင်နောက် ပြီ၊ ငါပြောချင် တာက ပေစီ အိမ် ပုဏ္ဏကတိုက်ခံရ ပြီ ထင်တယ်ကွ"

"ဟေ့ ကောင် . . အောင်ဘ၊ ပုဏ္ဏကတိုက်တယ်ဆိုတာက အိမ်ကို ခဲနဲ့ပေါက်တာကွ၊ မီးဆိုရင် လည်း ဟိုနေရာ တစ်ကွက်၊ ဒီနေရာ တစ်ကွက် လောင်တာ။ အခုလို ပြာကျအောင် မလောင်ဘူး။ အခုဟာက ဘာမှန်းကို မသိဘူး။ ဆန်း မှ ဆန်းပဲဟေ့"

"ထွန်းထွန်းပြောတာ မှန်တယ်ကွ၊ ဒါ ပုဏ္ဏကတိုက်တာ မဟုတ်ဘူး။ ဒီကောင် တစ်ခုခု မဟုတ်တာလုပ်ထားလို့ စုန်းပြူစား တာဖြစ်မယ်"

"အေး . . ဟုတ်တယ်၊ ဒီကောင်က ခပ်ရှုပ်ရှုပ်ရယ်၊ ဒါနဲ့ ဆရာညိုစိမ့် . . ခင်ဗျားတပည့် ချင်းရွာ တစ်ရွာရွာမှာ တစ်ခုခုလုပ်ခဲ့ ပြီထင်တယ်။ ဆရာကောင်း၊ သမားကောင်းနဲ့ ပြကြည့်စမ်းပါဦး"

ရွာလူကြီးဦးသာဗျောက ကျွန်တော့ကိုပြောသည်။

ကျွန်တော်လည်း ခပ်ကြောင်ကြောင် ဖြစ်နေ၏။ ဦးသာဗျော ပြောမှ ကျွန်တော် သတိရမိသည်။ ပေစိက လူရှုပ်၊ မိန်းမပွေသည်၊ ရွာတစ်ရွာရောက်သွားတာနဲ့ ပွဲဈေးတန်းက မိန်းမတစ်ယောက် ယောက်ကို ထိတော့၊ ငြိတော့သည်။

"ထိပြီ၊ ငြိပြီ" ဆိုတာနဲ့ ဒီကောင်က အလွတ်မပေး။ လင် ယောက်ျားကိုစွကို အပြတ်ရှင်းတတ်သည်။ လူက ငယ်သည်။ ရုပ်ချော သည်။ ကျွန်တော့ဇာတ်မှာ သူက လူရွှင်တော်ခေါင်းဆောင်။

ပွဲကြည့်ပရိတ်သတ်က သူထွက်လာနဲ့ ရယ်သည်။ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုကတည်းက ပြောင်ချော်ချော်နဲ့ ထွက်လာတတ်ရာ အောက်က ဆိုင်းဆရာများကလည်း သူ့အထာသိပြီးမို့ ပက်မကြီး၊ လကွင်းနှင့် ခြောက်လုံးပတ်သမားတို့က အစို့အပို့ကလေးများဖြင့် ဝွင်ကျကျပို့ပေးတတ်ကြရာ ပရိတ်သတ်က ဟားကနဲ၊ ဝါးကနဲ ဖြစ်ကြရသည်။

ဒီတော့ လူရွှင်တော်အားလုံးထဲမှာ သူ့ကိုပဲ သတိထားမိကြသည်။ "ဈေးသည်အစ၊ ဇာတ်သမအလယ်၊ ဇာသည်အဆုံး"ဆိုသည့်စကားပုံကို ကြားဖူးကြမည်ထင်သည်။ အမှန်တော့ ဈေးသည်ရယ်၊ ဇာတ်မင်းသမီးရယ်၊ ဇာသည်ရယ်ဟာ အတူတူပဲလို့ ပုံနိုင်းထားခြင်းဖြစ်၏။

အထူးသဖြင့် ဇာတ်ပွဲများကရာတွင် လာရောင်းကြသော ကွမ်းယာသည်၊ ထမင်းဆိုင်၊ အရက်ဆိုင်မှ အမျိုးသမီးများ၊ (၁၂)ပွဲတော် ဈေးသည်အများစုမှာ ထိုကိစ္စများကို အလွန် ယဉ်ပါးကြသူများဖြစ်ကြ၏။

ကျွန်တော် ဇာတ်ထောင်စဉ်ကာလမှာ သူ့ကို လူကြိုက်များသဖြင့် သူ့ကို ဦးစားပေးထားရာ သူက ဒီအခွင့်အရေးကိုယူ၍ မွှေချင်တိုင်း မွှေနေသူဖြစ်သည်။ ကိုယ့်ဇာတ်ထဲက မင်းသမီးအချို့ကိုလည်း သူ မလွတ်။ ပွဲဈေးတန်းက မိန်းမဆိုလည်း သူမလွတ်။

ပြီးခဲ့တဲ့လက ကျွန်တော့ဇာတ်(လက်ပံတံခါးရွာ)မှာ ကခဲ့သည်။ "လက်ပံတံခါးရွာ"ဆိုသည်က မင်းဘူးမြို့ အနောက်ဘက် (ပဒန်း)ဆိုသည့် ချင်းရွာကြီး၏တောင်ဘက်၊ ပုသိမ်-မုံရွာလမ်းမကြီးဘေး။ ရခိုင်ရိုးမတောင်ခြေတွင်ရှိသော ချင်းရွာကြီး ဖြစ်သည်။

ထိုရွာတွင် ချင်းတစ်ဝက်၊ မြန်မာတစ်ဝက်နေကြသည်။ မြန်မာက စစ်မှုထမ်းနှင့် ရဲတပ်ဖွဲ့တို့၏ မိသားစုများဖြစ်သည်။ လက်ပံတံခါးရွာက ချင်းရွာပီပီ ဘာလောင်းကစားမှ မရှိ။ အစိုးရအရာထမ်း၊ အမှုထမ်းတို့မှာ အပိုဝင်ငွေ၊ လာဘ်ဝင်ငွေ မရှိသဖြင့် လစာနဲ့ စားဝတ်နေရေး ဖူလုံအောင် ခြိုးခြံချွေတာပြီး သုံးကြရသည်။

ရဲတပ်ကြပ်ကြီး ဦးဘထွေးတွင် သမီးကလေးဝွမ်းဝိုး ဆိုတာရှိ၏။ ဝွမ်းပုံသည် ကျောင်းစာမသင်တော့ဘဲ ရဲစခန်းအပေါက်ဝ



www.burmeseclassic.com

www.burmeseclassic.com





တွင် ကွမ်းယာရောင်းသည်။

ကျွန်တော့ဇာတ် လက်ပံတံခါး ရွာတွင် ဘုရားပွဲအတွက် (၅)ည က ရ၏။ ကျွန်တော့ဇာတ်မှာ မုံရွာ-ပုသိမ်လမ်းမကြီးဘေး ယာကွက်ကြီးထဲတွင် ဇာတ်ခုံထိုး၍ ကရသည်။ လက်ပံတံခါးရွာ နှင့် ခြံစည်းရိုးပဲခြား၏။

ဖြစ်ချင်တော့ ဂွမ်းပုံသည် ကျွန်တော်၏ ဇာတ်လက်မှတ် ရောင်းသောနေရာတွင် ကွမ်းယာလာရောင်းရာတွင် ပေစိနှင့် တွေ့ကြလေ၏။ ခြေမြန်လက်မြန် ပေစိသည် အတွေ့အကြုံ လုံးဝမရှိသော ရိုးသားသည့် တောသူကလေးဂွမ်းပုံကို အတွေ့ထူးများ ပေးလိုက်ရာ ဒုက္ခရောက်တော့သည်။

ဂွမ်းပုံ၏အဖေသည် ရဲပီပီ . . ပေစိအား မုဒိန်းမှုဖွင့်၍ ဖမ်းလေတော့၏။ ထိုအခါ ကျွန်တော်သည် ပေစိမပါလျှင် နောက်ကမည့် နေရာများတွင် ဒုက္ခလှလှတွေ့ရတော့မည် ဖြစ်သဖြင့် ကြားဝင်ရတော့၏။

ပေစိနှင့် ကျွန်တော် ကံကောင်းသည်က ဂွမ်းပုံသည် ပေစိကို မရပါက ကိုယ့်ကိုကိုယ်သတ်၍ သေမည်လုပ်နေသဖြင့် အဖေက မုဒိန်းမှုကို ရုတ်သိမ်းပြီး ဂွမ်းပုံကို ပေစိနောက်သို့ ထည့်လိုက်ရတော့၏။

"ခွေးမြီးကောက် ကျည်တောက်စွပ်"ဆိုသကဲ့သို့ပင် ပေစိသည် သူ၏ရုပ်ပွေသော စရိုက်ကို မဖျောက်။ ဂွမ်းပုံရှေ့မှာပင် ရွာသူများ၊ ဇာတ်တွင် ဈေးရောင်းသူများနှင့် ရှုပ်ပွေနေတတ်သည့်အငြင်မသားကြီးပါရှိနေသည်ကို ဂွမ်းပုံသိသွားလေရာ ဂွမ်းပုံသည် လက်ပံ



www.burmeseclassic.com

www.burmeseclassic.com


တံခါးရှာ သူ့မိဘများရှိရာသို့ ပြန်သွားလေ၏။

ပြန်မည့်ရက်တွင် ဂွမ်းပုံက -

"ဇာတ်ဆရာ ရှင့်တပည့်ကိုပြောလိုက် . . ဂွမ်းပုံဆိုတဲ့ မိန်းမ က တခြားမိန်းမတွေလို ငြိမ်ခံနေမှာ မဟုတ်ဘူး။ သူ သောက်ကျင့် မပြင်သမျှ ဒုက္ခလှလှရောက်အောင် လုပ်ပြမယ်"ဟု ကြိမ်းမောင်း၍ ပြောဆိုသွားခဲ့၏။

ကျွန်တော်လည်း ဂွမ်းဘုံပြောခဲ့သောစကားကို ပေစိအား သတိထားရန် ပြန်ပြောပြသော်လည်း ပေစိက ဂွမ်းပုံ၏စကားကို ဖင် ကြားတောင် မညှပ်။ ရှုပ်မြဲတိုင်း ရှုပ်၊ ပွေမြဲတိုင်း ပွေနေ၏။

ပေစိအိမ် ရွားပင်လှရွာသို့ ကျွန်တော်ကိုယ်တိုင် ပေစိကို လာခေါ်ရာမှ ဤမီးလောင်သည့်ကိစ္စနှင့် ကြုံတွေ့နေရ၏။ ရွာလူ ကြီး ဦးသာဗျော၏ စကားကိုကြားရမှ လက်ပံတံခါးရွာက ဂွမ်းပုံကို အမှတ်ရမိ၏။

အထူးသဖြင့် ဂွမ်းပုံ ကျွန်တော့ကိုပြောခဲ့သောစကားကို အမှတ်ရပြီး ကျွန်တော် ကြောက်ဒူးတုန်မိသည်။ ဤသို့ဖြင့် ဇာတ် လမိုင်းပွဲပေးရန်အတွက် ကျွန်တော် ပေစိကို မကွေးသို့ခေါ်ခဲ့သည်။

ကျွန်တော်တို့ဇာတ်ထုံးစံမှာ ဇာတ်ပွဲမထွက်မီ ဇာတ်မတိုက် မီ ကျွန်တော်၏ဇာတ်တွင် ဤပုဂ္ဂိုလ်များ ပါ.ပါသည်။ ဘေးရန်ကင်း အောင် ဆောင်ရွက်ပေးပါဟု ကားစွဲမှအစ ခေါင်းဆောင်မင်းသား၊ မင်းသမီး၊ ဆိုင်းဆရာများပါ စုံလင်စွာဖြင့် နတ်လမိုင်းပွဲတင်မြှောက် ပသပူဇော်ကြရသည်။


ကျွန်တော်တို့နစ်ယောက် . . ကျွန်တော့အိမ်လမ်းထဲဝင် သည်နှင့် ကျွန်တော့အိမ်မှ နတ်ဆိုင်းသံကြားနေရသည်။

"လမိုင်းပွဲက မနက်ဖြန်မှလုပ်မှာပါ။ ငါမရှိဘဲ မိန်းမ ဘာ တွေလုပ်ပါသလဲ"

လို့ ပေစိကိုပြောပြီး အိမ်ကိုရောက်ချင်ဇောဖြင့် ပြေးရာ လားလား နတ်ရုပ်တွေရှေ့မှာ ဆံပင်စုတ်ဖွား၊ မုတ်ဆိတ်မွေး၊ နှုတ် ခမ်းမွေးက ဗလဗျစ်။ အဝတ်က အညိုရောင် မွဲညစ်ညစ် ဝတ်ဆင်


www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ လူတစ်ယောက် မိန့်မိန့်ကြီး ထိုင်နေတာတွေ့ရသဖြင့် ဒေါပွကာ က္လောပ်ထဲသို့ ကျွန်တော် အပြေးဝင် လာမိတော့၏။

ကျွန်တော် ဒေါသတကြီး ဝင်လာသည်ကိုတွေ့ရသော ကျွန်တော့ မိန်းမနှင့် ဇာတ်သမားများက ထိတ်လန့်သွားကြပါသော်လည်း ထိုမုတ်ဆိတ်မွေး ဗလဗျစ်လူက ကျွန်တော် ဝင်လာသည်ကိုပင် ဂရုမစိုက်ဘဲ ကျွန်တော့အား မိတ်ဟောင်းဆွေဟောင်း အပေါင်းအသင်း တစ်ယောက်ကို တွေ့ရသည့်အလား ကျွန်တော့အား ဆီးကြိုလျက် -

"ဟ . . ညီစိမ့် . . ငါမင်းကို စောင့်နေတာ ၊ ငါ့မှာ နည်းကောင်းတွေ အများကြီးရခဲ့တယ်။ ဒီနှစ် မင်းတို့ဇာတ်တော့ ကေ လွန်းလို့ ငြီးယူရမယ်ဟေ့"

လို့ အဲဒီလူကြီးက ပြောလိုက်တော့မှ အသံကို မှတ်မိပြီး ကျွန်တော်ဝမ်းသာအားရ နှုတ်ဆက်လိုက်မိပါတော့တယ်။

"ဟာ! . . နန်းရှေ့ပုဏ္ဏားဘကွန်းကြီးပါလား။ ခင်ဗျား ဘယ်မှာ သွားနေတာလဲ။ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေ၊ ဆံပင်တွေတောင် မပြုမပြင်ဖြစ်နေရအောင် ဘာတွေ အလုပ်ရှုပ်နေလို့လဲဗျ"

လို့ပြောပြီး ဝမ်းသာအားရနဲ့ သူ့ရှေ့ကိုသွားပြီး ထိုင်မိတယ်၊

"ဟကောင် . . ငါ သစ်တံခါး ဆရာတော်ဘုရားထံမှာ ဝါတွင်း သုံးလပတ်လုံး ဝဇီပိတ်တရား သွားကျင့်နေတာကွ။ ဂူအောင်းနေတယ်ဆိုပါတော့ကွာ၊ အခု ငါ့ပုံသဏ္ဌာန်က ဆန်းမနေဘူးလား"

"ဆန်းဆို . . ခင်ဗျားကြည့်ရတာ ပုဂံခေတ်က အရည်းကြီး


www.burmeseclassic.com

www.burmeseclassic.com


နဲ့ တူနေတယ်ဗျ"

"နို့ နေစမ်းပါဦး . . မင်းက အရည်းကြီးတွေကို မြင်ခဲ့ဖူးလို့လား"

"ကျွန်တော်တို့သင်ကြားရတဲ့ သမိုင်းထဲကရုပ်လုံးကို ပုံဖော်ကြည့်ရတာပေါ့ဗျ"

"ဟကောင် . . မင်းမတိုးတက်တာ လေဖမ်းဝါးရမ်းချည်တဲ့ အကျင့်ကြောင့်ပဲကွ၊ မှတ်ထား . . ပြောစကားနဲ့ မယုံနဲ့၊ ကိုယ်တွေ့ကြမှပြော၊ ကိုယ်တွေ့ကြမှ ယုံကွ"

"ဒါနဲ့ . . မင်းတပည့်က ဘာဖြစ်နေတာတုန်း။ မျက်ခွက်ကိုက အီးမှန်ထားတဲ့ပုံစံနဲ့ . . မရွှင်လန်းပါလားကွ။ ဘာလဲ . . မင်းခေါ်လို့သာ လိုက်လာရတာ စိတ်ထဲက လိုက်ချင်ပုံမပေါ်ဘူး"

"အေး . . လူဆိုတာ ဒါပဲကွ။ သူများ ပိုက်ဆံယူပြီး အလုပ်ကြတော့ တန်အောင် လုပ်မပေးချင်ကြဘူးကွ"

နန်းရှေ့ပုဏ္ဏား ဘကွန်းကတော့ သူထင်ရာ စွတ်ပြောနေပြီ။ ကြာရင် စကားတွေ ဖောင်းဖြစ်လာမှာစိုးလို့ ကျွန်တော်က ပိတ်ပြောလိုက်တယ်။

"နန်းရှေ့ကြီး ထင်ရာတွေ စွတ်ပြောမနေနဲ့ဦး၊ ဒီနေ့ ဒီကောင့်အိမ် မီးလောင်သွားလို့ စိတ်မကောင်းဖြစ်နေတာ၊ ဗေဒင်လေးဘာလေး ကြိုတွက်ကြည့်ပြီးမှ ကိုယ်ပြောချင်ရာပြောပါဗျ"

"ဘာတွေဖြစ်လာလို့လဲ"

"နွေခေါင်ခေါင် မိုးကြိုးပစ်ချခံရပြီး အိမ် လောင်မီးကျသွားလို့ဗျ"

"ဘယ်လို . . ဘယ်လို ငါရှင်းအောင် ပြောပြစမ်းပါ"


"ဒီလို . . ဆရာနန်းရှေ့ရဲ့"ဆိုပြီး ကျွန်တော့မျက်မြင်ကိစ္စတွေ ကျွန်တော်က ပြောပြလိုက်တယ်။ နောက်ပြီး ရွာသားတွေရဲ့ ထင်ကြေးကိုလည်း ပြောပြလိုက်တော့ ဆရာနန်းရှေ့က -

"ဟကောင် . . အဲဒါ ပုဏ္ဏကတိုက်တာ မဟုတ်ဘူး။ ပုဏ္ဏက တိုက်တဲ့မီးက တစ်အိမ်လုံး မီးမလောင်ဘူး။ ဟိုနားကွက်ကွက်၊


www.burmeseclassic.com

www.burmeseclassic.com





ဒီနွားကွက်ကွက် လောင်တာ"

"ဒါဖြင့် အခုဟာက ဘာဖြစ်တာလဲ။ ဆရာနန်းရှေ့"

"တိုက်နွား လွှတ်လိုက်တာကွ"

"ဗျာ! . ."

"မင်းတပည့်ကို တစ်ယောက်ယောက်က မကျေနပ်လို့ အိမ်ကို တိုက်နွားလွှတ်လိုက်တာ ခံလိုက်ရတာ"

"ဟာ! . . ဆရာနန်းကတော့ လုပ်ပြီ။ ကောင်းကင်ပေါ်က မီးလုံးကြီး အိမ်ထဲဝင်လာတာဗျ၊ ဘာနွားမှ မလာဘူး"

"အသိခေါက်ခက်၊ အဝင်နက်တဲ့ကွ။ ငါတို့ ဂမ္ဘီရလောကမှာ သိပ္ပံပညာတွေ လိုက်မမှီတဲ့ လောကီပညာရပ်တွေ အများကြီးပဲ၊ ဒါတွေ အကုန်သိအောင်ဆိုပြီး ငါလိုက်လေ့လာနေတာ . . ဒီမယ် ကြည့် . . မင်းကိုပြမယ်"

နန်းရှေ့ပုဏ္ဏားဘကွန်းက ကျွန်တော့ကိုပြောရင်း လွယ်အိတ်ထဲက ပစ္စည်းတွေ ထုတ်လိုက်တယ်။ ပစ္စည်းက တခြား မဟုတ်ပါဘူး။ နွားရုပ်ကလေး နှစ်ရုပ်ပါ။ တစ်ကောင်က စစ်စီးအရောင်၊ နက်နီအရောင်။ တစ်ကောင်က နီညိုအရောင်။ နွားနှစ်ကောင်ရဲ့ အရွယ်က တစ်လက်မခွဲလောက်ပဲ ရှိတယ်။

"ဒီအကောင်က တိုက်နွား"

နက်နီစစ်စီးအရောင်ရှိတဲ့ နွားကို "တိုက်နွား" လို့ပြတယ်၊ တစ်ကိုယ်လုံး အနက်၊ မျက်လုံးတွေက အတွင်းသား အနီရောင်၊

www.burmeseclassic.com




ခေါင်းကို အောက်မှာ ဆင်းထားပြီး ရှေ့ ခြေနှစ်ချောင်းက ခွာ ယက်နေတဲ့ပုံ၊ နောက် ခြေနှစ်ချောင်းက ချွန် မြနေတာပဲ။ ရှေ့ကို တိုက်ဖို့ မာန်ဖီနေတဲ့ပုံ။

"ဒီနွားက ခံနွား" နီညိုအရောင်နဲ့ ပန်းပုထုထားတဲ့ နွားပုံကိုတော့ "ခံနွား"လို့ ပြောတယ်။ သူ့ချိုတွေကလည်း ချွန်ထက်နေတယ်။ ဒါပေမယ့် သူ ကတော့ ခေါင်းကို အနေတော်ထားပြီး တစ်ဘက်က ရန်သူ့နွားကို စောင့်ပြီး ခုခံဖို့ အဆင်သင့်ပြင်နေတဲ့ပုံ။

"ဆရာနန်းရယ် .. ဒီနွားရုပ်မျိုးတွေကတော့ ကျောင်းတော်ရာ ဘုရားဈေးမှာ လိုချင်သလောက် ဝယ်လို့ရပါတယ်ဗျာ"

လို့ ကျွန်တော်က ပြောမိတယ်။ ဟုတ်တယ်လေ။ ကျောင်းတော်ရာမှာ (ဆုတောင်းစား) သူတောင်းစားတွေက ဒီလိုအရုပ်တွေကို သစ်သားနဲ့လည်း လုပ်တယ်။ ရွှံ့စေးနဲ့လည်း လုပ်တယ်။ အချိန်မရွေး ဝယ်လို့ရတယ်လေ။ ဒီလိုနွားရုပ်တွေက ပုဂံမှာဆို ပေါမှပေါပဲ"

"မင်းကတော့ လူ့ကပ်ဖဲ့ပီပီ ပြောတော့မယ်။ ကျောင်းတော်ရာ ဘုရားဈေးမှာပဲလားကွ၊ ရွှေတိဂုံဘုရားအရှေ့ဘက် စောင်းတန်းမှာလည်း ရပါတယ်ကွ၊ အရုပ်ချင်းတူပေမယ့် ထုလုပ်တဲ့ပစ္စည်းက မတူဘူးကွ၊ ဒီ ခံနွား၊ တိုက်နွားတွေကို အစီအရင်တွေနဲ့ လုပ်ရတာ"

"ဟဲပါ ဆရာနန်းရယ် .. ဒိုင်လျှိုမနေစမ်းပါနဲ့၊ ဒီပစ္စည်းတွေကို ဘာနဲ့ဖော်စပ်ရသလဲဆိုတာ ရှင်းပြစမ်းပါဦး"

ကျွန်တော်က မရှင်းလို့ မေးမိတယ်။

"ဒီအစီအရင်တွေက တော်တော် အောက်တန်းကျတဲ့ အောက်လမ်းဆရာတွေနဲ့ စက်တစ်ဆယ့်နှစ်စက်နိုင်တဲ့ စုန်း၊ ထဘီခြုံလိုက်ရင် လင်းတဖြစ်တဲ့စုန်းတွေမှ လုပ်လို့ရတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အော် . . ဆရာ နန်းရယ်၊ စုန်းဆိုမှတော့ အတူတူပဲ မဟုတ်လားဗျ"

ကျွန်တော်က မရှင်းလို့မေးမိတယ်။

"အေး . . မင်း ဗဟုသုတရအောင် ပြောပြမယ်။ တို့မြန်မာပြည်မှာ စုန်း(၇)မျိုးရှိတယ်ကွ"



"၁) ခြေစုန်း၊
၂) ခေါင်းစုန်း၊
၃) ကိုယ်စုန်း၊
၄) မောက်လုံး၊
၅) မောက်ပြား၊
၆) ဇော်ဂနီလို့ခေါ်တဲ့ အိမ့်တလိမ့်စုန်း၊
၇) ကဝေမြှောက်စုန်း"

"အဲဒီစုန်းက နံပါတ်(၆)ဖြစ်တဲ့ အိမ့်တလိမ့်စုန်းနဲ့ တူတယ်။ စွမ်းတယ်။ အထူးသဖြင့် နတ်ကတော် အစွမ်းထက်လာရင်လည်း စုန်းဖြစ်တာပဲ။ ဒီအလုပ်က နတ်ကတော်တွေက ပိုစွမ်းတယ်"

"ခြေစုန်း၊ ခေါင်းစုန်းနဲ့ ကိုယ်စုန်းက လူသေအောင် မလုပ်နိုင်ဘူး။ ကျန်တဲ့စုန်းတွေက လူသေအောင် လုပ်နိုင်တယ်"

ဟု နန်းရှေ့ပုဏ္ဏားဘကွန်းက ဆက်ပြောတယ်။

"ဒီ တိုက်နွားနဲ့ ခံနွားကို ငါ ယောနယ်ဘက်သွားတုန်းက ကဝေမတစ်ဦးအကူအညီနဲ့ စီရင်ခဲ့တာ၊ ဘာမှတော့ စမ်းမကြည့်ရသေးဘူး။ မင်းတပည့်ကို အကြောင်းပြုပြီး ငါ စမ်းကြည့်မယ်"

လို့ နန်းရှေ့ပုဏ္ဏားဘကွန်းက ပြောတယ်။

ကျွန်တော်လည်း အစီအစဉ်ကို ဘယ်လိုစီစဉ်တာလဲဆို



www.burmeseclassic.com

www.burmeseclassic.com


တာ သိချင်လို့ စီစဉ်နည်းကို ပြောပါဦးဆိုတော့ နန်းရှေ့ပုဏ္ဏားကွန်းက အောက်ပါအတိုင်း ဆက်ပြောတယ်။

"တိုက်နွားနဲ့ခံနွားကို စီရင်မယ်ဆိုရင် အခုပြောတဲ့ပစ္စည်းတွေ လိုတယ်"

"ကိုယ်ခန္ဓာ၊ စီရင်သူရဲ့ကိုယ်ခန္ဓာ ရင်ညွန့်ချေး(ချီး)၊ ခြေဖဝါးချေး(ချီး)၊ လျှာချေး (ချီး)၊ နတ်ရဲသစ်ပင် (ညောင်ပင်၊ ကုက္ကိုု၊ တမာ၊ကျွန်း)စတဲ့ နှစ်ရှည်အပင်ရဲ့အသား၊ လူသိများတဲ့ သင်္ချိုင်းမြေ (ဥပမာ- ထိန်ပင်သင်္ချိုင်း၊ ကြံတောသင်္ချိုင်း)ကိုးခုရဲ့မြေ၊ လင်းတငှက်ချီး(ချေး)။ ခုခေတ်က လင်းတ ရှားတယ်။ တိရိစ္ဆာန်ဥယျာဉ်တွေမှာတော့ ရှိတယ်။ တန်ခိုးကြီးဘုရားများရဲ့ ဂြိုဟ်ရှစ်ခွင်မှ ပန်းပေါင်းစုံနဲ့ ညောင်စာတွေကိုစုပြီးထောင်းပြီးမှ အမှုန့်တွေကို နွားရုပ်ထုရတာ"

"ဆရာနန်း . . ညောင်စာဆိုတာက ဘာကိုပြောတာလဲ"

"ညောင်စာဆိုတာက ညောင်ပင်ကိုတိုက်တဲ့ လှူစာမှုန့်ကိုပြောတာ။ အဲဒီညောင်ပင်က ကိုယ်တိုင် မခုတ်ရဘူး။ ပွဲတကျလို့ခေါ်တဲ့ သူ့အလိုလိုလဲတဲ့အပင်က သူများတိုက်ထားတဲ့ လှူစာကိုယူရမှာ"

"ကိုယ်တိုင်မဟုတ်ဘဲ သူများခုတ်တဲ့၊ သူများတိုက်တဲ့ ညောင်ပင် လှူစာမှုန့်။ တစ်ခုရှိတာက ကိုယ်က ဒီညောင်ပင်ကလေးခုတ်ပေးပါလို့ မပြောရဘူး။ အကြောင်းတစ်ခုခုကြောင့် ကိုယ်မသိဘဲခုတ်တဲ့ ညောင်ပင်ဖြစ်ရမယ်"

"အဲဒီပစ္စည်းတွေစုမိပြီဆိုရင် ထောင်းပြီး နွားရုပ်ထုရတာ။ နွားရုပ်ဖြစ်သွားပြီဆိုရင်တော့ နေရာသုံးနေရာမှာ အစွမ်းထက်ဖို့ ဂါထာစုတ်ရတယ်။ ရွတ်ဖတ်ရမယ့်နေရာများက"

"အမြင့်ဆုံးနဲ့ အထင်ရှားဆုံးတောင်၊ ဥပမာ - ပုပ္ပားတောင်မကြီးနဲ့ ဖွဲကပင်တောင်မျိုး"

"တန်ခိုးအကြီးဆုံးဘုရား ဥပမာ - ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ပြန်တော်ပြန်ဘုရား စသည်ဖြင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးအချက်က လမ်းလေးခွအဆုံမှာ ဂါထာကို (၁၀၈) ခေါက်ရွတ်ရမယ်"

"ရွတ်ရမယ့် ဂါထာကရော . . ဆရာ"

"အေး . . ရွတ်ရမယ့်ဂါထာက

ဦ| က္ကတိ အရဟာ ဉာဏံအဝိ။

ဦ| က္ကတိ အရဟံ အဝိဉာဏကသြတံ။

သဝိဉာဏက သမ္မာအံအံ . . သြသထံ"လို့ ရွတ်ဆိုရမယ်၊

အဲဒီ တိုက်နွားနဲ့ခံနွားက ပင်လယ်နားနီးတဲ့ မြို့နယ်တွေမှာ သုံးလို့မရဘူး။ အထူးသဖြင့် မြန်မာပြည်အောက်ပိုင်းမှာ ရေကြီးလို့ သုံးမရဘူး။ ကုန်းမြေတွေဖြစ်တဲ့ မြန်မာပြည်အလယ်ပိုင်းနဲ့ အောက် ပိုင်းမှာပဲ သုံးလို့ရတယ်။ နွားဆိုတော့ ရေကြောက်တယ်လေ"လို့ ရှင်းပြတယ်။

"ဆရာနန်းရယ် . . ဦးရှင်ကြီးကို ကြောက်လို့ဖြစ်မှာပါ . . ဟဲ . . ဟဲ"ဆိုပြီး ကျွန်တော် နောက်ပြောင်မိတယ်။

"နွားတွေကို အသက်သွင်းပြီးပြီဆိုရင် သူ့အတိုင်း လွှတ် ထားလို့ မရဘူး။ လွှတ်ထားရင် သူတို့သဘောနဲ့ သူတို့ လုပ်ချင်ရာ လုပ်ကြလိမ့်မယ်။ ဒီတော့ ဒီနွားတွေကိုပိုင်တဲ့ ပိုင်ရှင် နိုင်းချင်သလို နိုင်းလို့ရအောင် အချုပ်ဂါထာ ရွတ်ရတယ်"

"ဒါနဲ့ ဆရာနန်း စီရင်တဲ့အခါမှာ ကန်တော့ပွဲတွေ၊ ဘာတွေ မလိုဘူးလား"

"လိုတာပေါ့ . . စာရေးဆရာရယ်၊ ငှက်ပျော(၃)ဖီး၊ အုန်း (၁)လုံး၊ ကွမ်း(၃)ယာ၊ အလင်းတိုင်(၅)တိုင်၊ အမွှေးတိုင် (၅)ချောင်း၊ သပြေ(၉)ညွန့်၊ ဘုံ(၉)ဆင့် ထီးဖြူတစ်လက်တို့ လိုတယ်"

"နေရာ သုံးနေရာစလုံးမှာ ကန်တော့ပွဲအသစ် သုံးပွဲလို တယ်"

"ဒါနဲ့ ချုပ်တဲ့ဂါထာကရော ဘာရွတ်ရမှာလဲ . . ဆရာနန်း၊ ဘယ်နခေါက်ရွတ်ရမှာလဲ ဆရာနန်း"

ကျွန်တော်က တစ်ခါတည်း ရှင်းအောင် မေးမိသည်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com


ဆရာ နန်းတော်ရှေ့ပုဏ္ဏားဘကွန်းက –

"ပထမဆုံး(၄၅)ခေါက် ရွတ်ရမယ်။ နှစ်ခုပေါင်း ကိုးဂဏန်း ရတာပေါ့။ ချုပ်မိပြီဆိုရင်တော့ ကိုးခေါက်ပဲရွတ်လို့ ရတယ်"

"ဟုတ်ပြီ၊ ဆရာနန်းရေ. . ဂါထာပြောပါဦး"

"ဂါထာကတော့ . .

ဥုံ ဗုဒ္ဓချုပ်၊

ဥုံ ဓမ္မချုပ်၊

ဥုံ သံဃာ့ချုပ်၊

ဥုံ ဗြမ္မာ့ချုပ်၊

ဥုံ နတ်ဒေဝါအပေါင်း ချုပ် . . လို့ ပထမ လေးဆယ့်ငါးခေါက် ရွတ်ရမယ်။ အထက်က ပြောထားသလိုပေါ့ကွာ"

"အထူးသတိထားရမှာက ဒီနွားတွေကို ပိုင်ပြီဆိုရင်တော့ အတတ်နိုင်ဆုံး ငွေနောက်မလိုက်ဘဲ မှန်တဲ့လူအတွက် လုပ်ပေးဖို့ လိုတယ်။ မမှန်တဲ့ဘက်က လုပ်ပေးမိတယ်ဆိုရင်တော့ အစီဇိကို ဖောက်ထိုးကျမယ်။ ရဲပြည်မှာ နောက်ဘုရားပွင့်တောင် မကျွတ် ဘူး။ ဒါကြောင့် ဒီပစ္စည်းပိုင်တဲ့လူက ကောင်းတာရှိသလို၊ မကောင်း တာက ပိုများတယ်"လို့ ရှင်းပြတယ်။

"ဒါဖြင့် ဆရာနန်းက . ."

"ငါက နန်းရှေ့ပုဏ္ဏားဘကွန်းလေ။ အထက်လမ်းရော၊ အောက်လမ်းရော၊ အလယ်လမ်းရောသိထားမှ ဖြစ်မှာကွ။ ဘယ်လို လူက အကူအညီတောင်းတောင်း လုပ်ပေးနိုင်ရမယ်လေကွာ။ ဒါ့ ကြောင့် စောတို့၊ယောတို့ နယ်မြေကိုရောက်တုံး ရှိသမျှပညာ၊ ရ သမျှ ယူထားရတာကွ"

"ကိုင်း . . ကိုင်း ဒီလောက်ဆိုရင် တိုက်နွား၊ ခံနွား အကြောင်း မင်းတို့ သိသင့်သလောက်သိပြီးသွားပြီဆိုတော့ မင်း တပည့် ပေစိကိစ္စ တို့လုပ်ကြရအောင်"

"ဟုတ်ပြီ . . ဆရာ၊ ကျွန်တော်တို့ တိုက်နွားသုံးမလား။ ခံနွားသုံးမလား"လို့ ကျွန်တော်က မေးမိသည်။


www.burmeseclassic.com

www.burmeseclassic.com





"မင်းတပည့်က အတိုက်ခံနေရပြီ ဆိုတော့ ငါတို့ ခံနွားသုံး ရတော့မှာပဲ"

ဟုပြောကာ ကန်တော့ပွဲပြင်ပြီး ကန်တော့ပွဲရှေ့တွင် (ခံနွား) ကိုထားလျက် ဂါထာများရွတ်ဆိုနေလေ၏။ ဂါထာများရွတ်ပြီးသောအခါ လက်ခုပ်သုံးချက်တီး၍-

"တိုက်ဟ . . ခိုက်ဟ . . လုပ်ထား ငါ့လူ"

ဟု ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုနေ၏။ ကျွန်တော်တို့လည်း-

"ဘာတွေ ဖြစ်လာမလဲ"ဟု ခံနွားကို မျက်ခြေမပြတ် စောင့်ကြည့်နေမိသည်။

လေမတိုက်ပါဘဲလျက် ခံနွားက မသိမသာ လှုပ်ခါလာသည်။ ကျွန်တော်တို့မှာ အံ့ဩသော မျက်လုံးများဖြင့် မမိတ်မသုန် ခံနွားကို ကြည့်နေမိ၏။

ကျွန်တော်တို့ ဂရုတစိုက်ကြည့်နေခိုက် နာရီဝက်ခန့်ကြာသော်-

"ဝုန်း! . ."

"ဖြောင်း! . ."

"ဂျလောင်း . . ဖြော . . ဖြော . . ဖြော"

ခံနွားမှာ "ဖျောင်းခနဲ . . အသံနှင့်အတူ ထားရှိသော စားပွဲပေါ်မှ မြေပြင်သို့ပြုတ်ကျလာသည်ကို တွေ့ရ၏။


နန်းရှေ့ပုဏ္ဏားဘကွန်း မျက်စေ့မျက်နှာ ပျက်သွားသည်။ ကျွန်တော်လည်း အောက်ကျသွားသော ခံနွားကိုကြည့်လိုက်ရာ မြေပြင်ပေါ်တွင် မလှုပ်မယှက်လဲကျနေသည်ကို တွေ့ရ၏။

ခံနွား၏ ညာနောက် ခြေထောက်တစ်ချောင်း ကျိုးလာသည်



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့မြင်ရလေရာ ခံနွားထားသော ခုံပေါ်သို့ကြည့်မိရာ ခံနွား၏ ညာနောက် ခြေထောက်မှာ ခုံပေါ်တွင် ကျန်ရစ်သည်ကို တွေ့ရ၏။

"ညို့စိမ့်ရေ .. မင်းတပည့် ပေစိကို ဒီနေ့ချက်ချင်း ရွာကို ပြန်ခိုင်းလိုက်၊ လမိုင်းနတ်က နောက်မှတင်လည်း ရပါတယ်။ မဟုတ်လည်း ရှိတဲ့လူနဲ့ပဲ နတ်ပြလိုက်ကြတာပေါ့ကွာ"

ဟုပြောသဖြင့် အခြေအနေမဟန်မှန်းသိသဖြင့် ပေစိကို ရွာသို့ ပြန်လွှတ်လိုက်ရလေတော့၏။

❖

"သူတို့ဘက်က တော်တော်ကလေး လက်ဦးသွားပြီကွ .. ညို့စိမ့်ရ"

"ပေစိက ဘုန်းကံမြင့်တော့ ဟိုကလုပ်သမျှ သူ့သားသမီးနဲ့ မိန်းမတွေပဲ ခံရလိမ့်မယ်"

"ဒါနဲ့ ဆရာ့ ခံနွားက ဘာဖြစ်သွားတာလဲ"

"ရှုံးလို့ ခြေကျိုးသွားတာလေ၊ မှတ်ထား .. တိုက်နွားဖြစ်ဖြစ်၊ ခံနွားဖြစ်ဖြစ် ခြေကျိုးသွားရင် ရှုံးလို့သာမှတ်။ ခြေမကျိုး၊ လက်မကျိုးဘူးဆိုရင် ကိုယ့်နွားက နိုင်လို့ပဲ"

"ပွဲပြီး မပြီးက ဘယ်လိုသိတာလဲ ဆရာနန်း"

"ပွဲတစ်ပွဲ တစ်နာရီကြာတယ်။ တစ်နာရီအတွင်းမှာ မကျိုး၊ မပဲ့ဘူးဆိုရင် ကိုယ့်နွားက နိုင်လို့ပဲ။ နောက်ပြီး စောစောက သတိထားမိတယ်မဟုတ်လား၊ နွားက မသိမသာ လှုပ်နေတာလေ၊ ငြိမ်

www.burmeseclassic.com

www.burmeseclassic.com




သွားရင် ပွဲပြီးလို့ပဲပေါ့"

"အခုကိစ္စမှာ ဘယ်လို အကျိုးအမြတ်ဖြစ်နိုင်မလဲ ဆရာနန်း"

"အဲဒါက စောင့်ကြည့်ရမှာပဲ . . မင်းတပည့်လုပ်ထားတဲ့ အပြစ်အကြီးအငယ်ပေါ် ကြည့်ပြီး ခံရမှာပဲ ညီစိမ့်"လို့ နန်းရှေ့ပုဏ္ဏား ဘကွန်းက ပြောပြ၏။

"ဒီကိစ္စရဲ့ ပြဿနာ အစက ဘာလဲ ညီစိမ့်"

ဟု နန်းရှေ့ပုဏ္ဏား ဘကွန်းကမေးသဖြင့် ကျွန်တော်က ဖြစ်နိုင်ခြေအများဆုံးဖြစ်သော လက်ပံတကားကျေးရွာမှ မိန်းကလေးအကြောင်းကို ပြောပြလိုက်ရာ -

"ဩော် . . ချစ်စိတ်က ငယ်ထိပ်တက်နေပြီ ညီစိမ့်၊ သူ့ဘက်က အပြတ်လုပ်နေပြီ။ ပေစိဘက်က တော်တော်ကလေး ပေးဆပ်ရလိမ့်မယ်။ နားသာထောင်နေပေတော့"

လို့ ပြောပါတယ်။ ကျွန်တော်တို့လည်း ညဉ့်နက်သည်အထိ စကားပြောနေကြပြီး နောက်နေ့ နတ်ပွဲရှိသဖြင့် အိပ်ရာဝင်လိုက်ကြတော့၏။

❖

လမိုင်းနတ်ပွဲကို မကွေးမှာရှိတဲ့ နတ်ကတော် စုံစုံလင်လင်နဲ့ ခုနစ်ရက် ကျင်းပလိုက်တယ်။

နတ်ပွဲကျင်းပနေစဉ်မှာပဲ သီတင်းကျွတ်လအတွက် ပွဲတွေက ဆက်တိုက်ဝင်နေတော့ ဒီနှစ်အတွက် ဖာတ်တိုက်ဖို့ လိုအပ်လို့ ပေစိကို လူကြုံနဲ့ စာပေးပြီး ကျွန်တော့ဆီ လာဖို့ မှာလိုက်

www.burmeseclassic.com

www.burmeseclassic.com


တော့ ပေစိ ရောက်မလာဘဲ မလာနိုင်သေးကြောင်း စာပြန်ကြားချက်ကို အောက်ပါအတိုင်း ရရှိခဲ့ပါတယ်။

သို့

ဦးညိုစိမ့်
စိန်သရဖူဇာတ်ပွဲ
အမှတ် (၂၄၂)၊ စကားဝါလမ်း
မြို့ဟောင်း(၆)၊ မကွေးမြို့

ရက်စွဲ ၈. ၈. ၁၉၈၇

ဇာတ်ဆရာခင်ဗျား . .

၁. ၈. ၁၉၈၇ ခုနေ့က ကျွန်တော့သမီးအငယ်မ မန်ကျည်းပင် ပေါ်တက်ပြီး မန်ကျည်းရွက်ခူးရာမှလိမ့်ကျပြီး သေဆုံးခဲ့ပါတယ်။

၆. ၈. ၁၉၈၇ ခုနေ့က သမီးအကြီး ကြိုးဆွဲချပြီး ကိုယ့်ကိုကိုယ် သတ်သေသွားခဲ့ပါတယ်။

ကျွန်တော်လည်း ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး စိတ်မတည်ငြိမ်ဘဲ ဖြစ်နေတဲ့အတွက် ဇာတ်တိုက်မလာနိုင်တာကို ခွင့်လွှတ်စေလိုပါတယ်။

ကိစ္စအားလုံးပြီးပါက ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်။

မောင်ပေစိ
ရွာပင်လုရွာ

မှတ်ချက်

ရန်ကုန်မှ မကွေးသို့ ပြည်လမ်းဘက်မှလာပါက မကွေးမြို့နှင့် တောင်တွင်းမြို့အကြား၊ မကွေးမြို့နှင့် (၁၅)မိုင်အကွာတွင် "ရွာပင်လု"ဟူသော ရွာ ယနေ့တိုင်ရှိပါသည်။

ထိုရွာကလေးသို့လာပြီး ဤဇာတ်ကြောင်းကို မေးပါက ပြောပြပါလိမ့်မည်။ သို့သော် ထိုရွာသူ၊ ရွာသားတို့က ကောင်းကင်မှ ဝင်


www.burmeseclassic.com

www.burmeseclassic.com


အသော မီးလုံးကြီးအား (ပုဏ္ဏက)တိုက်သည်ဟုပင် ထင်ကြပါသည်။ တိုက်နွားနှင့် ခံနွားကိစ္စကို မယုံကြပါ။

ပေစိမှာ ဘယ်သူက သတ်မှန်းမသိ။ စကုမြို့နယ် လျှော်ဖြူတောကျေးရွာ မန်းချောင်း ရေထဲတွင် အလောင်းကိုတွေ့ရာ ဝါးလုံးခြင်ထိုးလွှတ်၍ မန်းချောင်းရေအတိုင်း မျောပါလာပြီး လက်ခုတ်ပင်ကျေးရွာတွင် သောင်တင်ခဲ့ရာမှာ ဆယ်ယူပြီး စကုမြို့ဆေးရုံတွင် စာရေးသူကိုယ်တိုင် သင်္ဂြိုဟ်လိုက်ရပါသည်။

အဖြစ်မှန်များဖြစ်သော်လည်း ကာယကံရှင်၏အမည်ကို ပြောင်းလဲပါ။

(ဗဟုသုတ တိုးပွားကြပါစေ၊
စာပေသစ္စာဖြင့် -)

သပ္ပေါ၊ အနိစ္စ၊ သင်္ခါရ
မကွေးညိုစိမ့်

www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်လိပ်ပြာခွဲ လမိုင်းအလောင်းကောင်



လက်တလောခေတ်စားတဲ့ ဝေါဟာရတစ်ခုဟာ "လမိုင်း" ဖြစ်ပါတယ်။ နတ်ကတော်တွေ သေသူကိုခေါ်တယ်တို့၊ သေသူနဲ့ စကားပြောနိုင်တယ်တို့ဆိုတာ တကယ်တော့ ဒီ"လမိုင်း"ကောင်နဲ့ စကားပြောခြင်းပဲ ဖြစ်ပါတယ်။


မနောကလပ်မှုန်အားလုံး စွန့်ခွာပြီးနောက် ကျန်ရှိခဲ့သော လိပ်ပြာအလောင်းကောင်သက်သက်မျှကို လမိုင်းလို့ ခေါ်ပါတယ်။ လမိုင်းကို အလွယ်မှတ်မယ်ဆိုရင် ဝိညာဉ်အသေကောင်လို့ ခေါ်နိုင်ပါတယ်။ လူသေဆုံးပြီးနောက် ထွက်လာတဲ့ လိပ်ပြာအင်အား ကုန်ဆုံးသွားတဲ့အခါ ဝိညာဉ်ရိပ်(ဆာယာ)ဆိုတာ ထွက်လာပါတယ်။ ဒီကနေမှတဆင့် ဆာယာဟာ လမိုင်းအဖြစ် အသွင်ပြောင်းတာ ဖြစ်ပါတယ်။

ဒါဟာ ပညာရှင်တွေ သိပ်မသိသေးတဲ့ လျှို့ဝှက်ရှားပါးတဲ့ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ လမိုင်းအသေကောင်မှာ အသိစိတ်နဲ့ အသိဉာဏ်တို့ လုံးဝမရှိတော့ပါဘူး။ လေတိုက်ရာသွင့် လျက်ရှိသော တိမ်ကဲ့သို့ လိပ်ပြာစီးကြောင်းအတိုင်း မျောနေပါတယ်။ ဒီလိပ်ပြာဝိညာဉ်ခွံကို နတ်ကတော်က ဆင့်ခေါ်တဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏတာမျှ ကိုရို့ကား ရားနဲ့ အသက်ဝင်လာပါ တယ်။ ဒါကို လူတွေက သေသူဝင်ပူးတယ်တို့၊ ဝင်စီးတယ်လို့ ဆိုကြတာ ပါ။ များသောအားဖြင့် လမိုင်းကောင်ပဲ ဝင်လာ တာဖြစ်ပါတယ်။

ဒီလမိုင်းအခွံ ဟာ သေသူနဲ့ သဏ္ဍာန် အားဖြင့် ချွတ်စွတ်တူပါ တယ်။ ယင်းကွယ်လွန်သူပုဂ္ဂိုလ် ပြောနေကျ စကားအတိုင်း ပြော ပြီး၊ ရေးနေကျလက်ရေးကိုပင် ဖန်တီးပြီး ရေးပြနိုင်ပါတယ်။

ခုခေတ်မှာ ဘိုးမင်းခေါင်ဝင်စီးပြီး ပြောတယ်တို့၊ ဟော တယ်တို့ဆိုတာ တကယ်တော့ ဒီပုဂ္ဂိုလ်ကြီးတွေ တကယ်ကြွလာ တာ မဟုတ်ဘဲ လမိုင်းကောင်များ ဝင်စီး၊ ဝင်ပူးခြင်းပဲ ဖြစ်ပါတယ်၊ လူသားတစ်ဦးဟာ လူဘုံကနေ အထက်သုဂတိဘုံအဆင့်ဆင့်ကို တက်လှမ်းရာမှာ အလောင်းကောင်(၃)ခုထက်မနည်း စွန့်ခွာခဲ့ ပါတယ်။

ကြမ်းတမ်းသော ရုပ်ခန္ဓာ၊ ပရာဏခန္ဓာ၊ လိပ်ပြာခန္ဓာ(၃)နဲ့ တို့ကို တဖြည်းဖြည်း ပျက်ပြားကြွေလွင့် ပျောက်ကွယ်သွားသည့် တိုင်အောင် စွန့်ခွာခဲ့ရတာ ဖြစ်ပါတယ်။ တချို့သော ယုတ်ညံ့တဲ့ အောက်လမ်းဆရာတချို့က ဒီလမိုင်းကောင်တွေကို ပညာအင်း အရင်များနဲ့ အသက်သွင်းပြီး အတိုက်အခိုက်စီရင်နည်းများမှာ အသုံးပြုကြပါတယ်။

ကြောက်စရာကောင်းတဲ့ အသွင်သဏ္ဍာန်ဖြင့် အသက်ရှင် နေသည့်အလား အသက်သွင်းပေးနိုင်ပါတယ်။ ဖန်တီးနိုင်တဲ့ ပညာရှင်အပေါ်မူတည်ပြီး သူတို့ရဲ့သက်တမ်းဟာ တည်ရှိပါတယ်၊


www.burmeseclassic.com

www.burmeseclassic.com



အာဖရိကမှ အောင်ကျော်စွာ

# ဒီဘိုလာ
# ဗုတ်သက်ကျေးကျွန်များ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၂။

သေသူများမှာ
တလောဆီက
အီဘိုလာပိုး ကူးစက်ခံရ၍
သေဆုံးသွားသူများ ဖြစ်ပြီး
၎င်းတို့ကို ပူးဒူးနတ်ဆရာတို့
အစီအမံဖြင့် ပြန်လည်
အသက်သွင်းထားခြင်းပင် ဖြစ်သည်။

၂၀၁၄ ခုနှစ် မတ်လလောက်က ဖြစ်သည်။

အီဘိုလာ ရောဂါကပ်ဆိုးကြီး အနောက်အာဖရိကနိုင်ငံများ ဖြစ်သော ဂီနီ၊ ဆီရာလီယွန်၊ လိုက်ဘေးရီးယား၊ ကွန်ဂို၊ နိုင်ဂျီးရီးယားတို့မှာ ဖြစ်ပွားခဲ့သည်။ ဤရောဂါမျိုးက ကူးစက်မြန်လွန်းသောကြောင့် အေအိုင်ဒီအက်၊ ကင်ဆာရောဂါတွေထက် ကြောက်မက်ဖွယ် ကောင်းခဲ့သည်။

အာဖရိကနိုင်ငံတွေမှာ လူပေါင်း(၈၀၀၀)ကျော် ကူးစက်ခံလိုက်ရပြီး (၄၀၀၀)နီးပါး သေဆုံးခဲ့ရကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ထားခဲ့သည်။ သေဆုံးခဲ့သူတွေထဲတွင် ဆရာဝန်(၅)ဦးနှင့် ဆေးဝန်ထမ်း (၁၀၀)ကျော် ပါဝင်ခဲ့သည်။

ထို့ကြောင့် ကမ္ဘာပေါ်မှ ကျွမ်းကျင်သော ဆေးပညာရှင်များက တစ်လအတွင်း ဤအီဘိုလာရောဂါသည် ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံတွေကို ကူးစက်ဖို့ (၅၀)ကနေ (၇၀)ရာခိုင်နှုန်းထိ သေချာနေသည်ဟု ခန့်မှန်းထားခဲ့လေသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံ၊ ဗြိတိန်နှင့် ဥရောပဆိပ်ကမ်းဆိပ် အဝင်အထွက်ဂိတ်တွေမှာ အာဖရိကနိုင်ငံက ပြန်လာသူတွေ၊ အပြင်း


www.burmeseclassic.com

www.burmeseclassic.com



ချားနာနေသူတွေကိုပါ ညှန်ကြားစောင့်ကြည့်နေကြရသည်။

(၂၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင် သမ္မတ အိုဘားမားက ဤအီဘိုလာရောဂါကို တိုက်ဖျက်ရာမှာ နိုင်ငံတကာ က ပူးပေါင်းပါဝင်ကြဖို့ပင် တိုက်တွန်းထားလေသည်။

ဤတွင်သာမက အမေရိကန်နိုင်ငံအနေဖြင့် ဒေါ်လာ သန်း တစ်ထောင် ကူညီပေးနိုင်ဖို့ ကတိပေးသည့်အပြင် ရောဂါဖြစ်ပွားရာ အာဖရိကဒေသက လူတွေကို ကျန်းမာရေး ကူညီပေးနိုင်ရန် တပ်သား (၃၀၀၀)ကို စေလွှတ်ပေးခဲ့သည်။

အီဘိုလာရောဂါမှာ အာဘိုဗိုင်းရပ်စ်တစ်မျိုးကြောင့် ဖြစ် ရပြီး ရောဂါပိုးရက်က (၅)ရက်မှ (၂၀)ရက် ကြာတတ်သည်။ ရောဂါ ဖြစ်ပြီး တစ်ပတ်မှ (၁၀)ရက်အတွင်း သွေးထွက်လွန်ပြီး သေဆုံးကြ ရခြင်းပင်ဖြစ်သည်။

ရောဂါဖြစ်လာလျှင် "ကုရာနတ္ထိ ဆေးမရှိသေး"ဟု ဖြစ်စက ကြောက်လန့်၊ တုန်လှုပ်ခဲ့ရသေးသည်။ သို့သော် အမေရိကန်နိုင်ငံ ဆေးကုမ္ပဏီကြီးမှ ဆေးရွက်ကြီးမှ စမ်းသပ်ထုတ်လုပ်လိုက်သော ဆေးကြောင့် ကာကွယ်ကုသနိုင်ပြီဖြစ်သည်။ တောမီးပမာ ပျံ့နှံ့လာ မည့် ဘေးကြီးမှ ကင်းဝေးသွားခဲ့ပြီ။

သို့သော် အနောက်အာဖရိကတိုက်ရှိ တိုဂိုနိုင်ငံတောင် ပိုင်းတွင် နေထိုင်ကြသော တိုင်းရင်းသားများမှာ ဗူးဒူးဝါဒကို (VOO DOO ISM) သက်ဝင်ယုံကြည်သူများနှင့် ဗူးဒူးပညာတတ် အောက် လမ်းဆရာများက တစ်စခန်းထလာသည်။

"အညီရှိရာ ယင်အုံ"ဆိုစကားအတိုင်း ဗူးဒူးဝါဒီသမား များက သိုင်းဝိုင်းရောက်လာကာ ကိုယ်ကျိုးရှာခဲ့ကြသည်။ အီဘိုလာ ရောဂါနှင့် အမြန်မြှုပ်နှံလိုက်ရသော လူသေအလောင်းတချို့မှာ ဖုတ်သက်သွင်းခံလိုက်ရကြောင်း မှုခင်းပြစ်မှုသတင်းများ ပျံ့နှံ့သွား သည်။ အိုင်တီခေတ်ကြီးတွင် အင်တာနက်နှင့် လူမှုကွန်ရက်၊ ဖေ့စ် ဘုတ်၊ ဟန်းဆက်များကြောင့်လည်း ဖြစ်ပေလိမ့်မည်။

ထိုသို့ ဖွန်ဘီး ခေါ် ဖုတ်ဝင်နေသူများကို ကြံစိုက်ပျိုးခင်း

www.burmeseclassic.com

www.burmeseclassic.com



များ၌ အလုပ်လုပ်ခဲ့ရပြီး ရွာရှိသချိုင်းသို့ ပြန်ရောက်လာကြကြောင်း တင်ပြထားသည်။ ထိုသူများကို ဒေသခံ အာဖရိက ကျွန်းသားများက "လမ်းလျှောက်နေသော လူသေများ"ဟု တင်စား ခေါ်ဝေါ်ခဲ့ကြပြန်သည်။

ဖြစ်ပျက်သည့် နေရာဒေသမှာ ဟေတီကျွန်းပိုင် ဗြိတိသျှအစိုးရနှင့် အမေရိကန်ကုမ္ပဏီကြီးတစ်ခုတို့ ဖက်စပ်လုပ်ကိုင်နေရာဝန်းအတွင်းမှာ ဖြစ်သည်။ ယင်းနေရာတွင် စက်ရုံကြီးများ၊ ခေါင်းတိုင်ကြီးများ၊ ဥသြသံများနှင့် ကြံတင်သော ရထားတွဲခုတ်မောင်းများ စသည် စသည်ဖြင့် စိုပြေလှသည်။

ထိုအချိန်ကာလတွင် အတိုကောက်အားဖြင့် "ဟက်စကိုး" အမည်ရှိ ကုမ္ပဏီကြီးမှာ လုပ်ငန်းအတွင်ကျယ်ဆုံး ဖြစ်နေသည်။ သကြား ဝယ်ယူလိုသူ ဖောက်သည်တို့ထံမှ အကြီးအကျယ် မှာထားခြင်း ခံနေရချိန်ပင်ဖြစ်သည်။

ထို့ကြောင့် ဟေတီတစ်ကျွန်းလုံးရှိ ဒေသမျိုးစုံမှ နီဂရိုးမိန်းမ၊ ယောကျ်ားအလုပ်သမားတို့ကို သိမ်းသွင်းလက်ခံ၍ အလုပ်ပေးနေရသည်။ ဟေတီကျွန်းမှ လယ်သမား၊ ယာသမားတို့ကလည်း တဖွဲဖွဲပင် လာရောက်၍ အလုပ်ဝင်ခဲ့ကြသည်။

ဤအခွင့်ကောင်းကိုယူ၍ ဖုတ်သက်ဝင်သူများ ရောက်လာပုံမှာ တစ်နေ့သော နံနက်တွင် အလုပ်သမားလက်ခံသည့် ရုံးခန်းသို့ ထူးခြားသည့် အသွင်ပြင်လက္ခဏာရှိသူ လူအချို့ လာရောက် စာရင်းသွင်းခဲ့သည်။ ထိုသူတို့မျက်နှာမှာ မည်သည့် ခံစားချက်မှမရှိသည့်ဟန်ဖြင့် ငိုင်တွေတွေ၊ ငေးတေးတေး ဖြစ်နေကြသည်။

သို့သော် သူတို့၏ခေါင်းဆောင်လုပ်သူ "တီဂျိုးဇက်"ဆိုသူကိုလံဘီယာမြို့သားမှာမူ လူရည်လည်ပုံရသည်။ သူ့အနေဖြင့် ပြောပြသည်မှာ ယခု သူခေါ်လာသော အလုပ်သမားများမှာ မြို့နှင့် ဝေးကွာလုမ်းလှသော ဟေတီနှင့် ဒိုမီနီကန်ပြည်နယ် နှစ်ခုကြားရှိ ရွာသိမ်၊ ရွာငယ်များမှလာကြသူများဖြစ်ကြောင်း ပွင့်လင်းစွာ ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com




ထို့ကြောင့် အသိအလိမ္မာ၊ ဗဟုသုတခေါင်းပါးလှပြီး ဤကဲ့သို့ အလုပ်ရုံအတွင်း လူသူဆူညံသော ပတ်ဝန်းကျင်ကို သူတို့တွေအတွက် စိမ်းနေကြောင်း စသည်ဖြင့် ရှင်းလင်း ပြောပြခဲ့လေသည်။

တစ်ဖန် သူ့လူများမှာ အလုပ်ကို ကြိုးစားသူများသာ ဖြစ်ပြီး အပင်ပန်းခံနိုင်ကြသဖြင့် သူတို့တတွေနှင့် သဟဇာတ မတည့်လှသော တခြား အလုပ်သမားများနှင့် အဆင်မပြေဖြစ်မည်ကို စိုးရသည်။ ထို့ကြောင့် သူ့လူများအား စက်ရုံမှ ဝေးကွာလှမ်းသည့် ကြံခင်းများတွင်သာ တာဝန်ချထားပေးရန် တောင်းဆိုခဲ့လေသည်။

ထိုအချိန်ကာလက ဟေတီယန် အမေရိကန် သကြားကုမ္ပဏီကြီးမှာလည်း နိုင်ငံခြားတိုင်းပြည်များသို့ သကြားတန်ချိန်များစွာ တင်ပို့ပေးရန် စာချုပ်ချုပ်ဆိုထားသည်။ အလုပ်ပြီးနိုင်ရန်အတွက် အလုပ်သမားများ အလွန် လိုအပ်နေချိန်လည်း ဖြစ်သည်။


သို့ဖြစ်၍ အသစ် စာရင်းသွင်းလာသော အလုပ်သမားသစ်များကို ဘယ်သူကမှ ဂရုတစိုက် စစ်ဆေးလေ့လာမနေနိုင်ဘဲ လက်ခံခဲ့ကြသည်။ ထို့ကြောင့် တီဂျိုးဇက်၏အလုပ်သမားများကို အခြားသော အလုပ်သမားတန်းလျားနှင့် ဝေးကွာလှမ်းလွန်းသည့် ကြံစိုက်ခင်းများတွင် တာဝန်ပေးထားခဲ့လေသည်။

အလုပ်သမားများမှာ သူတို့ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးတော်စပ်သူများ ဆုံတွေ့မိစေရန်၊ မှတ်မိရန် အခွင့်အရေးနည်းပါးစေခဲ့သည်။ ယင်းသို့ မတွေ့ဆုံမိစေရန်လည်း အလုပ်သမားခေါင်းဖြစ်သူ "တီဂျိုးဇက်"မှာ အလွန် ဂရုတစိုက် ဆောင်ရွက်ထားရလေ


www.burmeseclassic.com

www.burmeseclassic.com





သည်။

ဤအကြောင်း ဖစ်မြစ်ကို ကြားသိလိုက်ရသူများ အံ့အား သင့် သွားကြပေလိမ့် မည်။ အဘယ် ကြောင့် ဆို သော် သူတို့ခေါ်လာသည့် ဗဟုသုတ ခေါင်းပါးသူ ရွာသားအလုပ် သမားတို့သည် ရိုးရိုးလူများ မဟုတ်ချေ။ ဟေတီကျွန်း သူ ဇနီးသည် ကရိုးယန်းနှင့် ဗူးဒူးဆရာများ ပူးပေါင်း စီစဉ်၍ စုဆောင်းလာခဲ့သော ဖွန်ဘီးခေါ် သေသူများကို ပြန်လည် အသက်သွင်းထားသူများ ဖြစ် နေခြင်းကြောင့်ပေတည်း။

သေသူများမှာ တလောဆီက အီဘိုလာပိုး ကူးစက်ခံရ၍ သေဆုံးသွားသူများဖြစ်ပြီး ၎င်းတို့ကို ဗူးဒူးနတ်ဆရာတို့ အစီအမံဖြင့် ပြန်လည် အသက်သွင်းထားခြင်းပင် ဖြစ်သည်။ "ဗူးဒူး"ဟူသော အယူဝါဒ၏ ယေဘူယျ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဝိညာဉ် (SPIRIT) ဟုဆိုထားသည်။ သေသူ၏ဝိညာဉ်ကို ပြန်ခေါ်သွင်းကာ ချုပ်ကိုင် ထားခြင်းမျိုးပင် ဖြစ်သည်။

ယခု တီဂျိုးဇက်တို့ ဇနီးမောင်နှံမှာ ဖွန်ဘီးခေါ် ဖုတ်ကောင် များကို သူတို့ပိုင် ကျေးကျွန်များအဖြစ် အသုံးချနိုင်ရန် ဗူးဒူးနတ်ဆရာ တို့အား ပူဇော်ငွေပေးပြီး မွေးနိုင်းစားထားခဲ့ခြင်းပင် ဖြစ်ပေတော့ သည်။

ဤသို့ဖြင့် ရက်သတ္တပတ် အတော်များများ ကုန်ဆုံးသွားခဲ့ လေပြီ။ တုံဂျိုဘာဝေ အသွင်သဏ္ဌာန်ရှိသော ဖုတ်သက်ဝင် နီဂရိုး အလုပ်သမား စုစုပေါင်းသုံးကျိပ်တို့မှာ ကြံခင်းများထဲဝယ် သူတို့ သခင် တီဂျိုးဇက်အတွက် ပင်ပန်းကြီးစွာ အလုပ်,လုပ်ပေးနေကြ

www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ခါတရံ အပိုချိန် အလုပ်ဆင်းရန်အတွက် တီဂျိုးဇက်က ကြိမ်တုတ်ဖြင့် ရိုက်နိုင်းတတ်သည်။

လခထုတ်သည့်ရက်မျိုးတွင် တီဂျိုးဇက်သည် သူ၏ကျွန် သုံးကျိပ်၏ တစ်ပေါင်းတည်းသော လုပ်ခများကို သူတစ်ယောက် တည်း သွားရောက်ထုတ်ယူလေ့ရှိသည်။ ထိုလုပ်အားခ ငွေအားလုံး မှာ သပိတ်ဝင်၊ အိတ်ဝင်ရသည်ဆိုခြင်းမှာ ယုံမှားဖွယ်သံသယ မရှိ ရာကြချေ။

ဖွန်ဘီးခေါ် ဖုတ်သတ်ဝင်နေသူများမှာ စကားလည်း မပြော။ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေသည်ကိုလည်း ဂရုတစိုက် မရှိသော သဘာဝ ရှိတတ်ကြ၏။ ထို့ကြောင့် သူတို့အတွက် အသုံးချစရာငွေ မလိုအပ်ပေ။ ငွေကိုလည်း သုံးရကောင်းမှန်းပင် မသိရှာကြ။ သူတို့ သိသည်က အစာစားဖို့နှင့် သခင်စေခိုင်းသည့်အမိန့်ကို နာခံဖို့သာ သိတော့သည်။

ရက်သတ္တပတ် ကုန်ဆုံးသည့် အလုပ်ပိတ်ရက်မျိုး၌ တီဂျိုး ဇက်နှင့် ဇနီးသည်တို့မှာ ဖွန်ဘီးခေါ် ဖုတ်သတ်ဝင်နေသူများအတွက် အကုန်အကျနည်းလှသော အပေါစား အစားအစာများကို တာဝန် ယူ၍ ကျွေးမွေးရတတ်သည်။

ဤသို့ အစာကျွေးရာ၌ ဂရုပြုရသည့်အချက်မှာ အစား အသောက်များထဲတွင် "ဆား"လုံးဝ ပါမသွားရန် သတိအမြဲထားရ သည်။ အကယ်၍ ဖွန်ဘီးခေါ် ဖုတ်ကောင်သည် "ဆား"စားမိသွား ခဲ့ပါက သူတို့သည် သေဆုံးပြီးသားအလောင်းများဟူ၍ ပြန်လည် သတိရသွားတတ်ကြသည်ဟု အယူအဆရှိသောကြောင့်တည်း။

ထို့ကြောင့်လည်း တီဂျိုးဇက်တို့ ဇနီးမောင်နှံမှာ "ဖွန်ဘီး" များကို တစ်ယောက်မရှိ၊ တစ်ယောက်ဆိုသလို မျက်ခြေမပြတ် ဝရု စိုက် စောင့်ကြည့်ကြရလေသည်။

ယင်းကဲ့သို့ ဂရုတစိုက်နှင့် သူတို့၏ ဖုတ်သတ်ဝင်ကျေးကျွန် များကို ထိန်းသိမ်းခဲ့သော်လည်း တစ်ချိန်သောကာလ၌ ပြဿနာ ပေါ်ခဲ့ရလေတော့သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ အမြဲ


www.burmeseclassic.com

www.burmeseclassic.com



မရှိ ဆိုစကားလည်း ဒုစရိုက်သမားတို့အတွက် ရှိထားခဲ့ပြီမဟုတ်ပါလော။

ဖြစ်ရပုံမှာ . . တီဂျိုးဇက်သည် ငွေကြေးစုဆောင်းမိလာသဖြင့် လောကီလူသားတို့ ထုံးစံအတိုင်း လေဘဝင်ဟပ်လာသည်။ သို့ဖြစ်၍ အပန်းဖြေခရီး ထွက်သွားသည်။ ယင်းအတွက်ကြောင့် ဇနီးဖြစ်သူ ကရိုးယန်းက ဖွန်ဘီးခေါ် ဖုတ်ကောင်ဝင်နေသူများကို ထိန်းသိမ်းစောင့်ရှောက်ရသော တာဝန်ယူထားရသည်။

တစ်ရက်သော တနင်္ဂနွေနေ့ သကြားစက်ရုံပိတ်ရက်တွင်ဖြစ်၏။ အနီးအနားမြို့ထဲ၌ ပျော်ပွဲရွှင်ပွဲ အခမ်းအနားတစ်ခုရှိနေသည်။ ဝေးလံခြောက်သွေ့လှသည့် ကြံခင်းတောကြီးအတွင်း နေထိုင်ခဲ့ရသည်မှာ ငြီးငွေ့လှသောကြောင့် "ကရိုးယန်း" တစ်ယောက် သွားကြည့်လိုစိတ် ပြင်းပြလာသည်။

သို့သော် သူမ တာဝန်ယူ စောင့်ကြည့်နေရသော ဖုတ်သက်ဝင် ဖွန်ဘီးများကို ထိန်းသိမ်းစောင့်ကြည့်သူမရှိဘဲ ထားခဲ့ရန်မှာလည်း မဖြစ်နိုင်ပြန်ချေ။

ဖုတ်သက်ဝင်နေသူများမှာ မည်သည့် အကျိုးအမြတ်မှ မရရှာကြ။ ကြံခင်းထဲမှာ အလုပ်ပင်ပန်းကြီးစွာ လုပ်ကိုင်နေရရှာသည်မှာလည်း ကြာပေပြီဟု သူမအနေဖြင့် ဂရုဏာသက်မိလိုက်သည်က တစ်ကြောင်း၊

မြို့ပေါ်ကလူများအနေနှင့်လည်း သူတို့၏ကျွန်များဖြစ်သော ဖုတ်သက်ဝင်နေသူများအကြောင်းကို ဂရုတစိုက် ရှိမိကြမည်မထင်သောကြောင့် တစ်ကြောင်းဟူသော အတွေးမျိုးတွေး၍ သူတို့ကိုပါ မြို့ပေါ် ပျော်ပွဲရွှင်ပွဲဆီခေါ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ဤကဲ့သို့ခေါ်သွားခြင်းဖြင့် အန္တရာယ်မရှိစကောင်းဟူ၍ ကရိုးယန်းက ယူဆမိသည်။

သူမအနေဖြင့်လည်း အခွေအရံသဖွယ် ဖုတ်သက်ဝင်နေသူ လူသုံးကျိပ်နှင့် မြို့သို့ တက်ရောက်လာခဲ့ကြလေသည်။ ဖုတ်သက်ကောင်များမှာ တုံးကျိဘာဝေနှင့် တိတ်ဆိတ်စွာ လိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com




သူတို့သည် ပြူးကြောင်သော မျက်လုံးများဖြင့် စိတ်ဝင်စားမှု ကင်းမဲ့စွာ ခပ်ငေးငေးပင် လမ်းလျှောက်လာခဲ့လေသည်။ မြို့ထဲရှိ ဈေးရပ်ကွက်တွင် လူစည်ကားလှပြီး အာဖရိကတိုက် နေပူရှိန်က လည်း ပြင်းထန်လှ၏။

ခဏမျှကြာသောအခါ ကရိုးယန်းသည် သူမ၏ ဖွန်ဘီးများအတွက် အမောအပန်းပြေစေရန်သဘောဖြင့် အခွံပါသော သစ်သီးခြောက်တစ်ထုပ်စီ ဝယ်ယူကျွေးလိုက်၏။ ၎င်းသစ်သီးခြောက်တွင် "ဆား"ပါဝင်နေမှုကို သတိမထားလိုက်ချေ။

ဖွန်ဘီးခေါ် ဖုတ်ကောင်များသည် ဝါးစားနေကြ၍ မကြာမီ ပြောင်းလွဲမှုများ ဖြစ်ပေါ်ခဲ့ရလေသည်။ စကားတစ်ခွန်းမှ မပြော၊ အသံဟူ၍ စိုးစဉ်းမျှမပြုခဲ့သော "ဖွန်ဘီး"များသည် သစ်သီးခြောက် ဝါးစားပြီး ပါးစပ်မှ ရှူးရှူးဝါးဝါးနှင့် တိရိစ္ဆာန်များကဲ့သို့ အော်မြည်ကြပြီးနောက် ငေးကြောင်ကြောင်ဖြစ်နေသော မျက်လုံးများကလည်း သူတို့လာခဲ့ရာ ဝေးလံလှသည့် တောင်တန်းများဆီသို့ တပြိုင်နက် လှမ်းမျှော် ကြည့်ရှုနေကြလေ၏။

ဖုတ်ကောင်များ၏ ထူးဆန်းစွာ အော်ဟစ်နေမှုကြောင့် အံ့ဩထိတ်လန့်သွားသော "ကရိုးယန်း"က တွေဝေကြည့်နေစဉ် မှာပင် ဖွန်ဘီးများသည် ထိုင်ရာမှထကာ တစ်ဦးနောက်တစ်ဦး၊ စီတန်းကာ ကိုယ့်အရပ်ဒေသရှိရာ တောင်တန်းများဆီသို့ ပြန်လှည့်


www.burmeseclassic.com

www.burmeseclassic.com





လျှောက်သွားကြလေသည်။

ကရိုးယန်းက မသွားရန် အော်ဟစ် အမိန့်ပေးသည်ကိုပင် ဂရုမစိုက်ကြတော့ချေ။ အဘယ်ကမျှလည်း ဖုတ်ကောင်များအား လှမ်း၍ မတားဆီးနိုင်ကြ။ တားဆီးရဲနိုင်သူလည်း မရှိချေ။

ဗူးဒူးဝါဒကို လက်ခံ၍ အယူသီးကြသူ နီဂရိုးများ အဖို့ ဤကဲ့သို့ စီတန်းသွားနေကြသူများမှာ မိမိတို့မှာ အလောင်းကောင်များဖြစ်ကြောင်း ပြန်ပြောင်း သတိရသွားတတ်ကြသည်။ ဘေးပတ်ဝန်းကျင်ရှိ လူများကလည်း လူစစ်စစ်မဟုတ်၊ ဖုတ်ကောင်များဟု သဘောပေါက် နားလည်သွားသောကြောင့် ဖြစ်သည်။

ဖုတ်ဝင်နေသူအားလုံးက သူတို့၏ ဇာတိရွာများသို့ ပြန်ရောက်လာကြသောအခါ လမ်းမလယ်ခေါင်ကိုပင် စက်ရုပ်သဖွယ် ဆက်လျှောက်သွားကြသည်။ ထိုအခါ သူတို့ကို မှတ်မိသိရှိသွားသော ဆွေမျိုးမိတ်သင်္ဂဟတို့က ပြေးထွက်ကြိုဆို၍ နှုတ်ဆက်စကား ပြောကြားကြသည်။

သို့သော် ဖွန်ဘီးများသည် ထိုသူများကို လမ်းပေါ်မှ တွန်းဖယ်ပစ်ပြီးနောက် သင်္ချိုင်းမြေအထိ ဆက်လက် လျှောက်သွားခဲ့ကာ သင်္ချိုင်းရောက်လေမှ လဲကျ၍ တစ်ဖန် သေဆုံးခြင်းသို့ ရောက်ကြရလေသည်။ သည်တစ်ကြိမ်တွင်မူ သူတို့သည် အဘယ်သူကမျှ အနှောင့်အယှက်မပြုသဖြင့် ထာဝရ သေဆုံးကြရချေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ဆွေမျိုးသားချင်းများ ယခုကဲ့သို့ ဖြစ်ပျက်ခဲ့ရသည်ကို မခံမရပ်နိုင်ဖြစ်ကြကုန်သော ရွာသားများ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ကြရသည်။ ပြီးတော့ ဖြစ်ပျက်ခဲ့သော အခြင်းအရာတို့ စုံစမ်းကြသည်။

ဤသို့ဖြင့် သူတို့သည် တီဂျိုးဖက်ကို မိမိတို့ ဆွေမျိုး၊ မိဘဆွေများအတွက် လက်စားချေမည်ဟု သစ္စာဆိုကြသည်။ ယင်းသစ္စာကို သူတို့သည် ပူးပေါင်းကြိုးပမ်း၍ အကောင်အထည်ဖော်နိုင်ခဲ့သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဆိုစကားအတိုင်း တီဂျိုးဖက်တို့ လင်မယားအား အီဘိုလာရောဂါကြောင့် သေဆုံးခဲ့ရသည့်အလောင်းများ ပျောက်ဆုံးမှုကြောင့်ပင်ဖြစ်သည်။

ယခု စာရေးသူ ကျွန်ုပ်အနေဖြင့် တင်ပြခဲ့သော အာဖရိကမှ အီဘိုလာဖုတ်သက် ကျေးကျွန်များအကြောင်းကို အခြေအမြစ်မရှိသော အယူသီးယုံကြည်မှုဟူ၍ ထင်မြင်ပေလိမ့်မည်။ သေဆုံးပြီးသူ အလောင်းကောင်သည် လှုပ်ရှားသွားလာသည်ဟု ဆိုခြင်းမှာ ယုံကြည်စရာ မကောင်းသလို၊ မဖြစ်နိုင်ကောင်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့ရာတွင် ဟေတီကျွန်း၏ ရာဇဝတ် တရားဥပဒေပြဋ္ဌာန်းချက်တစ်ရပ်၌ သေဆုံးပြီးသူကို မြှုပ်နှံထားရာမှ မဖော်ယူရ။ ဖော်ယူပြီးလျှင် ဆေးဝါးမစီရင်ရ။ ဤသို့တားမြစ်ချက်ကို မလိုက်နာလျှင် ဖောက်ဖျက်သူကို လူသတ်မှုကဲ့သို့ တစ်ထပ်တည်း အပြစ်ဒဏ်ခတ်မည်ဟူ၍ အတိအလင်း ဖွင့်ဆိုထားလေရာ ထိုအရာမှာ အကြောင်းမဲ့ သက်သက် ဤဥပဒေကို ထုတ်ပြန်ခြင်း မပြုကြောင်း ထင်ရှားနေလေတော့သည်။

ဣစ္ဆိတံ = လိုရာဆန္ဒ ပြည့်ဝကြပါစေ


အောင်ဇေယျာ

www.burmeseclassic.com

www.burmeseclassic.com



# သံပရာသီးနှင့် အတိုက်အခိုက်များ ဖြေရှင်းနည်း



သံပုရာသီးဟာ အဆိပ်ဖြေ၊ အတိုက်အခိုက်ဖြေနိုင်တဲ့ ဂမ္ဘီရ အသီးဖြစ်သလို၊ ဆေးဖက်ဝင်တဲ့ သီးနှံလည်း ဖြစ်ပါတယ်။ သံ(၆)၊ ပ(၅)၊ ရာ(၄) ဒီဂဏန်းတွေကို ကြည့်မယ်ဆိုရင် ကိန်းဂဏန်းတွေ ကြီးရာက ငယ်သွားတာကို ထူးထူးခြားခြား တွေ့ရပါလိမ့်မယ်။ ဒါဟာ ဂမ္ဘီရနည်းနဲ့တွက်လို့ရတဲ့ အဖြေကိန်းဂဏန်းတွေပဲ ဖြစ်တယ်။

နောက်တစ်ချက်က သံပုရာသီးဆောင်ထားရင် အိပ်ဆေး၊ တို့ဆေးတို့ရဲ့အစွမ်းကို ပြယ်စေပါတယ်။ လူဟာ ကိုယ့်ကို တိုက်တဲ့ လူရှိရင် အလိုလိုသိပါတယ်။ ဒါဟာ လူတွေရဲ့စိတ်မှာရှိတဲ့ ဆဋ္ဌမ အာရုံအစွမ်းပဲ ဖြစ်ပါတယ်။

ကိုယ့်အိမ်မှာ အတိုက်အခိုက်ရှိမရှိ၊ သိလိုပါက အိမ်ရဲ့ဘုရားစင်မှာ သံပုရာသီး(၃)လုံးကို ဘုရားကပ်ထားပါ။ ခြောက်တဲ့အထိ ထားရမှာ ဖြစ်ပါတယ်။ ဒီလိုထားတဲ့နေရာမှာ သံပုရာသီး(၃)လုံးဟာ တစ်ပြိုင်နက်တည်း ခြောက်မသွားဘဲ တစ်လုံးပုပ်သွားမယ်၊ သို့မဟုတ် နှစ်လုံးပုပ်သွားမယ်ဆိုရင် သင့်ကို မကောင်းတဲ့နည်း တစ်ခုခုနဲ့ တိုက်နေသူရှိနေပြီဆိုတာ သေချာပြီ။


ဒီလိုဆိုရင် ဘယ်လိုတုန့်ပြန်မလဲ။ တုန့်ပြန်နည်းကတော့



www.burmeseclassic.com

www.burmeseclassic.com





ချပ်သွားတဲ့ သံပုရာသီးတွေကို အိမ်ရှေ့ယူလာပြီး အိမ်ရှေ့ရောက်တဲ့အခါ မိမိအိမ်ထဲကို မျက်နှာ မူကာ ပုပ်နေတဲ့ သံပုရာသီးကို နောက်ပြန်ပစ်လိုက်ပါ။

အဲ့လိုလွှတ်ပစ်တဲ့နေရာမှာ ပါးစပ်ကနေ -

"ငါ့ကို မကောင်းကြံသူ၊ တိုက်ခိုက်သူ . . နင်ထံ နင်ပြန်" လို့ ရွတ်ဆိုပြီး လွှတ်ပစ်ပါ။ အရေးကြီးတာက မိမိဘက်က မတရားတဲ့နည်းနဲ့ မဟုတ်တာ၊ မမှန်တာမျိုး လုပ်ထားရင်တော့ ဒီနည်းကို သွားမလုပ်ပါနဲ့။ လုပ်ထားရင် မိမိပဲ ပြန်ခံရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အိမ်တွင်းရေးတွေ ပူလောင်နေမယ်။ အိမ်မှာရှိတဲ့ မိသားစုဝင်တွေ အကြောင်းမရှိဘဲ ရန် မကြာခဏဖြစ်နေမယ်၊ အိမ်ရှိလူများ ကျန်းမာရေးတွေညံ့နေမယ်ဆိုရင် သံပုရာသီးနဲ့ပဲ ဖြေရမှာဖြစ်ပါတယ်။

ဒီလို အိမ်မှာ အပူအပင်တွေ၊ ရန်တွေ၊ အတိုက်အခိုက်တွေ ရှိနေပါက မိမိနေအိမ်ရှိ ဘုရားမှာ သံပရာသီး(၁၀)လုံးကို လှူပါ။ အိမ်အဝင်ဝမှာ သံပုရာသီးတစ်လုံးကို သံနင့်ရိုက်ထားပါ၊ အိမ်ထောင့်တွေနဲ့ အိမ်ပတ်လည်ကို ရှာလကာရည်နဲ့ ဖျန်းပေးပါ၊ ဒါဆိုရင် မိမိအိမ်ကို တိုက်ထားတဲ့ အတိုက်အခိုက်တွေ မရှိတော့ဘဲ အိမ်သန့်သွားပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သန်းမြင့် ချစ်မိုးညို

# တံရူးဝါး

(သို့မဟုတ်)

# အလောင်းကောင်ရှူးထိုးဝါး

www.burmeseclassic.com

www.burmeseclassic.com




ကျီးကုန်းရွာ -

ပဲခူးမြစ်အနီး၊ ခရမ်းချောင်းနံဘေးတွင် ရှိသည်။

ကိုလိုနီခေတ် -

ချစ်တီးကုလားသူဌေးများ ပုဂံတောင်၊ သမြေကုန်း၊ ကုလားဝဲ၊ ညောင်လေးပင်၊ ဥယျာဉ်၊ ငမြေမ စသော ကျေးရွာများမှ စပါးများကို အကြွေးစနစ်ဖြင့်သိမ်းယူပြီး ကျီကြီး၊ ကျီငယ်များဖြင့် သိုလှောင်ထားသောကြောင့် ရွာငယ်ကလေးမှာ "ကျီကုန်းရွာ"ဟု အမည်တွင်ခဲ့သည်။

ကျီကုန်းရွာသည် သန်လျင်မြို့၊ သဲပုံဆိပ်(သီတာသဘော်ဆိပ်အနီး)မှ မော်တော်ငယ်ဖြင့် ရေဝင်၊ ရေလှည့် သွားရသည်။ ရွာမှာ မော်တော်ညအိပ်ပြီး နံနက် ရေလှည့်ဖြင့် ပြန်ထွက်ကြရသည်။ နေ့ချင်းပြန် မရ။

ကားလမ်း . . သန်လျင်ဘောလုံးကွင်းဈေး အနောက်ဘက်မှ သူဌေးကွင်း၊ ပုဂံတောင် ကားကြီးစီးပြီး ပုဂံတောင်ရောက်၊ ယင်းမှတစ်ဆင့် ခရမ်းချောင်းတစ်ဖက်ကမ်း လှေငယ်စီး သွားလာရ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ရွာထဲ လမ်းကျဉ်းကျဉ်းသာရှိပြီး မိုးတွင်း ရွံ့ဗွက်တွေနဲ့မို့ ဘွာကနယ်မြေအတိုင်း ဖိနပ်စီးလို့မရ။

❖

မောင်သန်းဝင်း -

သန်လျင် ရေနံချက်စက်ရုံ၊ ချောဆီရောစပ် စည်သွပ်ဌာန မှ ဝန်ထမ်း။ နံနက်(၆း၃ဝ)နာရီအရောက် စက်ဝင်းထဲ ဝင်ရသည်။ စက်ရုံအဝင်ဝဂိတ်မှ TE Open Truck စီးကာ တစ်မိုင်ခွဲခန့်ဝေးသော ဌာနသို့သွားရသည်။

ကားပေါ်တွင် စက်ရုံဝင်းထဲ ကားလမ်းဘေး တာဝန်ကျသော လုံခြုံရေး၊ ဆိပ်ကမ်းပြုပြင်ရေး ဌာန၊ ကုန်တင်ကုန်ချ ဌာန၊ ချောဆီ ရောစပ် စည်သွပ်ဌာနမှ ဝန်ထမ်းအသီးသီး လိုက်ပါကြရသည်။ လမ်း ဘေးတာဝန်ကျရာ ဝန်ထမ်းများဆင်းကာ နောက်ဆုံး ချောဆီရောစပ် စည်သွပ်ဌာနတွင် ဂိတ်ဆုံးသည်။

တစ်နေ့ -

မောင်သန်းဝင်း ပဲခူးစုရပ်ကွက်၊ ဦးလေးအိမ်မှ အလုပ်ဆင်း သည်။ စက်ရုံအဝင်ဝဂိတ်မှ ဝန်ထမ်းအသီးသီးနှင့် လိုက်ပါလာသည်။ လမ်း၊ ဌာနအသီးသီးမှ ဝန်ထမ်းများ ဆင်းကြသည်။


ချောဆီရောစပ်ဌာနမှ ဝန်ထမ်း(၄/၅)ယောက်သာ ကျန် သည်။ မောင်သန်းဝင်းသည် ကားပေါင်ပေါ်မှ ထိုင်၍လိုက်ပါစဉ် ကား သည် ချိုင့်ခွက်တစ်ခုကို ရှောင်လိုက်ရာ မောင်သန်းဝင်း ကားပေါ်မှ ပြုတ်ကျပြီး ပွဲချင်းပြီး သေဆုံးသွားသည်။

ရွာတွင် မီးသင်္ဂြိုဟ်သည်။ မှောက်လျက်အနေအထားဖြင့် မီးသင်္ဂြိုဟ်ရာ အလောင်းကောင်မှာ ခုံးထလာသဖြင့် ဝါးလုံးများနှင့် ထိုးရိုက်ရသည်။ ဝဝလုံးလုံး၊ လူပျိုပေါက်စမို့ တော်တော်နဲ့ မြေမကျ။ သူ့အဆီနှင့် သူလောင်သည်။

လူသေကောင်၏အညှော်နံ့သည် မည်သည့်အညှော်နံ့နှင့်


www.burmeseclassic.com

www.burmeseclassic.com

မတူ။ (၂၊ ၃)ရက် အညှော်အနံ့ မပျောက်။ မီးရှို့စဉ် တခဏ အသုဘပို့သူများ ဝိုင်းအုံကြည့် သော်လည်း အညှော်နံ့ကြောင့် သွားကြသည်။ မြေကျခဲ့လေပြီ။

❖

ဦးတောကျော်သည် လူ ရှင်းချိန် အလောင်းကောင်ကို မီးရှို့ ထိုးဆွထားသော မီးညှိမြဲ ထိုးဝါးထိပ်ဖျားကို ချိုးဖဲ့ယူသည်။ ကျွန်တော် အမှတ်မထင် မြင်ခဲ့သည်။

ဦးတောကျော်သည် မိမိတဲတွင် သူယူဆောင်လာသော ထိုးဝါးကို သွားကြားထိုးတံကဲ့သို့ စူးအချွန်ကလေးများ ပြုလုပ်ကာ ပလတ်စတစ်ဘူးထဲသို့ထည့်ပြီး သိမ်းထားသည်။

ဦးတောကျော်၊ မခင်ပု လင်မယားသည် ကျီကုန်းရွာ ခရမ်း ချောင်းနံဘေး ဝါးတဲထိုး၊ ဓနိမိုးနှင့် နေသည်။ ဤရွာ၊ ဤဒေသက မဟုတ်။ တစ်နယ်တစ်ကျေးမှ ပြောင်းလာနေကြသည်။ အလုပ် အကိုင် သတ်သတ်မှတ်မှတ် မရှိ။ ဟိုသည်စပ်စပ်နှင့် ဖားရှာ၊ ငါးရှာ စားသောက်နေထိုင်ကြသည်။

ရွာလယ်တွင် -

ဦးလူဝဇနီး ဒေါ်ခင်ကြီးတို့ ကုန်စုံဆိုင် တစ်ဆိုင်တည်းသာ ရှိသည်။ တစ်ရွာလုံး ကြွေးမြီကင်းသူ မရှိ။ ဩဇာရှိသည်။

"ခင်ကြီးဟေ့ . ." ဆိုလျှင် တစ်ရွာလုံး ဖိန့်ဖိန့်တုန်။ ရွှံကြောက် ကြီးဖြစ်သော်လည်း မကင်းကြပေ။

❖

တစ်နေ့ -

ဦးတောကျော် စေခိုင်းချက်အရ . . ဇနီးသည် မခင်ပုသည်


www.burmeseclassic.com

www.burmeseclassic.com


။

(၃)ရက်မြောက်နေ့တွင် မခင်ပုသည် ဦးတောကျော်၏ စေခိုင်းချက်အရ မောင်လှခင်၏ခြေရာတွင် စိုက်ထားသော စူးထိုးဝါးတံကို သွားနှုတ်သည်။ ယင်းနေ့မှာပင် အနာမီးလောင်ဖုများ ပျောက်လေသည်။

---

...ခင်ကြီး၏သား မောင်လှခင် အကြွေးတောင်းရန် ရွာထဲ လျှောက် ...မ်းသည့်ခြေရာကို သေချာမှတ်၍ စူးထိုးဝါးတံကို စိုက်ခဲ့သည်။

ည . .

မောင်လှခင် တစ်ညလုံး ယားယံသည်။ ယားသည့်နေရာ ...ားသို့ လက်သည်းနှင့် အယားပြေအောင် ကုတ်သည်။ အိပ်မပျော် ...။ နံနက်မိုးလင်း ကုတ်ခြစ်သောနေရာများမှာ မီးလောင်ပြင်ကဲ့သို့ ...ခြေသလုံးနှစ်ဖက်စလုံး ရောင်ရမ်းပြီး နေမထိ၊ ထိုင်မသာဖြစ်ခဲ့ ...သည်။

တစ်ရက်၊ နှစ်ရက် ဆေးမြီးတိုနှင့် ကြိတ်ကုသော်လည်း ပို၍ ...၍ အခြေအနေဆိုးလာသည်။ ဦးလှဝ ဆေးဆရာ စုံစမ်းကြည့်တော့ ...ာအနောက်ဘက်၊ ချောင်းနံဘေးတွင် ဆရာတောကျော်ရှိကြောင်း ...သိ၍ အိမ်ကိုပင့်သည်။

ဆရာတောကျော်သည် ဆေးဆရာသဏ္ဌာန်၊ ဟန်ပီပီ ယောဂီ ...ရောင်ဝမ်းဆက် ခပ်နွမ်းနွမ်း တစ်စုံသာရှိသည်ကို ဝတ်၍ လွယ်အိတ် ...တစ်လုံးနှင့် ရောက်လာသည်။

လူနာအခြေအနေကို ကြည့်သည်။ လူနာကို ခြေဆင်းစေ ...ပြီး ပါးစပ်မှ တလှုပ်လှုပ်ရွတ်ကာ လက်ဖြင့် ခြေသလုံးမှ ခြေဖျားအထိ အပေါ်ယံ သပ်သပ်ပေးသည်။ ပါလာသော ကျောက်ပြင်ငယ်တွင် ဆေးလုံးကိုသွေးပြီး ညာဘက်မျက်စိကို ကွင်းသည်။ ဘာ လက္ခဏာ ...မပြ။ တစ်ဖန် ဆေးလုံးကိုလှည့်၍ သွေးပြီး ဘယ်ဘက်မျက်စိကို ...ကွင်းသည်။ လူနာသည် -



www.burmeseclassic.com

www.burmeseclassic.com





"မျက်လုံး ပူတယ် . . ပူတယ် စပ်တယ် . . စပ်တယ်"

ဟု အော်သည်။ အနီးရှိသော ဦးလူဝ အံ့သြမိသည်။

ဆရာဦးတောကျော်မှ -

"ဒါ . . ပယောဂ . . ပယောဂ မကင်းဘူး။ စိတ်ချ . . ကျုပ် ပျောက်အောင် ကု ပေးမယ်"

"ဟုတ်ကဲ့ . . ဆရာ ကိုပဲ အားကိုးပါတယ်။ အပ် ပါတယ်။ ပျောက်အောင်ကု ပေးပါ"

ဦးတောကျော်သည် ကျောက်ဂေါ်လီလုံးခန့် သနပ်ခါးခဲ တစ်ခဲနှင့် မန်ကျည်းစေ့ခန့်ရှိသော ဆေးလုံးသုံးလုံးပေးသည်။ ဆေးခဲကို တစ်နေ့သုံးခါ။ ရေနဲ့ ကျဲကျဲလိမ်း။ ဆေးလုံးကို ညစာစား ပြီး အိပ်ခါနီး တစ်နေ့တစ်လုံးသောက်။ အိပ်ပျော် သက်သာလာပြီး ပျောက်သွားမှာပါဆို ပြန်ကြွသွားသည်။

လူနာသည် ဆေးလိမ်း၊ ဆေးသောက်သဖြင့် အနာသက် သာလာကာ စားဝင် အိပ်ပျော်ခဲ့သည်။ (၃)ရက်မြောက်နေ့တွင် မခင်မ သည် ဦးတောကျော်၏စေခိုင်းချက်အရ ယခင် မောင်လူခင်၏ ခြေရာ တွင် စိုက်ထားသော စူးထိုးဝါးတံကို သွားနုတ်သည်။ ယင်းနေ့မှာပင် မောင်လူခင်၏ အနာ မီးလောင်ဖုများ၊ ခြေထောက်ရောင်ရမ်းမှုများ ပျောက်ကွယ်သွားလေသည်။

ဦးလူဝသည် ဦးတောကျော်၏ ဆေးစွမ်းကြောင့် သား မောင် လူခင် ရောဂါဝေဒနာပျောက်သည်ကို အထူး ဝမ်းသာသွားသည်။ ဦးတောကျော်ကိုလည်း လေးစားသည်။ ခြေကြွခ၊ ဆေးဖိုးဝါးခ ပေး သည်။



www.burmeseclassic.com

www.burmeseclassic.com


ယင်းသို့ဖြင့် "ဆရာတောကျော် . . ဆရာတောကျော်" နာမည်တွင်လာသည်။ ရွာနီးပတ်ဝန်းကျင်တွင်လည်း ငွေကြေးချမ်းသာသော အိမ်များတွင် အိမ်သားများ၏ ခြေရာတွင် လည်းကောင်း၊ အကျီများတွင် လည်းကောင်း၊ စူးထိုးဝါးတံ စိုက်စေပြီး ဝေဒနာဖြစ်စေကာ ဦးတောကျော် လုပ်စားနေသည်မှာ ကြာခဲ့ပြီ။

တစ်နှစ်ကြာသော် -

ဦးလူဝ၏ဇနီး ဒေါ်ခင်ကြီးသည် သား မောင်လူခင်ဖြစ်စဉ် ဝေဒနာအတိုင်း ဖြစ်ပြန်သည်။ ဆရာတောကျော်သည် ယခင်နည်းအတိုင်း လိမ်းဆေး၊ သောက်ဆေးပေးပြီး သောက်စေသည်။

ထို့နောက် (၃)ရက်မြောက်သောနေ့ ဒေါ်ခင်ကြီး စွန့်ပစ်ထားသောအကျီမှ စူးထိုးဝါးတံကိုနှုတ်စေပြီး ရောဂါဝေဒနာ ပျောက်ကင်းစေသည်။ ဇနီးသည် ရောဂါဝေဒနာပျောက်ကင်း၍ ဦးလူဝ ဝီတိဖြစ်ကာ ဆရာတောကျော်အား အလေးထား၍ ခြေကြွခ၊ ဆေးဖိုးဝါးခ ကန်တော့သည်။

❖

ကျွန်တော်တို့အိမ်ကို ကယားပြည်နယ်မှ ညီအစ်ကိုလို ခင်မင်ရင်းနှီးသော ဦးကျော်မင်းဝင်း ရောက်လာသည်။ အသိအိမ်များသို့ တစ်နေ့လုံး ဝင်ထွက်သွားလာနေသည်။ ညနေစောင်း ဦးကျော်မင်းဝင်း အိမ်ပေါ်တက်ရန် အုတ်လှေခါးတွင် ရပ်နေစဉ် အိမ်မှ ညိုလုံးအမည်ရှိ ခွေး ကိုက်လိုက်သည်။

တစ်နေ့လုံး ညိုလုံးနှင့် ရင်းနှီးပြီးသား။ ဘာကြောင့် ကိုက်သလဲဟု စဉ်းစားနေချိန် အိမ်ခြေရင်း၊ ခြံစည်းရိုး ရေတွင်းနားမှာ ဒေါ်နန်းကြင်ကို တွေ့လိုက်ရသည်။ သိလိုက်သည်။ စိတ်ဆိုးသွားသည်။ ကျွန်တော်သည် အိမ်ပေါ်တက်စေပြီး "အိုင်တင်း" အနာကျက်ဆေးထည့်ပေးသည်။ ပတ်တီးစည်းပေးသည်။

ည . .


www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်မင်းဝင်းသည် ဘုရားစင်ရှေ့တွင် ဖယောင်းတိုင် ထွန်းပြီး -

"မလောက်လေး မလောက်စား စုန်းကဝေမ . . သိကြရော ပေါ့၊ ငါလို ဆရာကို လာစမ်းတယ်။ ဒင်းတို့ တစ်အိမ်လုံး မီးလောင် တိုက်သွင်းပစ်မယ်"ဟုဆိုပြီး -

ဖယောင်းကြိုးနစ်ကြိုးကို ယူကာ ပါးစပ်မှ ကုလားစကား လိုလို . . ဘာလိုလို ရွတ်ပြီး ဖွတ်မြှီးထိုးသည်။ မကြာမီ ဖွတ်မြှီး ပုတီး တစ်ကုံးစာ ပြီးသွားသည်။

"ဒါဆောင်ထား . . ဘာအန္တရာယ်မှ မကျရောက်နိုင်ဘူး" ဟုပြောပြီး ကျွန်တော့ကိုပေးသည်။

❖

ကျွန်တော်နှင့် ဆရာကျော်မင်းဝင်းသည် အစ်မရှိရာ ကျိုကုန်းရွာသို့ သွားလည်ကြသည်။ ဗဟုသုတအနေဖြင့် ရေလမ်းခရီးမှ သွားသည်။ အပြန် ကားလမ်းခရီးမှပြန်မည်ဟု စီစဉ်ပြီး ခရီးထွက်ခဲ့ကြသည်။

သန်လျင် သဲပုံဆိပ်မှ မော်တော်စီး၍ ပဲခူးမြစ်ကမ်းနံဘေးမှ ခုတ်မောင်းပြီး ကုန်းတန်းရေလွှဲကာ တာတမံကို ဖြတ်ကျော်ကာ ခရမ်းချောင်းထဲသို့ ဝင်သည်။ ချောင်းနံဘေး မော်တော်ဆိုက်၍ သစ်သားကုန်းဘောင်ထိုးကာ ရွာကမ်းပါးပေါ်သို့ တက်ခဲ့ရသည်။

မိုးတွင်းကာလဖြစ်၍ ဖိနပ်ကို လွယ်အိတ်ထဲထည့်ပြီး ရွှံ့ဗွက်လမ်းကလေးမှသွားကာ အစ်မကြီးတည်းခိုနေသော ဦးလူဝအိမ် ရောက်ခဲ့သည်။ အစ်မကြီးသည် ကျိုကုန်း အ. မ. ကတွင် ကျောင်းအုပ်ဆရာမကြီး ဖြစ်သည်။ သန်လျင်မြို့နှင့်နီးသော်လည်း သွားလာရေး ခက်ခဲသဖြင့် ဦးလူဝအိမ်တွင် ထမင်းလခပေးစား၍ နေသည်။

တစ်နေ့ . .

ဦးတောကျော် ရွာလယ် ဦးလူဝအိမ်ရှေ့မှ ဖြတ်သွားစဉ် ထို



www.burmeseclassic.com

www.burmeseclassic.com




ဦးလှဝမှ -

"ဆရာဦးတောကျော် ဘယ်သွားမလို့တုန်း"

"ဟိုဘက်ရွာ သွားမလို့"

ဟုဆိုကာ သွားသည်။

ကျွန်တော်က -

"ဦးတောကျော်က ဘာဆရာလဲ"

"ဦးတောကျော်က ပယောဂ၊ ဝိဇ္ဇာကုဆေးဆရာ . . ကျုပ်တို့ကျေးရွာတစ်ဝိုက်မှာ ပယောဂကုရာမှာ တကယ်စွမ်းတာ၊ သည်နယ်တစ်ခွင်မှာ နာမည်ကြီး။ သူ့ပဲ အားကိုးနေရတာ"

"ဘယ်လို ပယောဂမျိုးတွေလဲ"

"ကိုယ်တွေ၊ လက်တွေ ယားယံပြီး အဖုတွေထ၊ မီးလောင်ပြင်လို ခြေတွေ၊ လက်တွေ ရောင်ရမ်းဖောလာရင် ဆရာက မန်းမှုတ်၊ ဆေး(၃၊၄)ရက်လောက်သောက် ပျောက်တာပဲ"

"ဆရာတောကျော်က ဘယ်မှာနေသလဲ"

"ရွာရဲ့တောင်ဘက်၊ ချောင်းနံဘေးမှာ နေတယ်"

ကျွန်တော်ကလည်း ဦးတောကျော်ကို သိသည်။

နောက်ဆုံး မောင်သန်းဝင်း အစိမ်းသေ၊ လူသေကောင်အလောင်းကို မီးသဂြိုဟ်စဉ် စူးထိုးဝါးကို ယူဆောင်သွားသည့်အကြောင်းကို ဆရာကျော်မင်းဝင်းကို ပြောပြသည်။

ဆရာ ကျော်မင်းဝင်း ထင်လိုက်သည်။ ကျွန်တော့ကို ရွာမှ လူတစ်ယောက်နဲ့ ဦးတောကျော် အိမ်အခြေအနေကို လှေ့လာစောင့်ကြည့်ခိုင်းသည်။ သည်လိုနှင့် -


www.burmeseclassic.com

www.burmeseclassic.com


ဦးတောကျော်သည် ဖနီးသည် မခင်ပုအား စူးထိုးဝါးတံကို ယူဆောင်ကာ တစ်ရွာမှတစ်ရွာ။ စီးပွားရေးပြေလည်သော မိသားစု တစ်ဦးတစ်ယောက်စီမှ ခြေရာသော် လည်းကောင်း၊ စွန့်ပစ်ထားသော အဝတ်အစားတစ်ခုခုကိုသော် လည်းကောင်း၊ စူးထိုးဝါးတံ စိုက်စေသည်။ ရောဂါဝေဒနာ ဖြစ်စေသည်။ လုပ်နေကျနည်းအတိုင်း ကုသ ပျောက်ကင်းစေသည်ကို စုံစမ်းသိရှိရသည်။

❖

တစ်နေ့ -

ဦးတောကျော်တို့လင်မယား၊ ခရမ်းချောင်းဖျားတွင် ငါး သွားရှာသည်။ တဲအနီးအနားတွင် ရွာသားဖိုးလုံးအား အစောင့် ထားသည်။ ကျွန်တော် တဲထဲဝင်သည်။ တဲထဲ အထွေအထူး ဝင် စရာ မလို။ တံခါးမရှိ၊ အခန်းမရှိ ရှာဖွေရန် လွယ်သည်။

"ဘုရားစင်"ဟု ဆိုအပ်သော ဝါးထရံတွင် ညှပ်ထားသည့် ဘုရားပုံတော်ဘေးရှိ ချိတ်ဆွဲထားသော လွယ်အိတ်တစ်လုံးကို တွေ့၏။ အိတ်ထဲရှိ စူးထိုးဝါးတံ (၄၊ ၅)ခု ထည့်ထားသော ဖန်ပုလင်း တစ်လုံး။

ကျောက်ဂေါ်လီလုံးလောက်ရှိ သနပ်ခါးခဲ (၄၊ ၅၊ ၁၀)လုံး ပန်းရောင်လိုဟာမျိုး ဆေးလုံးတစ်ပုလင်း၊ အဖြူရောင်လိုဟာမျိုး ဆေးလုံးတစ်ပုလင်း၊ ဖန်ဂေါ်လီလုံးလောက်ရှိ သနပ်ခါး(၄၊ ၅)ခဲ ကျောက်ပြင်အသေးတစ်ခုတွေ့၍ ယူဆောင်လာခဲ့သည်။

ဦးလှုဝအိမ်ရောက်သော် ဆရာကျော်မင်းဝင်းအား ပြ သည်။ ဆရာကျော်မင်းဝင်းမှ သေချာကြည့်ပြီး ဦးလှုဝအား -

"ဒီဖန်ဂေါ်လီလုံးလောက်ရှိတဲ့ သနပ်ခါးလုံးကို ကြည့်၊ နှစ် ခြမ်းခြမ်းပြီး ကော်နဲ့ကပ်ထားတယ်။ တစ်ခြမ်းက ရိုးရိုးသနပ်ခါး၊ တစ်ခြမ်းမှာ လျှာနင့်တို့ကြည့်ပြီး ဖြုပ်သီးမှုန့်နဲ့ ရောစပ်ထားတဲ့ သနပ်ခါး"

"ဒီဘက်ခြမ်းကို သွေးလိမ်းရင် အေးပြီး ဘာမှမဖြစ်။ ဒီဘက်


www.burmeseclassic.com

www.burmeseclassic.com


ခြမ်းကို သွေးလိမ်းရင် ပူမယ်၊ စပ်မယ်။ ဒါကို ပယောဂ ကင်း၊ မကောင်း ဆိုပြီး မျက်စိကိုကွင်းပြီး စမ်းတာ"

"ဒီစူးထိုးဝါးတံက အစိမ်းသေလူသေကောင်ကို မီးသင်္ဂြိုဟ်တဲ့အခါ ထိုးတဲ့ဝါး။ စူးထိုးဝါးကို သွားကြားထိုးတံလို ပြုလုပ်ထားတဲ့ စူးထိုးဝါးတံနဲ့ သာမန်လူရဲ့ ခြေရာ၊ အဝတ်အစားတွေမှာ ထိုးခဲ့ကြရင် အစိမ်းသေ၊ လူသေကောင်က ဒုက္ခအမျိုးမျိုး ပေးတော့တာ။ အဲဒါကို အစိမ်းတိုက်၊ အောက်လမ်းနည်းနဲ့ အစိမ်းတိုက်တာပေါ့ ဗျာ"

"ဒီဆေးလုံးလေးတွေက အကိုက်အခဲပျောက်ဆေး၊ အိပ်ဆေးတွေ။ ဒီဆေးလုံးလေးတွေကို ကြိတ်ပြီး ပေါင်းစပ်ထားတဲ့ ဆေးလုံးကို သောက်ရင် အကိုက်အခဲ ပျောက်မယ်။ အိပ်ပျော်မယ်။ စိုက်ထားတဲ့ စူးထိုးဝါးတံကို နှုတ်ပယ်လိုက်ရင် ဘာပယောဂမှ မဝင် ဘူး။ ဘာဒုက္ခမှ မပေးဘူး"

ဟု ရှင်းပြပြီး အားလုံးကို မီးရှို့ဖျက်ဆီးလိုက်သည်။

ဦးတောကျော်တို့ လင်မယားနှစ်ယောက် ငါးရှာလာပြီး အိမ်အခြေအနေ၊ ခြေရာလက်ရာပျက်ပြီး လွယ်အိတ်ကိုကြည့်သော် ဘာဆေးတွေမှ မရှိတော့မှန်း သိလိုက်သည်။ ဦးတောကျော်တို့ လင်မယားနှစ်ယောက် ရွာမှ ပျောက်ခြင်းမလှ၊ ပျောက်သွားခဲ့လေပြီ။

ရွာမှာလည်း မိမိတို့ လယ်ယာမြေကို ကျန်းမာအေးချမ်းစွာ လုပ်ကိုင်နေကြလေတော့သည်။ သုံးလကြာသော် ဒေါ်နန်းကျင်တို့ နေအိမ်သည်လည်း မီးပေါ်ဆမှုကြောင့် မီးလောင်သွားခဲ့လေပြီ။

သန်လျင်ချစ်မိုးညို
ဝန်ခံချက် - တကယ့်ဖြစ်ရပ်မှန်

www.burmeseclassic.com

www.burmeseclassic.com



# သက္ကရာဇ်၊ ခရစ်နှစ်နှင့် ဘီစီ၊ အေဒီတို့အကြောင်း




သက္ကရာဇ်အမျိုးမျိုး ရှိပါတယ်။ သာသနာနှစ်၊ ခရစ်နှစ် ဆိုတာတွေလည်း ရှိသလို၊ ဘီစီ၊ အေဒီဆိုတဲ့ ခုနှစ်တွေက မည်သို့ သတ်မှတ်ခဲ့သနည်း၊ သမိုင်းကိုဖတ်သည့်အခါမှာ နားလည်နိုင်စေဖို့၊ ဗဟုသုတများ တိုးပွားစေနိုင်ရန်အတွက် ဒီအကြောင်းအရာများကို ဖော်ပြလိုက်ရပါတယ်။ ၎င်းတို့မှာ -

၁) မဟာသက္ကရာဇ်
၂) သာသနာနှစ်
၃) ကောဇာသက္ကရာဇ်
၄) ခရစ်နှစ်
၅) ဘီစီ
၆) အေဒီတို့ ဖြစ်ပါတယ်။

## ၁) မဟာသက္ကရာဇ်


မဟာသက္ကရာဇ်ဆိုတာ ဘုရားမပွင့်ခင်ကာလကို ခေါ်ဆိုကြပါတယ်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားရဲ့အဘိုး အဉ္ဇနမင်းကြီးနဲ့ ကာလဒေဝီလ ရသေ့တို့သတ်မှတ်ခဲ့တဲ့နှစ်ကို မဟာသက္ကရာဇ် လို့ ခေါ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းကို မဟာသက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com


(၆၈)ခုနှစ်မှာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါတယ်။




**၂) သာသနာနှစ်**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမ သင်္ဂါယနာကိုတင်သောနှစ်၊ အရှင်မဟာကဿပမထေရ်နဲ့ အဇာတသတ်မင်းကြီးတို့ ထားခဲ့တဲ့နှစ်ကို သာသနာနှစ်(သို့မဟုတ်)သာသနာ သက္ကရာဇ်လို့ ခေါ်တယ်။

**၃) ကောဇာသက္ကရာဇ်**

ကောဇာသက္ကရာဇ်ကတော့ လက်ရှိ မြန်မာလူမျိုးတို့သုံးစွဲနေတဲ့ မြန်မာသက္ကရာဇ်ပဲ ဖြစ်ပါတယ်။ မြန်မာသက္ကရာဇ်လို့ခေါ်တဲ့ ကောဇာသက္ကရာဇ်ဟာ (၂)ခါဖြိုခြင်းခံရပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ပထမသင်္ဂါယနာ တင်တဲ့နှစ်မှ စတင်ရေတွက်ခဲ့တဲ့ သက္ကရာဇ်ကို (၆၂၂)ခုနှစ်အရောက် သရေခေတ္တရာခေတ် သုမုန္ဒရီမင်းလက်ထက်မှာ ပထမအကြိမ် ဖြို ခဲ့ပါတယ်။

အဲဒီကနေ စတင်ရေတွက်လာရာ သက္ကရာဇ်(၅၆၀)ခုနှစ်အရောက်၊ ပုဂံခေတ် ပုပ္ပါးစောရဟန်းမင်းလက်ထက်မှာ ဒုတိယ နောက်တစ်ကြိမ်ထပ်ဖြိုခဲ့ပါတယ်။ နှစ်ကြိမ်တိုင်ဖြိုခဲ့တဲ့ သက္ကရာဇ် နှစ်ခုပေါင်းခြင်းက (၆၂၂)နှင့် (၅၆၀)ပေါင်းပါက (၁၁၈၂) ရရှိပါတယ်။ အဲဒါကိုမှ ယခု လက်ရှိရောက်ဆဲ မြန်မာသက္ကရာဇ် (၁၃၇၈)ကို နှစ်ခါအဖြိုခံခဲ့ရတဲ့ သက္ကရာဇ်(၁၁၈၂) ထည့်ပေါင်းပါက သာသနာနှစ်(သို့မဟုတ်) သာသနာသက္ကရာဇ်ကို ရရှိပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၄) ခရစ်နှစ်

သာသနာသက္ကရာဇ် (၅၄၄)ခုနှစ်အရောက်မှာ ခရစ်တော်ကို မွေးဖွားခဲ့ပါတယ်။ ထိုအချိန်ကနေ စတင်ရေတွက်သောနှစ်ကို ခရစ်သက္ကရာဇ်လို့ ခေါ်ပါတယ်။ အခုရောက်ရှိနေတဲ့ ခရစ်သက္ကရာဇ်ကို (၅၄၄)ထည့်ပေါင်းပါက သာသနာနှစ်ရပါမယ်။ လက်ရှိ(၂၀၁၆)ခုနှစ်ကို (၅၄၄)ထည့်ပေါင်းပါက သာသနာနှစ်(၂၅၆၀)ရပါတယ်။

## ၅) ဘီစီ

ဘီစီဆိုတာရဲ့အဓိပ္ပါယ်က (Before Christ) ခရစ်တော်မပေါ်ခင်မှာ ရေတွက်တဲ့နှစ်များကို ဆိုလိုပါတယ်။ ခရစ်တော်ကို ဘီစီ(၆၂၃)ခုနှစ်မှာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါတယ်။

## ၆) အေဒီ

အေဒီဆိုတာကတော့ ခရစ်တော်မွေးဖွားပြီးနောက် ရေတွက်တဲ့နှစ်ကို ဆိုလိုပါတယ်။ အေဒီရဲ့အဓိပ္ပါယ်က (Anno Domini) ဖြစ်ပါတယ်။ Anno Domini က "ငါတို့ ဘုရားသခင်နှစ်"လို့ အဓိပ္ပါယ်ရပါကြောင်း ဖော်ပြလိုက်ရပါတယ်။

လူတိုင်း လူတိုင်းမှာ မွေးဖွားတဲ့ မြန်မာသက္ကရာဇ် ကိုယ်စီကိုယ်ငှ ရှိပါတယ်။ အင်္ဂလိပ် ခရစ်နှစ်သာသိလျှင်လည်း မခက်ပါဘူး။ ခရစ်နှစ်မှ (၆၃၈)ခုနှုတ်လျှင် မြန်မာသက္ကရာဇ်ရပါလိမ့်မယ်။

လက်ရှိ ခရစ်နှစ်(၂၀၁၆)ခုနှစ်ထဲကနေ (၆၃၈)ခုကို နှုတ်ပါက မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ်ကို ရပါလိမ့်မယ်။ ဒါဟာ ခရစ်နှစ်နဲ့ မြန်မာသက္ကရာဇ်ကို အလွယ်တွက်နည်းဖြစ်ပါတယ်။ အင်္ဂလိပ်ခုနှစ်သက္ကရာဇ်ကိုပဲ စွဲမြဲစွာ သိကြသူများအတွက် ခရစ်နှစ်သိရင် မြန်မာသက္ကရာဇ်ကို အလွယ်တွက်ပြီး သိနိုင်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ယက္ခဒေဝီ

# ကိုယ်တွေ့ပရလောက ဖြစ်ရပ်ဆန်းများ

www.burmeseclassic.com

www.burmeseclassic.com





II

"အမလေး.. ဘယ်က
အဖွားကြီးလဲ"
တစ်ခါမှလည်း မမြင်ဖူးဘူးလေ။
သူမပုံစံက ပိန်ချုံးချိနဲ့နေပြီး
အမောဟောက်နေသလိုပဲ။
နောက် မျက်လုံးကြီးတွေ
ပြူးပြူးထွက်လာတယ်။

စာရေးသူ ဒီတစ်ခါပြောပြချင်တာက စာရေးသူဘဝမှာ ငယ်ငယ်ကတည်းက ကြုံခဲ့ရတဲ့ ထူးထူးခြားခြားဖြစ်ရပ်တွေ အကြောင်းပါ။

ဘာကြောင့်လဲဆိုတော့ တချို့က စာရေးသူကို မေးတယ်။ သရဲတစ္ဆေဝတ္ထုတွေ ရေးနေတော့ ကိုယ်တိုင်ကော သရဲတစ္ဆေတွေကို ယုံလား၊ တွေ့ဖူးလား၊ ကြောက်လား၊ ဘာညာပေါ့။

စာရေးသူ အဲဒါကြောင့်လည်း စာရေးသူဘဝရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်အကြောင်းတွေကို ပြောပြချင်လာတာ။ တချို့ကလည်း စိတ်ထင်တယ်၊ အယူသီးတယ်လို့ ထင်ချင်ထင်မယ်။

ဒါပေမယ့် စာရေးသူလည်း တကယ်ကြုံရတာကို အမှန်တိုင်း ပြောပြတာပါ။ ယုံတာ၊ မယုံတာကတော့ စာဖတ်သူသာ ဆုံးဖြတ်ပါနော်။

စာရေးသူကို လူကြီးမိဘတွေက ငယ်ငယ်ကတည်းက လိပ်ပြာငယ်တယ်လို့ ပြောတယ်။ တော်ရုံ၊ တန်ရုံဆို မြင်တတ်တယ်။ လန့်တတ်တယ်ပေါ့။ စာရေးသူ ခြောက်လသမီးအရွယ်



www.burmeseclassic.com

www.burmeseclassic.com



မီဘတွေက ငပလီသွားကြတယ်။ ကမ်းခြေမှာ လမ်းလေးဘာလေး လျှောက်ပေါ့။

နေဝင်ရီတရောချိန်ကြီး ကလေးလေးချီပြီး လျှောက်ကြတာ၊ ညရောက်တော့ ကလေးက အရမ်းငို၊ ဘယ်လိုမှ ချော့မရဘူး။ နောက် အဲဒီက ရွာခံအဒေါ်ကြီး (အမေတို့အသိ)က ကလေးငိုနေတာ မရိုးဘူးဆို ခေါ်စာပစ်လိုက်မှ အငိုတိတ်တယ်။

နောက် . . နှစ်. နှစ်သမီးအရွယ်မှာ စာရေးသူတို့နေတဲ့ အိမ်နားက ဆေးကျောင်းသားတစ်ယောက် စာမကျက်နိုင်လို့ ဂေါက်သွားပြီး ကိုယ့်ကိုကိုယ် သတ်သေသွားတယ်။

အဲ့နေ့၊ အဲ့ညကစလို့ စာရေးသူက ညသန်းခေါင်ဆို ထ.ထ ငိုတတ်တယ်။ စကားလည်းမတတ်တော့ မေးလို့လည်းမရ၊ မိဘတွေက စိတ်ပူတာပေါ့။ ကလေး နေမကောင်းတာလား၊ ဗိုက်အောင့်တာလားပေါ့။

နောက် စာရေးသူက အမှောင်ထဲကို လက်ညှိုးထိုးပြီး ငိုတာ၊ ချော့မရ ဘာမရ။ စာရေးသူ ဘိုးဘိုးက ဗုဒ္ဓဘာသာ။ အရမ်း ဘာသာရေးကိုင်းရှိုင်းတော့ ကလေးကို ခေါင်းလေးကိုင်ပြီး ဘုရားစာတွေ၊ ဘာတွေရွတ်ပေးလိုက်ရင် အငိုတိတ်.တိတ်သွားတယ်။

ဒါပေမယ့် စာရေးသူက နောက်ညတွေလည်း ထ.ထငိုပြန်တယ်။ ဒါနဲ့ လူကြီးတွေက ဟုတ်တော့မဟုတ်သေးဘူး။ "ယုံတာ မယုံတာ အပထား၊ ဒါ မရိုးဘူး" ဆိုပြီး နောက်ဆုံး တကယ့် တန်ခိုးကြီးပြီး စွမ်းတဲ့ ဘိုးဘိုးတို့ကိုးကွယ်တဲ့ ဆရာတော်ဘုန်းဘုန်းကြီးက စာရေးသူကို လိပ်ပြာချုပ်လုပ်ပေးတော့မှ အဲ့နေ့ကစပြီး စာရေးသူ လုံးဝ မငိုတော့ဘူး။

ဒါက စာရေးသူ မသိတတ်သေးခင် လူကြီးတွေပြောပြလို့မှ ပြန်သိရတဲ့အကြောင်းတွေ၊ နောက်တော့ စာရေးသူ သိတတ်လာတဲ့ မှတ်မိတတ်တဲ့အရွယ်မှာ ကြုံရတာတွေကတော့ -

စာရေးသူ (၅)နှစ်သမီးမှာ ခြံထဲထွက်ဆော့တုန်း ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မအဒေါ်က ကားနောက်ဖုံးပေါ်တင်ပြီး ထမင်းခွံ့နေတယ်။ အဲ့အချိန်မှာ မြို့ထဲမှာ နောက်ကားတစ်စီးကို ရှေ့ဆင့်၊ နောက်ဆင့် ရပ်ထားတယ်။

အဲ့မှာ စာရေးသူ သေသေချာချာ မြင်လိုက်တာက နောက်မှာ ရပ်ထားတဲ့ ကားပေါ်မှာ ပထမက ဘယ်သူမှရှိမနေဘူး။ နောက်ကြည့်ရင်း၊ ကြည့်ရင်းက ကားမောင်းတဲ့နေရာမှာ လူကြီးတစ်ယောက် စတီယာရင်ကို ကိုင်ထားတယ်။

ဒါပေမယ့် အဲ့လူကြီးမှာ ခေါင်းမပါဘူး။ စာရေးသူကို သူ့လက်တစ်ဖက်က လက်လှမ်းပြနေတာကို အံ့သြစရာ တွေ့လိုက်ရတယ်။ ကလေးဆိုတော့ ဘာကြီးမှန်းမသိတော့ အဒေါ်ကို လက်ညှိုးထိုးပြတယ်။ အဒေါ်က ဘာလဲပေါ့၊ သူ မတွေ့ဘူးတဲ့။ ဘယ်သူမှလည်း ကားပေါ်တက်သွားတာ မတွေ့ရဘူးလေ။

လူကြီးတွေက ကလေးပြောတာဆိုတော့ ယုံရအခက်၊ မယုံရအခက်နဲ့။ နောက် သမီးဦးလေးတွေ သမီးကို ကားပေါ်တက် နောက်တာလို့ ပြောပေးကြတယ်။ ကလေးဆိုတော့ ကြောက်မှာ စိုးလို့ ထင်တယ်။ ကျွန်မလည်း ကလေးဆိုပေမယ့် ငြင်းတယ်၊ မဟုတ်ဘူး။ လူတက်သွားတာလည်း မတွေ့ဘူး။ ဘာညာနဲ့ပေါ့ . .။

ဒါပေမယ့် ချော့လိုက်၊ မော့လိုက်တော့ ကလေးဆိုတော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။ ဒါပေမယ့် အချိန်တွေ ကြာတဲ့အထိ အဲ့ခေါင်းမပါတဲ့ လူကြီးပုံရိပ်က မျက်စိထဲမှာ အခုထိစွဲနေတုန်းပဲ။

စာရေးသူ ဆယ်တန်းရောက်တော့ မေမေတို့က အိမ်ဆောက်နေတော့ နေစရာ ခဏရအောင်ဆို သုဝဏ္ဏမှာ အိမ်ခဏ ငှားနေတယ်။ အဲ့အိမ်က နှစ်ဆောင်ပြိုင်ကြီး။ အဲ့အိမ်ကို ပြောင်းလာလာချင်း တစ်အိမ်လုံး အပြင်သွားကြတယ်။

ဖေဖေ တစ်ယောက်ထဲပဲ အိမ်မှာမလိုက်ချင်လို့ နေခဲ့တာ။ ဖေဖေက လုံးဝ မကြောက်တတ်ဘူး။ သူတစ်ယောက်တည်း ကျန်ခဲ့တုန်း အဲ့နေ့က အိမ်ထဲမှာ ခြံထဲမှာ လမ်းလျှောက်သံတွေ၊ တောက်


www.burmeseclassic.com

www.burmeseclassic.com




လျှောက်ကြားနေရတယ်တဲ့။ သူက သတင်းစာဖတ်တောင် မပျက်ဘူး။

ဒါပေမယ့် အိမ်သားတွေ ကြောက်မှာ စိုးလို့ ထင်တယ်။ ရယ်သလို၊ မောသလိုနဲ့ "နင်တို့သာ အိမ်မှာ မရှိတာ . . အိမ်ထဲမှာ လမ်းလျှောက်သံတွေက ညံနေတာပဲတဲ့"

ဒါနဲ့ မေ့မေ့ပျောက်ပျောက် နေလိုက်ကြတယ်။ ဆန်းတာက ညဘက်ဆို မီးဖိုဆောင်မီးက ဘယ်သူမှမဖွင့်ဘဲ ပွင့်နေတတ်တယ်။ နေ့ရောက်ရင် သူ့ဘာသာ ပြန်ပိတ်နေရော။

ဒါပေမယ့် အိမ်သူအိမ်သားတွေက ဗန္ဓုလအမျိုးတွေ ထင်တယ်။ အဲ့ကိစ္စအတွက် ဘာမှတောင် အရေးမစိုက်နေဘူး။ တစ်ခါတလေ စာရေးသူ အခန်းထဲမှာ နေနေတဲ့အခါ တစ်ယောက်ယောက်က တံခါးဖွင့် ဝင်လာတယ်။ ဗီရိုက ကွယ်နေတော့ မမြင်ရဘူး။ ပြီးရင် ဗီရိုနောက်မှာ သူ့ဘာသာ ဘာတွေလုပ်နေလဲမသိဘူး။ ပြီးရင် ပြန်ထွက်သွားရော။

ပြီးရင် အိမ်ကလူတွေ မေးကြည့်တယ်။ နင်လား၊ ငါလား။ ဘယ်သူမှ မဟုတ်ဘူး။ အဖွားလည်း ပြောတယ်။ တစ်ခါတလေ သူ သတင်းစာဖတ်နေရင် ခြေသံပြင်းပြင်းကြီးက လမ်းတွေလျှောက်နေတာပဲတဲ့။ သူမက အရေးတောင် မစိုက်ဘူး။

အဖွားကလည်း မကြောက်တတ်ဘူး။ အာဂ သတ္တိခဲတွေ၊ စာရေးသူလည်း ညဘက်စာကျက်ရင်း ဗိုက်ဆာရင် တစ်ယောက်တည်း ရေခဲသေတ္တာထဲကမုန့်တွေ ထွက်ထွက်စားနေတာပဲ။

အဲ့အခါ မှောင်မည်းနေတဲ့ ဧည့်ခန်းကြီးကို ဖြတ်သွားရတာ၊ တစ်ယောက်ယောက်က ကျောပေးထိုင်နေသလိုလို၊ ထိုင်ပဲ ကြည့်နေသလိုလို စိတ်ထဲမလုံဘူး။ ဒါပေမယ့် ဘာမှမဖြစ်သလိုပဲ နေနေခဲ့


www.burmeseclassic.com

www.burmeseclassic.com


တယ်။

တစ်ခါကတော့ စာရေးသူ လှေကားပေါ်က ဆင်းနေတုန်း တစ်ယောက်ယောက်က နောက်ကနေ လှေကားပေါ်က တွန်းချလိုက် သလို၊ လှေကားပေါ်က ခြေခေါက်လဲပြီး တလိမ့်ကောက်ကွေးကျတာ ကံကောင်းလို့ မသေတာ။

နောက်တော့ အိမ်ရာဇဝင်သိရတာ အိမ်ပိုင်ရှင်ရဲ့ယောက်ျား အဘိုးကြီးရော၊ သူ့ညီမ အဖွားကြီးတစ်ယောက်ပါ အဲ့အိမ်ကြီးမှာ သေခဲ့ကြတာတဲ့၊ သေတာကတော့ လူကြီးရောဂါနဲ့ သေတာပါပဲ။

ဒါပေမယ့် မသိတော့ပါဘူး။ အဲ့အိမ်ကြီးက ပိုင်ရှင်က သိပ် အဆင်မပြေလို့ လမပြည့်ခင် ပြောင်းနိုင်းတယ်။ သူ့အိမ်ကို ဆက် မငှားဘူး။ ရောင်းတော့မယ် ဆင်းပေးတဲ့။

စာရေးသူတို့ မိသားစုမှာ တစ်ဖက်က ဆောက်နေတဲ့ အိမ်က လည်း မပြီးသေးတော့ အရမ်းကို ကိုးလို့ကန့်လန့်တွေ ဖြစ်ကုန်ရော ဒါပေမယ့် အချင်းမများချင်လို့ ဆင်းပေးခဲ့တယ်။

လောလောဆယ် တစ်ပတ်လောက်နေစရာမရှိလို့ အမေ့ သူငယ်ချင်းတစ်ယောက်က သူ့ရဲ့ငှားစားထားတဲ့ အိမ်တစ်လုံး မှာ တယ်။ အဲ့မှာလည်း အိမ်ငှားတွေက လောလောလတ်လတ် ဆင်း သွားတဲ့အချိန်နဲ့ တိုက်နေလို့ တစ်ပတ်ဆို လာနေလို့ရတယ်ဆိုလို့ သွား နေလိုက်တယ်။

အဲ့အိမ်လေးက မြို့စွန်ရပ်ကွက်လေးတစ်ခုမှာ ရှိတာ၊ တစ် ထပ်တိုက်လေး နေချင်စရာလေး။ အဲ့အချိန် ဒီဇင်ဘာလ ဆောင်း ရာသီဆိုတော့ တအားအေးတယ်။

စာရေးသူ ညဆို သိပ်ပျော်တာပဲ။ အေးအေးဆေးဆေး မှို လို့လေ။ ဒါပေမယ့် အဲ့အိမ်လေးကလည်း ရာဇဝင်ရှိခဲ့တယ်။ မြေ ကြမ်းတယ်ဆိုပဲ။ အမေ့သူငယ်ချင်း အန်တီကိုယ်တိုင် ပြောပြတာ

သူ အဲ့အိမ်စဝယ်တုန်းက မြေကြမ်းလွန်းလို့ဆိုပြီး ဘုန်းကြီး တွေပင့်ပြီး တော်တော်လေး လုပ်လိုက်ရသေးတယ်ဆိုပဲ။

စာရေးသူကတော့ အဲ့အိမ်လေးကို ခဏပဲ နေရမယ်ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com


ယ့် သဘောကျနေခဲ့တယ်။ အိပ်တာ
တော့ တစ်ခန်းလုံး မိသားစုတွေ ဖျာ
ခင်းပြီး စုအိပ်ကြတယ်။ ဖေဖေက
တော့ အဲ့အချိန် သဘော်တက်သွား
ပြီ။



တစ်နေ့ မနက်အစော
ကြီး စာရေးသူအိပ်နေတုန်း တစ်
ယောက်ယောက်က လာဖိထား
သလို အသက်ရှူကြပ်လာတယ်။
ထတော့လည်း ထလို့မရဘူး။
မျက်လုံးတွေက တအား လေးလံ
နေတာ၊ ပြန်ပြန်ပိတ်သွားတယ်။

အဲ့ဒီအချိန်မှာ တကယ်လိုလို အိပ်မက်လိုလိုနဲ့ တရှူးရှူး အသက်ရှူသံပြင်းပြင်းကြီး ကြားနေရတယ်။ အဲ့အချိန် တစ်ကိုယ်လုံး လှုပ်လို့မရဘူး။

ဒါပေမယ့် မျက်စိကို အတင်း ပြူးပြဲပြီးကြည့်တော့ မြင်နေရတာ . . ဟိုး အခန်းထောင့်တစ်နေရာမှာ အဖွားကြီးတစ်ယောက် ဆံပင်ဖြူဖြူကြီးကို ဖားလျားချပြီး ဟိုဘက်လှည့်ကွေးနေတာ။ သူ့ပုံကြည့်ရတာ မောနေသလိုပဲ။

အသံရှူသံကြီးက အဖွားကြီး ဆီကထွက်နေတာ။ စာရေးသူက စာရေးသူရဲ့ အဖွားထင်လို့ "ဖွားဖွားလား" လို့ လှမ်းမေးတယ်။ ဒါပေမယ့် အသံက ထွက်မလာဘူး။ ကျွန်မ ဖွားဖွားရဲ့ ပုံစံမျိုးလည်း မတွေ့ဘူး။ နောက် တဖြည်းဖြည်း အဖွားကြီးက တဖြည်းဖြည်း၊ တဖြည်းဖြည်း ကျွန်မဘက်လှည့်လာတယ်။

"အမလေး! . . ဘယ်က အဖွားကြီးလဲ"

တစ်ခါမှလည်း မမြင်ဖူးဘူးလေ။ သူမပုံစံက ပိန်ချုံးချိန်နဲ့ အနေ ပြီး အမောဖောက်နေသလိုပဲ။ နောက် မျက်လုံးကြီးတွေ ပြူးပြူးထွက် လာတယ်။ စာရေးသူလည်းအော်တာ . . အသံက ထွက်မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲ့မှာ အဖွားကြီးခေါင်းကြီးကပဲ ရှည်ရှည်ထွက်လာပြီး စာရေးသူနား ကပ်လာတယ်။ သူ့ ကိုယ်က ပါမလာဘူး။ အမလေး ကြောက်လိုက်တာ .. ခေါင်းကြီးပဲ ရှေ့ထွက်လာတာ။ ပြီးတော့ ကျွန်မ မျက်နှာနဲ့ တော်တော်လေးနီးနေပြီ။

အဲ့မှာ စာရေးသူ မျက်စိကို အတင်းမှိတ်လိုက်ပြီး "သံဗုဒ္ဓေ" ဂါထာကို အသားကုန်ရွတ်တာ အသက်ရှူသံကြီးက နား‌နားမှာ ကပ် နေတုန်းပဲ။ ပြီးတော့မှ ကျွန်မလည်း ဘုရားစာရွတ်ရင်း ဝှန်းခနဲ လုံး‌ဝ နီးသွားပြီး မျက်လုံးတွေ ဖွင့်ကြည့်တော့ အခန်းထဲမှာ ကျွန်မ တစ် ယောက်တည်း ဘယ်သူမှလည်း မရှိတော့ဘူး။

အကုန်နိုးလို့ ထသွားကြပြီထင်တယ်။ ကျွန်မလည်း အဲ့ဒီ တော့မှ အတင်းကုန်းရုန်းထပြီး အခန်းထဲက ထွက်ပြေးတယ်။

အဲ့အချိန်မှာ ဖွားဖွားက လမ်းထိပ်ကဆိုင်က မုန့်ဟင်းခါး စားပြီး အခုမှ ပြန်ရောက်လာတယ်။ မေမေတို့၊ တီတီတို့၊ တခြားလူ တွေကလည်း မီးဖိုချောင်မှာ၊ နောက်ညတွေတော့ ဘုရားရှိခိုး သေချာ အိပ်တော့ ဘာမှမဖြစ်တော့ဘူး။

အိပ်မက်လား . . တကယ်လားလည်း မသိ။ ဆောင်းတွင်း အိပ်မက် ဂယောက်ဂယက်။ နောက်တော့ ကျွန်မတို့ အိမ်ပြောင်းလိုက် တယ်။ အဲ့အိမ်လည်း ရောင်းလိုက်ပြီတဲ့။

❖

ဒါနဲ့ စာရေးသူလည်း (၁၀)တန်းအောင်တော့ စင်ကာပူမှာ ကျောင်းသွားတက်တယ်။ စင်ကာပူမှာ တစ်ယောက်တည်းနေတာ အခန်းငှားပြီး။ တစ်ယောက်တည်းပဲ အိပ်တယ်။ အခန်းဖော် ဘာညာ နဲ့မနေဘူး။ အဲ့အိမ်က နေလို့ကောင်းပါတယ်။ သန့်လည်း သန့်တယ်။ သန့်တယ်ဆိုတာ စိတ်ရှင်းပြောတာပါ။

တစ်နေ့တော့ ကျွန်မ ကျောင်းကအပြန် မိုးချုပ်လို့ Bus တွေ MRT တွေ မစီးဘဲ Taxi ငှားပြန် လာတယ်။

အိမ်အောက်ရောက်တော့ Taxi သမားကြီးက အကြွေပြန်

www.burmeseclassic.com

www.burmeseclassic.com





အမ်းတယ်။ အင်းပေါ့ .. အကြွေ ရတော့ အိမ်အောက်က စတိုး ဆိုင်မှာ အချိုရည်သောက် မယ်ဆို သွားဝယ်တော့ ဆိုင် က ပြောတယ်။

"နင့်ဟာက စင်ကာပူ အကြွေ မဟုတ်ဘူးတဲ့။ မလေး ရှား အကြွေကြီးတဲ့"

ဩော် .. ဟုတ်လားပေါ့၊ Taxi Driver ကြီး မှောင်နေတော့ မမြင် မစမ်း နဲ့ ပေးချင်ရာ ပေးသွားတယ်ပဲ ထင်နေတယ်။ နောက် တော့ ဆိုင်ရှင်က ဆက်ပြောတယ်။ နင့် မလေးရှားအကြွေကြီးက (၁၉၇၀) ခုနှစ်လောက်က ဟာကြီးတဲ့။ အခုတောင် မလေးမှာ အဲ့ဒါ ကြီးမသုံးတော့ဘူးတဲ့။

ဘုရားရေ ..! တကယ့် ရှေးဟောင်းပစ္စည်းကြီးပဲ။ ရှာရှာ ဖွေဖွေ နင် ဘယ်က ရလာတာလဲတဲ့။ သူပြောမှ စာရေးသူလည်း ပြန်ကြည့်မိတာက ဟုတ်သားပဲ။ အကြွေပုံစံက စင်ကာပူအကြွေ ဆိုဒ်ထက် ပိုကြီးတယ်။

ထားပါတော့ ..။ ရှားပါးပစ္စည်းဆိုတော့ စိတ်ဝင်စားလို့ သိမ်းထားချင်လို့ ပြန်ယူလာတယ်။ အခန်းထဲ ပြန်ရောက်တော့ Laptop ကွန်ပျူတာနဲ့ ကျောင်းစာလုပ်နေတယ်။ အဲ့မှာ ကွန်ပျူတာ Screen က နေရင်းထိုင်ရင်း မှောင်ကျသွားတယ်။

စာရေးသူက Plug ထိုးထားတော့ အားကုန်သွားစရာ အကြောင်းလည်း မရှိဘူး။ ဘာထဖြစ်တာလဲပေါ့။ ခလုတ်များ ပိတ် အားမိလို့လားပေါ့။ မဟုတ်ဘူး။ မပိတ်ထားပါဘူး။ နောက်တော့ သူ့ဘာသာ Screen ပြန်လင်းလားတယ်။

ဩော် .. စက်ပဲ တစ်ခါတလေ ကြောင်မှာပေါ့။ ခေါင်းထဲ ထားပါဘူး။ ဒါပေမယ့် တစ်ခါမှမဖြစ်ဖူးဘဲ အခုမှဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com




နည်းနည်းတော့ အံ့သြတယ်။

ဒါနဲ့ ထားပါတော့ . . စာ ဆက်ဖတ်တယ်။ အဲ့မှာ စာရွက် တွေ "တဖျပ်ဖျပ်" လှန်လှောနေ တဲ့ အသံတွေကြားရတယ်။ အခန်းထဲ အဲကွန်းလည်း မဖွင့်ရသေးဘူး။ ပန်ကာ လည်း မဖွင့်ရသေးဘူး။ ဘယ် က စာရွက်တွေ လှန်လှောနေ တာလဲ။ အခန်းထဲလည်း ငါ တစ် ယောက်တည်းပါပေါ့။

နောက်တော့ စာအုပ်တွေကလည်း ခြေရာလက်ရာ မပျက်ဘူး။ နောက်တော့ အသံ ရပ်သွားတယ်။ ကျွန်မလည်း စာကျက်ပြီး အိပ်ရာဝင်လိုက်တယ်။ စာကြည့်မီးလေး တစ်လုံးတော့ အမြဲဖွင့်အိပ်တယ်။ အဲ့မှာ . .

ကျွန်မ အသက်ရှူ ကြပ်လာပြန်တယ်။ အိပ်တစ်ဝက်၊ နိုး တစ်ဝက် ဖြစ်နေတဲ့အချိန်မှာ မြင်နေရတာချည်းပဲ။ နံရံမှာ ကပ်ထား တဲ့ ဗီရိုကြီးအပေါ်က တံခါးပေါက်ကြီး ပွင့်လာတယ်။ တကယ်တ ဗီရိုပေါ်မှာ ဘာတံခါးမှ မရှိဘူး။ ဗီရိုမှာတော့ အပေါက်ရှိတယ်လေ အဲ့အပေါ်မှာ ဘာတံခါးမှ မရှိတာ။

ဒါပေမယ့် ကျွန်မ မြင်နေရတာက အဲ့အပေါ်မှာ အပေါက် ကြီးလိုပဲ။

"အမလေး! . . ဆင်းလာတော့မယ်၊ ဆင်းလာတော့မယ်" လို့ စိတ်ထဲက ထင်နေတယ်။

ဘာဆင်းလာမှာကို စိတ်ထဲက ကြောက်နေမှန်း မသိဘူး နောက်တော့ အခန်းတံခါးကို တစ်ယောက်ယောက်က တကယ် လာဖွင့်တယ်။ ကျွန်မက သော့ပိတ်အိပ်တာလေ။ ဘယ်သူက လာဖွင့်လို့ရမလဲ။


www.burmeseclassic.com

www.burmeseclassic.com


ဟော! . . တံခါးကြီး ပွင့်လာပြီ၊ ဘယ်သူဝင်လာမလဲ။



"အမလေး မဝင်လာပါနဲ့ . . မဝင်လာပါနဲ့" လို့ စိတ်ထဲက အော်နေတာ၊ နောက်တော့ ကျွန်မ ဝုန်းခနဲ လုံးဝနိုးသွားတယ်။ ကြည့်လိုက်တော့ ဘာတံခါးမှလည်း ပွင့်မနေဘူး။

ဗီရိုနံရံမှာလည်း ဘာတံခါးမှ မရှိဘူး။ အင်း . . အိပ်မက်ဆိုးလိုလို၊ ဘာလိုလို မြင်နေရတာ တကယ် မဟုတ်ဘူးပေါ့။ ပြန်အိပ်လိုက်တယ်။ ခဏနေတော့ အိပ်မောကျနေရင်း ပြန် အသက်ရှူ ကြပ်လာပြန်တယ်၊ အိပ်တစ်ဝက်၊ နိုးတစ်ဝက်မှာ တဖြည်းဖြည်း မျက်လုံးတွေကိုဖွင့် ကြည့်တော့ အားပါး! . .

ပိန်ပိန်လှီလှီ အရပ်ရှည်ကိုင်းကိုင်းကြီး တရုတ်အဘိုးကြီး တစ်ယောက်။ သူ့ပုံက အရိုးခြောက်ကြီးလိုပဲ။ ပိန်ခြောက်နေတယ်၊ ရှပ်အင်္ကျီအဖြူရယ်၊ ကာကီရောင်ဘောင်းဘီကြီး ဝတ်ထားတယ်၊

ကျွန်မ အိပ်နေတာကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတာ။ ကျွန်မ လှုပ်လို့မရ၊ အော်လို့ မရဘူး။ စာရေးသူလည်း မျက်စိကို ပြန်မှိတ်ပြီး ဘုရားစာကို အသားကုန်ရွတ်တယ်။

နောက်တော့ ထုံးစံအတိုင်း ဝုန်းခနဲ နိုးတာပဲ။ အရမ်းမောနေတယ်။ ရင်တွေလည်း တုန်နေပြီ။ တစ်ညလုံးမှာ ကြောက်စရာ အိပ်မက်တွေပဲ မက်နေတာကိုး။ ဒါပေမယ့် အိပ်မက်လည်း မဟုတ်ဘူး။ တကယ်လိုလို၊ ဘာလိုလိုနဲ့။

ဒီအိမ်မှာ နေလာတာလည်း ကြာပြီ။ တစ်ခါမှ အဲလိုမဖြစ်ဖူးဘူး။ ဒီနေ့မှ ဘာတွေဖြစ်နေတာလဲပေါ့။ နောက်တော့ တစ်ခု သတိရသွားတာက အကြွေစေ့။ ရှေးဟောင်း မလေးရှားအကြွေ ကျိုင်စေ့

www.burmeseclassic.com

www.burmeseclassic.com


ကြီး။ စိတ်ထဲ မသိုးမသန့်ဖြစ်လာတယ်။

ဒါနဲ့ပဲ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ အဲ့အကြွေစေ့ကြီးကို စာကြည့်စားပွဲမှာ တွေ့လိုက်တော့ စိတ်ထဲ နည်းနည်းလန့်သလို ဖြစ်လာလို့ ချက်ချင်း ဘုရားစာတွေရွတ်ပြီး အိမ်နောက်ဖေးပေါက်က လွှင့်ပစ်လိုက်တယ်။

တိုက်ဆိုင်တာလား . . ဘာလားတော့ မသိဘူး။ အကြွေစေ့ကြီးလည်း မရှိတော့ရော၊ တစ်ညလုံး ဘာမှမဖြစ်တဲ့အပြင် နောက်နေ့တွေလည်း ဘာမှ မဖြစ်တော့ဘူး။

ကဲ . . စာဖတ်သူရော ဘယ်လိုထင်လဲ။ စာရေးသူကတော့ သရဲခြောက်တယ်ပဲ ထင်တယ်။

ဒါတွေ အကုန်လုံး . . ကျွန်မ တကယ်ကြုံတွေ့ခဲ့ရတဲ့ တကယ့်အဖြစ်ပျက်တွေချည်းပါပဲ။ တစ်ခုမှ စာဖတ်လို့ကောင်းအောင် ပြောင်းလဲပြင်ဆင်ထားတာတွေ မပါပါဘူး။

ဒါကြောင့် စာဖတ်သူကို သရဲယုံလားမေးရင် အင်း . . ယုံပါတယ်။ စာရေးသူတို့ ဘုရားဟောမှာ ပေတလောကဆိုတာ တကယ်ရှိပါတယ်။ ခြောက်ခံရဖူးလားမေးရင် အခုပြောပြတဲ့ အဖြစ်အပျက်တွေကို ဖတ်ကြည့်ပါ။

စာဖတ်သူအနေနဲ့ ဒါတွေက စာရေးသူ စိတ်ထင်တာပါလို့ ထင်ချင်လည်း ထင်ပေါ့။ သရဲခြောက်ခံရတယ် ထင်ချင်လည်း ထင်ပေါ့။ သဘောအတိုင်း ဆုံးဖြတ်ပါ။ တချို့က ပြောတယ်။ ကံနိမ့်မှ သရဲမြင်တာတဲ့။

ဒါပေမယ့် လူကြီးသူမတွေ ပြောကြတာကတော့ -

ဝိညာဉ်တွေကို မြင်တွေ့၊ ကြားသိဆက်သွယ်လို့ရတဲ့ လူတချို့ရှိတယ်။ သူတို့ရဲ့ မွေးရာပါအာရုံတစ်ခုက မွေးကတည်းက ပါလာတာတဲ့။ Sixth Sence "ဆဋ္ဌမအာရုံ" လို့ ခေါ်ပါသတဲ့။

ဒါဆို ကျွန်မမှာလည်း အဲ့လို အာရုံရှိတယ်လို့ ထင်ပါတယ်။

အစဉ်လေးစားလျက်
ယက္ခဒေဝီ

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




၂။

"ကိုဝင်းမောင်တစ်ယောက်
ဘုရားတပည့်တော်မလို
ဘဝမျိုးနဲ့ မကြုံရပါစေနှင့် ဘုရား"
သီတာနှုတ်မှ ဆုတောင်းရင်း
ရေတွင်းထဲသို့ ခုန်ချလိုက်သည်။
"ဖွမ်း"

ဒေါ်မိုးတစ်ယောက် မနက်သုံးနာရီခွဲ ထသည်။ မျက်နှာ သစ်၊ မီးမွှေး၊ ပဲပြုတ်အိုးတင်ပြီး သောက်တော်ရေလဲ၊ ဘုရားရှိခိုး ဂါထာရွတ်၊ ဆုတောင်းမေတ္တာပို့ စသောအလုပ်များသည် ဒေါ်မိုး၏ တစ်နေ့တာအလုပ်များ ဖြစ်ပါသည်။

တစ်နေ့ ဒေါ်မိုး အိပ်ရာထကာ မျက်နှာသစ်နေစဉ် ခြံ ထောင့်မှ ဆုမြတ်တို့အိမ်ဘက် ရေတွင်းပျက်ဆီသို့ အကြည့် တစ်ချက်ရောက်သွားသည်။ လန့်ဖျတ်၍အော်လိုက်မိသည်။

"မသီတာ . . ဆုမြတ်ရေ လာပါဦး၊ လာကြည့်ပါဦး"

ပြူးပြူးပြာပြာနှင့် ကတုန်ကယင် အသံမတိုးမကျယ် လှမ်းအော်နေသော အိမ်ဘေးအခန်းမှ ဒေါ်မိုး၏အသံကြောင့် -

"ဘာ . . ဘာလဲ ဒေါ်မိုး"

ဆုမြတ်က အပြေးကလေး အိမ်ရှေ့ရောက်လာသည်။ ဒေါ်မိုးက မျက်စိကို ရေတွင်းပျက်ဆီသို့ မေးငေါ့ဆတ်ပြရင်း -

"ဟိုမှာ ကြည့်စမ်း"

"ဟင်! . . အောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com


ဆုမြတ်ပါ ပြုံးပြုံးပြာပြာဖြစ်သွားသည်။ မြင်ကွင်းကတော့ ထုန်လှုပ်ချောက်ချားစရာပင်။ ရေတွင်းဘောင် တစ်ဘက်တစ်ချက်စီ၌ ကျောပေး၍ထိုင်နေကြသော လူသဏ္ဌာန်နှစ်ယောက်အား မြင်တွေ့လိုက်ကြခြင်းပင်ဖြစ်သည်။

❖

ကိုနိုင်တစ်ယောက် မယုံပါ။ သူတို့ပြော၍သာ ကြားနေရသည်။ ညစဉ်လိုလို ရေတွင်းပျက်ကြီးအား စောင့်ကြည့်နေရသည်က အလုပ်ကြီးတစ်ခုပင်။

ကိုနိုင်နှင့် ဝင်းမောင်တို့သည် ငယ်သူငယ်ချင်းတွေဖြစ်ကြသလို အိမ်နီးနားချင်းတွေလည်း ဖြစ်ကြသည်။ ဝင်းမောင်တို့အိမ်သည် ကိုနိုင်၏ အိမ်ခြေရင်းတွင်ရှိပြီး ဘေး၌ ပဲပြုတ်သည်ဒေါ်မိုးတို့ နေထိုင်ကြသည်။

ကိုနိုင်သည် လုံးချင်းဝတ္ထုများရေးခြင်း၊ ထုတ်ဝေခြင်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုသည်။ ပရလောက၊ ဂမ္ဘီရလောက အကြောင်းတွေကို လက်တွေ့ကျကျတွေ့ရမှ ယုံတတ်သူဖြစ်သည်။ ကောလဟာလအပြောများကို မယုံပါ။

အခု ဝင်းမောင်တို့ဇာတ်လမ်းအား ပဲပြုတ်သည်ဒေါ်မိုး ပြော၍ ယုံရအခက်၊ မယုံရအခက်။ စိတ်တော့ဝင်စားလာမိသည်။

ညတိုင်း စာဖတ်၊ စာရေးအပြီး မအိပ်ချင်သေးလျှင် ပြတင်းပေါက်တံခါးလေးကို အသားလေးဟ၍ ဝင်းမောင်တို့ရေတွင်းပျက်ဆီသို့ ခိုး့ခိုး ချောင်းကြည့်မိနေသည်။

ရှင်းတော့ အရှင်းသား။ ဝင်းမောင်တို့ဇာတ်လမ်းသည် အိမ်ထောင်ရေးဇာတ်လမ်း ရိုးရိုးလေးသာ။ အဲ ဆန်းပြားတာ တစ်ခုတော့ရှိသည်။

ဝင်းမောင်နှင့် မသီတာတို့ကို နှစ်ဖက်မိဘများက သဘောတူ၍ လက်ထပ်ပေးခဲ့ကြသည်။ မိဘများနှင့် အတူမနေဘဲ ကိုနိုင်အိမ်သို့ ပြောင်း၍နေခဲ့ကြသည်။ ထူးခြားတာက သူချစ်၊ ကိုယ်ချစ်


www.burmeseclassic.com

www.burmeseclassic.com


ချစ်ကြလို့တော့ မဟုတ်ပါ။ မိဘများ၏စကားကို နှစ်ယောက်လုံး မလွန်ဆန်နိုင်၍သာဖြစ်သည်။

ဝင်းမောင်နှင့် မသီတာတို့သည် အကြင်လင်မယားအဖြစ် အတူနေကြသော်လည်း ဝင်းမောင်တစ်ယောက်ကတော့ နေ့စဉ်နှင့်အမျှ အိမ်မကပ်ဘဲ အရက်သောက်၊ အပေါင်းအသင်းတွေနှင့်သာ အချိန်တွေကုန်၍ ညဘက်၌သာ အိမ်သို့ပြန်လာခဲ့သည်။

တစ်ခါတရံ နှစ်ဖက်မိဘများ လာရောက်လည်ပတ်သည့် အခါ၌သာ ဟန်ဆောင်၍ မသီတာနှင့် ဖက်လဲတကင်းနေပြသည်။ မိဘများပြန်သွားလျှင် နဂိုဒုံရင်းအတိုင်း အပေါင်းအသင်းများနှင့် ရှုပ်ပွေနေခဲ့လေသည်။

မသီတာတစ်ယောက် အရှုံးလင်လုပ်ရသလို တစ်ယောက်တည်း အကျဉ်းကျသလို ခံစားနေရသည်။ ဘယ်လိုပဲ မယားဝတ္တရားများ ကျေပွန်စွာပြုစုပေးရှာသော်လည်း ဝင်းမောင် ကတော့ ဂရုမစိုက်။

ကြာလာသောအခါ မသီတာတစ်ယောက် မခံစားနိုင်တော့ပေ။ သူ့အပေါ်တွင် မယားဝတ္တရားများ ကျေပွန် သော်လည်း မသီတာကို အားနာမှုအရိပ်အယောင် နည်းနည်းလေးတောင် မပြ။ ဂရုမစိုက်။

ကြာတော့ နလုံးသားများ လှုပ်ခတ်လာတော့သည်။ မသီတာစိတ်ထဲတွင် ဝမ်းနည်းမှုနှင့်အတူ ရှက်စိတ်များပါ ဝင်လာမိတော့သည်။ သူ့ကြင်မှ ကိုယ်ကြင်မည်။ အပျိုစင်ဘဝကတည်းက ကိုယ့်ကိုကိုယ် ထိန်းထိန်းသိမ်းသိမ်းနှင့် နေလာခဲ့သည်။

မိဘတွေ၏ဂုဏ်သိက္ခာကို ငဲ့ကွက်၍ မြိုသိပ်ခဲ့သည်။ ခေါင်းငုံ့ခံခဲ့သည်။ ကြာတော့ သံယောစဉ်ကြိုးပါ သူ့အပေါ် ရစ်ပတ်ခဲ့သည်။ ဒင်းက ဒါကို ဂရုမထား။ ရက်စက်လွန်းလှသည်။ မသီတာ မျက်ရည်များဝဲ၍ နှုတ်ခမ်းလေးမှာ တဆတ်ဆတ်တုန်ယင်နေ သည်။

ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ အိမ်ထောင်ရှိ


www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းရှိရာသို့ တစ်လှမ်းချင်းလျှောက်လာခဲ့သည်။ ရေတွင်းရှေ့သို့ရောက်သောအခါ တုန့်ကနဲရပ်၍ အိမ်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး နှုတ်မှ -

"ကိုဝင်းမောင်တစ်ယောက် ဘုရားတပည့်တော်မလို ဘဝမျိုးနဲ့ မကြုံရပါစေနှင့် ဘုရား"

သီတာ နှုတ်မှဆုတောင်းရင်း ရေတွင်းထဲသို့ ခုန်ချလိုက်သည်။

"ဗွမ်း"

ခြံဘေးမှ ပဲပြုတ်သည်ဒေါ်မိုး ဖျတ်ခနဲတွေ့လိုက်သဖြင့် -

"ဟဲ့ . . ဟဲ့ လုပ်ကြပါဦး၊ မသီတာ ရေတွင်းထဲခုန်ချသွားပြီ။ လုပ်ကြပါဦး"

ဝင်းမောင်တစ်ယောက် အမှုများစစ်ဆေးခံရခြင်း၊ မသီတာသေဆုံးမှုမှာ သူနှင့် ကင်းရှင်းကြောင်း၊ သက်သေများကလည်း ဝင်းမောင်နှင့် မပတ်သက်ကြောင်း၊ အသုဘကိစ္စများဖြင့် ပျာယာခတ်လျက် အားလုံးရှင်းလင်းသွားသောအခါ ပို လွတ်လွတ်လပ်လပ်ရှိနေပြီး အရက်ကလေး တမြမြနှင့်သာ အချိန်တွေကုန်လွန်ခဲ့လေသည်။

သီတာသေဆုံးပြီး လေးလအကြာတွင် ဝင်းမောင် ဆုမြတ်ဆိုသော မိန်းကလေးနှင့် အိမ်ထောင်ပြုလိုက်သည်။ အိမ်ထောင်ပြုပြီး သုံးလအကြာ၌ -



"ဟာ . . ရေတွင်းထဲ ကြောင်တစ်ကောင် ကျနေပါလား။ ပုပ်စော်တွေနံကုန်တော့မှာပဲ၊ မဖြစ်ဘူး . ."

www.burmeseclassic.com

www.burmeseclassic.com




ဆင်းဆယ်မှ"

ဆုမြတ်က -

"ဖြစ်ပါ့မလား ကိုဝင်းမောင်ရယ်၊ ရေတွင်းက နက်တယ်နော်"

"ဖြစ်ပါတယ်၊ မင်း ဘာမှမပူနဲ့ . . အေးဆေးပဲ"

အဝတ်အစားများ ချွတ်ကာ ဘောင်းဘီတိုနှင့် ဝင်းမောင်က ပြောပြောဆိုဆို ရေတွင်းအပေါ်တန်းကို ကြိုးချည်ရင်း ရေတွင်းအောက်သို့ ဆင်းသွားလေသည်။ ဆုမြတ်က ဆယ်မိနစ်ကြာတော့ ရေတွင်းထဲ ငုံ့ကြည့်ရင်း လှမ်းအော်လိုက်သည်။

"ကိုဝင်းမောင် . . ကိုဝင်းမောင် အဆင်ပြေရဲ့လား"

ထူးသံ ပြန်၍မကြား။ နောက်တစ်ခါ ခပ်ကျယ်ကျယ်လေး ထပ်၍ လှမ်းအော်လိုက်ပြန်သည်။

"ကိုဝင်းမောင်"

ကိုဝင်းမောင်ကို အသေအချာမြင်ရသည်။ ဒါပေမယ့် ပြန်မထူး။ တုတ်တုတ်မျှမလှုပ်။ အောက်မှ ဘာသံမျှ မကြား။ ဆုမြတ် ဆက်ခါ ဆက်ခါ အော်ခေါ်ပြန်သည်။ ဘာမျှ မကြား။

ဆုမြတ် ထိတ်လန့်တုန်လှုပ်သွားသည်။ ဆုမြတ်မှာ ပျာယာခတ်သွားပြီး နောက်မှ သတိရလာကာ -

"လုပ်ကြပါဦး . . လုပ်ကြပါဦး၊ ကိုဝင်းမောင် ရေတွင်းထဲမှာ ဘာဖြစ်လဲမသိဘူး။ ကိုနိုင် . . ကိုနိုင် . . ဒေါ်မိုး . . ဒေါ်မိုး ကယ်ကြပါဦး"

အိမ်ဘေးများမှ ကိုနိုင်၊ ဒေါ်မိုးနှင့် ကိုကြိုင်တို့ ဆင်းလာကာ အိမ်ရှေ့ရှိလူများကို အကူအညီတောင်း၍ ကျွမ်းကျင်သော တွင်းဆယ်သော အလုပ်သမားများကိုခေါ်ယူကာ ဆယ်ယူကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com




အပေါ်ရောက်လာသော ဝင်းမောင်အားပြုစုရင်း ဦးကြိုင်က-

"ဝင်းမောင်တော့ ဆုံးသွားပြီ။ ရေတွင်းကနက်တော့ အောက်စီဂျင်မရဘဲ ဖြစ်သွားတယ်နဲ့ တူတယ်"

"ဆုမြတ်လေး သနားပါတယ်၊ အိမ်ထောင်ကျတာ မကြာသေးဘူး"

"ဝင်းမောင်တော့ ကံဆိုးတာပဲ"

အသံမျိုးစုံ အောက်မှ ဆုမြတ်ကတော့ ဝင်းမောင်အလောင်းကိုကြည့်ကာ ငူတူတူ၊ ကြောင်တောင်တောင် ဖြစ်နေလေတော့သည်။

ကိုနိုင်က ဝင်းမောင်တို့အကြောင်းကို စဉ်းစားရင်း သမ်းဝေလိုက်သည်။

❖

ညအချိန်က (၁၀)နာရီ။

မိုးတစ်ညဖြစ်၍ မိုးဖွဲကလေးများကျလာကာ လေပြင်းတစ်ချက် ဝှေ့ယမ်း တိုက်ခတ်လိုက်သည်။ ပြတင်းဘောင်နှင့် တံခါးရွက်များ ရိုက်ခတ်သဖြင့် ကိုနိုင် ပြတင်းတံခါးပိတ်ရန် မတ်တပ်ရပ်လိုက်သည်။

ထို့နောက် ပြတင်းပေါက်ဆီသို့ အသာလေးလျှောက်သွားပြီး ဟနေသောပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ လျှပ်ရောင်နှင့်အတူ အရိပ်သဏ္ဌာန်နှစ်ခုအား ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။

www.burmeseclassic.com


အိပ်မှုန်စုံမွှားဖြစ်၍ မျက်လုံးနှစ်ဖက်အား ပွတ်သပ်၍ သေချာကြည့်လိုက်သည်။

"ဟာ! . ."

ငှတူတူ ခြေတစ်ဖက်ရေတွင်းပေါ်တင်၍ ကျန်တစ်ဖက် မြေကြီးပေါ်ချထားသော ယောက်ျားတစ်ယောက်နှင့် ဆံပင်များကို ဖားလျားချထားသော အပြုံးမျက်နှာနှင့် မိန်းမတစ်ယောက် ကျောပေး၍ ထိုင်နေကြသည်။

ထိုသူများသည် တခြားတော့မဟုတ်ပါ။

ဟိုတစ်နေ့ကမှ ရေတွင်းထဲ ကြောင်ဆယ်ရင်း အောက်စီးချင်ပြတ်၍ သေဆုံးခဲ့ရသော ကိုဝင်းမောင်နှင့် လွန်ခဲ့သော (၇)လကျော်လောက်က ဤရေတွင်းထဲသို့ ပူဆွေးသောက ဗျာပါဒများနှင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့သော မသီတာတို့ပင်ဖြစ်ပါသည်။

ကိုနိုင် ကြက်သီးမွေးညင်းများထသွားကာ မျက်လုံးပြူးသွားလေတော့သည်။


"ဟာ! . ."

ဝဋ်နှင့် ကြွေးမှာ မပြေးသာဆိုသလို ဝင်းမောင်တစ်ယောက် ဝဋ်လည်ခဲ့လေသလား။ ဒါမှမဟုတ် မသီတာ၏ ကျိန်စာသင့်ခဲ့လေသလားဆိုတာ မသိနိုင်တော့ပါ။ ကျိန်စာသင့်ခဲ့လျှင်တော့ ဒီဘဝဒီမျှနှင့်သာ ကျေအေးနိုင်ကြပါစေလို့ ကိုနိုင် ဆုတောင်းမိလိုက်တော့သည်။

သန်လျင်မိုးထက်စံ


www.burmeseclassic.com

www.burmeseclassic.com



# နောက်ကြည့်မှန်ထဲက

# ပုံရိပ်ဝင်

တင့်ထူး (ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com





မောင်ထွန်း ကျောင်းပြီးသွားသဖြင့် အိမ်တွင် နားနေခဲ့သည်မှာ ကြာပြီ။ လုပ်စရာအလုပ်က မရှိ။ ပျင်းရိငြီးငွေ့လာလျှင် စာဖတ်သော်လည်း စိတ်ဝင်စားမှုမရှိသဖြင့် ကြာကြာ မဖတ်ချင်ပေ။ အိမ်တွင် စားပြီးအိပ်၊ အိပ်ပြီးလျှင်စားနှင့်သာ နေနေရသည်။

"ငါ ဒီအတိုင်း နေလို့တော့ မဖြစ်သေးပါဘူး . . ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ပြီး ဘာအလုပ်မှမရှိဘဲ အိမ်မှာ အချိန်ကို အလဟဿ ဖြုန်းတီးနေသလိုဖြစ်လို့ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ အများကောင်းကျိုးကိုလည်း မဆောင်ရွက်နဲ့ . . ကြာလာရင် အပျင်းရောဂါရပြီး လူ့တန်ဖိုးမဲ့ဖြစ်တော့မှာပဲ"

ထိုသို့တွေးမိပြီး အလုပ်တစ်ခုခု လုပ်ကိုင်နိုင်ရန် အစိုးရ ရုံး၊ ကုမ္ပဏီတစ်ခုခုတွင် အလုပ်တစ်ခုရနိုင်ရေးအတွက် လျှောက်ထားရန် စုံစမ်းခဲ့တော့သည်။ အလုပ်က အမှန်တကယ် လိုချင်သောအခါ ရှာမှရှား ဖြစ်နေသည်။ သူ လိုက်လံစုံစမ်းသမျှ နေရာများတွင် နေရာလပ်မရှိ။ သူ့ဝန်ထမ်းနှင့်သူ ပြည့်နက်နေလေသည်။

တစ်နံနက်တွင် လက်ဘက်ရည်မှာသောက်ပြီး ထိုင်နေစဉ် ကားတစ်စီး ဆိုင်ရှေ့သို့ ထိုးရပ်ပြီး လူတစ်ယောက် လက်ဘက်ရည်ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့မြင်နေရသည်။

"ဟာ! . . အောင်အောင်ပါလား . . ဘယ်သွားမလို့ လို့


www.burmeseclassic.com

www.burmeseclassic.com


ငါ ကြည့်နေတာကွ၊ လာလေကွာ . . ငါ့စားပွဲမှာ လာထိုင်ပါ။ ဒီမှာ နေရာလွတ် ရှိနေတယ်လေ"

မှာထားသော လက်ဘက်ရည် လာချပေးသေးသဖြင့် စကားပြောဖြစ်ကြသည်။

"နေပါဦး . . မင်းနေထိုင်တဲ့နေရာနဲ့ ဒီနေရာနဲ့က အဝေးကြီးပါ . . ဘာကိစ္စနဲ့ ဒီရပ်ကွက်ကို ရောက်လာခဲ့တာလဲ . . အောင်အောင်ရ"

"ငါ ဒီရပ်ကွက်ကိုသွားမယ့် ပါစင်ဂျာတစ်ယောက်ကို လာပို့ရင်း ရောက်လာခဲ့ရတာပဲကွ"

ထိုသို့ပြောမှ မောင်ထွန်းလည်း ဆိုင်ရှေ့တွင် ရပ်ထားသော ကားခေါင်မိုးပေါ်သို့ လှမ်းကြည့်မိကာ (Taxi) ဟူသော ဆိုင်းဘုတ်ကလေးကို တွေ့မြင်ခဲ့တော့သည်။

"ဟင် . . ဒါဆိုရင် မင်းက တက္ကစီဆွဲနေတာပေါ့ . . ဟုတ်လား"

"အေး . . ဟုတ်တယ်လေ . . မင်းက ငါ တက္ကစီဆွဲနေတာကို အံ့သြနေမိတာလားကွ"

"အမှန်အတိုင်း ပြောရရင်တော့ မင်းဟာ ဘွဲ့ရပညာတတ်တစ်ယောက်အနေနဲ့ ရုံးတို့၊ ကုမ္ပဏီတို့ တစ်ခုခုမှာ အလုပ်ဝင်နေရမှာလေကွာ။ အဲဒီအလုပ်တွေကို မလုပ်ဘဲ တက္ကစီဆွဲနေလေတော့ ငါ အံ့သြခဲ့မိလို့ပါကွာ"

"အင်း . . မင်း တွေးထင်တာမှန်ပေမယ့် အပြည့်အဝတော့ မဟုတ်ဘူးကွ၊ မင်းလည်းသိမှာပါ။ ဒီခေတ်မှာ ဘွဲ့ရပညာတတ်တွေ ပေါများပြီး အလုပ်အကိုင်တွေက ရှားပါးနေတယ်လေ။ ငါဟာ ဘွဲ့ရပညာတတ်ပဲဆိုပြီး စတယ်ကြီးနဲ့ ရုံးတွေမှာ အလုပ်လျှောက်နေလို့ကတော့ မောရုံပဲရှိမယ်ကွ၊ အလုပ်ကတော့ ရလာမှာ မဟုတ်ဘူး"

"အေး . . အဲဒါတော့ မှန်တယ်။ ငါလည်း မင်းပြောသလို အလုပ်ရနိုးနဲ့ လိုက်စုံစမ်းပြီးပြီ၊ ဘယ်မှာမှ မတွေ့ဘူး၊ ကြာတော့


www.burmeseclassic.com

www.burmeseclassic.com


မောပြီး ဆက်မရှာတော့ဘဲ နေနေခဲ့တာလေ"

"မင်းကိုကြည့်ရတာ . . တက္ကစီဆွဲတဲ့အလုပ်ကို အထင် အမြင်သေးသလိုပဲကွ"

"ဟုတ်တယ်လေ . . ကားမောင်းသင်ပြီး ကားမောင်းတတ်ရင် တက္ကစီမောင်းတဲ့အလုပ်က လူတိုင်း လုပ်နိုင်တာပဲ။ ပညာတတ်စရာမလိုဘူး မဟုတ်လားကွ"

"ဒါက မင်းရဲ့ ထင်မြင်ချက်ကိုးကွ။ တက္ကစီလောကမှာ ဘွဲ့ရ ပညာတတ်ပြီး တက္ကစီဆွဲနေတဲ့လူတွေ အများကြီးပဲကွ . . ကြည့်တော့သာ သေးသိမ်တယ်လို့ ထင်ရပေမယ့် ဝင်ငွေက မဆိုးဘူးကွ မောင်ထွန်းရ"

"ဟုတ်ရဲ့လား အောင်အောင်ရာ . . မင်း အရှက်ပြေများ ပြောနေတာလား"

"ဟ . . တက္ကစီမောင်းတာလည်း အလုပ်ပဲလေကွာ၊ မင်း ကြားဖူးမှာပေါ့ . . "အလုပ်ဟူသမျှ ဂုဏ်ရှိစွ"ဆိုတာလေ။ တကယ်တော့ ဘယ်အလုပ်ပဲ ဖြစ်ဖြစ်၊ ဝင်ငွေရနိုင်ရင် လုပ်ကြရမှာပဲကွ . . ဒီခေတ်မှာက အလုပ်ရွေးနေလို့ မဖြစ်ဘူးလေ"

အောင်အောင်က ထိုသို့ပြောပြီး သူ့ရှေ့သို့ချထားပေးသော လက်ဘက်ရည်ကို သောက်နေလေသည်။

"မောင်ထွန်း . . မင်း ဘွဲ့ရထားပြီး အလုပ်မရသေးဘူး မဟုတ်လား။ ဒီတော့ မင်းကိုငါ အကြံပေးမယ်။ ငါ့လိုပဲ တက္ကစီမောင်းဖို့ တိုက်တွန်းချင်တယ် သူငယ်ချင်း။ မင်းက ကားမောင်း သင်ထားပြီး မောင်းတတ်နေတော့ ပိုလို့တောင် အဆင်ပြေသေးတယ်ကွ"

"နောက်တစ်ချက်က မင်းမိဘတွေက ငါ့မိဘတွေထက် စီးပွားရေးပိုပြီး အဆင်ပြေကြတာပဲကွာ။ ဂျပန်ပရိုဘောက် ဝယ်ခိုင်းပေါ့ကွ၊ ကိုယ်ပိုင်ကားနဲ့ မောင်းနိုင်ရင် ပိုပြီးတောင် အဆင်ပြေတယ်ကွ"

"ကဲ . . မောင်ထွန်း မင်းနဲ့ငါ ထိုင်ပြီး စကားပြောနေကြတာ


www.burmeseclassic.com

www.burmeseclassic.com




အချိန်တော်တော် ကြာသွားပြီ။ ငါက မင်းလို အလုပ်မရှိ၊ အကိုင်မရှိသေးတဲ့ကောင်မဟုတ်တော့ ငါ့တက္ကစီကို မောင်းပြီး ဝင်ငွေရှာဦးမယ်ကွ . . ငါသွားတော့မယ်။ ငါ အကြံပေးခဲ့တာကိုလည်း မင်းသေချာစဉ်းစားကြည့်ဦး”

အောင်အောင်လည်း မောင်ထွန်းကို နှုတ်ဆက်ကာ သူ့တက္ကစီကားလေးပေါ်တက်ကာ ကားမောင်း ထွက်သွားခဲ့တော့သည်။ မောင်ထွန်းတစ်ယောက်တည်းသာ စားပွဲတွင် ကျန်နေရစ်ခဲ့ကာ အောင်အောင် ပြောပြသွားခဲ့သောစကားများကို ပြန်တွေးကြည့်နေမိသည်။

❖

“အင်းလေ . . တကယ်တော့ ပညာတတ်ဘွဲ့ရတွေ ဒီလောက်ပေါနေလေတော့ သူ့ထက်ငါ အလုပ်တွေ ရှာဖွေနေကြတာပဲ။ အောင်အောင်ပြောသလို မိဘတွေကို ပရိုဘောက်ကားတစ်စီးဝယ်နိုင်းပြီး ကိုယ်ပိုင်ကားနဲ့ တက္ကစီပဲ မောင်းရတော့မှာပဲ”

ညတာရှည်ရင် အိပ်မက်များမှာကြောင့် အထွေအထူးစဉ်းစားတော့ဘဲ သူ၏မိဘများအား ကားတစ်စီးဝယ်နိုင်းရန် စိတ်ကူးခဲ့မိတော့သည်။

“သားက တက္ကစီမောင်းတော့မလို့လား။ ဟို ကုမ္ပဏီတို့ ဘာတို့မှာ အလုပ်လျှောက်မလို့ဆို”


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် အမေ . . အစကတော့ သား အဲဒီနေရာတွေမှာ အလုပ်လျှောက်ပြီး ရခဲ့ရင်လုပ်ဖို့ပါပဲ။ ဒါပေမယ့် အမေရယ် . . ဘွဲ့ရပညာတတ်တွေက များပြီး အလုပ်တွေက ရှားပါးနေတော့ ကိုယ့်အားကိုယ်ကိုးအလုပ်ကိုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်မိလို့ပါ"

"ကောင်းပါတယ်ကွယ် . . ကိုယ်ပိုင်အလုပ်လုပ်တော့ ကိုယ်ကြိုးစားလုပ်ရင် လုပ်သလောက် အကျိုးခံစားရမှာပဲ မဟုတ်လား။ ဘယ်သူ့ကိုမှလည်း မကြောက်ရဘူး။ ဘယ်သူ့ဩဇာကိုမှလည်း နာခံစရာမလိုဘူးပေါ့ကွယ်"

"ငါ့သားက ကားမောင်းသင်ထားပြီး ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်နေတာပဲ။ အမေတို့ အားပေးတယ်။ သားလိုအပ်တဲ့ ပရိဘောဂတစ်စီးလည်း အမေတို့ ဝယ်ပေးပါ့မယ်ကွယ်"

မိဘများကပါ ကိုယ်ပိုင် ကားမောင်းအလုပ်ကို အားပေးပြီး ပရိဘောဂကားတစ်စီးပါ ဝယ်ပေးကြသဖြင့် မောင်ထွန်း ယခုတော့ ကားကလေးနှင့် တက္ကစီ ပြေးဆွဲနေလေတော့သည်။ အုံနာခလည်း ပေးစရာမလို။ ရသမျှ ဆီဖိုးနှုတ်ပြီး ကျန်ငွေမှာ မိမိအတွက်သာ ဖြစ်ခဲ့လေသည်။

အငှားကားဆိုလျှင် တစ်နေ့ တစ်နေ့ အုံနာခပြည့်ပြီး ပိုလာသည်မှ ဆီဖိုးနှုတ်ကာ မိမိအတွက်ကျန်ခြင်း ဖြစ်၏။ တစ်ခါတရံ ကားဆွဲမကောင်း၍ ဖြစ်စေ၊ မိုးသည်းနေ၍ လူတွေ အပြင်မထွက်ကြလျှင် ကားငှားစီးသူ မရှိသလောက်ဖြစ်ရပြီး အုံနာခပေးရန်ပင် မပြည့်မီသဖြင့် အုံနာခကို အိတ်စိုက်ပေးရသည့် နေ့မျိုးလည်း ရှိတတ်လေသည်။

ယခု သူ့အနေနှင့် ကိုယ်ပိုင် ကားမောင်းနေရခြင်းဖြစ်၍ ရသလောက်နှင့် တင်းတိမ်သည်။ ရာသီဥတုဆိုးဝါးနေလျှင် ကားမထွက်ဘဲ အိမ်မှာနားထားကာ လူက အိပ်နေလျှင်လည်း ပြဿနာမရှိပါချေ။

မောင်ထွန်း တက္ကစီကား စ၍ မောင်းစဉ်၌ ကားဝယ်စီးနိုင်ကြသူတွေက နည်းသေးသဖြင့် တက္ကစီငှားစီးသူပေါကာ တစ်နေ့


www.burmeseclassic.com

www.burmeseclassic.com


**ကားတွေ အဝင်များပြီး ကားဈေးကလည်း ချိုသဖြင့်**
**ကားဝယ်ကြကာ တက္ကစီဆွဲလာကြသဖြင့် ကားတက္ကစီသမားတွေ**
**ပေါ်များလာကာ ယခင်ကလို ကားဆွဲမကောင်းကြတော့ပေ။**

---

တစ်နေ့ ကားဆွဲခ ဝင်ငွေကောင်းခဲ့လေသည်။ တစ်နေ့ မြို့ထဲ တစ်နေရာတွင် အောင်အောင်နှင့် ထပ်တွေ့ပြန်သည်။

"ဟော . . မောင်ထွန်းပါလား . . အခု တက္ကစီဆွဲရတာ အခြေအနေ ဘယ်လိုလဲ၊ မင်းအတွက် အဆင်ပြေတယ်မဟုတ်လား မောင်ထွန်း"

"ဟုတ်တယ် အောင်အောင်ရေ . . တက္ကစီ ငှားစီးသူတွေကပေါတော့ တစ်နေကုန် နားရတယ် မရှိပါဘူးကွာ။ ထမင်းစားတဲ့အချိန်နဲ့ လက်ဘက်ရည်သောက်နေတဲ့အချိန်ကလေးပဲ အနားရတာကွ"

"မင်း . . ကားဆွဲကောင်းရမယ်လေ၊ လိုင်းကားတွေကကျပ်တော့ လွတ်လွတ်လပ်လပ် သွားချင်သူတွေက တက္ကစီနဲ့သွားကြတော့ ကားဆွဲရပြီပေါ့ကွာ"

"မင်း တက္ကစီကို ကိုယ်တိုင်ဝင်မောင်းပြီး ဝင်ငွေရှာခဲ့တော့ ဝန်ထမ်းလစာထက် အပုံကြီးသာတာ လက်တွေ့သိပြီ မဟုတ်လား မောင်ထွန်း"

"ဟုတ်တယ် . . လက်တွေ့ဝင်လုပ်ကြည့်မှပဲ သိလာခဲ့တော့တာပဲ အောင်အောင်ရေ"

❖

တစ်နေ့တွင် သူ့ တက္ကစီကား မမောင်းမီက ကုမ္ပဏီတွင် အလုပ်လျှောက်ထားသည်မှ အလုပ်ခေါ်စာ ရောက်လာသည်။

"အင်း . . ဟိုတုန်းကသာ အလုပ်ခေါ်စာ ရောက်လာ


www.burmeseclassic.com

www.burmeseclassic.com


မယ်ဆိုရင် ငါ ဝင်လုပ်ချင် လုပ်နေမိမှာပဲ။ တကယ်တော့ ကုမ္ပဏီ လုပ်ငန်းဆိုတာက အမြတ်အစွန်းကျန်မှ တည်မြဲမှုရှိတာပဲ။ အရှုံး ပေါ်လာလို့ ကုမ္ပဏီဖျက်သိမ်းခဲ့ရင် ဝန်ထမ်းတွေပါ အလုပ်လက်မဲ့ ဘဝရောက်ခဲ့ကြရတာပဲ"

ကုမ္ပဏီမှ အလုပ်ခေါ်စာ ရောက်လာခဲ့ပေမယ့် တက္ကစီ ဆွဲ နေရသည်က လွတ်လပ်ပြီး ဝင်ငွေကောင်းရနေပြီဖြစ်၍ ကုမ္ပဏီ သို့ မသွားခဲ့တော့ပေ။

မောင်ထွန်း တက္ကစီမောင်းရသည်မှာ မြို့ထဲအနံ့ လမ်း တွေ မကျွမ်းသေးသဖြင့် မောင်းစအချိန်တွင် အခက်အခဲတွေ့ရ သော်လည်း အချိန်ကြာလာသောအခါ မရောက်ဖူးသောနေရာ၊ မသွားဖူးသောလမ်းများသို့ ခရီးသည်များကို လိုက်ပို့ပေးရင်းဖြင့် လမ်းတွေ၊ ရပ်ကွက်တွေ တော်တော်များများကို သိရှိလာခဲ့ကာ အဆင်ပြေသွားခဲ့လေသည်။

"သားရေ . . မောင်ထွန်း ထတော့လေ၊ မနက် လေးနာရီ ထိုးတော့မယ် သားရဲ့ . . သား ဒီမနက်မှာ ပါစင်ဂျာတစ်ယောက်ကို ပဲခူးကို လိုက်ပို့ပေးရမယ်ဆို . . မနက်လေးနာရီခွဲကို သူ့အိမ်ကို သွားခေါ်ပြီး ပို့ပေးရမှာဆို"

မောင်ထွန်းလည်း သူ့အမေနှိုးသဖြင့် အိပ်ရာမှထကာ သွားတိုက်၊ မျက်နှာသစ်ကာ အဝတ်အစားလဲနေသည်။

"သား . . မသွားမီမှာ စားပွဲပေါ်မှာ ကော်ဖီဖျော်ပေးထား တယ်နော်။ သား သောက်သွားလိုက်ဦး၊ တော်ကြာ . . သား လမ်းမှာ ဗိုက်ဆာနေဦးမယ်"

မောင်ထွန်းလည်း အဝတ်အစားလဲပြီးသည်နှင့် ကော်ဖီ ကို ခပ်မြန်မြန်သောက်ကာ ကားငှားသည့် ခရီးသည်ထံသို့ သူ့ကား ကို မောင်းထွက်လာခဲ့တော့သည်။ ခရီးသည်၏ အိမ်ရှေ့သို့ ရောက် သည်နှင့် ကားဟွန်းတီးပြီး အသံပေးလိုက်လေသည်။

"ဟော . . ကားရောက်လာပြီပဲ၊ ကွက်တိပဲဟေ့ . . ဦးလည်း အခုပဲ ပြင်လို့ဆင်လို့ပြီးတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ဦး၊ အားလုံး ပြည့်စုံပြီမဟုတ်လား၊ စထွက်တော့မယ်လေ"

"ပြည့်စုံပါပြီကွာ . . ရပြီ၊ ထွက်မယ်ဟေ့"

မောင်ထွန်းမှာ ရန်ကုန်မြို့ထဲ၌သာ တက္ကစီပြေးဆွဲနေခဲ့ခြင်း ဖြစ်၏။ ခရီးဝေးသို့ တစ်ခါမှ မထွက်ဖူးသေးပေ။ ယခု ပဲခူးသို့ကားနှင့် ပထမဦးဆုံး ခရီးစဉ်ဖြစ်သည်။ လမ်းကောင်းသဖြင့် ကားကလေးကို မိုင်နှုန်းမြှင့်၍ မောင်းနှင်လာခဲ့လေသည်။

"ကဲ . . ကဲ . . ငါ့တူရေ . . ဟိုရှေ့က ရုံးပေါက်ဝမှာ ကား ရပ်ပေးပါကွာ။ ဦးက အဲဒီမှာ ဆင်းရမှာပါ"

"ရောက်ပြီလား ဦး . . ရုံးထဲကို မောင်းဝင်ပေးရမလား"

"နေပါစေတော့ကွာ . . ဦးဘာသာပဲ လမ်းလျှောက်ဝင်သွားပါ့မယ်"

မောင်ထွန်းလည်း ခရီးသည်လိုရာသို့ ပို့ပေးပြီးလျှင် သူ့ကားကလေးကို မောင်း၍ ပြန်ထွက်ခဲ့လေသည်။ ရန်ကုန်ထဲ ပြန်ရောက်လျှင် အိမ်သို့မပြန်တော့ဘဲ မြို့ထဲမှာပင် တက္ကစီ ဆွဲနေခဲ့လေသည်။

❖

မောင်ထွန်း . . တက္ကစီမောင်းသက် လေး၊ ငါးနှစ် ကြာလာသောအခါ မြန်မာနိုင်ငံသို့ နိုင်ငံခြားမှ ကားများ တင်သွင်းခွင့် ရလာကြသဖြင့် ကားမျိုးစုံ ဝင်လာခဲ့ကြသည်။ ကားဈေးတွေကလည်း ချိုသည်။ တချို့ကားဆိုလျှင် အရစ်ကျ ငွေပေးဆပ်စနစ်ဖြင့်ပင် ဝယ်သူနိုင်လေသည်။

တစ်နေ့ မောင်ထွန်းနှင့် အောင်အောင်တို့ ခရီးသည် စောင့်ရင်း ကားများ ရပ်ထားကြကာ ငှားလာမည့်ခရီးသည်ကို စောင့်ဆိုင်းနေကြလေသည်။

"ငါတို့ တက္ကစီသမားတွေလည်း အရင်ကလို ကားဆွဲကောင်းကြတော့ဘူးကွ မောင်ထွန်းရ"



www.burmeseclassic.com

www.burmeseclassic.com





"ဘယ် ဆွဲကောင်းတော့မလဲကွာ . . တက္ကစီကားတွေက ပေါချင်းသောချင်း ဝင်လာတယ် မဟုတ်လားကွ"

ကားတွေ အဝင်များပြီး ကားဈေးကလည်း ချိုသဖြင့် ကားဝယ်ကြကာ တက္ကစီဆွဲလာကြသဖြင့် ကားတက္ကစီသမားတွေ ပေါများလာကာ ယခင်ကလို ကားဆွဲမကောင်းကြတော့ပေ။ တချို့နေ့ရက်တွင် တစ်နေကုန်စောင့်ဆွဲပါမှ ကား သုံး၊ လေးခေါက်သာ ဆွဲခဲ့ရ၏။

ကိုယ်ပိုင်ကားသမားဖြစ်ပါက အထိုက်အလျောက် ဝင်ငွေရသော်လည်း အုံနာခပေးပြီး ဆွဲနေသူတို့မှာ ရသည့်ဝင်ငွေက အုံနာခမျှသာ ဖြစ်၍ မိမိအတွက် ဝင်ငွေမရဘဲ ဖြစ်ကြရသည်။ တစ်နေကုန် မိုးရွာသည့်ရက်မျိုးတွင် အုံနာခပင် မပြည့်၍ အိတ်စိုက်ပေးကြရလေသည်။

"ကားတွေပေါလာတော့ လမ်းတွေပေါ်မှာ ကားတွေ များပန်းခတ် မောင်းနေကြလို့ လမ်းကြောတွေ ပိတ်ဆို့ပြီး လိုရာနေရာကို တော်တော်နဲ့ မရောက်နိုင်ကြဘူးကွာ"

"ဟုတ်ပါ့ကွာ . . ကားပိတ်တာက တစ်မျိုး၊ မီးပွိုင့်မိတာက တစ်မျိုးနဲ့ ငါတို့ တက္ကစီသမားတွေအဖို့ အခက်တွေ့နေကြရပြီကွ"

ကားသမားအချင်းအချင်း တွေ့ကြသည့်အခါ လမ်းကြောပိတ်၍ လိုရာခရီးကို မမောင်းနိုင်ကြဘဲ တရွေ့ရွေ့ စောင့်မောင်းနေ



www.burmeseclassic.com

www.burmeseclassic.com





ရသည်ကို ညည်းညူပြောဆိုနေကြလေသည်။

မောင်ထွန်းမှာ ယခင်က တက္ကစီကို နေ့ဘက်၌သာ ဆွဲခဲ့သည်။ ယခုမူ နေ့ဘက်တွင် ဆွဲ၍ မကိုက်တော့သဖြင့် ညဘက်ကိုပါ ဆွဲနေရတော့သည်။

"ဟော့ . . ညဘက်ကားဆွဲရင် စီးမယ့်ခရီးသည် အခြေအနေကိုကြည့်ပြီးမှ လိုက်ကြနော်"

"ဟင်! . . ဘာပြုလို့လဲဟ"

"ဟိုတလောက သုဝဏ္ဏလမ်းဆုံမှာ လူရွယ်သုံးယောက်၊ သာကေတရှိ ကမာကြည်တံတားထိပ်အထိ တက္ကစီငှားစီးတော့ တက္ကစီသမားက သာကေတဘက် ပြန်မှာဖြစ်လို့ ခရီးကြုံပြီး တင်လာခဲ့သတဲ့ကွ"

"ကမာကြည်တံတားရဲ့ ဟိုဘက်ထိပ်ရောက်တော့ လမ်းကြားကလေးတစ်ခုထဲ မောင်းဝင်ခိုင်းပြီး ကားရပ်ခိုင်းသတဲ့။ ကားကိုလည်း ရပ်ပေးရော နှစ်ယောက်က ကားပေါ်ကဆင်းပြီး ကျန်တစ်ယောက်က စကေပါထုတ်ပြီး ဒရိုင်ဘာရဲ့လည်ပင်းကို ထောက်ကာ ဒရိုင်ဘာထံမှ ပိုက်ဆံအိတ်ကို လုယူထွက်ပြေးသွားခဲ့လို့ အဲဒီဒရိုင်ဘာဟာ သူ ကားဆွဲလို့ရထားတဲ့ ငွေသုံးသောင်းအပြင် ကားလိုင်စင်၊ မှတ်ပုံတင်တွေပါ ပါသွားသတဲ့ဟေ့"

ထိုသတင်းကြားပြီးကတည်းက တက္ကစီကို ညဘက်တွင် သတိထားဆွဲနေရ၏ ။ စီးမည့်ခရီးသည်ကိုလည်း မိမိအား အန္တရာယ်မပေးနိုင်မည့် ခရီးသည်မျိုးကိုသာ ရွေး၍ တင်ကြရသည်။

❖



www.burmeseclassic.com

www.burmeseclassic.com






“ဟော . . ရှေ့မှာ ခရီးသည် တစ်ယောက် ကားတားနေပါလား”

“ဘယ်သွားမှာလဲ ခင်ဗျ”

“ဦးကို သံလျင်ဘက် လိုက်ပို့ပေးနိုင်မလား ကွ”

ပြဿနာမဖြစ်လောက်သည့် နေရာဖြစ်သောကြောင့် လိုက်ပို့ပေးခဲ့သည်။

“ဟာ! . . ရှေ့က ခရီးသည်အုပ်စုက ကားတားနေပြန်ပြီ၊ ဘယ်ကို သွားကြမှာပါလိမ့်”

“ကားဆရာ . . ကျွန်တော်တို့ကို ကျောက်တန်းကို လိုက်ပို့ပေးနိုင်မလား”

“ဆောရီးဗျာ . . ညဘက်ကြီး ဒီလောက်အဝေးကြီး ကျွန်တော် မလိုက်တော့ဘူးဗျ။ တခြားကားကိုသာ စောင့်ငှားကြပါဗျာ”

မောင်ထွန်းလည်း ခရီးဝေးသဖြင့် လိုက်မပို့ဘဲ ကားဆက်ထွက်လာခဲ့သည်။

“ဟေ့ . . မင်းတို့ ညဘက်ကို တက္ကစီလိုက်ကြရင် သတိနဲ့လည်း လိုက်ကြဦးနော်”

“ဟင်! . . ဘာပြုလို့လဲဟ”

“ဘာဖြစ်လဲ မလုပ်နဲ့ . . ဟိုတစ်နေ့က တက္ကစီသမား တစ်ယောက် မြောက်ဒဂုံဘက်ကို လိုက်ပို့ပြီး အပြန်မှာ လူပြတ်တဲ့နေရာရောက်တော့ ကားတားတဲ့ခရီးသည်တွေ့တာနဲ့ အပြန်မှာ လူရပြီဆိုပြီး ဝမ်းသာအားရနဲ့ ကားကိုလည်း ရပ်ပေးလိုက်ရော ကားတားတဲ့ ခရီးသည်က ပျောက်ချင်းမလှပျောက်သွားခဲ့လို့ သူ့ကို သရဲခြောက်ခံလိုက်ရတယ်ဆိုတာ သိခဲ့ရသတဲ့ကွ”

“အင်း . . ငါတို့တော့ ဒီလိုအဖြစ်မျိုး မကြုံဖူးသေးဘူးဟေ့”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . မကြုံဖူးသေးပေမယ့် တစ်နေ့နေ့မှာ မကြုံဖူးလို့ မပြောနိုင်ဘူး မဟုတ်လား၊ သတိထားဖို့ ပြောနေရတာပဲကွ"

မောင်ထွန်းမှာ သူ တက္ကစီစပြီး မောင်းစဉ်အခါကလို အခေါက်ခေါက် အခါခါ ဆွဲနေရပါက ညဘက်တွင် ကားမမောင်းလိုပေ။ ယခုတော့ အခြေအနေတွေက ပြောင်း၊ လမ်းကြောတွေက ပိတ်၊ ကားတွေက မှိုလိုပေါက်နေသဖြင့် တစ်နေ့တစ်နေ့ မိမိအတွက် ဝင်ငွေရအောင် ညဘက်ကိုပါ ဆွဲနေရလေသည်။



❖

ညဘက်တွင် တက္ကစီဆွဲသည်က နေ့ဘက်နှင့် မတူပေ။ ညဦးနက်လေ တက္ကစီခ ပို၍ရလေဖြစ်သည်။ ခရီးသည်က မဖြစ်မနေ၊ မသွားမဖြစ်သွားရမည့်ခရီးဆိုလျှင် တောင်းသလောက် မငြင်းဘဲ ပေးစီးကြသည်။ ထိုသို့သော ခရီးသည်မျိုး နှစ်ဦး၊ သုံးဦးကိုသာ ရပါက ညကြေး ထိုက်ထိုက်တန်တန် ရလေသည်။

"သားရေ . . ကားတွေက တအား များတယ်နော်၊ မောင်းတဲ့အခါ သတိထားမောင်းပါ . . သားရယ်၊ အထူးသဖြင့် ညဘက်ကို ကားမောင်းတဲ့အခါ ပိုပြီးသတိရှိပါစေကွယ်"

"ပြီးတော့ ကားထွက်ခါနီးမှာ သမ္ဗုဒ္ဓေဂါထာတို့၊ ဓာရဏ ပရိတ်တို့ကို အမြဲရွတ်ပွားပါကွယ်၊ ဘုရားဂုဏ်တော်ကိုလည်း မမေ့နဲ့ပေါ့ သားရယ်"

မောင်ထွန်းမှာ သူ့မိခင်၏ သတိပေး ပြောစကားများကို နာယူကာ ကားထွက်ခါနီးတွင် ဘုရားအာရုံပြု၍ မောင်း၏မောင်း လာရင်းမှ သမ္ဗုဒ္ဓေဂါထာ၊ ဓာရဏပရိတ်တို့ကို ရွတ်ပွားလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com




တခြား တခြားသော တက္ကစီသမားများ အန္တရာယ်နှင့် ကြုံကြရသော်လည်း သူ့အတွက်တော့ မည်သည့် အန္တရာယ်မျှ မကြုံခဲ့ဘူးချေ။

"ဘုရားဂုဏ်တော်၏ အစွမ်းကြောင့် . . ."ဟု သာ ယုံကြည်ခဲ့လေသည်။

ကားမောင်းပြီး၍ ကားပြန်သွင်းသည့်အခါ မောင်ထွန်းက သူ့ကားကလေးကို ရေဖြင့် ဆေးကြောသုတ်သင်၏။ အမြဲတမ်း သန့်ရှင်းနေအောင် ထားပေး၏။

"ကားက သန့်မှဖြစ်မယ်ကွ၊ တချို့ ခရီးသည်တွေက ကားငှားစီးတော့မယ်ဆိုရင် ကားကိုကြည့်ပြီး ရွေးစီးတတ်ကြတာလေ။ ကားကို မသန့်မရှင်း၊ ဖုန်အလိမ်းလိမ်းနဲ့ဆိုရင် မငှားကြဘဲ သန့်တဲ့ကားတွေ့မှ ငှားတတ်ကြတာ။ ဒီတော့ . . ကားမထွက်မီနဲ့ ကားပြန်သိမ်းတဲ့အခါမှာ ကိုယ့်ရဲ့ကားကို အမြဲပဲ တိုက်ချွတ်ဆေးကြောပြီး သန့်နေအောင် နေ့စဉ် ဆောင်ရွက်ပေးရတယ်ကွယ့်"

မိခင်ကြီးက မောင်ထွန်းအား ထိုကဲ့သို့ပြောဆို၍ အမြဲသတိပေးတတ်လေသည်။ မောင်ထွန်းကလည်း ထိုကားလေးဖြင့် ဝင်ငွေရအောင် ရှာဖွေနေရခြင်းဖြစ်သောကြောင့် ခရီးသည်များ စိတ်တိုင်းကျစေရန် အမြဲပင် သန့်သန့်ပြန့်ပြန့် ထားလေသည်။

တစ်ညတွင် ညဉ့်နက်ပြီဖြစ်၍ ကားပြန်သိမ်းရန် မောင်းနှင်လာခဲ့သည်။ ထိုစဉ် ခရီးသည်တစ်ယောက်က ကားတားလာလေသည်။

"ဦးလေးက ဘယ်ကိုသွားမှာလဲ"

"တောင်ဒဂုံ စက်မှုဇုန်ကို သွားမှာကွ . . နယ်က ရထားစီးပြီး စက်မှုဇုန်မှာ အလုပ်လုပ်နေတဲ့ ဦးလေးရဲ့သားဆီကို လာခဲ့တာပါ။ ရထားက နောက်ကျနေတော့ ညဉ့်နက်ပြီး လိုင်းကားတွေလည်း


www.burmeseclassic.com

www.burmeseclassic.com


မရှိတော့လို့ အခက်တွေ့နေလို့ပါကွာ"

"ဦးလေးသွားမယ့်နေရာက ဝေးလွန်းတယ်ဗျ၊ ဒီရပ်ကွက်ထဲမှာ အသိအိမ်ရှိရင် ဝင်တည်းပြီး မနက်လင်းမှ သွားပါလား . . ဦးရယ်"

"ဦးက နယ်ကဆိုတော့ ဒီနားမှာ အသိမရှိလို့ပါကွာ"

သားဆီအသွား အခက်တွေ့နေသော ဦးလေးကြီးကို သနားသဖြင့် မောင်ထွန်းလည်း ဝေးပေမယ့် လိုက်ပို့ပေးခဲ့သည်။

"မောင်ရင့်ကို ဦး ကျေးဇူးတင်ပါတယ်ကွာ၊ ဒီမှာ မင်းတောင်းတဲ့ တက္ကစီခ ယူပါဟေ့"

မောင်ထွန်းလည်း သူ့ကားလေးအား ပြန်မောင်းလာခဲ့၏။ ညဥ့်နက်ပိုင်းဖြစ်၍ ခရီးသည် မရနိုင်တော့သည်ကို သိသဖြင့် အိမ်သို့သာတန်း၍ မောင်းလာခဲ့တော့သည်။ ထိုစဥ် -

"ဟာ! . . ရှေ့မှာ အမျိုးသမီးတစ်ယောက်ပါလား၊ ခရီးဆောင်အိတ်တွေနဲ့ဆိုတော့ ရထားစီးမှာလား၊ အဝေးပြေးဂိတ်ကို သွားမှာလားပဲ"

"ဟော . . ငါ့ကားကို တားနေပါလား"

မောင်ထွန်းလည်း အပြန်ခရီးတွင် ခရီးသည်ထပ်၍ ရလာသဖြင့် ဝမ်းသာအားရပင် ကားကို ဘေးကပ်ရပ်ပေးခဲ့သည်။

"ဘယ်ကိုသွားမှာလဲ"

"ကျွန်မ ရန်ကုန်ဘူတာကြီးကိုပါရှင်"

"ရတယ်လေ . . တက္ကစီခကိုတော့ သုံးထောင်ပေးရမယ်နော်"

"ရပါတယ်ရှင် . . ပေးပါ့မယ်၊ ညရထားစီးမှာမို့ သွက်သွက်လေးတော့ မောင်းပေးပါနော်"

မောင်ထွန်းလည်း ထိုအမျိုးသမီးခရီးသည်ကို ကားနောက်ခန်းတွင်တက်စေ၍ မောင်းထွက်လာခဲ့လေသည်။ ညဥ့်နက်ပိုင်းဖြစ်နေ၍ လမ်းပေါ်တွင် ကားရှင်းနေသဖြင့် အရှိန်လေးမြင့်ကာ မောင်းလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com




"ဒီအမျိုးသမီးဟာ ခရီးသွားနေကြပဲ ဖြစ်မယ်။ ညဘက်မှာ အဖော်မပါ တစ်ယောက်တည်း သွားရဲတာကို အံ့သြမိတယ်"

မောင်ထွန်းမှာ ကားခေါင်မိုးမှ မီးပွင့်ကလေးကို ဖွင့်ထားပြီး ခရီးသည်လိုရာသို့မောင်းထွက်လာခဲ့ရာ ကွေ့မမှအလွန် လမ်းကွေ့တစ်ခုသို့ ရောက်လာလေသည်။ မောင်ထွန်း နောက်ကြည့်မှန်ထဲမှနေ၍ ငြိမ်ချက်သား ကောင်းနေသော ထိုအမျိုးသမီးခရီးသည်ကို လှမ်းကြည့်မိလိုက်သည်။

"ဟာ! . ."

"ဟင်! . ."

ရုတ်တရက် မြင်လိုက်ရသည့်မြင်ကွင်းက လူကို ကြက်သီးများ ဖြန်းဖြန်းထသွားစေခဲ့သည်။

"အမလေး! . . ငါ့ကားပေါ် စီးလိုက်လာတဲ့ အမျိုးသမီးက မှန်ထဲမှာ အရုပ်ဆိုးဆိုးနဲ့ ဆံပင်စုတ်ဖွားနဲ့ သရဲမကြီးပါလား"

"ဒုက္ခပဲ . . ငါ ကားရပ်ပြီး ကားပေါ်က ဆင်းပြေးမှပဲ"

ကားကို ဒက်စတော့ ဘရိတ်အုပ်လိုက်ကာ ဘေးတံခါးကို ဖွင့်၍ ဆင်းမည်အပြုတွင် ကားပေါ်လိုက်လာသော သရဲမမှာ ကားပေါ်တွင် မရှိတော့ပေ။

"ဟာ! . . သရဲမ ပျောက်ချင်းမလှ ပျောက်သွားပြီ။ ငါ ဒီနေရာက အမြန်ဆုံး ကားကိုမောင်းထွက်မှပဲ"

မောင်ထွန်း ကားပေါ်ပြန်တက်ကာ လီဘာကို ဖိနင်း၍ . . ဝူး . . ဆိုသောအသံနှင့်အတူ အရှိန်ပြင်းပြင်းနှင့် မောင်းထွက်လာခဲ့လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com




နောက်ကြည့်မှန်ကို ထပ်မံ မကြည့်ရဲသဖြင့် မကြည့်တော့ဘဲ ဘုရားဂုဏ်တော်ကို အာရုံပြုကာ မောင်းခဲ့ရတော့သည်။

နောက်နေ့တွင် ကားရပ်စောင့်သော နေရာသို့ရောက်၍ တက္ကစီသမားများအား ညကကြုံခဲ့ရသည့် အဖြစ်အပျက်ကိုပြောပြသောအခါ အောင်အောင်က ပြောပြလာလေသည်။

"မင်းကားပေါ် သရဲမတက်စီးလာတဲ့နေရာက ကွေ့မဘက်သွားတဲ့ ကွေ့ပဲကွ၊ အဲဒီကွေ့မှာ တစ်ခါက ကားမှောက်ပြီး လူတော်တော်များ သေခဲ့တယ်လေ။ မကျွတ်မလွတ်ဖြစ်နေလို့ မင်းကို အခြောက်ခံခဲ့ရတာပဲ"

"မင်း နောက်ကြည့်မှန်ထဲက ကြည့်တော့ ဟန်ဆောင်ထားတဲ့ သရဲတစ္ဆေတွေရဲ့ ပကတိရုပ်ပုံလွှာကို မှန်ထဲမှာ အရှိအတိုင်းတွေ့မြင်ခဲ့လို့ သရဲမလို့ သိခဲ့ရတာကွ"

"တကယ်လို့သာ နောက်ကြည့်မှန်နဲ့ မကြည့်မိဘဲ လူကိုယ်တိုင် နောက်လှည့်ကြည့်ရင် သရဲမဖြစ်တယ်ဆိုတာ မသိရဘဲ ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာတောင် မပြောနိုင်ဘူးကွ။ မင်း အသိစောသွားတာမှာ ကားပေါ်က ပျောက်သွားခဲ့ပေလို့ပဲ မောင်ထွန်း"


မောင်ထွန်းသည် ယခုတော့ သရဲခြောက်ခြင်းကို ကိုယ်တွေ့ကြုံခဲ့ရလေပြီတည်း။

တင့်ထူး (ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com


# ကလေးအတွက် ခမည်း ဘယ်လိုပေးကြမလဲ



ကလေးငယ်အတွက် ခမည်း ဘယ်လိုပေးမလဲဆိုတာ သိသင့်တဲ့အချက်ပဲ ဖြစ်ပါတယ်။ ခမည်းမပေးရသေးတဲ့ ကလေးဆိုရင် မကြာခဏ ဖျားနာခြင်း၊ အကြောင်းမဲ့ လန့်ဖျပ်ပြီး ငိုပါတယ်။

ဒါကြောင့် ဒီလိုကလေးမျိုးတွေအတွက် ခမည်းပေးဖို့ သေချာတွက်စစ်ထားတဲ့ မြန်မာ့နည်းလမ်းနဲ့ ခမည်းပေးကြပါ။

ကလေးငယ်ကို ခမည်းပေးမယ်ဆိုရင် ပထမဆုံး ကလေးရဲ့ မွေးသက္ကရာဇ်(မြန်မာသက္ကရာဇ်)ကို တည်ပြီး ကလေးရဲ့မွေးနံဂြိုဟ်သက်နဲ့ ပေါင်းရပါမယ်။

မွေးနံဂြိုဟ်သက်နဲ့ ပေါင်းပြီးရင် ရလဒ်ကို (၇)ဖြင့် စားရပါမယ်။ အဲဒီအခါမှာ အကြွင်းရလာပါလိမ့်မယ်။ ရလာတဲ့ အကြွင်းကိုကြည့်ပြီးမှ မည်သူမည်ဝါက(ဘယ်သူက) ကလေးကို ဘယ်လိုခမည်းမျိုးပေးသင့်ကြောင်း ဆုံးဖြတ်ရပါလိမ့်မယ်။

အကြွင်းပေါ်မူတည်ပြီး မည်သူ ခမည်းပေးရမလဲဆိုတာနဲ့ အဘယ်ပစ္စည်းမျိုးကို ခမည်းပေးရမလဲဆိုတာကတော့ -

၁) အကြွင်း ၁ ရပါက ဖခင်ဖြစ်သူမှ ကလေးကို အနီရောင်အဝတ်အစား ခမည်းပေးရမယ်။


www.burmeseclassic.com

www.burmeseclassic.com


၂) အကြွင်း ၂ ရပါက ဖခင်ဖြစ်သူမှ ကလေးကို အစိမ်းရောင် အဝတ်အစား ခမည်းပေးရမယ်။
၃) အကြွင်း ၃ ရပါက အစ်ကိုဖြစ်သူမှ ကလေးကို အစိမ်းရောင် အဝတ်အစား ခမည်းပေးပါ။
၄) အကြွင်း ၄ ရပါက ရဟန်းတော်မှ ကလေးကို အဖြူရောင်အဝတ်အစား ခမည်းပေးပါ။
၅) အကြွင်း ၅ ရပါက ဘကြီးဖြစ်သူမှ ကလေးကို ရွှေဝါရောင်အဝတ်အစား ခမည်းပေးပါ။
၆) အကြွင်း ၆ ရပါက ဦးလေးဖြစ်သူမှ ကလေးကို အဖြူရောင်အဝတ်အစား ခမည်းပေးပါ။
၇) အကြွင်း ၀ ရပါက အဘိုးအဘွားဖြစ်သူမှ ကလေးကို အနက်ရောင်အဝတ်အစား ခမည်းပေးပါ။

ကလေးငယ်၊ မိမိသားသမီးတို့ကို ကိုယ်ကိုယ်တိုင်တွက်ချက်ပြီး မြန်မာ့ရိုးရာနည်းဖြင့် ခမည်းပေးနိုင်တဲ့ နည်းလမ်းပဲ ဖြစ်ပါတယ်။ ဦးလေး၊ အစ်ကိုဖြစ်သူတို့နေရာမှာ တစ်ဝမ်းကွဲတော်စပ်သူများမှလည်း ခမည်းပေးနိုင်ပါတယ်။

ခုနစ်ရက်သားသမီး ဂြိုဟ်သက်များကတော့-

| | | |
|---|---|---|
| တနင်္ဂနွေ | - | ဂြိုဟ်သက် (၆)နှစ် |
| တနင်္လာ | - | ဂြိုဟ်သက် (၁၅)နှစ် |
| အင်္ဂါ | - | ဂြိုဟ်သက် (၈)နှစ် |
| ဗုဒ္ဓဟူး | - | ဂြိုဟ်သက် (၁၇)နှစ် |
| ရာဟု | - | ဂြိုဟ်သက် (၁၂)နှစ် |
| ကြာသာပတေး | - | ဂြိုဟ်သက် (၁၉)နှစ် |
| သောကြာ | - | ဂြိုဟ်သက် (၂၁)နှစ် |
| စနေ | - | ဂြိုဟ်သက် (၁၀)နှစ်တို့ ဖြစ်ပါတယ်။ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




## နာဂစ်မိညိုနှင့် တွေ့ဆုံခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် ဓာတ်ပုံလက်ကျန်များကို ပို့စရာရှိ၍ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်သို့ ရောက်ရှိခဲ့ပေ၏ ။ ထိုမှစ၍ "နာဂစ် မိညို" ဟု သိထားကြသည့် မိညို(ခေါ်) မသန်းသန်းညိုနှင့် အမှတ်မထင် ဆုံတွေ့ဖြစ်ကာ၊ သူမ ဘဝအကြောင်းအား စိတ်ဝင်စားဖွယ် သိခွင့်ရလေတော့သည်။

သို့နှင့် ကျွန်ုပ်လည်း မိမိသိလိုသည့် အဓိကအချက်အပေါ် သူမအား စပ်စုလိုက်ရသည်။

"ဒါထက် . . မညိုကို ဘာဖြစ်လို့ နာဂစ်မိညိုလို့ ခေါ်ရတာလဲဗျာ"

ကျွန်ုပ်အမေးအား မိညိုသည် မချိပြုံးလား၊ ဆွေးမြည့်စူးနစ်သည့် အပြုံးလား၊ ဝေခွဲမရနိုင်သည့် ပဟေဠိအပြုံးမျိုးဖြင့် တုံ့ပြန်စကားဆိုလာချေတော့သည်။

"သြော် . . ဓာတ်ပုံဆရာက ကျွန်မအကြောင်းကို မသိသေးဘဲကိုး။ ဒီတပ် တစ်တပ်လုံးက ကျွန်မကို "နာဂစ်မိညို" လို့ပဲ ခေါ်ထားကြတယ်လေ။ ပြည့်ပြည့်စုံစုံ ပြောရရင်တော့ သေရွာပြန် နာဂစ်


www.burmeseclassic.com

www.burmeseclassic.com


မိညိုပေါ့ . . ဆရာရယ် ဟင်း . . ဟင်း"

မခိုးမခန့်ရယ်သံဖြင့် ပြောလာသည့် မိညိုစကားကြောင့် ကျွန်ုပ် အလွန်အမင်း စိတ်စင်စားသွားမိသည်။ ဟုတ်သည်လေ၊ (၂၀၀၈)ခု၊ မေလ(၁-၂)မှာ မြန်မာပြည်တွင်မက၊ ကမ္ဘာကိုပါ ကိုင်လှုပ်စေခဲ့သည့် နာဂစ်မုန်တိုင်းတွင် လူပေါင်း သိန်းချီသေခဲ့ရသည်။ ရင်နင့်ဖွယ်၊ သနားစဖွယ် အဖြစ်ဆိုးတစ်ခုပင် မဟုတ်ပါလား။

ဤမည်သော အဖြစ်ဆိုးကြီးအောက်မှာ အသက်ပေါင်းများစွာ ကြေကွဲဆို့နင့်ဖွယ် အစတေးခံခဲ့ရသည့်အထဲတွင် နာဂစ်သားကောင် မိညိုတစ်ယောက် သေကံမရောက်၊ သက်မပျောက်ခြင်းအတွက် ကျွန်ုပ်မှာ များစွာ အံ့သြခဲ့ရသည်။ အံ့သြသည်နှင့်အမျှ သေကံမပါဘဲ အသက်နှင့် ခန္ဓာယှဉ်တွဲလျက် မိမိရှေ့မှောက်တွင် ရောက်ရှိနေသည့် မိညို၏ ဘဝဇာတ်ကြောင်းအပေါ် ကျွန်ုပ် စိတ်ဝင်စားသွားမိခြင်း ဖြစ်ချေ၏။

"ဒါနဲ့ စကားမစပ် မိညိုက သေရွာပြန်ဆိုတော့ ပြောရရင် အဲဒီ နာဂစ်ဖြစ်စဉ်အတွင်းမှာ ထူးဆန်းအံ့ဖွယ်တွေ၊ ပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ၊ စိတ်ချောက်ချားစရာတွေနဲ့ကော ကြုံခဲ့ရသေးလား"

"ဆရာရယ် . . ဆရာမေးသလောက် ဘယ်ကမလဲ။ နာဂစ်မုန်တိုင်း ဝင်မွှေတုန်းက သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရတာတွေ၊ မုန်တိုင်းစဲပြီး နောက်ပိုင်းမှာ တုန်လှုပ်ချောက်ချားစရာတွေနဲ့ ပြည့်နက်နေတာတွေသာ ဆရာကြားမယ်ဆိုရင် ယုံနိုင်မှာတောင် မဟုတ်ဘူး။ ခုနေခါ ပြန်တွေးကြည့်တိုင်း ကြက်သီးတွေ တဖြန်းဖြန်း ထမိပါသေးရဲ့"

"အင်း . . နောက်တော့မှ ပြောပြပါ့မယ်ဆရာ။ ခုတော့ . . ဆရာ၊ ဟိုအမြွာအိမ်မှာ ဓာတ်ပုံလာပေးတာ မြင်လို့ ကျွန်မကလေးတွေကို ဓာတ်ပုံရိုက်ပေးဖို့ လာပြောတာပါ"

သို့နှင့် ကျွန်ုပ်လည်း နောက် တနင်္ဂနွေတွင် မိညိုတို့ကလေးများကို ဓာတ်ပုံရိုက်ဖို့ ရက်ချိန်းလိုက်တော့သည်။ ချိန်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com


ရက်တွင် ကျွန်ုပ်သည် ဆိုက်ဆိုက်မြိုက်မြိုက်ပင် မိညိုနေသော ခြောက်ခန်းတွဲဘက်သို့ ရောက်ရှိသွားလေသည်။

ကျွန်ုပ်ရောက်သည်နှင့် မိညိုသည် ငါးနှစ်ခန့်အရွယ် သမီးကြီးနှင့် သုံးနှစ်အရွယ်ရှိ သားဖြစ်သူတို့အား သနပ်ခါး၊ မိတ်ကပ်တို့ကို လိမ်းခြယ်ကာ၊ ဓာတ်ပုံရိုက်ဖို့ ပြင်ဆင်ပေးပြီး ကျွန်ုပ်မှ ဓာတ်ပုံရိုက်ပေးခဲ့သည်။ ဓာတ်ပုံရိုက်ပေးပြီးနောက် မိညိုသည် နာဂစ်အတွင်း ကြုံတွေ့ခံစားလိုက်ရသည့် သူမဘဝဇာတ်ကြောင်းအား ရင်နှင့်စဖွယ် အခုလိုပြောပြရှာလေသည်။

❖

"ကျွန်မတို့နေတာက မြစ်ဝကျွန်းပေါ် တစ်နေရာမှာရှိတဲ့ "စခန်းချောင်းလေး" ဆိုတဲ့ ရွာလေးတစ်ရွာမှာပေါ့ ဆရာ။ အဲဒီရွာက "လှိုင်ဘုန်း" မြို့အပိုင်၊ လပွတ္တာမြို့နယ်ထဲကပေါ့။ အဲဒီတုန်းက ကျွန်မတို့ရွာမှာ အိမ်တိုင်းစေ့ ရေဒီယိုကမရှိတော့ နာဂစ်မုန်တိုင်းတိုက်တဲ့နေ့မှာ ဘာမှ ကြိုတင် မပြင်ဆင်လိုက်ရဘူးပေါ့ ဆရာရယ်"

"ပြီးတော့ (၈၈)လောက်မှာလည်း ဒီလောက်မဆိုးပေမယ့် ဒီလိုမဖြစ်ဘူးတော့ ခပ်ပေါ့ပေါ့ပဲ နေလိုက်ကြတယ်။ နေ့လယ်လောက်စပြီး ကျွန်မတို့ရွာကလေးမှာ တစ်ခါမှမကြုံဘူးတဲ့ လေပြင်းတွေ စတိုက်ပါတော့တယ်။ အဲဒီကစပြီး ကျွန်မဘဝဟာ ကံဆိုး မိုးမှောင်ကျလာတယ် ဆိုပါတော့ရှင် . ."

## နာဂစ်ဘီလူးကြီး ဝင်လာပြီ


ထင်မှတ်မထားဘဲ ရုတ်တရက်ကြီး မွှေ့ဝင်လာသည့် လေနှင့်ကြမ်းကြောင့် ကျွန်မတို့ဗိမာန် တဲစုပ်ကလေးမှာ အမိုးအကာမဲ့ဘဝသို့ တမဟုတ်ချင်း ပြောင်းလဲသွားပါတော့သည်။

"အမလေး! . . လုပ်ကြပါဦး၊ ကယ်ကြပါဦးတော် . . ဟော ဒီမှာ ကျုပ်သားလေး လေပွေစုပ်လို့ လွင့်ပါသွားပြီ . . ရှာပေးကြပါဦးတော့"


www.burmeseclassic.com

www.burmeseclassic.com





"ဟာ! . . လေကြမ်းတွေအရမ်းပဲ တိုက်နေပြီ။ ကားတား (ကားသွားလမ်းတာပေါင်)ပေါ် မြန်မြန် တက်ပြေးကြပော့!. . တဲတွေ ပြိုကျမှ ပိမိနေဦးမယ်"

"အုန်းပင်တွေ၊ သရက်ပင်တွေတောင် အမြစ်ကနေ ကျွတ် ထွက်ကုန်ပြီ၊ နင်တို့ ကလေးတွေကို မြဲမြဲဖက်ထားကြ။ သစ်ပင်နား မသွားစေနဲ့"

"အမေရေ လုပ်ပါဦး . . အဖေရေ . . ဆွဲပါဦးတော့ . . သမီး လေထဲပါတော့မယ် . . ဟီး . . ဟီး . . ဟီး"

"အား! . . မရတော့ဘူး အမေရေ။ လေက အတင်းပဲ ဆွဲခေါ် နေပြီ။ အီး . . အင့်! အမလေးတော့"

"အို! . . မ . . မထိန်းနိုင်တော့ဘူး။ ပါသွားပြီ"

ဤမည်သောအသံများမှာ မမျှော်လင့်ဘဲ ဖြုန်းစားကြီး တိုက်လိုက်သည့် လေပြင်းနှင့်အတူ ကျွန်မတို့တစ်ရွာလုံးမှာ တုန် လှုပ် ချောက်ချားစွာ ထွက်ပေါ်လာသည့် အသံများပင် ဖြစ်ချေသည်၊

တဒင်္ဂအတွင်း လေကြမ်းကြီးနှင့်အတူ ဒီလှိုင်းတို့သည် ကျွန်မ တို့ တဲရှိရာသို့ ဝရုန်းသုန်းကား၊ ဝက်ခေါင်းထိုး တက်လာသည်။ ရွှေမိုး ရေခဲတို့သည် အခိုက်အတန့်အတွင်းမှာပင် ကြက်ပြေးမြစ်ရေပြင်နှင့် တစ်သားတည်း ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျွန်မလင်ဖြစ်သူ ကိုမျိုးလှသည် လက်လှမ်းမှီရာ အဝတ်အစားတချို့နှင့် စားစရာတချို့တို့ကို လွယ်အိတ်တစ်လုံးကဲ့သို့ ကမန်းကတမ်း ကောက်ထည့်နေပါသည်။ တစ်အိမ်ထဲ အတူနေ၊ ကျွန်မအစ်ကိုတော်သူ ကိုဒေါင်းညိုသည်လည်း တာပေါင်ဘက် လှမ်းကြည့်ရင်း -

"မိညိုရေ . . မြန်မြန်လုပ်တော့ဟေ့ . . မဖြစ်ချေတော့ဘူး။ တာပေါင်ဘက်က ရေမကျော်လောက်ဘူး ထင်ပါရဲ့။ ဒို့ အဲဒီဘက် ပြေးကြမယ်။ ဟာ! . . ပြောရင်းဆိုရင်း တာကျိုးသွားပြီ မိညို . .၊ ဒို့ ဘယ်လိုလုပ်ကြမလဲ၊ သွားပြီ . . ဒို့တတွေ ပြေးစရာမြေတောင် မရှိတော့ပါလား၊ ဟီး . . ဟီး . ."

ယောကျ်ားဖြစ်ပေမယ့် အစ်ကိုဒေါင်းညို၏ စိတ်ပျက် လက်ပျက် ငိုညည်းသံအား သဲ့သဲ့မျှ ကြားလိုက်ရသည်။

"ဟဲ့ . . အိမ်အောက်မှာ ချည်ထားတဲ့ လှေရှိသားပဲ။ ငါ ဖြုတ်ယူလာခဲ့မယ်။ ငိုနေလို့ အပိုပဲ။ လာ . . လှေနဲ့ ပြေးကြမယ်"

ကိုမျိုးလှသည် ပြောရင်း လှေကြီးကို ရေးကြီးသုတ်ပြာ ဖြုတ်နေစဉ်အတွင်း ကျွန်မလည်း သမီးနှစ်ယောက်အား ပွေ့တင်ပြီး လှေပေါ် တက်လိုက်ရသည်။ အစ်ကိုဖြစ်သူ ကိုဒေါင်းညို၊ ယောက်မဖြစ်သူ မနင်းမြနှင့် တူတော်သူ မောင်သန်းဝင်းတို့က ကျွန်မနှင့်အတူ ကတိုက်ကရိုက် တက်လိုက်ကြသည်။

ကျွန်မ တစ်သက်မပြောနှင့် . . အဖိုးအဖွား၊ အမေ အဖေတို့ လက်ထက်မှာပင် မကြုံဖူးသည့် မုန်တိုင်းနှင့် မိုးသီးမိုးပေါက်တို့သည် နဂိုကပင် ကမ်းနဖူးပေါ် တဲတဲကလေး မေးတင်နေသည့် ကျွန်မတို့ ရွာကလေးအား နှုရာ ဝဲစွဲ. လဲရာ သူခိုးထောင်း ဆိုသည့်နယ် အစွမ်းကုန်ကမ်းကုန် ရက်စက် ပြလိုက်ချေတော့၏။

မြင်မြင်သမျှ ရှုလိုက်တိုင်း ဆုံးအံ့မထင်တဲ့ ရေပြင်ကျယ်ကြီးမှာ တစ်မျှော်တစ်ခေါ်ကြီးပေမို့ ကိုဒေါင်းညိုသည် ဘယ်ဘက် သို့ လှော်ခတ်ရမည်ကို မသိနိုင်ဘဲ လှော်တက်ကိုင်ကာ ခဏမျှ ငိုင်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



။

"ကြောက်တယ်.. ကြောက်တယ်၊ ရေထဲက သရဲ လက်မည်းကြီးနဲ့ ဆွဲနေပြီ။ မလာနိုင်ဘူး.. သွားကြ.. သွားကြ"ဟု ဆိုကာ လက်တကားကား၊ မျက်စိအပြူးသားဖြင့် ဖြစ်နေကြသည်"

တာပေါင်ကြီးသည် မျက်စိရှေ့တွင် စုပ်စမြုပ်စပြုပြီ။ တာပေါင် ဖောက်ပြီးစမို့ ကားပင် ဟုတ္တိပတ္တိ မသွားရသေး။ တစ္ဆေညည်းသံလိုလို၊ တဗွီးဗွီးတဖြီးဖြီး တိုက်နေသည့် လေပြင်းကြီးရဲ့အောက်မှာ ရှိုက်ကြီးတငင် ချုံးပွဲချ ကျွန်မ ငိုပစ်လိုက်သည်။

ထိုစဉ် လေနီကြမ်းကြီးနှင့်အတူ တစ်ခါမှ ကျွန်မ မမြင်ဘူးသည့် အိမ်လောက်ကြီးသည့် လှိုင်းတံပိုးတို့သည် တစ်လိပ်ပြီး တစ်လိပ်တက်လာကာ ကျွန်မတို့၏ လှေကလေးကို လက်မည်းကြီးနှင့် ရှိုက်သလို ရိုက်ခတ်လိုက်ပါတော့သည်။

ထိုအချိန်က ကျွန်မမှာ သမီးကြီးကို ဖက်ထားမိသလား၊ အငယ်မကို ရင်ခွင်ပိုက်ထားသလား ဝေခွဲမရခဲ့ပါ။ သတိထားမိသည့် အချိန်မှာ ကျွန်မသည် ရေပြင်ကြီးထဲတွင် အသိမဲ့ခန္ဓာဖြင့် မောဟိုက်ပင်ပန်းစွာ ကူးခတ်နေခြင်းကိုသာ ရေးရေးမျှ မှတ်မိပါတော့သည်။

ကျွန်မ ရင်ခွင်ညာမှာတော့ နှိုင်းဆမရသည့် မိခင်မေတ္တာဖြင့် ကျစ်ကျစ်ပါအောင် ထွေးပိုက်ထားသည့် မွေးကင်းစအရွယ် ကျွန်မ သမီးလေးသည်သာ ..။

"ဟင်! . . ဒီလိုဆိုရင် ငါ့သမီးကြီးကော။ အို! . . သမီးကြီးရယ် . . ဘယ်များ လွင့်မျောသွားပြီလဲ"

"သမီး . . သမီး . . ငါ့သမီးလေး ဘယ်မှာလဲ။ သမီး ဘယ်ရောက်သွားပြီလဲ"

ကျွန်မသည် သွေးရူးသွေးတန်းဖြင့် အဆုံးအစမရှိသည့် ရေပြင်ကြီးထဲမှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ငုပ်ချည်



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါ၊ ပေါ်ချည် တစ်လှည့်ဖြင့် သမီးပျောက်ရှာပုံတော် ဖွင့်မိတော့သည်။

"ဘယ်မှာလဲ ငါ့သမီး၊ ငါ့လေ၊ ဘယ်မှာလဲ ငါ့လင်၊ ငါ့အစ်ကိုတွေ"

မြုပ်လိုက်၊ ပေါ်လိုက်ဖြင့် လှိုင်းလုံးတို့ သယ်ဆောင်ရာ ရေပြင်မည်းမည်းထဲမှာ "ဂူးဂူး . . ဝါးဝါး" ဗလုံးဗထွေး မြည်တမ်းနေသည့် ကျွန်မ၏ သေငယ်ဇောအသံအား ကျွန်မ၏လင်၊ ကျွန်မ၏ အစ်ကိုတို့များ ကြားနိုင်ပါ့မလား။ ထိုစဉ်က -

"ကျွန်မတို့ကို ကယ်ပါဦး . . ကျွန်မ ဒီမှာ"လို့ပဲ ကျွန်မ ဂူးဂူး ဝါးဝါး အော်နေမိသလား မသိပါဘူးရှင်။

ထိုစဉ် ကျွန်မနားထဲ -

"အမလေး! . . လုပ်ကြပါဦး ကိုဒေါင်းညိုရေ . . ကျွန်တော့် မိန်းမ မရှိတော့ဘူး။ ကူရှာပေးစမ်းပါဦးဗျာ . . " ဟူသော အသံ တစ်သံကိုတော့ သဲ့သဲ့မျှ ကြားလိုက်ရပါသည်။

"တဗွမ်းဗွမ်း"နှင့် ရေမွန်းနေသည့်ကြားမှ ကျွန်မ အားတက်သွားပါပြီ။ မီးနေပြီးစ အားအင်ချိနဲ့နေသည့် ကျွန်မမှာ မတောက် တခေါက် ရေကူးတတ်၍သာ သေကံမရောက် သက်မပျောက်ဟု ပင် ဆိုရမည်။ မသိစိတ်က ရေလွှာပြင်ပေါ် လက်တစ်ဖက်မြှောက် ပြလိုက်သည့် ကျွန်မအား လင်တော်မောင် ကိုမျိုးလှက မြင်သွားပုံ ရလေသည်။

ကြီးစွာသော လှိုင်းခေါင်းဖြူများထဲမှ ကျွန်မအား တစ်စုံ တစ်ယောက်က ဆွဲယူသွားခြင်း၊ ကျွန်မလက်ထဲ ပွေ့လျက်သား သမီးငယ်ကို ကိုယ်နှင့်မကွာ ပါလာခြင်းတို့ကိုသာ ရေးရေးမျှ မှတ်မိ ခြင်းနှင့်အတူ ကျွန်မသည် "ဩကာသ လောကကြီး"တစ်ခုလုံးနှင့် လုံးလုံးလျားလျား အဆက်ပြတ်သွားပါတော့သည်။

## တာပေါင်ပေါ်မှ အစိမ်းသရဲများ

အချိန် မည်ရွေ့မည်မျှကြာအောင် မေ့မျောနေမိသည်


www.burmeseclassic.com

www.burmeseclassic.com


မသိ။ သတိရလာချိန်မှာ ကျွန်မသည် အိမ်မြင့်ကြီး တစ်လုံးပေါ်တွ
ရောက်နေကြောင်း သတိထားမိတော့သည်။

အိမ်ရှင်မှာ ကုလားဦးစွန်တန်နှင့် ဒေါ်ဇော်ဂျီနန်းတို့ ဖြ
ကြပြီး ထိုသူတို့သည် ကုန်စုံဆိုင်ဖွင့်ခြင်း၊ လယ်စိုက်ခြင်းတို့ဖြင့်သာ
အသက်မွေးဝမ်းကျောင်း ပြုကြပေသည်။

(အဲ .. ကျွန်မတို့လို အကုသိုလ် တံငါအလုပ်ဖြင့် ငါးဖမ်းခြင်း၊
အမဲလိုက်ခြင်းကိုတော့ မပြုကြချေ။)

ကျွန်မတို့မိသားစုလိုပင် ဦးစွန်တန်အိမ်မှာ ဒုက္ခသည်
ပေါင်း သောင်းခြောက်ထောင် သောင်တင်ကြပါသည်။ တချို့မှာ
တည်းခိုနေရင်းနှင့် -

"ဟယ်! .. အောက်မှာ ငါ့သမီး လှမ်းခေါ်သံကြားတယ်
ဆင်းသွားမှ"ဆိုပြီး ထမီ မနိုင်၊ ပုဝါ မနိုင် အောက်ထပ်သို့ ဂယောင်
ဂတမ်း ဆင်းပြေးသူက ပြေး၊ တချို့များဆိုလျှင် -

"ကြောက်တယ် .. ကြောက်တယ်၊ ရေထဲက သရဲ လက်
မည်းကြီးနဲ့ ဆွဲနေပြီ။ မလာနိုင်ဘူး .. သွားကြ .. သွားကြ"ဟု ဆိုကာ
လက်တကာကာ၊ မျက်စိအပြူးသားဖြင့် ဖြစ်နေကြသည်။

ဦးစွန်တန်၏အိမ်မှာ ခြေတံရှည် နှစ်ထပ်အိမ်ဖြစ်ရကား
ရေမြင်လျှင် လိပ်ပြာလွင့်စင်မတတ် သွေးလန့်နေကြသည့် ကျွန်မ
တို့သည် အပေါ်ထပ်တွင်သာ စတည်းချကြပါသည်။ အိမ်အောက်
ထပ်မှာတော့ အောက်ခံ သမံတလင်းခင်းထားသော်လည်း မည်သူ
မျှ မနေရဲ။

သည်လိုနှင့်ပင် ညပိုင်း ရောက်လာချေတော့သည်။ အဝတ်
တစ်ထည်၊ ကိုယ်တစ်ခု အရင်းပြုပြီး ကျွန်မတို့သည် ဖြစ်သလိုပင်၊
ပုဆိုးခြုံ၊ ထမီခြုံရင်း သမီးငယ်ကိုပွေ့လျက် တစ်ညတာခရီးကို
ပင်ပန်းနွမ်းဟိုက်စွာ ဖြတ်သန်းခဲ့ရပါသည်။

ကျွန်မ ရေနစ်၊ ရေမွန်းစဉ်က ရက်သား(၁၆)ရက်သာ
ရှိသေးသည့် သမီးငယ်သည် ကျွန်မနှင့်အတူ ရေမွန်းခဲ့ရပေမယ့်
အသက် စိုးရိမ်ဖွယ် ဘာတစ်ခုမှ ဖြစ်မလာခဲ့ပါ။ အပြစ်မဲ့ကလေးငယ်


www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်း တန်ခိုးရှင်များက စွမ်းအားပေးလေသလားလို့ နောင်နှစ်များကြာသည့်တိုင် ကျွန်မ တွေးမိပါသေးသည်။ ထိုညက စိတ်ပန်း၊ ကိုယ်ပန်းဖြင့် ကျွန်မ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပစ်လိုက်သည်။

❖

"ဟာ! . . ဟယ်! . . အလို! . . ဘုရား . . ဘုရား . . မီးတုတ်တွေ တကိုင်ကိုင်နဲ့ လူဆိုးလား၊ လူကောင်းလား မသိ။ ငါတို့ဘက်ကူးလာကြပြီ။ ဟိတ်ကောင်တွေ . . မြန်မြန် ထကြ။ တုတ်ဓား ဆွဲပြီး လိုက်ကြည့်ကြမယ်"

အလန့်တကြား ပြောလိုက်သည့် လူကြီးတစ်ဦး၏ အသံနက်ကြီးကြောင့် ကျွန်မ ဆတ်ခနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။ လူကြီး ညွှန်ပြရာဘက်သို့ ကမန်းကတန်းကြည့်လိုက်တယ်ဆိုရင်ပဲ -

"ဟင်! . . တာလမ်းတစ်လျှောက်မှာ လူတွေ . . လူတွေ အပြည့်ပါလား။ မီးတုတ်ကိုယ်စီနှင့် . . သူတို့နောက်မှာလည်း . . အလိုလေး့လေး၊ အိမ်တွေ၊ တဲတွေ၊ ရွာလယ်ဇနပုဒ် မီးကလေး မှိတ်တုပ်"ဆိုသလို၊ အိမ်တန်းရှည်မှာ မီးရောင်တွေကလည်း တကယ့်မှိတ်တုပ်နဲ့ မှိန်ပျပျလေး လင်းနေလေရဲ့"

"ညနေခင်းက ငါ လှမ်းကြည့်မိသေးတယ်။ ရွာတန်းရှည်ဘက်မှာ ဘာအိမ်တစ်ဆောင် မီးတပြောင်မှ မမြင်မိပါလား။ ခုတော့ . . ဇဝေဇဝါအတွေးနဲ့ ကျွန်မပဲ မျက်စိမှားနေလား။ အိပ်မှုန်စုံဖွားဖြင့် နိုးထလာသည့် ကျွန်မသည်ပင်လျှင် အိပ်မက်မက်နေသလားပေါ့။

ထိုအနိုက်အတန့်ကလေးမှာပင် ယောကျာ်းသား(၄-၅) ယောက်တို့သည် နီးရာတုတ်ဓားများကိုဆွဲကာ အိမ်အောက်သို့ ခြေသံပြင်းပြင်းဖြင့် အသော့နှင်ကာ ဆင်းသွားကြပါသည်။

မီးရောင်မြင်ရာဘက်ဆီသို့ အရောင်တစ်လက်လက်ဖြင့် အပြေးတစ်ပိုင်းဖြင့် ခရီးဆက်ကြသည့် ထိုလူတစ်စုကို မဆိုစလောက် အလင်းရောင်အောက်မှာ ပျပျလေးတော့ ကျွန်မ မြင်နေရလေသည်။ တစ်အောင့်လောက်ကြာတော့ -


www.burmeseclassic.com

www.burmeseclassic.com


"တောက်! . . ခွေးချီးပဲ။ မီးရောင်မြင်လို့ လိုက်ရှာပါတယ်၊ အရှူး လုပ်ခံလိုက်ရပြီ။ ဘာမှလည်း မတွေ့ဘူးကွာ။ ကြက်သီးတွေ ဖြန်းခနဲထထတာပဲ အဖတ်တင်တယ် ထို့ . ."

ထိုစဉ် ကုလားဦးစွန်တန်၏ အိမ်နံရံတွင် ချိတ်ထားသည့် တိုင်ကပ်နာရီမှ ဆယ့်နှစ်ချက်တိတိ ထိုးသံကို ကြားလိုက်ရသည်၊ ကျွန်မတို့ မိန်းမတွေနှင့် မီးရောင်ရှိရာမှ ပြန်လာသည့် ယောကျာ်းသားများသည် "လိုင်"တူရာ စုရုံးထိုင်ရင်း သည်းတုန် အူတုန် ချောက်ချားရသည့် တစ်ညတာကို ခက်ခဲစွာ ဖြတ်သန်းခဲ့ရပါသည်၊

## လူစင်စစ်လား၊ ဝိညာဉ်လား

အိမ်ကြီးရှင် ပေးသနားမှ တစ်ဝမ်းဝ,တစ်ခါးလုမည့်ဘဝ မို့ ကျွန်မသည် "ရွှေပြည်တော် မျှော်တိုင်းဝေး"ရသည့်အဖြစ်ကို တွေးရင်း နေ့ရှိသရွေ့ ရင်မောရပါသည်။ အိပ်စက်မရသည့် ထိုကာလ အတွင်း အဆိုးထဲက အကောင်းလို့ပဲ ဆိုရမှာလား။ ကျွန်မတို့သည် ကြိတ်ရယ်ချင်စရာ၊ ရှက်ချင်စဖွယ် မျက်နှာပူစရာ အဖြစ်ကလေးနှင့် နှစ်သိမ့်လိုက်ရတာလည်း ရှိပါသေး၏။

ဦးစွန်တန်၏ သစ်လုံးခြေတံရှည်အိမ်ပေါ်သို့ မှောင်ရီပျိုးစ နောက်တစ်ညဦးတွင် လူတစ်စုတို့သည် ခွင့်မတောင်းဘဲ တက်လာ ကြပါသည်။ လေခါးထစ် တစ်ဝက်ခန့် ရောက်တော့မှ -

"ဗျို့ . . အိမ်ရှင်တို့၊ မီးရောင်တွေမြင်လို့ ကျုပ်တို့ တက်လာ ခဲ့တာပါ. . သနားကြပါဗျာ . . ထမင်းတစ်လုပ်၊ ရေတစ်မှုတ်လောက် ဖြစ်ဖြစ်၊ အဝတ်ကလေး တစ်ဖွဲ့တစ်ရွဲ့လောက်ဖြစ်ဖြစ် စွန့်ကြဲကြ ပါဦး။ ကျုပ်တို့ ဒုက္ခရောက်လာလို့ပါဗျာ"

တဒုန်းဒုန်းနှင့် တက်လာသည့်အသံနှင့်အတူ ထိုလူတစ်စု တို့အား "ဘွားခနဲ"တွေ့လိုက်ရသည့် ကျွန်မတို့မှာ လိပ်ပြာလွင့်စင် မတတ် ဖြစ်သွားရသည်။

"လူတွေအားလုံးရဲ့ ကိုယ်ပေါ်မှာ အဝတ်ဆိုလို့ တစ်စ . . ဝလာ ကိုယ်ထီး၊ ကိုယ်လုံးထီး, ဝတ်လစ်စလစ်တွေချည်းပါလား"

www.burmeseclassic.com


"ဟင်! . . ခင် . . ခင်ဗျားတို့ မကောင်းဆိုးရွား၊ တစ္ဆေ သရဲ တွေလား၊ လူ . . လူကော ဟုတ်ရဲ့လားဗျာ"

"ဟုတ် . . ဟုတ်ပါတယ်ဗျာ။ ကျုပ်တို့မှာ မသေကောင်း၊ မပျောက်ကောင်း မုန်တိုင်းမိလို့ မဟားဒယားပြေးလာကြတဲ့ လေ့သမား တံငါသည်တွေပါ။ မုန်တိုင်းမိလို့၊ ဘာအဝတ်မှ မကပ်နိုင်တော့ဘူး။ ကျုပ်တို့ လူစစ်စစ်ပါဗျာ . . "ဟု ပြောလာတော့၏ ။

သည်တော့မှပင် ဦးစွန်တန်နှင့် ဒေါ်ဖော်ရှိန်းတို့သည် မိမိတို့ ရှိစုမဲ့စု အဝတ်ဟောင်းတို့ကို အမြန်ထုတ်ယူပြီး ထိုသူတို့ အရှက်အား လုံအောင် ပြုပေးရလေတော့၏။

## ပြန့်ကျဲနေသည့် အလောင်းကောင်များ

ကျွန်မတို့ မိသားစုသည် ဦးစွန်တန်အိမ်တွင် နှစ်နေ့ နှစ်ည ခန့် နေပြီးနောက် အိမ်ရှင်အပေါ် အားနာလှသည်နှင့် ရေကြည်ရာ မြက်နုရာရှာရင်း မရှိရှာတော့သည့် ရွာတန်းရှည်ဘက်သို့ ခရီးဆက်ခဲ့လေ၏။

ကျွန်မ ရင်ခွင်မှာတော့ "မယ်ကံကောင်း" သမီးငယ်အား ထွေးပွေ့ထားလျက်။ ကျွန်မနှင့် လင်တော်မောင် ကိုမျိုးလှတို့သည် လတာပြင် နံးရွံ့ပြင်ကြီးပေါ် ဖိနပ်မပါ၊ ခြေဗလာဖြင့် တစွပ်စွပ်နင်းရင်း ခြေဦးတည့်ရာ လျှောက်လာမိကြသည်။ အိမ်ခြေမမြင်၊ ရင်ခွင်ပွင့် ဟင်းလင်းပြင်ဖြစ်နေသည့် ရွာတန်းရှည်ကြီးမှာ အခုတော့လည်း ကျီးနှင့်ဖုတ်ပါတကား။

အဝတ်တချို့၊ စားစရာ ဘူး၊ ပုလင်း၊ အိုးခွက် ပန်းကန်တို့ ရလိုရငြား ကျွန်မတို့သည် နံးတင်မြေတစ်လျှောက် နင်းရင်း နိုက်ရင်း လတာပြင် သောင်စပ်ပေါ် ဆက်လျှောက်ကြပါသည်။


"မုန်တိုင်းနောက်က လေပြင်ညှင်း"လို့ တင်စားထားတဲ့ အတိုင်းပေါ့ရှင်။ ကောင်းကင်ပြင်ဟာ တိုက်ချွတ်ထားတဲ့ မှန်တစ်ချပ် လို ဒိုးယိုပေါက်. ပေါက်ထွက်မတတ် ပြာလဲ့ကြည်စင်နေတယ်ပေါ့။

ဒါပေမယ့် လှပတဲ့ ကောင်းကင်ပြင်နဲ့ မလိုက်ဖက်အောင်


www.burmeseclassic.com

www.burmeseclassic.com





အရုပ်ဆိုး၊ အကျည်းတန်မှုတွေက မျက်စိရှေ့မှာ မျက်ဝါးထင်ထင် မြင်လိုက်ရပြီကော။ ကြည့်ပါဦးရှင် . . ။ ကျွန်မရှေ့မှာ မြင်လိုက်ရသည့် မြင်ကွင်းကို မချွင်းမချန် လုပ်ဇာတ်မပါဘဲ အရင်းအတိုင်း တင်ပြပါရစေနော်။

"အမလေး . . မြတ်စွာဘုရား။ ဖောင်းကားပြီး မှောက်လျက် တစ်ဖုံ၊ ပက်လက်တစ်မျိုးနဲ့၊ ဖင်ပူးတောင်းထောင်ပြီး သေနေတဲ့ လူတွေ . .။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကို မိုးပေါ်မြှောက်ပြီး မချိမဆန့်မျက်နှာနဲ့ သွားဖြဲသေနေတဲ့ လူသေကောင်တွေ။ တချို့က ပုဆိုး၊ ထမီတွေ ဒူးမှာ ချိတ်ပြီး သေနေတာ ရှိသလို၊ တချို့မှာကျတော့လည်း အဝတ်အစား လုံးဝ မကပ်ရှာတော့ဘဲ "မိမွေးတိုင်း ဖမွေးတိုင်း" လတာပြင်မှာ ခေါင်းစိုက်နေသူ၊ ပိုးစိုးပက်စက် မိုးကို လက်ညှိုးထိုးပြနေသူတွေ . . ။

ကျွန်မ ပြောရတာတောင် မရဲလှဘူး။ "ယိုသူမရှက်၊ မြင်သူရှက်" ဆိုသလိုပေါ့။ စိတ်ကူးနဲ့သာ ပုံဖော်လိုက်ပါတော့။ သည်တန်းက သမီးဇောနဲ့ အရူးတစ်ပိုင်းဖြစ်နေတဲ့ ကျွန်မ . . ။ အမှန်အတိုင်း ပြောရရင် ဒါတွေကို ကြည့်ပြီး ဘာခံစားချက်မှ ထွက်မလာခဲ့ဘူး။ ရုပ်ရှင်ကြည့်ပရိသတ်လို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာပဲ ရှိတယ်။

သည်တုန်းက သောင်ပြင်၊ လတာပြင်၊ လယ်ကွင်းပြင်နှင့် ကမ်းစပ်တစ်လျှောက်မှာ ပိုးစိုးပက်စက် သေနေသည့် စပါးကြီး

www.burmeseclassic.com

www.burmeseclassic.com


စပါးအုံး၊ ငန်းစောင်း၊ ငန်းဝါ၊ ငန်းပုပ်၊ ငန်းနက်၊ ငန်းတော်ကြား၊ ချွေပွေး၊ တောကြီးမြွေဟောက်နဲ့ ရေမြွေစာရင်းထဲပါတဲ့ ချပ်လုံး၊ ချပ်ပြားတွေနဲ့အတူ ရောသမမွှေ သေနေလိုက်ကြတာ။

ငါးတွေကိုလည်း ကြည့်ပါဦး။ ကျွန်မတို့ ပိုက်တားနေကျ ငါးသလောက်၊ ငါးကွမ်းရှပ်၊ ငါးခွေးလျှာ၊ ငါးအုံတုံ၊ ငါးမြင်း၊ ငါးတန်၊ ငါးခါးတက်(ပြည်ကြီးငါး)၊ လိပ်တွေ၊ ငါးလိပ်ကျောက်တွေ . .။ အို . . စုံလို့ပါပဲ။ လှိုင်းမူး၊ လှိုင်းရိုက်ပြီး သေလိုက်ကြတာ အတုံးအရုံး"

တချို့နစ်ချို့ငါးကြီးတွေဆိုရင် ကျောက်ဆောင်ကြား၊ သစ်ပင်ခွဆုံတွေကြားမှာ ညှပ်သေနေတာ မမြင်ချင် အဆုံးပေါ့ရှင်။ မိကျောင်းတွေ သေနေတာကိုလည်း မြင်မိပါရဲ့။ ကျွန်မတို့မိသားစုဟာ လေ့ကလေးကို အိမ်အမှတ်ဖြင့် ပြုပြင်ကာ စတည်းချ နေထိုင်ခဲ့ကြပါသည်။

## အိမ်အောက်က သရဲ

တစ်နေ့မှာတော့ ကျွန်မတို့မိသားစုကို ဦးစွန်တန်အိမ်မှ အခေါ်လွှတ်၍ ရောက်သွားကြပါသည်။ ကျွန်မယောကျ်ားသည် ဦးစွန်တန်နှင့် ဆွေရိပ်မျိုးရိပ် မကင်း၍ ဦးစွန်တန်သည် ကျွန်မတို့အပေါ် ဂရုတစိုက်တော့ ရှိရှာပါသည်။

"အေး . . လာကြ . .လာကြ၊ ငါ့မြေးလေးကိုလည်း သတိရသကွာ။ ကွင်းပြင်ကြီးထဲမှာ လေတဟူးဟူးနဲ့ မင်းတို့နေ.နေရတော့ ကလေးကျန်းမာရေးအတွက် စိတ်မချရဘူးလေ။ ငါ့အိမ်မှာပဲ အေးအေးဆေးဆေး နေကြဦး။ အခြေအနေတွေ ငြိမ်သက်မှ လုပ်ကိုင်စားကြတာပေါ့ကွာ"

သဘောကောင်းရှာသည့် ဦးစွန်တန်၏ ဖိတ်ခေါ်ချက်ကြောင့်ပင် ကျွန်မတို့သည် သူ့အိမ်တွင် နေဖြစ်၊ အိပ်ဖြစ်သွားပါသည်။ ထိုညက တိုက်ခတ်သည့် ညှင်းသိုးသိုး လေပွေရိုင်းနှင့်အတူ မြုံဖုတ်ပမ္ပတိမ်မည်းညိုကြားမှာ လူတို့အား အဖက်မတန်သလို၊ ခေါင်းမော်ပြုဖော်မရသည့် လမင်းကြီးကြောင့် လောကဓာတ်တစ်ခွင်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မည်းမှောင်နေပေသည်။



သက်ကြီး ခေါင်းချရှိန် မတိုင်မီမှာ ကျွန်မတို့သည် နာဂစ်အတွေ့အကြုံများအား ဖလှယ်ကြရင်း မျက်တောင် မှေးစင်းလာသည်နှင့် အသီးသီး၊ အသသက အိပ်ရာဝင်လိုက်ကြ၏။ ခေါင်းချပြီး အိပ်လို့မှ မပျော်သေး။

"အောင်မယ်လေး! . . လုပ်ကြပါဦးဟ . . ။ သရဲတွေ ငါ့ အိမ်အောက်မှာ ဒင်းကြမ်းပြည့်ပဲ"

ဆိုသည့်အသံကြောင့် ကျွန်မမှာ လန့်ဖျပ်ပြီး ဆောင့်ကြောင့် ထထိုင်မိလျက်သား ဖြစ်သွားသည်။ ထိုညက ဦးစွန်တန်အိမ်တွင် ကျွန်မတို့လို ဒုက္ခသည်မိသားစု (၃-၄)စု ရှိနေကြ၍ ထိုသူတို့မှာလည်း ကျွန်မနည်းတူ ကြောက်ကြီးတစ်ငင်၊ ငေါက်ခနဲ ထထိုင်လိုက်ကြတော့သည်။

ထိုစဉ် အိမ်တွင်းသို့ အထိတ်တလန့် ပြေးဝင်လာသည့် ဦးစွန်တန်အား ဇနီးဖြစ်သူ ဒေါ်ဇော်ရှီနန်းမှ အလျှင်အမြန် ဆီးဖမ်းလိုက်ရလေသည်။

"ဘာတွေ ဖြစ်လာပြန်ပြီလဲ ကိုစွန်တန်ရယ် . ." ဟု နှုတ်မှလည်း မေးလိုက်လေသည်။

"ဟို . . ဟို . . အိမ်အောက်မှာ သရဲတွေ့ မိုးတိုးမတ်တတ်ရပ် အိမ်ကပျဉ်ပေါ်က သေးပေါက်ချနေတဲ့ ငါ့ကို မျက်တောက်ကြီးတွေနဲ့ မော့ကြည့်နေလိုက်ကြတာ မိန်းမရယ် . . ဟီး . . ဟီး . . ကြောက်စရာကြီး . . "

www.burmeseclassic.com

www.burmeseclassic.com


ဦးစွန်တန် . . သရဲနှင့် တွေ့ခဲ့သည်ဆိုသော စကားသံကြောင့် ကျွန်မတို့တတွေ နေစရာမရှိလောက်အောင် ဒူးတဆစ်ဆစ်တုန်၊ မေးချင်းရိုက်နေကြလေပြီ။ မည်သူ တစ်စုံတစ်ယောက်မျှ ထွက်မကြည့်ရဲကြပေမယ့် အိမ်အောက်မှာတော့-

"အမေရေ . . အဖေရေ" ဟု အော်ခေါ်နေသံ။

ရေမွှန်းနေသည့် ဂူး ဂူး ဝါး ဝါး အသံနှင့် တဗွမ်းဗွမ်း ပလုံစီနေသည့် ရေသံများကိုတော့မှ စိတ်ချောက်ချားဖွယ် ကြားနေချေတော့သည်။ ထိုအချိန်မှစ၍ အိမ်ရှင်မဖြစ်သူ ဒေါ်ဇော်ရှီနန်းသည် ကျွန်မတို့အတွက် ညဥ့်အိုး (အပေါ့အိုး)များ ထုတ်ပေးပြီး အပြင်ထွက်မပေါက်ကြရန် သတိပေးလိုက်ပါသည်။

ဦးစွန်တန်ကိုမူ၊ မူဆလင် ဘာသာရေးဆရာများက သူတို့ဘာသာဖြင့် ဂါထာမန္တန်ရွတ်ပြီး မနည်းနာနပ်ယူလိုက်မှ ငေးတိငေး ကြောင်ဖြင့် ပြန်လည်သတိဝင်တော့သည်။

## မျက်ရည်ကြားမှ ရယ်မောသံ

ကယ်ဆယ်ရေးစခန်းရောက်တော့ တစ်ခုတော့ ကောင်းပါသည်။ တခြားလူများ၏ နာဂစ်အတွေ့အကြုံများကိုပါ မြင်ရ၊ ကြားရပါသည်။ တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံဖလှယ်ကြ၊ နာကျင်ကြေကွဲကြ၊ တီးတိုးပြောဆိုကြနှင့် စိတ်ဝေဒနာတချို့တော့ မေ့ပျောက်သလို ရှိခဲ့ကြပါသည်။

"ဟဲ့ကောင်မ နင်မသေဘူးနော်။ ငါတော့ နင့် မတွေ့တာကြာလို့ သေပြီ အောက်မေ့နေတာ"

"ဖွဟဲ့ . . လွှဲပါစေတော်၊ သောက်ကောင်မရဲ့။ စကားကြည့်ပြောဦး။ မသေလို့ တွေ့ရတာပေါ့ဟဲ့"

"ဟိုကောင်မ မိလုံးတော့ နာဂစ်ထဲ စုန်းစုန်းမြုပ်ပေါ့ဟယ်၊ သရဲအဖြစ်နဲ့ လာလာခြောက်တယ်ဆိုပဲ" စသည်စသည်ဖြင့် ပြောဆိုစဉ် ကျွန်မအလှည့်ရောက်တော့-

"ဟို . . နော်လီဇာဆိုတဲ့ ရွာအရှေ့ ကောင်မသိလား။ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com


ကောင်မပေါ့။ အိမ်ဆိုင်ကလေးနဲ့ဈေးရောင်းနေတဲ့ စိုးစိုးအိမ်ကို ရေးကြီးသုတ်ပြာနဲ့ တက်လာတယ်သိလား။ အော်လည်းခေါ်၊ ငိုလည်းငိုပေါ့ပါဟယ်။ စားစရာရှိလည်း မျှပါဦးပေါ့။ အဲဒီအချိန်မှာ ဆိုင်ထဲမှာ ထိုင်နေတဲ့ လူမျိုးအမျိုးတွေလည်း စိုးစိုးအိမ်ရောက်နေကြတယ်လေ"

"စိုးစိုးကခေါ်သံကြားလို့ လှမ်းအကြည့်မှာ မိမွေးတိုင်း၊ ဖမွေးတိုင်း ကိုယ်တုံးလုံးကြီးနဲ့ နော်လီဇာကိုမြင်လိုက်တော့ လန့်ဖျပ်ပြီးတဲ့ .. နော်လီဇာ ဘယ်လိုဖြစ်တာလဲ။ နင့်အောက်ကိုလည်း ငုံ့ကြည့်ပါဦး"ဆိုလိုက်တော့မှ -

"ဟား .. ဟား .. သူ့ကိုယ်မှာ အဝတ်အစား ကပ်ပါမလာမှန်းသိရလို့ အရမ်းရှက်သွားတယ်လေ။ ပြီးတော့မှ ကမန်းကတန်း အမေပေးတဲ့ သူ့လယ်တစ်ကွက်စာကို လက်ဖဝါးနဲ့အုပ်ပြီး တရှုံးတည်း လစ်ပြေးပါရော .. ဟား ဟား။ နာဂစ်ရဲ့ဖြစ်ပုံများက ပြော မပြော ချင်ပါဘူးဟယ်"ဟု ကျွန်မက အရွှန်းဖောက်ဆိုခဲ့ပါသည်။

ကျွန်မရဲ့ အတွေ့အကြုံများကတော့ "ဒါပါပဲ ဓာတ်ပုံဆရာရယ်"ဟု နာဂစ်မိညီမှ သူ၏နာဂစ်ဖြစ်စဉ်များကို အခုလိုပြောပြခဲ့သည်များကို စာရေးသူမှ စာစီရေးကုံး၍ "ဆဋ္ဌမအာရုံ"မဂ္ဂဇင်းထံသို့ ပေးပို့လိုက်ရပါတော့သတည်း။

ညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်စောင့်နတ်

ရှမ်ခွင်ကျော် အောင်တော်သီ

www.burmeseclassic.com

www.burmeseclassic.com




။

"မင်းတို့ သိချင်နေတဲ့
ကျော်စိန်ဆိုတာ ငါပဲ။
ပြေးမယ် မကြံနဲ့နော်၊
မင်းတို့က ဘာကောင်တွေဆိုတာ
သိနေပြီနော်၊
မင်းတို့လွယ်အိတ်တွေ
သွန်ချစမ်း။

ကျွန်တော့အသက် (၇၂)နှစ်ရှိပြီဖြစ်လို့ "ဖရာပိုင်း"လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် အိုမင်းမစွမ်းအဆင့်လို့ မခံယူဘဲ လုံခြုံရေးကုမ္ပဏီတစ်ခုမှာ မန်နေဂျာ ဝင်လုပ်နေပါသေးတယ်။ ကျွန်တော့မျက်စိ အနီးအဝေး မှုံခြင်း၊ ဝေဝါးခြင်း မရှိပါ။ ကျွန်တော့နား အကြားအာရုံ မချို့ယွင်းသေးပါ။ ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းဆဲပါ။

ကျွန်တော်ဟာ စစ်မှုထမ်းဟောင်း တစ်ယောက်ပါ။ စစ်မှုထမ်းသက် (၂၂)နှစ်တာကာလအတွင်း အစာငတ်၊ ရေငတ် အကြိမ်ပေါင်းများစွာ ကြုံခဲ့ဖူးပါတယ်။ ခရီးရှည်ထိုးဖောက်ခြင်း မရေမတွက်နိုင်အောင် ရှိခဲ့ဖူးပါတယ်။ ဒဏ်ရာအနာတရ ဖြစ်ခဲ့ဖူးပါတယ်။ ငှက်ဖျားရောဂါ စွဲကပ်ဖူးပါတယ်။

လူငယ်ပီပီ လက်ရှိ ကြုံတွေ့နေရတဲ့ ဒုက္ခဆင်းရဲခြင်းတွေကို စိတ်ဖိစီးမှုရှိခဲ့ပေမယ့် ဒီအသက်၊ ဒီအရွယ်နဲ့ အလုပ်လုပ်ရတဲ့အခါ စစ်မှုထမ်းတစ်ယောက် ကြုံတွေ့ခဲ့ရတာတွေဟာ အထောက်အကူဖြစ်နေတာကြောင့် စိတ်ဖိစီးမှုဒဏ် မခံစားရတာအမှန်ပါ။

ငါ တပ်ထဲမှာနေစဉ်က ဆင်းရဲဒုက္ခမပြောနဲ့၊ အသက်ဘေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရင်ဆိုင်ရတာတောင် ဒီလစာ၊ ဒီရိက္ခာလွဲလို့ ဘာအိုတီကြေးမှ ရတာမဟုတ်ဘဲ လက်ရှိမန်နေဂျာအလုပ်က ကိုယ်စွမ်းနိုင်သလောက် အိုတီ၊ ဘောက်ဆူး၊ ဘောနပ်၊ ရာထူး၊ လစာ၊ ခံစားခွင့်ရှိတာပဲ၊ အသိစိတ်နလုံးမှူထားတာကြောင့် စိတ်ပျို့တော့ ကိုယ်နဲ့ဆိုသလို အမြဲလန်းဆန်း တက်ကြွနေပါတယ်။

ကျွန်တော် လက်ရှိ အခြေချနေထိုင်တာက ထောက်ကြန့် နွယ်ခွေအုပ်စု တိုးချဲ့ (၄)ရပ်ကွက် မြသဇင်ခြံမှာပါ။ ကျွန်တော့ကုမ္ပဏီ ရုံးချုပ်က အင်းစိန်လမ်းမကြီး၊ သံလမ်းမှတ်တိုင် လှိုင်ရတနာ တိုက်ခန်းတွဲတွေမှာပေါ့။

ကျွန်တော်ဟာ နေ့စဉ် ခုနစ်နာရီခွဲ ရုံးချုပ်ရောက်ဖို့ အိမ်က ခြောက်နာရီ ဆိုင်ကယ်ကယ်ရီနဲ့ လမ်းသစ်မှတ်တိုင်ကို သုံးရာပေးစီး၊ လမ်းသစ်မှတ်တိုင်ကနေ မော်ဘီ–အလုံ ဆင်မင်းဈေး လိုင်းကားကို ငါးရာပေးစီး တစ်ရက် သွားပြန်ခရီးစရိတ် (၁၆၀၀)ရှိပါတယ်။ ပိတ်ရက်မရှိတာကြောင့် နေ့စဉ်ကုန်ကျတဲ့ ခရီးစရိတ်လည်း ဖြစ်ပါတယ်။

❖

၂၀၁၆ ခုနစ် ဇူလိုင်လဆန်း . .

စီးနေကျ မော်ဘီ လိုင်းကားပေါ်ရောက်တော့ သတိထားမိတာက ခရီးသည် ရှစ်ယောက်ပဲ ရှိပါတယ်။ ခရီးသည်တစ်ယောက်မှ မရှိတဲ့ နောက်ဆုံးခုံတန်းရဲ့ ညာဘက်စွန်းမှာ ကျွန်တော် တစ်ယောက်တည်း ဝါယာလက်အထိ စီးနင်းလိုက်ပါခဲ့ပါတယ်။

ကျွန်တော် အကျင့်တစ်ခု ကျင့်ထားပါတယ်။ အဲဒါက ဘုရားအာရုံပြု၊ သမ္ဗုဒ္ဓေဂါထာတော် တစ်ဆယ့်တစ်ခေါက်နဲ့ ဓာရဏ ပရိတ်တော် ရွတ်ဆိုခြင်းပါ။

ကျွန်တော် ပရိတ်ရွတ်ဆိုနေဆဲမှာပဲ ကျွန်တော့ဘယ်ဘက် လက်မောင်းကို သုံးကြိမ် အပုတ်ခံရပါတယ်။ ခရီးသည်တစ်ယောက်မှမရှိ။ ဘေးအန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့တော့မယ်ဆိုတဲ့ အသိနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝါယာလက်မှတ်တိုင်မှာ ကားပြောင်းစီးလိုက်ပါတယ်။

"ဟော့လူ . . ကိုဘိုကြီး"

"ဟာ! . . မြင့်သိန်း ဘယ်လဲ"

"ကျွန်တော် လှည်းတန်းကို"

ကျွန်တော်နဲ့ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်းက မိသားစုချင်းပါ ရင်းနှီးကျွမ်းဝင်တဲ့ ကိုမြင့်သိန်း ကားပေါ်အတူ စီးလာတာ သတိမထားမိကြဘဲ ကျွန်တော် ဝါယာလက်မှတ်တိုင် အရောက် ကားပေါ်ကဆင်းမှ တွေ့ဆုံနှုတ်ဆက်ခြင်း ဖြစ်ပါတယ်။

"မင်းပြောတော့ လှည်းတန်းဆို၊ ဘာလို့ဆင်းလာလဲ"

"ခင်ဗျားကို လက်ဘက်ရည်တိုက်ချင်လို့"

"ဟာကွာ . . ငါအချိန်မရဘူး၊ နောက်ကြုံဦးမှာပါကွာ"

ကျွန်တော် ကိုမြင့်သိန်းနဲ့ စကားဆက် မပြတ်ခင်မှာဘဲ မော်ဘီလိုင်းကားတစ်စီး ထိုးစိုက်လာလို့ ပြောင်းစီးလိုက်ပါတယ်။ ကိုမြင့်သိန်းလည်း လမ်းကြောင်းတူလို့ ကျွန်တော်နဲ့ စကားပြောချင်လို့ဆိုပြီး ပြောင်းစီးပါတယ်။

ကျိုက္ကလော့နဲ့ ဆပ်ပလိုင်းမှတ်တိုင်ကြား ကုန်းအဆင်းမှာ ကားအရှိန်လျှော့ချလိုက်စဉ်မှာ -

"ဟာ! . . ဘယ်နစ်ယောက် သေကုန်ပြီလဲ မသိဘူး" ဆိုတဲ့ ယာဉ်အကူစကားသံကြောင့် ကြည့်လိုက်တော့ ကျွန်တော်စီးနင်းလိုက်ပါလာတဲ့ကား ဖြစ်နေပါတယ်။

"ကိုဘိုကြီး ကျွန်တော်တို့ စီးလာတဲ့ကားဗျ"

"အေး . . ဟုတ်တယ်နော်"

"ကျွန်တော်တို့ကို နတ်မတာဗျ"

ကျွန်တော့်ခေါင်းထဲမှာ ငါ့ကို ဘေးအန္တရာယ် မကျရောက်တာ သမ္ဗုဒ္ဓေဂါထာတော်နဲ့ ဓာရဏပရိတ် တန်ခိုးကြောင့်လို့ စွဲလန်းနေဆဲမှာပဲ ကိုမြင့်သိန်းရဲ့ "ကျွန်တော်တို့ကို နတ်မတာဗျ" မှတ်ချက်စကားကြောင့် ကျွန်တော့်စိတ်အစဉ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀) ကျော်ဆီက ကိုယ်တွေ့ကြုံဖူးခဲ့တဲ့ဆီ လွင့်မျောသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com


❖

၁၂. ၁၂. ၁၉၆၁

ပဲခူးမြို့နယ်၊ ဘုရားကြီးစံပြရွာ ဖွံ့ဖြိုးရေးစခန်းမှာ ရဲသင်တန်းဆင်းပြီး တာဝန်ကျတာကတော့ ဝေါမြို့နယ်၊ သူရဲသမိန်ရွာ စခန်းပဲဖြစ်ပါတယ်။

တပ်စုတစ်စု - လူ (၃၅)ယောက်၊ တပ်မတော်ဖွဲ့စည်းပုံအတိုင်း အင်အားအပြည့်ပါပဲ။ တပ်စုမှူးက တရုတ်ကပြား ဝက်ခုတ်ဓားမလို့ခေါ်တဲ့ ရဲအုပ်ဦးလှမောင်ဖြစ်ပြီး ကျွန်တော့် တပ်စိပ်မှူးက ဒုတပ်ကြပ်လှမြင့်ပါ။

တပ်စုတစ်စုလုံး လူကောင်အသေးဆုံးက ကျွန်တော်ပါ။ လူကောင်သေးဆို အသက် (၁၆)နှစ်ခွဲပဲ ရှိပါသေးတယ်။ အသက် (၁၈)နှစ်မှ ရဲဝန်ထမ်းခန့်မှာဖြစ်လို့ နှစ်နှစ်တိုးပြီး လိမ်ဝင်တာပါ။ လိမ်စမရှိလို့ ကြာကြာလိမ်လို့မရပါဘူး။ (၁. ၁၀. ၁၉၆၄)မှာ တပ်မတော်အသွင်ပြောင်းတော့ အသက်အမှန်အတိုင်း ဝန်ခံပြီး လက်မှတ်ထိုးလိုက်ပါတယ်။

တပ်မတော်အသွင်မပြောင်းလည်း လုပ်ငန်းတာဝန်တွေက နိုင်ငံတော်ကာကွယ်ရေး အလုပ်တွေပါ။ ဘုရားကြီးရဲ့သင်တန်းသုံးလတက်ရောက်စဉ်မှာလည်း ရဲအတတ်ပညာ တရားဥပဒေဘာသာရပ်တစ်ခုမှ မသင်ရဘဲ စစ်ပညာတွေချည်းပဲ သင်ခဲ့ရလို့ပါ။

ကျွန်တော်ဟာ လူကောင်သေး အသက်မပြည့်ပေမယ့် ထိုက်ချင် ခိုက်ချင်စိတ်၊ ကြီးလေးတဲ့တာဝန်ကို အသက်စွန့်ထမ်းဆောင်လိုစိတ်ကိုတော့ ဘယ်သူမှလိုက်မမီမယ် မထင်ပါဘူး။

❖

၁၉၆၂၊ ဧပြီလဆန်း

ကျွန်တော်နဲ့ ကျွန်တော့်တပ်စိပ်မှူး ရဲဒုတပ်ကြပ်လှမြင့်ကို တပ်စုမှူးခေါ်တွေ့ပြီး တာဝန်ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့နှစ်ယောက် ထမ်းဆောင်ရမယ့်တာဝန်က - ဝေါမြို့နယ်မြောက်ခြမ်း၊ ဆက်ကြေးတာဝန်ခံ ကျော်စိန်နှစ်ဖြူ (မြန်မာပြည် ကွန်မြူနစ်ပါတီအဖြူ သခင်သန်းထွန်းအဖွဲ့)ရဲ့ မြေပြင်၊ မျက်မြင် သတင်းထောက်လှမ်း စုံစမ်းအတည်ပြုဖို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့စိတ်ဓာတ်ကို အသိအမှတ်ပြုတယ်လို့ ခံယူပြီး ဝမ်းသာကြည်နူးမိပါတယ်။ အသက်အန္တရာယ်နဲ့ ကြုံတွေ့လာရင် ခုခံကာကွယ်ဖို့ ကျွန်တော့တပ်စိပ်မှူးကို ခြောက်လုံးပြူး၊ တပ်စုမှူး သူကိုယ်တိုင်ကိုင်တဲ့ လက်နက်ကိုပေးတာပါ။ ကျွန်တော့ကိုတော့ နာနတ်သီးလို့ခေါ်တဲ့ (၃၆)လက်ပစ်ဗုံး တစ်လုံးပေးပါတယ်။

ကျွန်တော်တို့နှစ်ယောက် စုံစမ်း ထောက်လှမ်းရမယ့် နေရာဒေသကတော့ သူရဲသမိန်ရွာမြောက်ဘက် (၃/ ၄/ ၅)မိုင် အကွာမှာတည်ရှိတဲ့ စက်စုရွာ၊ ဘုန်းကြီးပိုင်ရွာ၊ ခြောက်တဲပိုင်ရွာနဲ့ ကွင်းပြင်ထဲက လယ်တဲ၊ ကိုင်းတဲတွေပဲဖြစ်ပါတယ်။

နှစ်ယောက်တည်းဆိုတော့ နွားပွဲစား၊ ပဲပွဲစား အသွင်ယူရပါတယ်။ အဝတ်အစား ခပ်လတ်လတ်ဝတ် လွယ်အိတ် တစ်ယောက်တစ်လုံးစီနဲ့ ရွာပြင်ကွင်းထီးထီးထဲက လယ်စောင့်၊ ကိုင်းစောင့်နဲ့ တံငါတဲတွေဆီက သတင်းအစအန ရရှိပါတယ်။

ဖနီး၊ သမီးပျိုလေးယောက် အခြေချနေထိုင်တာက ခက်စုရွာ။ အလုပ်အကိုင်ကို မိုးတွင်း စပါးစိုက်၊ နွေ မြေပဲစိုက်ကြောင်းနဲ့ မိသားစုရှိရာကို အမြဲဝင်ထွက်လေ့ရှိကြောင်း သတင်းပါ။

စက်စုရွာရောက်တော့ ကျွန်တော့တပ်စိပ်မှူးဟာ စစ်ရေးအမြင်မရှိတာ အခြေအရပ်ရပ်ကို မသုံးသပ်တတ်တာနဲ့ အသွင်ယူထားပေမယ့် သင်တန်းဆင်းပြီးစ ရဲပေါက်စ ကျွန်တော့ ဒေါက်မကျိုးတဲ့ပုံစံတွေရဲ့ဖြစ်စဉ်ဟာ မဟာအမှားကြီးမှားသွားတော့တာပါပဲ။

ကျွန်တော်တို့နှစ်ယောက် မမေးမစမ်းဘဲ တန်းတန်းမတ်မတ်ဝင်သွားတဲ့အိမ်ဟာ ဝေါမြို့နယ်မြောက်ခြမ်း၊ ဆက်ကြေးတာဝန်ခံ နှစ်ဖြူကျော်စိန် မိသားစုအိမ်ပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ခြံအကျယ်က ပေတစ်ရာ ပတ်လည်လောက်ရှိပြီး လေးဘက်လေးတန် အဖျားချွန်ဝါး ကပ်တွေ ကာရံထားပါတယ်။ ထူးခြားတာက ခြံစည်းရိုး ဝါးကပ်ထိပ်ချွန်တွေရဲ့အမြင့်ဟာ ခန့်မှန်း ကျွန်တော့် လက်ခုပ်တစ်ဖောင်(၈)ပေခန့် အမြင့်ရှိနေခြင်းပါ။

အိမ်အနေအထားကတော့ လေးပင်သုံးခန်း၊ သစ်အခြေခံနီမိုးဖြစ်ပြီး မြေပြင်နဲ့ အိမ်ကြမ်းပြင်အကွာအဝေး ခြောက်ပေလောက်ရှိပါတယ်။ မိုးတွင်းရေကြီးသဘောရှိပါတယ်။

အိမ်အောက်မှာ အရွယ်ကောင်း အမျိုးသမီးရှစ်ယောက်နှတ်ပြီးသား မြေပဲပင်တွေက ဥတွေခြွေနေကြပါတယ်။ အိမ်ပေါ်မှာတော့ အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးတစ်ယောက်ရှိပါတယ်။

ကျွန်တော်တို့နှစ်ယောက် ခွင့်တောင်းပြီး အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ လာရင်းကိစ္စမမေးဘဲ ရေနွေးကြမ်းနဲ့ မြေပဲပြုတ် ဧည့်ခံကျွေးမွေးပါတယ်။

"လာရင်းကိစ္စ သိပါရစေ"

ရေနွေးကြမ်းနဲ့ မြေပဲပြုတ် အမြည်းချပေးပြီး ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်းမှာထိုင်ရင်း စကားစတာကြောင့် ကျွန်တော့် တပ်ငြိမ်းသက္ကာန်လုပ် သရုပ်ဆောင်စတာတွေနဲ့ နွားအကြောင်း၊ ဈေးအကြောင်းတွေနဲ့ စပါတယ်။

တကယ်နွားနဲ့ဖက်ရှန်းပြီး လက်တွေ့လုပ်ကိုင်နေတဲ့ အိမ်ရှင်အမျိုးသမီးကြီးရဲ့ "ဘယ်လို နွားမျိုးလိုချင်တာလဲ၊ အရောင် အသွေး၊ ဦးချို၊ အမြီး၊ ဗွေအနေအထားတွေ၊ နွားငှက်၊ နွားကျမ်း

www.burmeseclassic.com

www.burmeseclassic.com


ရွှတ်ပြရင်း အမေးစကားကိုတော့ ကျွန်တော့တပ်စိပ်မှူး မဖြေနိုင်ပါဘူး။

ဆက်ပြောရင် အထုတ်ပြေတော့မှာပါ။

"ဒါနဲ့ . . စကားမစပ် ဦးကျော်စိန်ကိုသိလား"

"ခက်စုရွာမှာ ကျော်စိန် သုံးယောက်ရှိတယ် . . ဘယ်ကျော်စိန်လဲ"

"နယ်မြေဆက်ကြေးတာဝန်ခံ ကျော်စိန်ပါ"

"ဘာလုပ်ဖို့ သိချင်တာလဲ"

အဲဗျာ . . နွားအကြောင်း မသိရင်လည်း မိသားစုအကြောင်း၊ စပါးအကြောင်း၊ ပဲအကြောင်း၊ အထွက်နှုန်း၊ ရောင်းဈေး သွယ်ဝိုက်ပြီး တစ်လုံးချင်း နှိုက်မထုတ် တစ်စချင်း မဆွဲဘဲ တည့်ကြီး မေးလိုက်တာ ကိုယ့်သေတွင်း ကိုယ်တူးမိသလိုပါ။

"မင်းတို့သိချင်တဲ့ ကျော်စိန်ဆိုတာ ငါပဲ"

အသံကြားရာ ကြည့်လိုက်တော့ ကျွန်တော်တို့နှစ်ယောက် ကျားရှေ့မှောက်လျက်လဲတဲ့ အဖြစ်ပါ။ အသံရှင်လက်ထဲမှာက အင်္ဂလိပ်ကွင်းစတင်းနဲ့ ချိန်ရွယ်ထားပါတယ်။ အသက်ငါးဆယ် ကျော် ရုပ်ကြမ်းကြမ်း၊ တကယ်လှုပ်ရင် အတွဲလိုက် ဆွဲလိုက်မယ့်ပုံစံနဲ့ပါ။

"ပြေးမယ် မကြံနဲ့နော်၊ မင်းတို့က ဘာကောင်တွေဆိုတာ သိနေပြီနော်၊ မင်းတို့လွယ်အိတ်တွေ သွန်ချစမ်း"

လက်ဦးမှုယူထားတဲ့သူ့ရှေ့မှာ ကျွန်တော်တို့ လွယ်အိတ်ထဲက ချောက်လုံးပြူးနဲ့ လက်ပစ်ဗုံးဟာ ဘာမှ အစွမ်းမထက်တဲ့အပြင် အသက်အန္တရာယ်ပါ စိုးရိမ်ရေမှတ်ရောက်နေတဲ့ ပစ္စည်းတွေပါ။ စက္ကန့်တိုင်းဟာ အဆုံးအဖြတ်ပေးနေပါပြီ။

"ဟိတ် . ."

ကျွန်တော့တပ်စိပ်မှူးရဲ့ "ဟိတ်"ဆိုတဲ့အသံဟာ ရန်သူ့ လက်ထဲက လက်နက်ကို အလင်းရဲ့အရှိန်နှုန်းနဲ့ ပြေးလုတာ မဟုတ်ဘဲ အိမ်မကြီးပေါ်က ဒိုင်ဗင်ထိုးခုန်ချလိုက်တာပါ။


www.burmeseclassic.com

www.burmeseclassic.com





"ကျစ် . . ကျစ် . . ကလောက်"

စတင်းဂန်းမောင်းတင်တဲ့ စက္ကန့်ပိုင်းလေးမှာ ကျွန်တော်လည်း အိမ်မကြီးပေါ်က ဒိုင်ဗင်ထိုး ခုန်ချလိုက်ပါတယ်။

"ဒက် ဒက် . . ဒက်"

"ဒက် . . ဒက်"

"ဒက် ဒက် ဒက် ဒက်"

ကျွန်တော်တို့နစ်ယောက် တိုင်ပင်မထားဘဲ တပ်စိပ်မှူးက အိမ်အောက်ကနေတဆင့် အကာအကွယ်ယူပြီး ခြံနောက်က စည်းရိုးကို ကိုယ်လုံးနဲ့တိုက်ပြီး လွတ်မြောက်သွားသလို၊ ကျွန်တော်ကလည်း အိမ်ရှေ့တည့်တည့်က ဝါးကပ်အမြင့်ကို ခုန်ကျော်ပြီး အသက်လုပြေးနိုင်ခဲ့ပါတယ်။

သေနတ်သံကြားလို့ အကူလိုက်လာတဲ့ တပ်စုမှူးဦးဝိုးစစ်ကူအဖွဲ့နဲ့ လမ်းတစ်ဝက်မှာဆုံတဲ့အခါ ဖြစ်စဉ်ပြောပြဖို့ ဆယ်မိနစ်လောက် အချိန်ယူရပါတယ်။ အသက်လုပြေးလာရတာကြောင့် အမောဖောက်နေလို့ပါ။

အမောပြေလို့ဖြစ်စဉ်ကို သတင်းပို့ပြီးပြီးချင်း တပ်စုမှူးက -

"မင်းလက်ထဲက ခြောက်လုံးပြူးနဲ့ ပြန်မပစ်ခဲ့ဘူးလား"

တပ်စိပ်မှူးလုမြင့်ကို အပြစ်ဖို့သလို ကျွန်တော့ကိုလည်း -

"ဟိုကောင် . . ဘိုကြီး၊ မင်း လက်ပစ်ဗုံးနဲ့ ပြန်ထုပါလား။ ကိုယ်လွတ်ရုန်း ပြေးရတယ်လို့ ရာဇဝင်ရိုင်းလိုက်တာကွာ"

ပြောရက်လိုက်တာ၊ ကိုယ်ချင်းမှ စာနာတတ်ရဲ့လားမသိ။

"မင်းတို့ နစ်ယောက်လုံး ပြန်လိုက်ခဲ့"

အခင်းဖြစ်အိမ်ရောက်တော့ တပ်စိပ်မှူး ခြံစည်းရိုး ကိုယ်လုံးနဲ့ တိုက်ဖောက်ထွက်တဲ့နေရာ၊ ကျွန်တော် ခြံစည်းရိုး ခုန်ကျော်တဲ့နေရာတွေမှာ စတင်းဂန်းပြောင်းဝက အတွဲလိုက်ပစ်ခတ်တဲ့ (၉)မမ

www.burmeseclassic.com

www.burmeseclassic.com



ကျည်ရာတွေ စက္ကာပေါက်လိုဖြစ်နေတာ မြင်တွေ့ရပါတယ်။

တပ်စုမှူးဟာ အိမ်ရှင် ဆက်ကြေးတာဝန်ခံ ကျော်စိန် မိသားစုကို တစ်ဦးချင်းစစ်ဆေးပြီး ကျွန်တော်ခုန်ကျော်တဲ့နေရာ၊ ခြံစည်းရိုးကို မျက်နှာမူပြီး ထိပ်ဖျားအချွန်ထိ လက်ဆန့်တိုင်းထွာပြီး မှတ်ချက်ပေးတာကတော့-

"ငါတော့ အိမ်ရှင်တွေပြောလို့သာ လက်ခံလိုက်ရတယ်။ မယုံချင်ဘူးကွာ . . ဘယ်နှယ့် လေးပေခွဲတောင် လွတ်အောင် မခုန်နိုင်တဲ့ကောင်က ခုနစ်ပေကျော်၊ ရှစ်ပေအမြင့်ကို ခုန်တယ်ဆိုတာ အံ့သြလွန်းလို့ပါ"

ဟုတ်ပါတယ်။ သူရဲသမိန်ရှာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲတွေမှာ ဟိုစပ်စပ် ဒီစပ်စပ်လုပ်တတ်တဲ့ ကျွန်တော်ဟာ လေးပေခွဲအမြင့်ကို မခုန်နိုင်ဘဲ တန်းကျိုးကျသွားတဲ့ အဖြစ်ကို ညွှန်းပြီးပြောချင်တာပါပဲ။

"ငါ ဘာကြောင့် ဒါလောက်အမြင့်ကို ခုန်နိုင်တာပါလိမ့်"

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မေးတာပါ။ စဉ်းစားလို့ရတဲ့အဖြေကတော့ ကျွန်တော့် ကိုယ်စောင့်နတ် ပူးဝင်တွန်းတင်လို့ပဲ ဖြစ်မှာပါလို့ အကြွင်းမဲ့ ယုံကြည်လိုက်ရပါကြောင်း။

ရှစ်ခွင်ကျော် ဖောင်တော်သီ



www.burmeseclassic.com